
ပိုးမိုးစာပေ

ပျူး

ကလောင်ခွဲ

# ဝ
# သျှုး

## အလွမ်းတွေကိုပန်တော်မူ



Cover: Idea Kyaw & Mg Kyaw Oo

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၆၅၀၉၀၈
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၁၃၆၈၁၀၀၈
ထုတ်ဝေသူ
ဦးကျော်ဆန်း (မြ-၀၉၃၂)
(ရဲအောင်စာအုပ်တိုက်)
အမှတ် (၂)၊ ချွန်းလမ်း (၁)၊ မင်္ဂလာတောင်ညွန့်
အတွင်းမျက်နှာဖုံးပုံနှိပ်
ဦးဇော်မင်းအေး (မြ-၀၇၁၂၅)
(ဇော်ပုံနှိပ်တိုက်)
အမှတ်(၃၈၆)၊ အင်ကြင်းမြိုင်လမ်း
(၂၃)ရပ်ကွက်၊ သဃ်န်းကျွန်း။
ကွန်ပျူတာစာစီ
TK
မျက်နှာဖုံးပန်းချီ
Idea Kyaw & Kyaw 0o
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
စိုးမိုးစာပေ
ဖုန်း - ၀၁- ၂၉၀၉၉၅

# အခန်း (၁)

“ ကျွန်တော့် ရည်ရွယ်ချက်က အဆိုတော်တစ်ယောက် အောင် ကြိုးစားချင်တယ် အန်ကယ် ”

ဧည့်ခန်းထဲမှာ ထိုင်နေသူအားလုံးရဲ့ မျက်ဝန်းတွေ သူ့ဆီ ရောက်ရှိလာသည်။ ဒါကိုလည်း သူ မျှော်လင့်ပြီးသား။ တဒင် တ်ဆိတ်သွားတော့ အားလုံးမျက်နှာကို သူ အကဲခတ်ကြည့်လိုက်၏။

အန်ကယ်တို့ မျက်ဝန်းတွေက ရွှေကိုင်းမျက်မှန်ထဲက ငေးကြည့် သူ့စကားအတွက် အံ့သြနေတာထင်သည်။

မေမေခိုင်ကလည်း မျက်မှောင်ကုပ်လို့ ဘယ်လိုမှ ယုံကြည် ျှော်လင့်ထားပုံမရသော အမူအရာနှင့် ပါးစပ်အဟောင်းသား။

စကားဝိုင်းကို လုံးဝစိတ်မဝင်စားဟန်နှင့် ပန်းသီးတစ်စိတ်ကို မ်းယူစားနေသော ‘သက်တန့်ရောင်စဉ်’ အသွင်ကတော့ ပိုမိုထူးခြား ည်။

စိုးမိုးစာပေ

စိမ်းညို့သန်းသော မျက်ခုံးတန်းတန်းလေးတွေအောက်မှ မျက်နက်ဝန်းလေးတွေ သူ့ဆီလွင့်ခနဲ ရောက်လာသည်။ ထိုမျက်ဝန်းလေးတွေထဲမှာ အံ့ဩမင်သက်မှု၊ ပြီးတော့ မျက်ခုံးကလေး တွန့်ကွေး၊ မျက်မှောင်ကလေး ရုတ်ချုံ့ကာ လျောင်ပြောင်ရိပ်သမ်းသွားတာ သူမြင်လိုက်ရသည်။

" အဆိုတော် ဟုတ်လား မောင်လွင်ပြင် အနုပညာကို ဒီလောက် ဝါသနာပါလိမ့်မယ်လို့ အန်ကယ် ထင်မထားမိဘူး "

" ကျောင်းမှာကတည်းက ကျွန်တော်တို့ ဝါသနာတူ သူငယ်ချင်းတွေ စုဖွဲ့ထားတဲ့ အဖွဲ့လေး ရှိပါတယ် အန်ကယ်စိုး ပညာရေးတစ်ဖက်နဲ့ဆိုတော့ အားသွန်ခွန်စိုက် မလုံးပမ်းဖြစ်ကြဘူး အခု ကျောင်းပြီးသွားပြီဆိုတော့ ကြိုးစားကြည့်ချင်တယ် ကျွန်တော်တို့အဖွဲ့လေးမှာ အတီး၊ အဆို၊ အရေး ဝါသနာတူတွေ ရှိပါတယ် "

" အေးကွာ ဝါသနာနဲ့ရည်ရွယ်ချက်ကို အန်ကယ်အားပေးတယ် မောင်လွင်ပြင်ကြိုးစားချင်တယ်ဆိုရင် ဆက်လုပ် အန်ကယ်ဘက်က ဘယ်လိုကူညီရမလဲပြော အန်ကယ်တတ်နိုင်သလောက် ကူညီမယ် "

" ရေထဲပစ်ချလိုက်တာမှ ပလုံလို့ အသံမြည်ဦးမယ် ဒယ်ဒီ ငွေကုန်တာပဲ အဖတ်တင်မယ် ဘာမှဖြစ်လာမှာမဟုတ်ဘူး "

သူ့ကို ပေါ်ပေါ်ထင်ထင်ကြီးကို နှိပ်ကွပ်လိုက်သော သက်တန့်





ရောင်စဥ်စကား။

သူ့မျက်ဝန်းမှာ မာနရိပ်တွေ စူးလက်လျက် သက်တန့်ရောင်စဥ်ထံ စူးစူးစိုက်စိုက် လှမ်းကြည့်မိသည်။

" လူတစ်ယောက်ရဲ့ အရည်အချင်းကို အထင်သေးနှိမ်ချသလို မပြောရဘူးလေ သမီးရဲ့ "

အန်ကယ်စိုးသာ ဝင်မတားလျှင် အထင်သေးရှုတ်ချမှုတွေ သက်တန့်ရောင်စဥ် နှုတ်က ဆက်တိုက်ထွက်ကျလာဦးမှာ သေချာသလို သူကလည်း ခွန်းတုံ့ပြန်တိုက်ခိုက်မိမှာမလွဲ။

ဒါတောင် သက်တန့်ရောင်စဥ် ပခုံးလေးတွန့်ကာ ဆိုနေသေးသည်။

" သမီးက နှိမ်ချပြောတာ မဟုတ်ပါဘူး ဒယ်ဒီ မဖြစ်နိုင်ဘူးဆိုတာ သေချာသိလို့ပြောတာ လေထဲတိုက်အိမ်ဆောက်ချင်နေတဲ့ စိတ်ကူးယဥ်မှုမျိုးပဲ "

" ဒါစိတ်ကူးယဥ်ပြနေတာ မဟုတ်ဘူး ရောင်စဥ် ငါ့ရည်ရွယ်ချက် ငါ့ဝါသနာကို အားလုံးရှေ့မှာ ဝန်ခံကြေငြာလိုက်တာ ငါဖြစ်အောင် ကြိုးစားပြမယ် "

ယတိပြတ် ခိုင်မာသော ရဲရင့်မှုမျိုးနှင့်သူဆိုတော့ ရောင်စဥ်ကလည်း နှုတ်ခမ်းလေးစေ့ကာ မဲ့ပြုံးပြုံးရင်း

“ စောင့်ကြည့်ချင်သေးတယ် လွင်ပြင် နင့်အရည်အချင်းရှိရင် ဖြစ်လာမှာပေါ့ ”

လူတစ်ယောက်ကို လှောင်ပြောင်ခနဲ့စွာ ပြုံးတတ်သော နှုတ်ခမ်းဖူးဖူးလေးတွေကို သက်တန့်ရောင်စဉ် ပိုင်ဆိုင်ပါသည်။ အထူးသဖြင့် သူ့ကိုအမြဲတမ်း သက်တန့်ရောင်စဉ် သည်လိုနှိပ်ကွပ်လှောင်ပြောင်ဖို့ အသင့်ရှိနေတတ်၏။

“ ငါတို့ကတော့ ရှင်းတယ် စိတ်ကူးယဉ်သမားမဟုတ်ဘူး အခုကျောင်းပြီးသွားပြီ စီးပွားရေးလုပ်မယ် ငွေရှာမယ် ကလေးတွေမှမဟုတ်တော့ဘဲ စိတ်ကူးယဉ်အိပ်မက်တွေနဲ့ မသေချာမှုတွေထဲမှာ အချိန်မပေးနိုင်ဘူး ”

“ သမီးလေးရောင်စဉ် တွေးတာမှန်သားပဲ သားရယ် သားစိတ်ကူးကြီးကို မေမေခိုင်လည်း သဘောမကျပါဘူး ”

တစ်ချိန်လုံး ငြိမ်သက်နေသော မေမေခိုင်ကပါ ဝင်ပြောသည်။ ထုံးစံအတိုင်း မေမေခိုင်က သူ့ဘက်မှာမရှိ။ သက်တန့်ရောင်စဉ် စကားကိုတောင် ထောက်ခံမှုပေးနေသေးသည်။

“ ကျွန်တော့်အနာဂတ်အတွက် ကျွန်တော်ကြိုးစားကြည့်ချင်တယ် မေမေခိုင် ”

“ မဟုတ်သေးဘူးလေသားရဲ့ သားစိတ်ကူးက သမီးလေး





ပြောသလို စိတ်ကူးယဉ်ဆန်နေတယ် ”

“ သားကိုသား ယုံကြည်တယ် မေမေခိုင် သားရွေးချယ်တဲ့လမ်းမမှားနိုင်ဘူး ”

သူ ယတိပြတ်ပဲ ပြောမိသည်။ သက်တန့်ရောင်စဉ်ရှေ့မှာမို့ မေမေခိုင်ကိုလည်း အလျှော့မပေးချင်။ မာနနှင့် မခံချင်စိတ်တို့ ရင်ထဲမှာ တင်းကြပ်ပြည့်နှက်နေခဲ့တာလည်း ကြာပြီ။

“ ခဏလေး နေပါဦး မလေးခိုင် ”

မေမေခိုင် တစ်ခုခုပြောဖို့ ဟန်ပြင်နေတုန်း အန်ကယ်စိုးက ကြားဝင်တားတော့ စကားသံတွေ ထွက်မလာနိုင်ပါ။

“ မောင်လွင်ပြင် ဝါသနာနဲ့ ရည်ရွယ်ချက်ကို အန်ကယ်မတားဘူး သဘောလည်းကျတယ် ကျေလည်းကျေနပ်တယ် အားပေးတယ် မောင်လွင်ပြင် မင်းလုပ်စရာရှိတာကို ရဲရဲဝံ့ဝံ့လုပ် အန်ကယ်ဘက်ကလိုအပ်တာ ကူညီဖို့အသင့်ပဲ ”

အန်ကယ်စိုးက ပြတ်ပြတ်သားသားဆိုသည်။ မေမေခိုင် မျက်စိမျက်နှာပျက်ကာ နှုတ်ဆိတ်နေသည်။ သက်တန့်ရောင်စဉ်ကတော့ မျက်မှောင်ကုပ်ထားလျက် သူ့ကိုလှမ်းကြည့်နေခဲ့၏။

“ ကျွန်တော့်အတွက် ဘာအကူအညီမှ မလိုဘူး အန်ကယ် အန်ကယ်ခွင့်ပြုအားပေးတာကိုပဲ ကျေးဇူးတင်ပါတယ် ကျွန်တော့်ကို

အချိန်ကာလအတိုင်းအတာ တစ်ခုပဲပေးပါ ကျွန်တော့်သူငယ်ချင်းတွေနဲ့ ကြိုးစားခွင့် တစ်နှစ် အန်ကယ်ခွင့်ပြုပါ ”

“ [illegible]နဲ့ မောင်လွင်ပြင် မင်းဘက်ကသာ ကြိုးစားပါ အန်ကယ်ဘက်က လိုအပ်တာမှန်သမျှ ပံ့ပိုးပေးဖို့ ကတိပေးတယ် ဟုတ်ပြီလား ”

“ အန်ကယ်ဘက်က ကျွန်တော့်ကို ကြိုးစားခွင့်တစ်နှစ်လောက် ခွင့်ပြုပေးတာနဲ့တင် လုံလောက်ပါတယ် အန်ကယ် တခြားဘာအကူအညီမှ မလိုအပ်ပါဘူးခင်ဗျာ ကျွန်တော်ကြိုးစားခွင့်ရှိတဲ့ တစ်နှစ်ကာလမှာမှ ဘာမှဖြစ်မလာရင် ကျွန်တော့်ရွေးချယ်မှု အမှားကို ကျွန်တော်ဝန်ခံမယ် ပြန်ပြီးထိုက်တန်အောင် ပေးဆပ်ပါ့မယ် ”

“ ကိုယ့်ဝါသနာ ရည်ရွယ်ချက်အတွက် အကောင်းဆုံး ကြိုးစားတာပဲ မောင်လွင်ပြင် မဖြစ်ခဲ့ရင်ဆိုတဲ့အတွေး မတွေးနဲ့ ဖြစ်အောင်လုပ် မင်းအရည်အချင်းကို အန်ကယ်ယုံတယ် ပံ့ပိုးပေးရမှာ အန်ကယ့်တာဝန် လိုအပ်တဲ့အကူအညီ ငွေကြေးကအစ အန်ကယ်ကူညီပေးမှာပါ ”

အန်ကယ်စိုး စကားကို သူယုံပါသည်။ သူ့အပေါ် ကောင်းမွန်ခဲ့သော အန်ကယ်ရဲ့ စေတနာတွေကတော့ ကြီးမားခဲ့သည်။ ဒါပေမဲ့ အခုကိစ္စမှာတော့ သူ အန်ကယ်ရဲ့အကူအညီနှင့် မှီခိုရန်းမကန်ချင်ပါ။

“ နှင်ဘယ်လောက်အထိ အရည်အချင်းရှိသလဲ ငါ စောင့်ကြည့်





ချင်တယ် လွင်ပြင် အဟင်း အချိန်က အဖြေပေးမှာပေါ့ဟာ ”

လှပသော နှုတ်ခမ်းလေးတွေမှာ တစ်ဖက်သားကို ခံရခက်အောင် လှောင်ပြုံးတတ်အောင်လည်း သက်တန့်ရောင်စဉ် စွမ်းပါသည်။

မထီတရီ အပြုံးတွေ ခိုတွယ်နေသော မျက်ဝန်းတွေနှင့် စိန်ခေါ်စကားဆိုကာ ညှော်ခန်းထဲက အရင်ဆုံးထထွက်သွားသူက သက်တန့်ရောင်စဉ်ပဲဖြစ်၏။

အန်ကယ်စိုး စကားကို မလွန်ဆန်နိုင်သော မေမေခိုင်ကတော့ သူ့ကိုအဓိပ္ပါယ်များစွာပါသော မျက်ဝန်းတွေနှင့် ငေးကြည့်နေခဲ့သည်။

“ သမီးပြောတာတွေ ခေါင်းထဲက မေ့လိုက်မောင်လွင်ပြင် မင်းလုပ်စရာရှိတာ ဆက်လုပ် မင်းဘက်မှာ အန်ကယ်အပြည့်အဝရှိတယ် ဟုတ်ပြီလား ”

စေတနာပြည့်ဝစွာပါသော အားပေးစကားအတွက် သူ ကျေးဇူးတင်စွာ ခေါင်းညိတ်ပြလိုက်သည်။ အာရုံထဲမှာတော့ ရောင်စဉ်ရဲ့မျက်ဝန်းထဲက လှောင်ရိပ်တွေကို မှတ်မှတ်ထင်ထင် စွဲမြဲနေဆဲ။

ငါ့အပေါ် အမြဲတမ်း အထင်သေးနေတတ်တဲ့ နှင့်ရဲ့မျက်ဝန်းတွေ အရောင်ပြောင်းလာတော့မယ် ရောင်စဉ်။

နှင်ပြောခဲ့သလို အချိန်က အဆုံးအဖြတ် ပေးမှာပါ။

အဲဒီတစ်နေ့ကျရင် . . .။

✿ ✿ ✿ ✿ ✿

## အခန်း (၂)

" မေမေခိုင်ကတော့ သဘောမတူနိုင်တာ အမှန်ပဲသား သားတတ်မြောက်ထားတဲ့ ပညာအရည်အချင်းနဲ့လည်း ဘာမှမဆိုင်တဲ့ အလုပ် တကယ်တမ်း သားလုပ်သင့်တာက ကိုမောင်မောင်စိုးရဲ့ ကုမ္ပဏီမှာ ဝင်လုပ်ဖို့ပဲ "

မေမေခိုင် သည်လိုပြောလာမှာကို သူ ကြိုတင်သိနေခဲ့သည်။ သူ့ဆုံးဖြတ်ချက်အတွက် မေမေခိုင်သဘောမတူနိုင်တာကို အန်ကယ်စိုးတို့ အိမ်ဧည့်ခန်းထဲမှာကတည်းက သိထားခဲ့သည်။

ဒါကြောင့်လည်း အန်ကယ်စိုးနှုတ်က မေးလာတော့မှပဲ သူ့ ရည်ရွယ်ချက်ကို ဖွင့်ဟပြောလိုက်တာပဲ ဖြစ်သည်။ မေမေခိုင်တင်မက အန်ကယ်စိုးတောင် အံ့သြသွားခဲ့တာသေချာ၏။

သက်တန့်ရောင်စဉ်ထဲက တံ့ပြန်မှုကတော့ သူ မျှော်လင့်ထား တာနှင့် တပ်ဗျူပါပဲ။





" မေမေခိုင်ပြောတာကို သား အသေအချာစဉ်းစားကြည့် ဦးမောင်မောင်စိုးဆိုတာ မေမေခိုင်တို့ရဲ့ ကျေးဇူးရှင် သူ့ကျေးဇူးတွေ သားအပေါ်မှာ ကြီးမားခဲ့တာလည်း အမှန်ပဲလေ သား လူတစ်လုံး သူတစ်လုံးဖြစ်အောင် နောက်ဆုံးဘွဲ့တစ်ခုပိုင်ဆိုင်တဲ့အထိ အပူအပင် အကြောင့်အကျ မရှိစေရဘဲ ကူညီခဲ့တဲ့ ကျေးဇူးတွေရှိနေတယ် အခု သားပညာရေးပြီးဆုံးချိန်မှာ သားဘက်ကပြန်ပြီး တုံ့ပြန်ကျေးဇူးသိရမယ် သား "

မေမေခိုင်ပြောသမျှ အမှန်တရားတွေကို သူ မငြင်းနိုင်ပါ။

အန်ကယ်စိုး အရိပ်အောက်ကို သူနှင့်မေမေခိုင် ရောက်ခဲ့စဉ်က သူ့အသက်-တစ်ဆယ့်သုံးနှစ်ကျော်လေးပဲ ရှိသေး၏။ သူ ရှစ်တန်းအောင် လို့ အထက်တန်းကျောင်း စတက်ရမည့် နှစ်ဆိုတာကို မှတ်မိနေသေး သည်။

ရန်ကုန်နှင့်မဝေးလှသော နယ်မြို့ကလေး၏ တဲအိမ်သာသာ အိမ်ကလေးမှာ နေထိုင်ရှင်သန်ခဲ့ရသော သူ့ဘဝရဲ့အလှည့်အပြောင်း ကတော့ အိမ်မက်ဆန်လွန်းပါသည်။

နယ်ဆေးရုံလေးမှာ အကူနာ့စ် တာဝန်ထမ်းဆောင်နေသော မေမေခိုင်ဝင်ငွေက သူတို့တူဝရီးနှစ်ယောက် ဝမ်းရေးနှင့်သူ့ပညာသင် စရိတ်အတွက် မလောက်လှတာအမှန်။

သူ့ပညာရေးကို ထွန်းပေါက်စေသော မေမေခိုင်က ယတိပြတ် ဆုံးဖြတ်ကာ လက်ရှိအလုပ်က နုတ်ထွက်လိုက်သည်။

" မေမေခိုင်တို့ ရန်ကုန်သွားကြမယ်သား "

" ရန်ကုန်ကို သားတို့ ဘာသွားလုပ်ကြမှာလဲ မေမေခိုင် "

" အဲဒီမှာ မေမေခိုင်ရဲ့ မိတ်ဆွေတွေရှိတယ် သူတို့က သိပ်ချမ်းသာပြည့်စုံတယ် မေမေခိုင်ကိုလည်း အကူအညီရှိရင် အချိန်မရွေးလာဖို့ ပြောထားဖူးတယ် "

" မေမေခိုင်ရဲ့ ဆွေမျိုးတွေလားဟင် "

" မဟုတ်ပါဘူးကွယ် မထင်မှတ်ဘဲ ခင်မင်ရင်းနှီးခဲ့ရတဲ့ မိတ်ဆွေတွေပဲ ဆိုပါတော့ "

သူမသိနိုင်သော အတိတ်က အကြောင်းတွေကို မေမေခိုင် ပြောပြခဲ့သည်။

ထိုအဖြစ်အပျက်တွေက လူ့လောကကြီးထဲကို သူစတင် ရောက်ရှိခဲ့စဉ် အချိန်ကာလလေးက ဖြစ်ရပ်တွေဖြစ်သည်။

ထိုညက မိုးတွေသည်းသည်းမည်းမည်း ရွာနေခဲ့သည်တဲ့။ လေနှင့်မိုးနှင့်အပြိုင် စစ်ခင်းနေသော မိုးသည်းညတစ်ညမှာ သူ လူ့လောကထဲကို ရောက်ခဲ့ခြင်းဖြစ်သည်။

လေဒဏ်မိုးဒဏ်ကို အံတုတင်းခံထားရသော တဲလေးထဲမှာ





ဝမ်းနာနေသော မေမေ့ကို မေမေခိုင်တစ်ယောက်တည်း မီးဖွားပေးခဲ့ရသည်။

ကံကြမ္မာက တိုက်ဆိုင်လွန်းစွာ သူတို့တဲအိမ်လေးထဲ ညှော်သည် တွေကို အရောက်ပို့ပေးခဲ့သည်။

ရန်ကုန်ကိုပြန်ရင်း မြို့အစွန်မှာ ကားပျက်ခဲ့သော ဦးမောင် မောင်စိုးတို့ လင်မယား တဲလေးက မီးရောင်ကြောင့် ခိုနားဖို့ အကူအညီ တောင်းရောက်လာခြင်းဖြစ်သည်။

တိုက်ဆိုင်လွန်းသည်က ဦးမောင်မောင်စိုးဇနီးဖြစ်သူ ဒေါ်ခင်မေ သက်မှာလည်း ကိုယ်ဝန်အရင့်အမာကြီးနှင့်ဖြစ်သည်။

အခန်းထဲမှာ ဝမ်းနာဝေဒနာကို နာကျင်ခံစားရင်း ညီးညူ နေသော မေမေ့အသံကိုကြားတော့ ဒေါ်ခင်မေသက်ခမျာလည်း ဝမ်းနာ ကာ မီးဖွားဖို့ဖြစ်လာတော့၏။

မေမေနှင့်ဒေါ်ခင်မေသက်တို့ နှစ်ဦးစလုံးကို မေမေခိုင် တစ်ယောက်တည်း ချာလည်ကာ မီးဖွားပေးခဲ့ရသည်။

လောကကြီးထဲကို ကလေးနှစ်ယောက်စလုံး အသက်ရှင် အန္တရာယ်ကင်းစွာ ရောက်လာခဲ့ကြတာခြင်း တူပေမယ့် မပြည့်စုံမတူညီ သော ဘဝတွေရဲ့ အကျိုးဆက်ဟုပဲ ဆိုရမည်ထင်သည်။

သူ့ကိုမွေးဖွားပြီး မေမေတိမ်းပါးသွားခဲ့သည်။ ဒေါ်ခင်မေသက်

ကတော့ သမီးဦးလေးကို ချောမောအန္တရာယ်ကင်းစွာ မွေးဖွားခဲ့၏။

" အဲဒီအတွက် ဦးမောင်မောင်စိုး ေ၁ မေမေခိုင်ကို သိပ်ကျေးဇူ
တင်သွားခဲ့တယ် သား သားမေမေရဲ့ ရက်လည်ကိစ္စအဝဝအတွက်လည်
ထောက်ပံ့ခဲ့တယ် အဒေါ်ဖြစ်သူနဲ့ အမိမဲ့ကျန်ရစ်ခဲ့တဲ့ သားကိုလည်
သူ တာဝန်ယူမွေးစားဖို့ တောင်းခဲ့သေးတယ် မမရဲ့အသက်နဲ့ရင်းပြီ
ရခဲ့တဲ့သားကို မေမေခိုင် မစွန့်လွှတ်ရက်လို့ မပေးဖြစ်ခဲ့ဘူးလေ
ဦးမောင်မောင်စိုးက ဘယ်အချိန်ဘယ်ကာလမှာပဲဖြစ်ဖြစ် အကူအည
လိုရင် လာခဲ့ဖို့ မေမေခိုင်ကို မှာခဲ့တယ် သား "

" သားတို့က အဲ့ဒီလူကြီးအိမ်မှာ သွားခိုနေရမှာလားဟ
မေမေခိုင် "

" သားအနာဂတ်အတွက် အကောင်းဆုံးမို့ မေမေခိုင် သူ့ဆ
စာရေးအကြောင်းကြားပြီးပြီ သူ့ခမြာလည်း ဇနီးမရှိရှာတော့ဘူး အဖေ
တစ်ခု သမီးတစ်ခုဘဝနဲ့ နေနေတာလေ မေမေခိုင်ရဲ့ တောင်းဆိုချက်
ကိုလည်း ဝမ်းသာလက်ခံတယ် သား သူတစ်ပါးအိမ်မှာ မေမေခိုင်တို
အလကားသက်သက် မှီခိုနေကြမှာ မဟုတ်ပါဘူး သားရယ် မေမေခိုင်ရဲ
သားကို မျက်နှာမငယ်စေရပါဘူး "

မေမေခိုင်က သူ့အပေါ် အမေရင်းပမာ ချစ်ခင်နွေးထွေးခဲ့တာ
သူအသိဆုံး။ ငယ်စဉ်ကတည်းက ဂရုစိုက်စောင့်ရှောက်ခဲ့သည်။





အန်ကယ်စိုးတို့ တိုက်အိမ်ကြီးကို ရောက်တော့လည်း မေမေခိုင်က အရိပ်မှာခိုလှုံရုံ သက်သက်မနေလိုဟု ဆိုသည်။ အန်ကယ်စိုးတို့ သားအဖအတွက် ချက်ပြုတ်လျှော်ဖွပ် ဝေယျာဝစ္စအဘဝနှင့် အိမ်ကြီးရဲ့ သန့်ရှင်းရေးတာဝန်ကို လစာသတ်မှတ်တောင်းဆိုကာ နေထိုင်ခွင့် တောင်းခဲ့ခြင်းဖြစ်သည်။

မေမေခိုင်ဆန္ဒအတိုင်း အန်ကယ်စိုးက လိုက်လျောကူညီခဲ့၏။ မေမေခိုင်ဆန္ဒအတိုင်း တိုက်ကြီး၏ အနောက်ဘက်ခြံဝင်းထဲမှာ ပျဉ်ထောင် အိမ်လေးတစ်လုံးနှင့် သီးသန့်နေထိုင်ခွင့်လည်း ပြုခဲ့သည်။

သူတို့နှစ်ဦးအတွက် မေမေခိုင်သည် အိမ်ဖော်အိမ်စေတစ်ဦး အဖြစ် ရုန်းကန်ခဲ့ခြင်းဆိုတာ သူ နားလည်ခဲ့ရသည်။

" သားမျက်နှာမငယ်ရအောင် မေမေခိုင့်ဒီအိမ်ကြီးရဲ့ ဗာဟိရ တာဝန်တွေကို ကူညီလုပ်ကိုင်ခဲ့တယ်ဆိုပေမယ့် မေမေခိုင်တို့နှစ်ဦး ဝမ်းရေး လောက်ပဲ ထိုက်တန်တာပါကွယ် ဒါပေမဲ့ ကိုမောင်မောင်စိုးက မေမေခိုင် တို့သားအမိအပေါ် သိပ်ကောင်းခဲ့ပါတယ် ဆွေမျိုးရင်းချာ မိသားစုလို ကောင်းခဲ့တာ သားအသိဆုံးပါကွယ် "

မေမေခိုင် အမြဲတမ်းဆိုခဲ့သော စကားတွေကို သူနားလည်သလို သူ့စိတ်ကလည်း အသိအမှတ်ပြုထားခဲ့၏။ ဒါပေမဲ့ အခုကိစ္စမှာ သူ့ဆုံးဖြတ်ချက် ခိုင်မာနေသည်မို့

" အားလုံးကို သားလက်ခံတယ် နားလည်ထားပါတယ် မေမေခိုင်ရယ် အခု သားလုပ်တဲ့အလုပ်ကကော ဘာမှားယွင်းနေလို့လဲ သားဝါသနာနဲ့ ယုံကြည်ချက်ကို အန်ကယ်ကလည်း ခွင့်ပြုတယ် အကျိုး မဲ့တဲ့ အလုပ်လည်း မဟုတ်ပါဘူး မေမေခိုင်ရယ် သားအောင်မြင်သွားခဲ့ရင် မေမေခိုင်နဲ့သားဘဝလည်း ပြောင်းလဲသွားမှာ သေချာတယ် "

" မေမေခိုင် အဲဒီဘဝကြီးကို မမက်မောဘူး သား လက်ရှိ ဘဝအခြေအနေကလည်း မေမေခိုင်နဲ့သားအတွက် အေးချမ်းနေတာ ပဲလေ ကိုမောင်မောင်စိုး ကုမ္ပဏီမှာဆိုရင် မေမေခိုင်မရှိတော့ရင်တော သားအတွက် စိတ်ချနိုင်တယ် "

" သားအမြဲတမ်း လောင်းရိပ်ကြီးတစ်ခုအောက်မှာ မရှင်သန် ချင်ဘူး မေမေခိုင် အန်ကယ်စေတနာကို စော်ကားတာမဟုတ်ဘူး ကျေးဇူး မဲ့တာမဟုတ်ဘူး ဒါပေမဲ့ ကျွန်တော်တစ်သက်လုံး ဒီအရိပ်ဒီခြံထဲမှာ ခိုမနေချင်ဘူး "

" ဟင်. . . ဘာ. . . ဘာဖြစ်လို့လဲ သား "

မေမေခိုင် မေးခွန်းကို သူ ဘယ်လိုရှင်းပြရမည်လဲ။ အာရုံထဲမှာ သက်တန့်ရောင်စဉ်မျက်နှာကို မြင်ယောင်မိသည်။ ရင်ထဲမှ ခံစားချက်တွေ အမြစ်တည်နေခဲ့တာ မေမေခိုင်မှမသိနိုင်ဘဲ။

" ဘာမှမဖြစ်ပါဘူး မေမေခိုင် အဓိကက သားကိုယ်ပိုင်အစွမ်း





အစနဲ့ အောင်မြင်ချင်တယ် သားဝါသနာလည်းပါတယ် သားအိပ်မက်တွေ တကယ်ဖြစ်လာခဲ့ရင် မေမေခိုင်နဲ့သား ဒီအရိပ်က ထွက်ခွာချင်တယ်"

" ဟင် သားစကားက ဘာလဲ ကိုမောင်မောင်စိုးရဲ့ စေတနာနဲ့ မေတ္တာကို ဥပက္ခာပြုလိုက်တာလား ကျေးဇူးတရားတွေကို မေ့လိုက် တာလား "

" ဟာ မဟုတ်ဘူး မေမေခိုင် အဲဒီကျေးဇူးတရားတွေကို သားတစ်သက်မမေ့ပါဘူး အန်ကယ်ကျေးဇူးတွေ ကြီးမားခဲ့တာ သားလက်ခံတယ် ဒါပေမဲ့ သားအနာဂတ်ဘဝ ဘယ်အချိန်ထိ ဒီမှာခိုနေ ရမှာလဲ သားဘဝတိုးတက်လမ်းကို သားမရှာဖွေသင့်တော့ဘူးလားဟင်"

မေမေခိုင် တစ်စုံတစ်ခုပြောဖို့ နှုတ်ခမ်းတွေ ဟဟယ့်ငြ၏။ ဒါပေမဲ့ ဘာစကားမှပြန်ထွက်မလာဘဲ သူ့မျက်နှာကို တွေတွေကြီး စိုက်ကြည့်နေခဲ့ ပြန်သည်။

" သားကိုနားလည်ပါ မေမေခိုင် သားကြိုးစားကြည့်နေတာ အန်ကယ်ကျေးဇူးတရားတွေကို ခြေစုံကန်ချင်လို့ မဟုတ်ဘူး သားဘဝ အနာဂတ်အတွက် ပြီးတော့ မေမေခိုင်အတွက်လည်းပါတယ် မေမေခိုင်ကို အရာရာပြည့်စုံတဲ့ဘဝတစ်ခုမှာ မသေခင်အချိန်လေးမှာ နေထိုင်သွားစေ ချင်တယ် "

" မေမေခိုင်အတွက် မလိုအပ်ပါဘူး သားရယ် ဒီဘဝလေးမှာပဲ

မေမေခိုင်ပျော်တယ် မေမေခိုင်ဆန္ဒက သားရယ် မေမေခိုင်ရယ် ကိုမောင်မောင်စိုးရယ် သမီးလေးသက်တန့်ရောင်စဉ်ရယ် အေးအေးချမ်းချမ်း ချစ်ချစ်ခင်ခင် နေစေချင်တာ ''

" ရောင်စဉ်က သားအရည်အချင်းကို မယုံဘူးဆိုတာ မေမေခိုင် မျက်မြင်ပဲလေ မနေ့ကတောင် သူ့နှုတ်က ယတိပြတ်ပြောခဲ့သေးတယ်''

" သ. . . သမီးလေးက သားကို ဒီသဘောပြောတာ မဟုတ်ပါဘူးကွယ် သူလေးက သားကို တည်တည်ငြိမ်ငြိမ်နဲ့ အလုပ်တစ်ခုမှာ ရှိနေစေချင်တာပါ ''

မေမေခိုင်စကားကို သူ ဖြေရှင်းချက်တွေနှင့် ရှင်းလင်းမနေချင်တော့ပါ။

သက်တန့်ရောင်စဉ်အကြောင်းကို မေမေခိုင် သူ့လောက်မသိနိုင်ပါ။ စီးပွားရေးတက္ကသိုလ်မှာ အတူတက်လာခဲ့ကြတဲ့ ကာလတစ်လျှောက် သူခံစားခဲ့ရသော ဝေဒနာတွေကို မေမေခိုင်မှ မမြင်မသိနိုင်ဘဲ။ ပြီးတော့

မေမေခိုင်က သက်တန့်ရောင်စဉ်ဘက်မှ အမြဲတမ်းဖြေရှင်းဖို့ စကားလုံးတွေအသင့်နှင့် သူ့ကိုနှစ်သိမ့်တတ်တာ အစဉ်အလာဖြစ်နေပြီ။

တစ်ယုပ်စားဖူးသူ့ ကျေးဇူးဆိုသော စကားနှင့် မေမေခိုင် နေ့ပျော်နေတတ်တာလား။ သူ မေမေခိုင်နှင့် မငြင်းခုန်ချင်တော့ပါ။





" သားဆုံးဖြတ်ပြီးပြီ မေမေခိုင် အန်ကယ်ခွင့်ပြုတဲ့အတိုင်း သားတစ်နှစ် သားဝါသနာကို ကြိုးစားကြည့်ချင်တယ် အဲဒီအတွက် ဘာအကူအညီ အထောက်အပံ့မှ သားမလိုပါဘူး သားအရည်အချင်းနဲ့ပဲ ကြိုးစားမယ် သားတောင်းဆိုထားတဲ့ ကာလမှာမှ အဆင်မပြေ ရှုံးနိမ့်ခဲ့ရင် သားမေမေခိုင်ဆန္ဒကို မငြင်းပါဘူး အန်ကယ့်ကုမ္ပဏီမှာ သားဝင်လုပ်မယ် သားတစ်သက်လုံး အန်ကယ်ကျေးဇူးတွေကို ပေးဆပ်မယ် ဒါဆို မေမေခိုင် ကျေနပ်ပါ ခုချိန်မှာတော့ သားကိုမေမေခိုင် နားလည်ပေးပါ မေမေခိုင်ရယ် ''

မေမေခိုင်မျက်ဝန်းတွေ ငြိမ်သက်ခြင်းဖြင့် သူ့မျက်နှာကို ငေးစိုက်ကြည့်နေခဲ့၏။

မေမေခိုင် သူ့စကား သူ့ခံစားချက်တွေကို နားလည်သွားခဲ့တာလား။ ထက်သန်ပြင်းပြနေသော သူ့စိတ်ကို အလျှော့ပေးသွားခဲ့တာလားသလဲ။

သူ့အနီးမှထကာ မေမေခိုင် အိမ်ခန်းထဲ လှမ်းဝင်သွားခဲ့သည်။

မေမေခိုင်ရယ် မေမေခိုင် တောင့်တတဲ့ဘဝတစ်ခုကို ပိုင်ဆိုင်ဖို့အတွက် လိုအပ်ချက်တစ်ခုကို သားတောင့်တနေတာကိုသာ သိနိုင်ခဲ့ရင်။

✿ ✿ ✿ ✿ ✿

# အခန်း (၃)

သစ်သားတိုင်လေးတွေကို အစီအရီကာရံထားသော ခြံဝင်း တံခါးလေးရှေ့ မရောက်ခင်ကတည်းက ဂစ်တာသံသဲ့သဲ့ကို သူ ကြားရ သည်။

စေ့ပိတ်ရုံမျှသာ ပိတ်ထားသော ခြံဝင်းတံခါးလေးကို သူဖွင့်ကာ ဝင်ခဲ့တော့ ပိတောက်ပင်ရိပ်အောက်မှာ ထန်းကြောဖျာတစ်ချပ်ခင်းလျက် ဗညားတို့အားလုံး လူစုံတက်စုံနှင့် ရှိနေကြသည်။

သူရောက်လာတာမြင်တော့ ဂစ်တာပိုက်ထားသော ကိုတိုးက ပြုံးပြ၏။ သီဟဇော်ကတော့ တစ်ချက်မော့ကြည့် မေးဆတ်ပြပြီး သီချင်း စာရွက်တွေနှင့် အလုပ်ပြန်ရှုပ်သွားသည်။

“ လာ လွင်ပြင် ငါတို့အားလုံး မင်းကိုမျှော်နေကြတာ ငါတို့ စီစဉ်ထားတဲ့ကိစ္စ ဘယ်လိုလဲ မင်းဘက်ကအခြေအနေ ”





“ မနေ့ကပဲ အန်ကယ်စိုးနဲ့ငါ ပွင့်ပွင့်လင်းလင်း ဆွေးနွေး အသိပေးလိုက်ပြီလေ ”

သူ့စကားကြောင့် ကိုတိုးအာရုံဝင်စားကာ တီးလက်စဂစ်တာသံ ကို တီခနဲရပ်ပစ်သည်။ ရေးထားသော သီချင်းစာရွက်တွေနှင့် အလုပ်ရှုပ် နေသော သီဟဇော်ကလည်း မော့ကြည့်၏။

“ ဘာတဲ့လဲလွင်ပြင် မင်းဝါသနာကို အန်ကယ်စိုးက လက်ခံ သလား ”

“ လက်ခံတယ် ဗညား ငါ့ဝါသနာနဲ့ ကြိုးစားမှုကို အန်ကယ်က ဂုဏ်ပြုပေးတယ် ”

အားလုံးတောင့်တ မျှော်လင့်နေသော အဖြေစကားမို့ မျက်နှာ တွေ ဝင်းလက်တောက်ပသွားခဲ့ကြသည်။ ဗညားက သူ့ပခုံးကို ဝမ်းသာ အားရ ဖျစ်ညှစ်ဆုပ်ကိုင်ရင်း

“ အိုကေ ဒါဆို ငါတို့အုပ်စု အင်ပြည့်အားပြည့် ဖြစ်သွားပြီပေါ့ ငါတို့ဘက်က မဖြစ်ဖြစ်အောင် ကြိုးစားဖို့ပဲ လိုတယ်ကွ ”

“ ဗညားပြောတာ ဟုတ်တယ် ငါလည်းအိမ်ကို အတိုက်အခံ လုပ်ပြီး ကြိုးစားရမှာ ငါတို့အောင်မြင်ဖို့ လိုတယ် ”

ကိုတိုးက ပွေ့ပိုက်ထားသော ဂစ်တာကို နံဘေးအသာချရင်း ပြောသည်။ သီဟဇော်က ခေါင်းညိတ်လက်ခံရင်း

" တို့အားလုံး အတူတူပါပဲကွာ ခိုင်မာသေချာမှုမရှိတဲ့ ရွေးချယ်မှုလမ်းဆိုတော့ ဘယ်မိဘဆွေမျိုးက အားပေးချင်မှာလဲ ငါတို့ဘက်က မဖြစ်ဖြစ်အောင် ကြိုးစားပြဖို့ပဲလိုတယ် လွင်ပြင် မင်းကောဒီကိစ္စမှာ ခက်ခက်ခဲခဲ ညှိနှိုင်းခဲ့ရသေးသလား "

" အန်ကယ်ကတော့ ငါဖွင့်ပြောလိုက်တော့ အံ့သြသွားတယ်ကွ ပြီးတော့ ကြည်ကြည်ဖြူဖြူပဲ အားပေးခွင့်ပြုပါတယ် မေမေခိုင်ကတော့ သဘောမတူချင်ဘူးကွ "

" ရောင်စဉ်ကကော မင်းကိုမနိုပ်ကွပ်လိုက်ဘူးလား "

သီဟဇော်က အကြောင်းသိနေတာမို့ မေး၏။ သူနှုတ်ခမ်းတွေ ယွဲ့ယွဲ့အသက်မဲ့စွာပြုံးရင်း

" ဘယ်နေလိမ့်မလဲကွာ ကောင်းကောင်းလျောင်ပြောင်တာပေါ့ ဒါပေမဲ့ ငါဂရုမစိုက်ပါဘူး အဲဒီခံစားချက်တွေအားလုံးက ငါ့အတွက် တွန်းအားတစ်ခုတောင် ဖြစ်စေဦးမယ် အန်ကယ်စိုးကတော့ လိုတဲ့ အကူအညီပြောတဲ့ "

" ဟာ ဒါဆို အဆင်ပြေတာပေါ့ကွာ ငါတို့အဖွဲ့မှာ လိုအပ်နေတာ ငွေကြေးပဲ ဒါဆိုအန်ကယ်ထောက်ပံ့ကူညီပေးရင် အဆင်ပြေပြီပေါ့ "

ကိုတိုးက ဝမ်းသာအားရ ဆို၏။ သူခေါင်းကို ခါရမ်းပြရင်း

" ငါ အန်ကယ်ဆီက အကူအညီမယူဘူး ကိုတိုး ငါ့ဘဝ





တစ်လျှောက်လုံး သူတစ်ပါးလောင်းရိပ်အောက်မှာ ရှင်သန်နေရတာကို ငါ ရွန်းထွက်ချင်နေပြီ ငါ့အရည်အချင်း ငါ့ရဲ့အစွမ်းအစနဲ့ ငါကြိုးစားချင်တယ် ဒါကြောင့် အခုငါတို့ ကြိုးစားမယ့်ကိစ္စမှာ အန်ကယ်စိုးဆီက ဘာအကူအညီမှ ငါမယူဘူး ငါ့ဝါသနာအတွက် ကြိုးစားခွင့်အချိန်ကာလ တစ်နှစ်တိတိ ငါတောင်းဆိုထားတယ် အဲဒီကာလမှာမှ မဖြစ်မြောက်ခဲ့ရင် အန်ကယ်စိုးရဲ့ လုပ်ငန်းမှာ ငါဝင်လုပ်ရမှာပေါ့ ငါနဲ့မေမေခိုင်အပေါ် ထားခဲ့တဲ့ ကျေးဇူးတရားတွေအတွက်ပေါ့ကွာ "

သူ့ခံစားချက်ကို နားလည်စွာနှင့် အားလုံးခေါင်းညိတ်သည်။

အထက်တန်းကျောင်းသားဘဝကတည်းက အတွဲညီညီ ပေါင်းသင်းလာသော သူတို့လေးယောက်နှောင်တွယ်မှု သံယောဇဉ်က ညီရင်းအစ်ကိုပမာ ကြီးမားခဲ့ကြသည်။

ဆယ်တန်းအောင်တော့ သူနှင့်ကိုတိုးက စီးပွားရေးတက္ကသိုလ်မှာ သက်တန့်ရောင်စဉ်နှင့်အတူ။ ဗညားနှင့်သီဟဇော်က ဝိဇ္ဇာကန်းမှာ တက်ခွင့်ရသည်။ မေဂျာမတူပေမယ့် အတွဲမပျက် ရှိခဲ့ကြသည်။

သူ့ဘဝသူ့အခြေအနေကိုလည်း အားလုံးအသိမို့ စာနာနိုင်ခဲ့ကြသည်။ သူ့ခံစားချက်တွေကိုလည်း သူတို့သာ နားလည်နိုင်ဆုံးဖြစ်ခဲ့ကြ၏။

" အေး မင်းအစီအစဉ် ကောင်းပါတယ် လွင်ပြင် ငါက

ရှုတ်တရက်မို့ ဝမ်းသာပြီး ပြောမိတာပါ ပြဿနာမရှိပါဘူးကွာ ငါတို့မှာ ငွေမရှိပေမယ့် အရည်အချင်းရှိရင် အောင်မြင်ရမှာပေါ့ ”

ကိုတိုး မျှော်လင့်ချက်တို့ တောက်ပနိုင်ကျည်သော မျက်ဝန်းတွေနှင့် ပြောသည်။ သူတို့အားလုံး ယုံကြည်စွာ ခေါင်းညိတ်မိကြ၏။

“ ကိုကို လက်ဖက်သုပ်နဲ့ ရေနွေးကြမ်းရပြီ ”

“ သြော် အေး အေး ညီမလေး ထားခဲ့လေ ”

ဗညားရဲ့ညီမ ဆုမြတ်သွယ်က သူတို့အုပ်စုဆုံကာ ဂစ်တာ ဝိုင်းပွဲတိုင်း စားစရာတစ်ခုခု စီစဉ်ပေးတတ်စမြဲ။

“ ဟဲ့ မိဆု ဒါပဲလား ထမင်းဖြူလေးပါ ချူးခဲ့ဟာ ငါဗိုက်ဆာလို့ ရှိတယ်မဟုတ်လား ”

“ ရှိပါတယ် ကိုကိုတို့ရဲ့ စားချင်ရင် ချူးခဲ့မယ်လေ ငါးဖယ်ငါးဆုပ် ဟင်းလည်းရှိတယ် ”

“ နေ. . . နေ. . . လက်ဖက်သုပ်နဲ့ပဲ စားမယ် တော်ကြာ နင်တို့ညစာ စားဖို့မကျန် ဖြစ်နေပါဦးမယ် ”

“ ကျန်ပါတယ် ကိုကိုတို့ရဲ့ ကိုညီကော စားမလားဟင် မိဆု ချူးခဲ့မယ်လေ ”

“ နေ. . . နေ မချူးနဲ့ မိဆု ကိုယ်မစားဘူး ”

ဗညားညီမလေးမိဆုက သူတို့အားလုံးကို ခင်မင်ရင်းနှီးနေသူ





ဖြစ်သည်။ အဖေမရှိတော့သော ဗညားတို့မိသားစုလေးမှာ မိခင်ကြီးနှင့် မောင်နှမနှစ်ယောက်သာရှိ၏။ ပျဉ်ထောင်အိမ်ကလေး အနောက်ဘက်က နင်းဆီပန်းစိုက်ခင်းသည် သူတို့မိသားစုသုံးယောက် ဝမ်းရေးအတွက်တော့ မှလုံပါသည်။

ဗညားကျောင်းတက်နေတုန်းက ခြံလုပ်ငန်းကို မိခင်ကြီးက အလုပ်သမားနှစ်ယောက်နှင့် အဆင်ပြေအောင် စီစဉ်လုပ်ကိုင်သည်။ အခု ဗညားကျောင်းပြီးတော့ ဗညားကိုယ်တိုင် ဦးဆောင်လုပ်ကိုင်သည်။

မိဆုက ဒီနှစ်မှ ဆယ်တန်းတက်နေသော အထက်တန်းကျောင်းသူလေးပဲဖြစ်၏။ သူတို့အုပ်စုထဲမှာ သီဟဇော်နှင့် ကိုတိုးကတော့ အဆင်ပြေသော မိဘအသိုင်းအဝိုင်းနှင့်ဟု ဆိုရမည်။ သီဟဇော်အဖေက ကုမ္ပဏီတစ်ခုမှာ မန်နေဂျာတစ်ယောက်၊ သီဟဇော်အထက်က အစ်ကိုနှင့် အစ်မကလည်း ကုမ္ပဏီတွေမှာ ထိုက်သင့်သော ရာထူးအဆင့်အတန်းနှင့် ဆိုတော့ သီဟဇော်အတွက် သိပ်ပူပင်စရာမရှိ။

ကိုတိုးမိဘတွေကတော့ အစိုးရရုံးမှ အရာရှိတွေဖြစ်သည်။ အစ်မနှစ်ယောက်ကလည်း အလုပ်ကိုယ်စီနှင့်မို့ အငယ်ဆုံးယောက်ျားလေး ဖြစ်သော ကိုတိုးအတွက် မိသားစုတာဝန်က ငြိမ်းနေ၏။

သူတို့လေးယောက်စလုံး ရင်ထဲကတူညီသော ဝါသနာက အောင်မြင်သော ဂီတအုပ်စုလေးဖွဲ့ဖို့ပဲဖြစ်သည်။

ကိုတိုးနှင့်ဗညားက ဂစ်တာသင်တန်းကို ကျောင်းသားဘဝကတည်းက တက်ခဲ့ကြ၏။ ကျောင်းမှာတုန်းကလည်း စင်ပေါ်မှာ တီးနိုင်သည့်အဆင့်အထိ ရှိကြသည်။ သီဟဇော်က သီချင်းတွေ ရေးဖွဲ့ဖန်တီးနိုင်သည်။ သူကတော့ သီဆိုရတာကို ပိုပြီးအားသန်သည်။

" လွင်ပြင် မနေ့က ငါအပြီးသတ်ရေးလာတဲ့ သီချင်းအားလုံး ပြည့်စုံနေပြီ လုပ်ကွာ မင်းခံစားကြည့်စမ်းပါ "

သီဟဇော် အသံကြားမှ သူ့အတွေးတွေ ပြတ်တောက်ကာ ကမ်းပေးလာသော သီချင်းစာရွက်ကို လှမ်းယူလိုက်မိ၏။ သီဟဇော်က မြူးဇစ်နူတ်တွေကို ဗညားနှင့်ကိုတိုးဆီ တစ်ရွက်စီကမ်းပေး၏။

ကိုးတိုးကရစ်သမ် ဗညားကလီဒ် အတွဲညီစွာ တီးခတ်ပြီး အင်ထရိုအတီးပိုဒ်ကို စတီးသည်။

သူ့မျက်ဝန်းအစုံကို မှေးမှိတ်ကာ သီဆိုဖို့ မှဒ်သွင်းသည်။ သီဟဇော်က လက်ထဲက ဘောပင်နံလေးကို တဒေါက်ဒေါက်ခေါက်ရင်း ခေါင်းတညိတ်ညိတ်နှင့် ငြိမ်သက်စွာ နားထောင်နေ၏။

ဂစ်တာသံစဉ်က လွင့်ပျံ့မျောလွင့်လို့ သူကိုယ်တိုင်လည်း သီချင်းတေးသွားတွေထဲ နစ်မျောသီဆိုနေမိတော့ချေသည်။

ဗညားတို့ ခြံဝန်းလေးထဲမှာ ဂီတသံစဉ်တွေ တငြိမ့်ငြိမ့်စီးမျောနေ၏။

✿ ✿ ✿ ✿ ✿



## အခန်း (၄)

" မင်းလေးဟာ ကြယ်စင်များလို တောက်ပသူ ××× အလင်းများကို ပိုင်စိုးတဲ့ လမင်းသခင် ××× တော်ဝင်ပန်းလို ချစ်သူ ××× ဘဝတွေက မိုးနဲ့မြေလိုခြားနား ×××မညီမျှခြင်းရဲ့သိမ်ငယ်စိတ်များ ××× ငါ့ရင်ထဲက ချစ်ခြင်းမှာ ကန့်သတ်ထားသလား ××× "

ဂစ်တာသံသဲ့သဲ့နှင့်အတူ လွင့်မျောလာသော သီချင်းသံက သက်တန့်အိပ်ခန်းထဲအထိ တိုးဝင်လာသည်။ ဖတ်လက်စမဂ္ဂဇင်းစာအုပ်ကိုပိတ်ကာ သက်တန့်ခုတင်ပေါ်က အသာဆင်းလိုက်၏။

ခြေလှမ်းတွေက အိပ်ခန်းမှန်ပြတင်းတံခါးလေးဆီ ရွေ့လှမ်းခဲ့သည်။ ခြံဝန်းထဲက မီးတိုင်အလင်းရောင်ကြောင့် ခရေပင်အောက်က ခုံတန်းလေးမှာထိုင်ကာ ဂစ်တာတီးသီဆိုနေသော လွင်ပြင်ကို မြင်နေရသည်။

သက်တန့်ပြတင်းတံခါးက လှမ်းကြည့်နေတာကိုတော့ မြင်ပုံမရပါ။ ဂစ်တာကို ပွေ့ပိုက်တီးခတ်ရင်း ဦးခေါင်းကလည်းငုံ့လို့ သီချင်းထဲမှာ စျာန်ဝင်နေသလို။

" ငါ့ရင်ထဲကချစ်ခြင်းများ ××× မင်းမျက်ဝန်းကမာနတရားအောက် ××× အားလုံးဆွံ့အပျောက်ဆုံးသွားခဲ့ ××× ဒါ မင်းမသိနိုင်တဲ့ချစ်ခြင်းနှလုံးသားက×××ကာရန်မဲ့တေးတစ်ပုဒ်×××ချစ်သူနားလည်×××"

လွင်ပြင်သီချင်းသံမဆုံးခင်မှာပဲ သက်တန့်ပြတင်းတံခါးက ခွာသည်။

အိပ်ခန်းမီးကို တမင်ပဲ မှိတ်ပစ်လိုက်၏။

သီချင်းသံက တီးတိုးလွင့်ပျံ့ကာ ဝင်လာဆဲရှိသည်။ အခန်းထဲမှာ လိမ္မော်ရောင်မီးပွင့်လေးသာ မှိန်လဲ့လဲ့လင်းနေ၏။

သက်တန့်အမှောင်ထဲမှာ တိတ်ဆိတ်စွာရပ်ရင်း ခြံထဲကိုလှမ်းကြည့်နေမိတာကိုတော့ လွင်ပြင်မြင်နိုင်စရာအကြောင်း မရှိပါ။

သီချင်းသံရပ်တန့်သွားတော့ လွင်ပြင်မျက်ဝန်းတွေ သက်တန့်ရှိရာ အခန်းဆီကို လှမ်းမျှော်ကြည့်နေတာ မြင်ရသည်။ အလင်းရောင်ကင်းမဲ့သော သက်တန့်အခန်းကို ငေးစိုက်ကြည့်ရင်း တဒင်္ဂငြိမ်သက်နေသော လွင်ပြင်မျက်ဝန်းတွေကို မမြင်နိုင်ပေမယ့် သက်တန့်ခန့်မှန်းလို့ရနေခဲ့တာ အသေအချာ။





ခဏကြာတော့ ထိုင်ခုံမှထရပ်ကာ ဂစ်တာကို ပခုံးမှာ လွယ်ပြင်တင်သည်။ ခြေလှမ်းတွေက ခြံအနောက်ဘက်ဆီသို့ တရွေ့ရွေ့လှမ်းသွား၏။

ဂျင်းဘောင်းဘီ အနက်ရောင်နှင့် အဖြူရောင်လက်ရှည်တီရှပ်ကို ဝတ်ဆင်ထားသော လွင်ပြင်ကို သက်တန့် မျက်တောင်မခတ်စတမ်း လှမ်းကြည့်နေမိသည်။

ပန်းခြုံတွေကြားက ခြံအနောက်ဘက်လမ်းကလေးမှာ လွင်ပြင်ပုံရိပ်ပျောက်ကွယ်သွားတော့မှပဲ သက်တန့်မှန်ပြတင်းတံခါးမှ ခွာခဲ့သည်။

ခုတင်ပေါ်ကို လှဲအိပ်လိုက်ရသည့်တိုင် မျက်ဝန်းတွေကအိပ်စက်ဖို့ လက်မခံနိုင်သေးပါ။

သက်တန့်နှုတ်ခမ်းပါးလေးတွေ ကျေနပ်နှစ်ခြိုက်စွာ ပြုံးလိုက်မိသည်။ လွင်ပြင်ပုံရိပ်က သက်တန့်အာရုံထဲမှာ အရိပ်ထင်လာပြန်သည်။

သက်တန့်တို့အိမ်ကို လွင်ပြင်ညီတို့ ရောက်လာစဉ်က ရွယ်တူအဖော်တစ်ယောက် ရှိလာခြင်းမို့ သက်တန့်ကျေနပ်ဝမ်းသာမိသည်။

" မောင်လွင်ပြင်ညီက သမီးနဲ့စက္ကန့်ပိုင်းပဲခြားပြီး မွေးတဲ့သူကွဲ့ သမီးမာမီ ဝမ်းနာတော့ ဒယ်ဒီတို့မိုးထဲလေထဲမှာ ကားပျက်ပြီး မလေးခိုင်တို့အိမ်ဝင်အကူအညီတောင်းရတယ် အဲဒီအချိန်မှာ မလေးခိုင်ရဲ့အစ်မ မောင်လွင်ပြင်ညီမိခင်က ဝမ်းနာပြီးမီးဖွားလုချိန်လေ မလေးခိုင်က

သူနာပြုဆရာမတစ်ယောက်ဆိုတော့ အားလုံးအတွက် အဆင်ပြေသွား ခဲ့တယ် ''

ဒေါ်လေးခိုင်၏ တဲအိမ်လေးထဲမှာ သက်တန့်လူ့လောကထဲက် ရောက်ရှိလာခဲ့ရသည့် အကြောင်းတွေကို ဒယ်ဒီက ရှင်းပြခဲ့သည်။

ထိုကျေးဇူးတွေအတွက် ဒယ်ဒီက လွင်ပြင်ကို ဂရုစိုက်အရေးပေ လွန်းတာတော့ သက်တန့်မကျေနပ်နိုင်ခဲ့တာအမှန်ဖြစ်သည်။

အတ္တကြီးသည်ပဲဆိုချင်ဆို။ ဒယ်ဒီရဲ့ အလိုလိုက် ချစ်ခင်မှုကို သက်တန့်တစ်ယောက်တည်းပဲ အကြွင်းမရှိ ပိုင်ဆိုင်ချင်သည်။

'' မောင်လွင်မြင့်တို့ မလေးခိုင်တို့ဆိုတာ ဒယ်ဒီတို့အပေါ်မှာ ကျေးဇူးရှိတယ် သမီး အဲဒီတုန်းက မလေးခိုင်သာမကူညီခဲ့ရင် သမီး မာမီအတွက် မလွယ်ဘူးလေ ရှားရှားပါးပါး သမီးလေးကို ဒယ်ဒီတို့ ပိုင်ဆိုင်ခွင့်ရတာ မလေးခိုင်ကျေးဇူးကြောင့် သမီးရဲ့ ''

'' ဟင့်အင်း အဲဒီကျေးဇူးအတွက်နဲ့ ဒယ်ဒီ သမီးထက်ပိုပြီး အလိုလိုက်ဂရုစိုက်တာတော့ လက်မခံဘူးနော် ဒယ်ဒီ ''

'' သမီးရယ် ဒယ်ဒီက မောင်လွင်ပြင်ညီရဲ့ မိမဲ့ဖမဲ့ဘဝလေးကို စာနာပြီး စောင့်ရှောက်တာဝန်ယူတာပါ ဒါကိုသမီးထက်ပိုပြီး ဂရုစိုက် အလေးပေးတယ် ထင်နေသလား ''

'' အဲဒါတွေ သမီးမသိဘူး သမီးကတော့ ဒယ်ဒီဆီက မေတ္တာ





တွေကို ဘယ်သူကိုမှ ခွဲဝေမပေးနိုင်ဘူး အဲဒါ တကယ်ပြောတာ ''

ဒယ်ဒီပြုံးရင်း သက်တန့်ခေါင်းကလေးကို ညင်သာစွာ ပွတ်သည်။

'' အဟင်း ဒယ်ဒီသမီးကတော့ တကယ့်ကလေးလေးအတိုင်းပဲ ချစ်ချ ဒယ်ဒီသမီးထက် ဘယ်သူကိုမှ ဒယ်ဒီက ပိုပြီးမချစ်ပါဘူးကွာ အဲဒါဆို ကျေနပ်ပြီလား သမီး ''

ဒယ်ဒီစကားအတွက် သက်တန့်ကျေနပ်ခဲ့ရသည်။ တကယ်ဆို မိမရှိတော့ကတည်းက ဒယ်ဒီသည် သက်တန့်အတွက်ပဲ ဘဝကို င်သန်ခဲ့တာဖြစ်သည်။

ဒယ်ဒီရဲ့အကြင်နာမေတ္တာအားလုံးသည် သက်တန့်အတွက်ပဲ ခဲ့၏။

လွင်ပြင်ညီရောက်လာမှ ဒယ်ဒီရဲ့ယုယကြင်နာမှုတွေကို ခွဲဝေ းလိုက်ရမှာတော့ သက်တန့်စိုးရိမ်မိ၏။ တစ်ချိန်က လွင်ပြင်ညီကိုတောင် ားအရင်းအချာအဖြစ် မွေးစားခွင့်ကို ဒယ်ဒီကတောင်းခဲ့ဖူးသည်ဟု က်တန့်သိထားတာကြောင့်လည်း ဖြစ်သည်။

လွင်ပြင်ညီရောက်ရှိလာခြင်းက သက်တန့်အတွက် အဖော် စ်ယောက်တိုးလာခြင်းဟု ကျေနပ်မိပေမယ့် ဒယ်ဒီက သူ့ကိုမျက်နှာ ာပေးနေတာမြင်လျှင် သက်တန့်မကျေနပ်ချင်။

လွင်ပြင်အတွက် ဒယ်ဒီက မုန့်ဖိုးပေးတာ အဝတ်အစ
ဝယ်ပေးတာကို မြင်လျှင်တောင် သက်တန့်မနာလိုဝန်တိုစိတ်က
ဖြစ်ခဲ့ရ၏။

" ဟော့ ဟော့ နင်ဘာ. . . ဘာလုပ်တာလဲ ကြည့်စမ်း ငါ့အ
တော့ သွားပါပြီ "

လွန်ခဲ့သည့်တစ်ပတ်က လွင်ပြင်အတွက်ဟုဆိုကာ ဒယ်
ဝယ်လာပေးသော အင်္ကျီလေး ခြံထဲမှာ လျှော်ဖွပ်လှမ်းထားတာ မြင်
သက်တန့်မကျေနပ်စိတ်လေးနှင့် တမင်ရေမြောင်းထဲက ရွှံ့ဗွက်တွေ
ပက်လိုက်တာကိုမှ လွင့်ပြင်ညီမြင်သွားခဲ့၏။

" နင်. . . နင် တော်တော့် စိတ်ပုပ်တာပဲ ရောင်စဉ် "

" ဘာဖြစ်လဲ ငါ့ဒယ်ဒီ ဝယ်ပေးထားတဲ့အင်္ကျီ နင့်ကို အမြင်က
လို့ တမင်လုပ်ပစ်တာ "

အပြာနုရောင် စပို့ရှပ်လေးမှာ ညစ်ထေးပေကျံနေသော ရွှံ့ဗွ
တွေကိုကြည့်ကာ လွင်ပြင်ညီ မျက်နှာက ဒေါသကြောင့် နီမြန်းနေခဲ့သည

" ရုပ်ကလေးလှသလောက် နင့်စိတ်ဓါတ်က ညစ်ပတ်လွန်းတ
ရောင်စဉ် "

" ပတ်တယ် ညစ်ပတ်တယ် ဘာဖြစ်လဲ "

" ဟာကွာ ငါ ထိုးမိတော့မယ် တောက် "





" အံမယ် အံမယ် ငါ့ကိုလက်သီးနဲ့ရွယ်တယ်ပေါ့ ကဲဟာ
ကဲဟာ "

လက်ထဲမှာကိုင်ထားသော ခွက်ထဲက ရွှံ့ဗွက်ရေတွေနှင့်
ပက်ရုံနှင့် သက်တန့်အားမရနိုင်ဘဲ ရေခွက်နှင့်ပါ ပစ်ပေါက်သည်။

" ရောင်စဉ် နင် နင်နော် ငါ ဆွဲထိုးမိမယ် "

" ဟဲ့ ဟဲ့ သားမလုပ်နဲ့ ဘာဖြစ်နေတာလဲ "

" ဒေါ်လေးခိုင် လွင်ပြင် သမီးကိုလက်သီးနဲ့ထိုးမလို့တဲ့ အဟင့်
အဟင့် "

သက်တန့် မျက်ရည်မကျဘဲ ရှိုက်ငိုကာတိုင်တော့ မေမေခိုင်
စိုးရိမ်တကြီးနှင့် သူ့လက်ကိုလှမ်းဆွဲရင်း

" သား ဘာလို့သမီးလေးကို ဒီလိုလုပ်ရတာလဲ လာစမ်း "

" မဟုတ်ဘူးမေမေခိုင် သူ သားအင်္ကျီကို ရွှံ့ဗွက်တွေနဲ့
ပက်တယ် "

" ပက်တယ် ဘာဖြစ်လဲ နင့်ကို ဒယ်ဒီဝယ်ပေးတာ မကျေ
နပ်လို့ "

" ငါ လပတ်စာမေးပွဲအောင်လို့ အန်ကယ်စိုးဝယ်ပေးတာ
နင့်အတွက်လည်း ဝယ်ပေးတာပဲရောင်စဉ် "

" အဲဒါတွေ လာမပြောနဲ့ ဒယ်ဒီက ငါ့ဒယ်ဒီ နင်နဲ့ဘာမှ

မဆိုင်ဘူး နင်တို့ကိုသနားလို့ ဒယ်ဒီက အိမ်နောက်ဘက်တန်းလျားမှာ နေခိုင်းထားတာ ဒါ ငါ့အိမ်ငါ့ခြံ အဲဒီအကျီကြ ငါ့ဒယ်ဒီဝယ်ပေးထားတာ ငါလုပ်ချင်တာလုပ်မယ် ဘာဖြစ်လဲ ''

" ဟုတ်. . . ဟုတ်ပါတယ် သမီးရယ် ဒေါ်လေးခိုင် တောင်းပန်ပါတယ်ကွယ် သား တော်တော့ ဘာမှထပ်မပြောနဲ့တော့ ''

မေမေခိုင်စကားကြောင့် လွင်ပြင်ညီ မျက်မှောင်ကြီးကုပ်ကာ မကျေမနပ်ကြည့်သည်။

" သမီး မကျေနပ်ဘူး ဒေါ်လေးခိုင် သူ ပြန်တောင်းပန်ရမယ် သမီးကိုလက်သီးနဲ့ ထိုးမလို့ရွယ်တာ ဒေါ်လေးခိုင်မြင်တယ် ''

" နင် ငါ့ကို ရွံ့ဗွက်နဲ့ပက်တယ် ခွက်နဲ့ပစ်တယ် မဟုတ်လား ရောင်စဥ် ''

" သား မေမေခိုင် မင်းကိုဘာမှမပြောနဲ့လို့ ပြောနေတယ်လေ ကဲ သမီးလေး ကျေနပ်အောင် တောင်းပန်လိုက် မင်းကယောကျ်ားလေး ဘာဖြစ်လို့ အလျှော့မပေးချင်တာလဲ အကျီနွံပေတာ မေမေခိုင် ပြန်လျှော် ဖွပ်ပေးမယ် ကဲ သမီးလေးကို တောင်းပန်လိုက် သား ''

" သား မတောင်းပန်နိုင်ဘူး မေမေခိုင် သားဘက်က ဘာမှ မမှားဘူး ''

" သား မင်းကို မေမေခိုင်ပြောနေတယ် ခုချက်ချင်း တောင်းပန်





လိုက် ''

မေမေခိုင် လေသံက မာထန်လာသည်။ ဒေါသရောင်လက်ဖြာနေသော မျက်ဝန်းတွေကို လွင်ပြင်ငေးကြည့်ရင်း အံကိုတင်းတင်းကြိတ်၏။

" ငါ တောင်းပန်တယ် ရောင်စဥ် စိတ်ချ နောက်ဆို နင့်ဒယ်ဒီ ငါ့အတွက် ဝယ်ပေးသည့်တိုင်အောင် ငါမဝတ်ဘူးဆိုတာ ငါကတိပေးတယ် ''

မာနနှင့်ယတိပြတ်စကားဆိုကာ ထွက်သွားသောလွင်ပြင်ကို ကြည့်ကာ သက်တန့်နှုတ်ခမ်းလေး တွန့်ပြုံးခဲ့မိ၏။

ထိုစဥ်တုန်းကတည်းက မာနတရား ကြီးမားခဲ့သော လွင်ပြင်သည် နောက်ပိုင်းမှာ ဒယ်ဒီဝယ်ပေးသမျှ အဝတ်အစားတွေကိုလည်း ဘယ်တော့မှ မဝတ်ခဲ့တော့ပါ။

နင့်ရဲ့မာနနဲ့ အငြိုးအတေးက တကယ်ပဲကြီးမားခဲ့ပါတယ် လွင်ပြင်။ အထက်တန်းကျောင်းသားဘဝ အရွယ်ကတည်းက ငါနဲ့ဆုံရင် တောက်ပနေတဲ့ နင့်မျက်ဝန်းထဲက မာနရောင်စဥ်တွေက တက္ကသိုလ်ကျောင်းကို ရောက်တော့ ပိုလို့တောင် ခိုင်ကျည်လွန်းခဲ့တယ်နော်။

အဲဒီမာနတွေကိုပဲ ငါရိုက်ချိုးပစ်ချင်ခဲ့တယ်။ ဒါပေမဲ့ ဒီအချိန်ထိ ငါ မနိုင်ခဲ့သေးတာ ဝန်ခံပါတယ် လွင်ပြင်။

နင်ဘယ်အချိန်အထိ ငါ့အပေါ် မာနစိတ်နဲ့ ရင်ဆိုင်နေဦးမှာလဲ။

နှင့်မာနတွေ အပိုင်းပိုင်း ကျိုးပြတ်သွားမယ့်တစ်နေ့ကိုတော့ ငါ စောင့်ကြည့်ချင်ပါသေးတယ် လွင်ပြင်ညီ။

ငါယုံတယ်။

တစ်စုံတစ်ရာက နှင့်မာန၊ နှင့်စိတ်ဓါတ်တွေကို မြေလှန်ပြောင်းလဲပစ်အောင် စွမ်းဆောင်နိုင်မှာပဲလို့။

ငါ့ဘက်ကတော့ အရှုံးမပေးချင်သေးဘူး လွင်ပြင်ညီ။

✿ ✿ ✿ ✿ ✿



## အခန်း (၅)

" မင်းတို့အခွေကြမ်းကို ငါပရိုဂျူဆာ သုံးဦးလောက်ကို ပြကြည့်တယ် ညီလေးတို့ရာ ဘယ်လိုမှအဆင်မပြေဘူး ငွေအရင်းအနှီးထုတ်ပြီး ရင်းနှီးပေးမယ့် ထုတ်ပေးသူဆိုတာ အတော်ရှားတယ်ကွ ဒီစွကို စိတ်မဝင်စားတဲ့သူတွေချည်းပဲ ဖြစ်နေတယ် "

ကိုဝေမှိုင်းစကားတွေက အားရစရာမရှိ။ သူတို့အားလုံးမျှော်လင့်ချက်တွေက ကျဆင်းသွားစေလောက်သော အဖြေတစ်ခုကိုသာ ကြားရ၏။

" ဟို ကျွန်တော်တို့ဘက်က အကောင်းဆုံးကြိုးစားကြမှာပါ ဆက်ကိုမှိုင်း ငွေကြေးအတွက်လည်း ဘာမှမမျှော်လင့်ပါဘူး ကျွန်တော်တို့မျှော်လင့်တာ ကျွန်တော်တို့ ကြိုးစားထားမှုလေး ပရိသတ်ဆီရောက်သွားရင် ကျေနပ်ပြီ "

နောက်ဆုံးသော မျှော်လင့်ချက်ကလေးနှင့် ကိုတိုးကပြောသည်။

ကိုဝေမှိုင်း အားတုံ့အားနာဟန်နှင့် ယဲ့ယဲ့ပြုံးရင်း

" အစ်ကို နားလည်တယ် ညီလေး မင်းတို့အဖွဲ့ရဲ့ အခွေကြမ်းလေးကို အစ်ကိုကိုယ်တိုင် အားရကျေနပ်လို့ အစ်ကိုနဲ့ရင်းနှီးတဲ့ ပရိုဂျူဆာတွေကို ပြကြည့်တာပါ သူတို့ဘက်က မစွန့်စားရဲတာလဲ အပြစ်တော့ မဟုတ်ဘူး တေးစီးရီးတစ်ခုအတွက် ကုန်ကျစရိတ်ဆိုတာ တန်ဖိုးသေးသေး မဟုတ်ဘူးလေ ပြီးတော့ အဆိုရှင်အသစ် အဖွဲ့အသစ်ကို တင်ပေးရမှာဆိုတော့ မသေချာမှုက ကိုးဆယ်ရာခိုင်နှုန်းရှိတယ် လက်ရှိဂီတလောကမှာကလည်း မတည်ငြိမ်မှုက အများကြီးကွ နာမည်ရပြီးသားအဆိုတော်တောင် တော်ယုံလောက်နဲ့ ဝမ်းမန်းရှိုးမထုတ်ရဲဘူး ပရိသတ်အခိုင်အမာရှိပြီးသားလောက်ပဲ အသစ်ထုတ်ရဲကြတယ် ဒါတောင် ဒီနေ့ထွက်တာနဲ့ နောက်နေ့ခိုးကူးခွေတွေက ဈေးကွက်ထဲ ပလူပျံနေပြီ မူရင်းအခွေရောင်းရအောင် စွဲဆောင်မှုတွေအမျိုးမျိုးနဲ့ ဖိတ်ခေါ်နေရတဲ့ အခြေအနေ ဟူး တွေးကြည့်ရင် အတော်ကို မလွယ်ဘူးကွာ "

စိတ်ပျက်ညစ်ညူးမှုတွေနှင့် ကိုဝေမှိုင်း ညီးတွားပြသည်။ သူတို့အားလုံးစိတ်ဓါတ်ကျချင်လောက်အောင် ဖြစ်သွားရ၏။

ကိုဝေမှိုင်းက ဂီတလောကထဲမှာ သီချင်းရေးသူအဖြစ် ရပ်တည်နေသူ ကိုတိုးနှင့်ကလည်း ခင်မင်ကျွမ်းဝင်သူဖြစ်သည်။

ဒါကြောင့်လည်း သူတို့အားကိုးတကြီးနှင့် အခွေကြမ်းကလေးတစ်ခွေသွင်းကာ အကူအညီတောင်းခဲ့ကြခြင်း ဖြစ်သည်။





ကိုဝေမှိုင်းမိတ်ဆွေ ပရိုဂျူဆာတွေက ငြင်းလိုက်သည်ဆိုတော့ သူတို့ဘာမှ မတတ်နိုင်။

အားလုံးတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ မျက်ဝန်းတွေမှာတော့ မျှော်လင့်ချက် အလင်းရောင်တို့ မီးစာကုန် ဆီခမ်းလုလု ဖြစ်နေကြတာအမှန်။

ကိုဝေမှိုင်းကိုလည်း စိတ်ဒုက္ခဆက်မပေးလိုတာမို့ လွင်ပြင်ကပဲ ဝင်ပြောရသည်။

" ကျေးဇူးတင်ပါတယ် အစ်ကို ကျွန်တော်တို့ တခြားအဆက်အသွယ်တွေနဲ့ ထပ်ကြိုးစားကြည့်ပါဦးမယ် အစ်ကိုကူညီပေးတဲ့ ကျေးဇူးကိုလည်း မမေ့ပါဘူးခင်ဗျာ "

" ရပါတယ် ညီလေးရာ မင်းတို့အုပ်စု အရည်အချင်းနဲ့ စိတ်ဓါတ်ကို အစ်ကိုလေးစားချီးကျူးပါတယ် ဒါပေမဲ့ အစ်ကို့ဘက်က ဘယ်လိုမှ မတတ်သာတဲ့ကိစ္စကြီးဆိုတော့ စိတ်မကောင်းဘူးကွာ "

နှစ်သိမ့်စကားနှင့် ကိုဝေမှိုင်းအားပေးစကားကလည်း သူတို့အတွက် ခွန်အားမဖြစ်စေနိုင်ခဲ့ပါ။ အားလုံးကိုဝေမှိုင်းကို နှုတ်ဆက်ကာ ပြန်ခဲ့ကြသည်။

" ငါတို့ ဘာဆက်လုပ်ကြမလဲ "

သီဟဇော်က အပြန်လမ်းမှာမေးသည်။ ထိုမေးခွန်းက လွင်ပြင်တို့ ရင်ထဲမှာလည်း အသံမဲ့စွာ ကိုယ်စီမေးနေခဲ့သည့် မေးခွန်းဖြစ်သည်။ သီဟဇော်က မမျှိသိပ်နိုင်ဘဲမေးတော့ အားလုံးချက်ချင်းဘာမှမဖြေနိုင်ကြပါ။

အောင်မြင်မှုတစ်ခုကို ပိုင်ဆိုင်နိုင်ဖို့အတွက် အခက်အခဲ ဒုက္ခများစွာကို ရင်ဆိုင်ကြရမှာ သူတို့အားလုံးသိပြီးဖြစ်သည်။ ဒါပေမဲ့ တကယ်တမ်း ရင်ဆိုင်ရတော့ တက်ကြွနေသော စိတ်ဓါတ်တွေက ယိမ်းယိုင်လုမတတ်။

“ ကိုဝေမှိုင်းဘက်က အဆင်မပြေတော့လည်း တခြားတစ်ယောက်နဲ့ဆက်မိအောင် ကြိုးစားရမှာပေါ့ကွာ ငါတို့ကို ရဲရဲဝံ့ဝံ့ စီးရီးထုတ်ပေးမယ့် ပရိုဂျူဆာတစ်ယောက်နဲ့တွေ့ရင် အဆင်ပြေပြီပဲဥစ္စာ ”

ဗညားက ပြောသည်။ ကိုတိုးကလည်း ခေါင်းညိတ်ထောက်ခံရင်း

“ ဟုတ်တယ် အခု ငါတို့ဘက်က လုပ်သင့်တာ ဆက်လုပ်ရမှာပဲ တို့လက်ထဲမှာ အခွေကြမ်းရှိနေတာပဲ တစ်ယောက်ယောက်နဲ့ ချိတ်ဆက်မိရင်တော့ အဆင်ပြေမှာပါ ”

သူတို့လေးယောက် ယုံကြည်မျှော်လင့်ချက် ကြီးမားစွာနှင့် စုပေါင်းကာ အခွေကြမ်းတစ်ခွေကို ဖန်တီးစီစဉ်ခဲ့ကြခြင်းဖြစ်သည်။





ငွေကြေးလိုအပ်ချက်ကို သီဟဇော်နှင့်ကိုတိုးက အဓိကရှာဖွေသည်။ ဗညားကလည်း သူ့မိခင်လက်ထဲမှာ ရှိသမျှ ငွေကြေးလေး ထိုက်ထည့်သည်။ သူ့ဘက်ကလည်း မေမေခိုင်ကို ပြောပြအကူအညီတောင်းကာ မေမေခိုင် စုဆောင်းထားသော ငွေသုံးသောင်း ထည့်ဝင်ခဲ့သည်။

တီးဝိုင်းစရိတ်၊ စတူဒီယိုစရိတ်၊ ဗာဟီရကုန်ကျစရိတ်များကို ချွေချွေတာတာနှင့် အခွေကြမ်းတစ်ခွေ သူတို့စီစဉ်နိုင်ခဲ့ကြသည်။

သီဟဇော်နှင့် သူရေးသားထားသော သီချင်းတွေကို သူသီဆိုသည်။ ဗညားနှင့်ကိုတိုးက အတီးပိုင်းတာဝန်ယူကာ ဖန်တီးစီစဉ် ဖြစ်ခဲ့သော စီးရီးခွေကြမ်းကလေး လက်ထဲရောက်ခဲ့စဉ်က သူတို့နားထောင်လို့ ဝနိုင်ခဲ့ကြပါ။

တစိမ့်စိမ့်ကြည့်နူးပီတိတွေနှင့် အခွေကြမ်းကိုပြကာ ထုတ်ဝေသူ ရှာဖွေမိကြခြင်းဖြစ်သည်။ ကိုတိုးနှင့် ခင်မင်သော တေးရေးဆရာ ကိုဝေမှိုင်းက အစစအကူအညီပေးခဲ့သည်။

ဒါပေမဲ့ အခုတော့ ထိုအစီအစဉ်က အောင်မြင်စွာ ဖြစ်မြောက်လာခဲ့ပါ။

“ ငါ စဉ်းစားမိတာ တစ်ခုရှိတယ် ငါတို့ဒီအခွေကြမ်းကို ပရိုဂျူဆာတွေနဲ့ ထိပ်တိုက်တွေ့ပြီး ဆွေးနွေးညှိနှိုင်းရင် ကောင်းမယ်

ထင်တယ် ''

**ဗညားစကား**ကြောင့် သူ့အတွေးစတွေ ပြတ်တောက်ရသည်။

**အားလုံး** ဗညားစကားကို လက်ခံခေါင်းညိတ်မိကြသည်။ **ကိုဝေမှိုင်း**ကိုလည်း ဆက်ဒုက္ခပေးလို့ မသင့်တော့တာ သေချာသည်။ ကိုဝေမှိုင်းဘက်က အတတ်နိုင်ဆုံး စွမ်းဆောင်ပေးခဲ့ပြီးပြီ။

'' အေး မင်းအစီအစဉ် ကောင်းတယ် ဗညား ငါတို့ကိုယ်တိုင်ဝင်တွေ့ညှိနှိုင်းရင် ပိုကောင်းတာပေါ့ လိုအပ်တာလည်း ဆွေးနွေးလို့ရတာပေါ့ ဒီအစီအစဉ်ကို ငါတော့သဘောတူတယ် ''

သီဟဇော်က ထောက်ခံသည်။ လွင်ပြင်နှင့်ကိုတိုးဘက်ကိုလည်း လှည့်ကြည့်ကာ ဘယ်လိုလဲဟူသော သဘောနှင့် မေးဆတ်ပြသည်။

'' ကောင်းပါတယ် ငါတို့ကြိုးစားကြည့်ကြတာပေါ့ ''

အားလုံးရင်ထဲမှာ မျှော်လင့်ချက်ကလေး ပြန်လည်တောက်ပလာရသည်။

လိုင်းကားတစ်စီး ထိုးရပ်လာတော့ လေးယောက်သား ကသောကမျော တိုးဝှေ့တက်လိုက်ကြရသည်။

သည်ရက်ပိုင်းမှာ နေ့စဉ်မြို့ထဲထွက်ဖြစ်ကြသည်။ လေးယောက်စရိတ်က နေ့စဉ်ရက်ဆက်ဆိုတော့ မလွယ်။ လိုင်းကားနှင့်ပဲ ချွေချွေတာတာ သွားလာရသည်။





အောင်မြင်မှုဆိုတာ မပိုင်ဆိုင်ရခင်မှာတော့ ဝဋ်ဒုက္ခတွေက ချိုမြိန်သော အရင်းအနှီးတွေ ဖြစ်လာမည်ဟု ယုံကြည်ထားမိကြတာ အမှန်။

လောကတလောမှာတော့ ဝါသနာနှင့်ကြံ့ကြံ့ခံ တည့်မတ်ထားသော စိတ်ဓါတ်တွေ ပြိုလဲမကျသွားဖို့ပဲ လိုသည်လေ။

✿ ✿ ✿ ✿ ✿

## အခန်း (၆)

" သမီးလေးရောင်စဉ်က ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခု လုပ်မလို့တဲ့ သားရဲ့ "

ညနေထမင်းဝိုင်းမှာ မေမေခိုင်က သူ့ကိုအသိပေးစကား ဆိုလာသည်။ သူစိတ်မဝင်စားပေမယ့် ခေါင်းညိတ်နားထောင်နေလိုက်သည်။

" ကိုမောင်မောင်စိုးက သူ့ကုမ္ပဏီလုပ်ငန်းကို ဆက်ဦးဆောင် လုပ်ဖို့ ပြောပေမယ့် ရောင်စဉ်လေးက လက်မခံဘူး သူကိုယ်ပိုင်အစွမ်း အစနဲ့ကြိုးစားချင်တယ်တဲ့ အဟင်း သူကလည်း သားလိုပဲ တကယ့် မာထန်ထန်လေးပဲ တစ်နှစ်အတွင်း သူအောင်မြင်အောင် ကြိုးစားပြမယ် တဲ့လေ "

မေမေခိုင်စကားကြောင့် သူ ဖျတ်ခနဲ ခေါင်းမော့ကြည့်မိသည်။ မေမေခိုင်က သူ့ကိုပြုံးပြုံးလေး ငေးကြည့်ရင်း

" သား အံ့သြသွားတာလား အဟင်း ရောင်စဉ်လေးက သား





ပြောခဲ့တဲ့အတိုင်း သူ့ဒယ်ဒီကို ပြောခဲ့တာကွဲ့ "

" ဘာလဲ သူက ကျွန်တော်နဲ့ ယှဉ်ပြိုင်ချင်တဲ့ သဘောလား မေမေခိုင် "

" အိုး မဟုတ်တာ သားရယ် ယှဉ်ပြိုင်ရအောင် သားတို့ဝါသနာ နဲ့ အလုပ်တွေကမှ မတူညီကြတာပဲ ရောင်စဉ်လေးက သူ့အလုပ်သူ ရည်ရွယ်ချက် ကြီးကြီးမားမားနဲ့ ကတိပေးနေတာ "

မေမေခိုင်ကတော့ ထုံးစံအတိုင်းပါပဲ။ သက်တန့်ရောင်စဉ်နှင့် ပတ်သက်လျှင် အမြဲတမ်း အကောင်းမြင်ဝါဒီသမားဖြစ်သည်။

" သမီးလေးရောင်စဉ်က တော်ပါတယ် မေမေခိုင်ထင်တယ် သူပြောတဲ့အတိုင်း ဖြစ်အောင်လုပ်နိုင်မှာ "

သူ မေမေ့ခိုင်စကားကို လှောင်ပြုံး ပြုံးလိုက်ရင်း

" သူ့စိတ်နဲ့သူ ဘာပဲလုပ်လုပ် ကျွန်တော်စိတ်မဝင်စားဘူး မေမေခိုင် အထင်လည်းမကြီးဘူး သူအောင်မြင်ခဲ့တယ်ဆိုရင်တောင် အထင်ကြီးစရာမှမဟုတ်ဘဲ နဂိုရှိလို့ နကိုင်းထွက်တာပါ အန်ကယ်စိုး ဘက်က အပြည့်အဝထောက်ပံ့ပေးမှ ဖြစ်တဲ့ကိစ္စပါ "

" ဒါတော့သားရယ် မေမေခိုင်တို့ ဗုဒ္ဓမြတ်ဘုရားတောင် အမှီ ရှိမှ ပွင့်ရတာပဲကွယ် "

" ကျွန်တော်ကတော့ ကျွန်တော့်အရည်အချင်းနဲ့ပဲ ဖြစ်အောင်

ကြိုးစားမယ် မေမေခိုင် ဘယ်သူ့အားကိုးမှုကိုမှ မမျှော်လင့်တော့ဘူး အခု ကျွန်တော်ကြိုးစားနေတာလည်း ကျွန်တော့်အစွမ်းအစနဲ့ပဲ ဖြစ်ရမယ်''

'' နင့်အရည်အချင်း ဘယ်လောက်အထိ ရှိနိုင်မလဲဆိုတာ ငါစောင့်ကြည့်နေတယ် လွင်ပြင် ''

အသံကြောင့် သူလှည့်ကြည့်မိတော့ အိမ်ခန်းတံခါးဝမှာ ရပ်နေသော ရောင်စဥ်ကို မြင်လိုက်ရသည်။ မျက်ဝန်းတွေက မာနနှင့်အရောင်လက်ဖြာနေ၏။ မေမေခိုင်ကတော့ မျက်စိမျက်နှာပျက်နှင့် တောင်းပန်သလိုကြည့်ရင်း

'' သမီး လာလေ ဘာကိစ္စလဲ ဘာခိုင်းစရာရှိလို့လဲ ''

'' ဘာမှမရှိပါဘူး ဒေါ်လေးခိုင် ဒယ်ဒီက လွင်ပြင်ကို ခေါ်ခိုင်းလို့ အဟင်း ယောက်ျားတန်မဲ့ အတင်းပြောနေတုန်း ငါရောက်လာတာ တမင်ရည်ရွယ်တာမဟုတ်ဘူးနော် လွင်ပြင် အဟင်း ''

လူတစ်ယောက်ကို မထီတရီအပြုံးနှင့် လှောင်တတ်သည့်နေရာမှာ ရောင်စဥ် သိပ်ကိုစွမ်းပါသည်။ ဒါပေမဲ့ သည်လိုအပြုအမူတွေကိုလည်း သူ ပိုင်ဆိုင်ရတတ်တာ အသစ်အဆန်းတော့ မဟုတ်ပါ။

'' ဘာမှအတင်းပြောတာမဟုတ်ဘူး ရောင်စဥ် ငါ့ဘက်က ငါယုံကြည်ချက်ကို မေမေခိုင်သိအောင် ပြောပြတာ နင်ကြားသွားလည်း





ပြဿနာမရှိပါဘူး ''

သူ့အသလေးမထားသလို ထမင်းစားမပျက် ပြန်တုံ့ပြန်တော့ ရောင်စဥ်မျက်နှာလေး တင်းခနဲဖြစ်သည်။

နုဖတ်သောမျက်နှာလေးက · မာတင်းနေတာတောင် အလှမပျက်။ ရောင်စဥ်ရဲ့အလှတွေက သည်လိုမာနကြောင့် ပိုပြီးလင်းလက်တောက်ပနေတာလားလို့ သူ အမြဲတွေးမိခဲ့တာ ကြာပြီ။

'' ငါနဲ့ပတ်သက်ပြီး နင်ပြောလိုက်တဲ့ စကားကတော့ ပြဿနာရှိတယ် လွင်ပြင် ဘာတဲ့ ငါအောင်မြင်ခဲ့ရင်တောင် အထင်ကြီးစရာမရှိဘူး နဂိုရှိမှုနကိုင်းထွက်တယ်ဆိုတဲ့ စကား ''

'' အဲဒီစကားအတွက် နင်ဘာမခံနိုင်စရာရှိလို့လဲ ရောင်စဥ် နင်နဲ့ငါ့ဘဝက မတူညီမှုတွေ အများကြီးပါ နင်က နင့်ဘဝအတွက် နင်လုပ်ချင်သမျှကို ထောက်ပံ့ပေးနိုင်တဲ့ အနက်ကယ်စိုးရှိတယ် ငါ့အတွက်က နင့်လိုမရှိဘူး ဒါကို ငါကတွက်ဆပြနေတာ ဒါပေမဲ့ ငါကြိုးစားပြမယ် နင်အောင်မြင်သလို ငါ့ရည်ရွယ်ချက်လည်း အောင်မြင်မှာ သေချာတယ်''

'' သိပ်ကြိုက်တယ် လွင်ပြင် အဲဒါ နင့်စိန်ခေါ်စကားလား ''

'' နင် သတ်မှတ်ချင်သလို သတ်မှတ်နိုင်တယ် ရောင်စဥ် ''

'' သား ''

မေမေခိုင်က နှစ်ဦးကြားမှ တင်းမာမှုတွေကို ဖြေလျှော့အောင်

သူ့ကိုအော်ဟစ်သတိပေးသည်။ ရောင်စဉ်က မေမေခိုင်ကို လက်ကာတားရင်း

“ ရတယ် ဒေါ်လေးခိုင် သမီးတို့ကြားမှာ ဘာပြဿနာမှ မရှိပါဘူး အပြိုင်အဆိုင်ရှိတော့ ပိုကောင်းတာပေါ့ ဒီမှာလွင်ပြင် နင့်ဝါသနာ ရည်ရွယ်ချက်ကို နင့်စိတ်ကြိုက် ရွေးချယ်နိုင်တယ် ငါလည်း ငါ့ရည်ရွယ်ချက်အတိုင်း ရွေးချယ်မယ် အခု ဒယ်ဒီဆီက ငွေကြေးအကူအညီတစ်ခု ကလွဲပြီး ငါ ဘာမှမတောင်းဆိုဘဲ ငါ့အရည်အချင်းနဲ့ကြိုးစားပြမယ် အဲဒီအတွက် နင်နဲ့ငါ ယှဉ်ပြိုင်မှုမှာ ငါ့ဘက်က သာလွန်နေတာ ငါ ဝန်ခံတယ် ဒီတော့ ညီမျှသွားအောင် နင်လိုအပ်တဲ့ ငွေကြေးအထောက်အပံ့ကို ဒယ်ဒီဆီက ယူနိုင်တယ် ငါကိုယ်တိုင် ဒယ်ဒီကို ပြောပေးမယ်”

“ မလိုပါဘူး ရောင်စဉ် အခုငါ့ကြိုးစားမှုမှာ အန်ကယ်စိုးဆီက ဘာအကူအညီမှ မယူဘူးလို့ ငါဆုံးဖြတ်ထားတယ် ”

“ ငါ့ကို ယှဉ်ပြိုင်မယ်ဆိုရင် နင့်ဆုံးဖြတ်ချက်ကို ပြင်လိုက် လွင်ပြင် ဒါမှနင်နဲ့ငါ ညီမျှသွားမှာ ပြီးရင်ငါတို့ သတ်မှတ်ကာလတစ်ခုမှာ ရိုးသားစွာယှဉ်ပြိုင်ကြမယ် ဘယ်လိုလဲ နင် စိန်ခေါ်ယှဉ်ပြိုင်ရဲသလား”

နှုတ်ခမ်းပါးလေးတွေ မထိတရိပြုံးကာ မျက်နက်ဝန်းလေးတွေ စူးစိုက်လျက် ရောင်စဉ် သူ့ကိုငေးစိုက်ကြည့်နေသည်။ မေမေခိုင်ကတော့ မျက်နှာရိပ် မျက်နှာကဲနှင့် အလျော့ပေးလိုက်ဖို့ သူ့ကိုအရိပ်ပြသည်။





“ ဘယ်လိုလဲ လွင်ပြင် နင်ယောက်ျားမဟုတ်ဘူးလား ”

ဆတ်ခနဲခေါင်းထောင်လာသော မာနက ရင်ထဲက ပြူထွက်လာသည်။ ရောင်စဉ်မျက်ဝန်းတွေကို သူ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ကြည့်ရင်း

“ ငါလက်ခံတယ် ရောင်စဉ် အန်ကယ်ကို ငါကတိပေးခဲ့သလိုပဲ တစ်နှစ်အတွင်းမှာ ငါ့ရည်ရွယ်ချက်အောင်မြင်ရမယ် ”

“ အိုကေ ငါလက်ခံတယ် နင်လိုအပ်သမျှ အကူအညီကို ဒယ်ဒီဆီက တောင်းဆိုနိုင်တယ် လွင်ပြင် အဲဒီအတွက် ငါ အကြွေးမဲ့ ခွင့်ပြုတယ် နင်နဲ့ငါယှဉ်ပြိုင်မှုမှာ ငွေကြေးလုံးဝမပါဘူး ရှုံးနိမ့်ခဲ့တဲ့သူက တစ်ခုခုပြန်ပေးဆပ်ရလိမ့်မယ် ”

“ နင်ရည်ရွယ်ဆိုလိုတာ ဘာလဲရောင်စဉ် ”

“ နင်ရှုံးနိမ့်ခဲ့ရင် နင်ရဲ့အရှုံးကိုဝန်ခံရမယ် ပြီးတော့ နင်ရဲ့ မာနတွေကို ငါ့ရှေ့မှာ တစ်သက်လုံးအတွက် ရိုက်ချိုးပစ်ရမယ် ”

သူ အံကိုတင်းခနဲကြိတ်ကာ ပြုံးရင်း ရဲရဲဝံ့ဝံ့ ခေါင်းညိတ်လိုက်သည်။

“ ငါလက်ခံတယ် ရောင်စဉ် အဲဒီအချိန်ကျရင် နင်ရှုံးနိမ့်မှုအတွက် ငါတောင်းဆိုတာတစ်ခုကို နင်ပေးနိုင်အောင် ကြိုးစားပါ ”

“ နင်တောင်းဆိုချင်တာ ဘာလဲ လွင်ပြင် ”

“ အဲဒီအချိန်ကျ နင်သိရမှာပေါ့ ရောင်စဉ် ”

မျက်မှောင်လေးကုပ်ကာ ရောင်စဥ် တဒင်္ဂတွေတွေကလေး စဥ်းစား၏။ ပြီးမှ ပခုံးလေးကျုံ့ ခေါင်းညိတ်ရင်း

" ငါ လက်ခံတယ် လွင်ပြင် ကဲ့ ဒီကိစ္စကို ထားလိုက်တော့ ပြီးရင် နင်ဒယ်ဒီဆီ ခဏလာခဲ့ဦး နင့်ကိုဒယ်ဒီခေါ်ခိုင်းလို့ ဒေါ်လေးခိုင် သက်တန့်သွားတော့မယ်နော် "

" ဩော် အေး အေး သမီးလေး "

ရောင်စဥ် မေမေခိုင်ကို နှုတ်ဆက်ကာ အိမ်ပေါ်က ဆင်းသွား၏ ဝဲခနဲလွင့်သွားသော ဆံနွယ်နီညိုရောင်တွေက ဆင်စွယ်ရောင်တီရှပ်ပေါ်မှာ ထွေးခနဲ။

လုပလုံးကျစ်သော ခန္ဓာကိုယ်လေးကိုနွဲ့ကာ လျှောက်လှမ်း သွားသော ရောင်စဥ်အလှတွေကို သူ ခြွင်းချက်မရှိ လက်ခံနိုင်သည်။

သက်တန့်ရောင်စဥ် ဆိုတာ ချောသည် လှသည်ဆိုသော မိန်းကလေးများစွာရဲ့အထက်မှာ တင့်တယ်စွာ ပွင့်ဖူးသော တော်ဝင်သဇင် ပန်းလေးလို အရာအားလုံးပြည့်စုံ၏။

အလှအပ၊ ငွေကြေးဓန၊ အရာအားလုံးသည် အကြွင်းမရှိခဲ့၊ ထိုအရာအားလုံးနှင့် တူညီသော မာနတရားသည်လည်း ရောင်စဥ်မှာ ရှိသည်။

ကျောင်းမှာကတည်းက ဘယ်ယောကျ်ားလေးကိုမှ ထီမထင်





သော ရောင်စဥ်သည် သူနှင့်ပတ်သက်ပြီးတော့လည်း အစဥ်အမြဲ အထင်ကြီးတတ်ခဲ့။ ရှုံ့ချတတ်ခဲ့သည်က နာကျင်ခံရခက်စရာကောင်းသည်။

ကိုယ့်တဝကိုယ့်အခြေအနေက သူ့အရိပ်အောက်မှာ လောင်းရိပ်သင့် ရှင်သန်ခဲ့ရသော အပင်တစ်ပင် ဖြစ်နေတော့လည်း

" သားရယ် ဘာ့ဖြစ်လို့ သမီးလေးနဲ့မှ ယှဥ်ပြိုင်ချင်ရတာလဲ"

ရောင်စဥ်အရိပ်လေး မျက်စိအောက်က ပျောက်သွားတော့ မေမေခိုင် ပင့်သက်ရှိုက်ရင်း သူ့ကိုပြောသည်။

" ယှဥ်ပြိုင်ဖို့အတွက် သူက စိန်ခေါ်သွားခဲ့တာပဲ မေမေခိုင်"

" ဘာပဲဖြစ်ဖြစ် သားဘက်က အလျှော့ပေးလိုက်တော့ ဘာဖြစ်မှာမို့လဲ "

" သားအလျှော့မပေးနိုင်ဘူး မေမေခိုင် ဘယ်လိုအခြေအနေနဲ့ပဲ ယှဥ်ယှဥ် ရောင်စဥ်ကို ကျွန်တော်မယှဥ်နိုင်တာ မှန်ပေမယ့် မာနတရားကိုတော့ အထိနိုက်မခံနိုင်ဘူး မေမေခိုင် "

" ဟင် ဒါဆို သမီးလေးနဲ့သားက ယှဥ်ပြိုင်မယ်ပေါ့ "

" သေချာတယ် မေမေခိုင် ကျွန်တော်မဖြစ်ဖြစ်အောင် ကြိုးစားပြမယ် ဒါပေမဲ့ ဘာအကူအညီမှ ကျွန်တော်မတောင်းဆိုဘူး မေမေခိုင်"

" သား စိတ်ထဲမှာ ဘာနာကျည်းချက်တွေ ဖြစ်နေတာလဲ သား သားစကားက သမီးလေးအပေါ်မှာတင်မကဘဲ ကိုမောင်မောင်စိုး

အပေါ်မှာပါ နာကျည်းနေခဲ့သလားဟင် ''

" မဟုတ်ပါဘူး မေမေခိုင် အန်ကယ်စိုးက ကျွန်တော်နဲ့ မေမေခိုင်အပေါ်မှာ တကယ့်ကျေးဇူးအနန္တကြီးမားတဲ့သူဆိုတာ ကျွန်တော် အကြွင်းမဲ့လက်ခံပါတယ် ဒါပေမဲ့ အန်ကယ်စိုး အကူအညီကို ကျွန်တော် မယူချင်တာ ရောင်စဥ်ကြောင့်ပဲ ကျွန်တော်တို့ဘဝတစ်လျှောက်လုံး သူတို့ သားအဖပေါ်မှာ မှီခိုနေခဲ့ရတယ် အဲဒီအချက်တစ်ခုနဲ့တင် ကျွန်တော့် ဘက်မှာ နစ်နာဆုံးရှုံးခဲ့ရတာတွေ အများကြီးပဲ မေမေခိုင်နားလည်အောင် တစ်ခုပဲပြောပြမယ် ရောင်စဥ်နဲ့ပတ်သက်လာတိုင်း ကျွန်တော်အရှုံးပေးခဲ့ ရတယ် သူငယ်ငယ်က ကျွန်တော့်ကို အနိုင်ယူခဲ့တာတွေ မေမေခိုင် သိပါတယ် ''

" သမီးလေးက အမိမဲ့သမီးလေးပါ သားရယ် ပြီးတော့ သူ့အဖေရဲ့ မေတ္တာတွေ တခြားတစ်ယောက်အပေါ် ပေးလိုက်ရမှာကို စိုးရိမ်စိတ်လွန်ကဲနေတာပါ တကယ်တမ်းကျ မေမေခိုင်နဲ့ သားအပေါ် သူ သံယောဇဥ်ရှိတာ မေမေခိုင်သိတာပေါ့ ''

" မေမေခိုင် ဘာကြောင့် ရောင်စဥ်အပေါ်မှာ သားထက် ပိုပြီး နားလည်ပေးနိုင်နေတာလဲဟင် တကယ်ဆို မေမေခိုင်က သားရဲ့ အဒေါ် အမေဆိုလည်းဟုတ်တယ် ရောင်စဥ်အတ္တဆန်လွန်းသလို သား ဘက်ကလည်း ဆန်ခွင့်မရှိတော့ဘူးလား မေမေခိုင် သားဘက်က





အပြည့်အဝ ရပ်တည်တာကိုပဲ သားလိုချင်တာပေါ့ ''

" သားရယ် မေမေခိုင် သားကို ချစ်ပါတယ် ''

ရှိုက်သံက မေမေခိုင် စကားတွေထဲမှ ကပ်ငြိပါလာသည်။ သူ့ရင်ထဲမှာ မကောင်းလှပါ။

တကယ်ဆို မေမေခိုင်သည် သူ့အပေါ် တူတစ်ယောက် အဖြစ်သာ တော်စပ်ပေမယ့် သားသမီးလိုချစ်ခဲ့တာ သူအသိဆုံးဖြစ်သည်။

သူ့ဘဝသည် မေမေခိုင်ရဲ့လက်ထဲမှာပဲ ကြီးပြင်းခဲ့ရတာ ဖြစ်သည်။ မပြည့်စုံမှုတွေထဲမှာ မေမေခိုင်သည် သူ့ကို ဘဝနှင့်ပုံ ချစ်ခဲ့ တာဖြစ်သည်။

လောကကြီးထဲမှာ မေမေခိုင်နှင့်သူသည် တစ်ပင်တည်းသော နွယ်ကြိုးတွေဖြစ်ခဲ့တာ သူသိသည်။

" ကဲပါ မေမေခိုင်ရယ် သားတောင်းပန်ပါတယ် ဒီကိစ္စတွေကို မေမေခိုင် စိတ်ထဲက မေ့လိုက်တော့နော် သား ကြိုးစားနေတာ ရောင်စဥ်ကို အနိုင်ယူပြဖို့ဆိုတာထက် သားအနာဂတ်ဘဝအတွက်က အဓိကလို့ မေမေခိုင်နားလည်ပေးပါ ''

ဝဲတက်လာသော မျက်ရည်စတွေကို ပုတ်ခတ်ရင်း မေမေခိုင် ခေါင်းညိတ်သည်။ သူထမင်းဝိုင်းကို လက်စသပ်ကာ ထရပ်တော့ မေမေခိုင်က သတိပေး၏။

" သားကို ကိုမောင်မောင်စိုး ခေါ်ထားတယ် မဟုတ်လား "

" သားအခုပဲ သွားလိုက်ပါ့မယ် မေမေခိုင် "

သူ အိမ်ပေါ်ကဆင်းခဲ့တော့ မေမေခိုင် မီးဖိုခန်းထဲမှာ ပန်းကန်တွေ သိမ်းဆည်းရင်း ကျန်ရစ်ခဲ့သည်။

သူ့အတွက် သည်အိမ်ကြီးပေါ်ရောက်ခဲ့ရသော မေမေခိုင် ရည်ရွယ်ချက်အားလုံးသည် သူ့ဘဝအတွက်ပဲဆိုတာ နားလည်ခံစားခဲ့မိတိုင်း မေမေခိုင့်ကို သူ သနားရသည်။

ဒါပေမဲ့ တစ်ခါတစ်ရံမှာတော့ မညီမျှသော လောကကြီးကို သူ အံကြိတ်ခံရခက် ဖြစ်ခဲ့ရတာ မကြာခဏ။

ဒါကို မေမေခိုင် နားလည်နိုင်မည်မဟုတ်။

ရောင်စဉ်ကော နားလည်နိုင်ခဲ့နိုင်မည်မထင်။ သူ့ရင်ထဲမှာသာ တစ်ယောက်တည်း ခံစားခဲ့ရသည့် ဝေဒနာက ကြာခဲ့ပါပြီ။

✿ ✿ ✿ ✿ ✿



## အခန်း (၇)

" ဟာ လွင်ပြင် လာကွာ မင်းမလာတော့ဘူးထင်လို့ ကိုတိုးနဲ့ သီဟဇော်တောင် ပြန်တော့မလို့ လုပ်နေပြီကွ "

ခြံတံခါးဝကို သူရောက်ရုံပဲ ရှိသေး၏။ ဗညားက လှမ်းခေါ်ရင်း ပြောသည်။ အားလုံးက သူ့ကိုစောင့်နေကြမှန်း သူသိနေသည်မို့လည်း

" အေးကွာ ငါလည်း အိမ်ပြန်ရောက်ရောက်ချင်း မေမေခိုင် းပြောလို့ ချက်ချင်းထွက်ခဲ့တာ အန်ကယ်စိုးဘဏ်ကို ခေါ်သွားလို့ လိုက်သွားရတာ ပြီးတော့ သူ့မိတ်ဆွေအိမ်ဝင် ဘာညာနဲ့နောက်ကျ သွားတယ် "

" ဒေါ်လေးခိုင်ပြောပါတယ် ဒရိုင်ဘာနေမကောင်းလို့ မင်း အန်ကယ်စိုးကို လိုက်ပို့ပေးရတယ်တဲ့ "

" အေး အခု ရောက်ရောက်ချင်းထွက်လာတာ မင်းတို့ အိမ်လာ သွားတယ်ဆိုလို့ ဘာထူးခြားလို့လဲ "

" ထူးခြားမယ်လို့တော့ ထင်တယ် မနက်ဖြန်ကျ ပရိဂျူဆာ တစ်ယောက်နဲ့ သွားတွေ့ရမယ် အဲဒါ သီဟနဲ့ကိုတိုးက လိုက်နိုင်မှာ မဟုတ်ဘူး မင်းနဲ့ငါ သွားမှဖြစ်မယ် "

" ဟုတ်တယ် လွင်ပြင် ငါက မေမေပါရဂူနဲ့ ပြရမှာမို့ လိုက်ပို့ ပေးရမယ် ကိုတိုးကလည်း မဖြစ်မနေ အရေးကြီးကိစ္စတစ်ခုရှိတယ် မင်းနဲ့ဗညားပဲ သွားတွေ့လိုက်ကွာ "

" ဖြစ်ပါတယ် မနက်ဖြန် ဘယ်နှစ်နာရီလဲ ဗညား "

" ငါတို့တွေ့ဖို့ ချိန်ထားတာ ဆယ်နာရီ ရှစ်နာရီလောက် ထွက်မှ ဖြစ်မယ်ထင်တယ် ငါမင်းအိမ် စောစောလာခဲ့မယ်လေ အသင့် ပြင်ပြီး စောင့်နေပေါ့ ဖြစ်တယ်မဟုတ်လား "

" ဖြစ်ပါတယ် ဒါဆို မင်းလာခဲ့လေ ဗညား ငါအိမ်ကပဲ စောင့်နေလိုက်မယ် "

" အေးကွာ ဒီပရိဂျူဆာနဲ့ အဆင်ပြေရင် ငါတို့အိုကေပြီ ကိုဝေမှိုင်းရဲ့ မိတ်ဆွေတစ်ယောက် အဆက်အသွယ်နဲ့ ငါတို့အခွေကြမ်းကို အဲဒီပရိဂျူဆာကြီးက နားထောင်မိပြီး ဆွေးနွေးဖို့ခေါ်လိုက်တာကွ "

ကိုတိုးက ဝမ်းသာအားရ ပြောပြသည်။ ဘာပဲဖြစ်ဖြစ် ထိပ်တိုက် တွေ့ဆုံဆွေးနွေးရမည်ဆိုတော့လည်း သူတို့အတွက် ကျေနပ်စရာကောင်း သည်။





" မနက်ဖြန်ကျ မင်းတို့နှစ်ယောက် သွားလိုက် ငါနဲ့ကိုတိုးတို့ ညနေကျရင် လမ်းထိပ်လက်ဖက်ရည်ဆိုင်ကပဲ စောင့်မယ် အဲဒီမှာ ဆုံကြတာပေါ့ "

အားလုံးနှုတ်ဆက်ပြီး ဗညားအိမ်က ပြန်ခဲ့ကြသည်။ မျှော်လင့် ချက်တွေကတော့ ကိုယ်စီတူညီစွာနှင့် မနက်ဖြန်အတွက် ရင်ခုန်နေမိ ကြသည်။

သူ့ခြံထဲကိုရောက်တော့ အန်ကယ်စိုးက ဧည့်ခန်းထဲက လှမ်းခေါ် ခဲ့

" မောင်လွင်ပြင် လာဦး အန်ကယ် မင်းကိုစောင့်နေတာကွ"

" ဟုတ်ကဲ့ အန်ကယ်စိုး "

သူ ဧည့်ခန်းထဲဝင်ခဲ့တော့ အန်ကယ်တစ်ယောက်တည်း မဟုတ်။ ဧည့်ခန်းထိုင်ခုံမှာ ရောင်စဉ်ကိုပါ တွေ့ရသည်။ ရေမိုးချိုးပြီး ခေါင်းလျှော် ထား၍တင်သည်။ ဆံနွယ်တွေကို ဖားလျားဖြန့်လျက် ရောင်စဉ်ထိုင်နေ သည်။

အဖြူမှာ ကာတွန်းရုပ်လေးတွေပါသော ဂါဝန်လေးကို ရောင်စဉ် ဝတ်ဆင်ထားသည်။ ဘာမှလိမ်းခြယ်မထားသော မျက်နှာလေးကတော့ ရှင်းသန့်လို့နေ၏။

" ခဏလေး ထိုင်ဦး မောင်လွင်ပြင် အန်ကယ် အခုပြန်လာ

စိုးမိုးစာပေ

ခဲ့မယ် ''

သူ့ကိုငြည့်ခန်းမှာ ထိုင်ခိုင်းကာ အန်ကယ်စိုး အခန်းထဲ လှမ်းဝင်သွားသည်။

ရောင်စဉ်က တစ်ချက်မော့မကြည့်ဘဲ ဖတ်လက်စဂျာနယ်တစ်စောင်ကို စိတ်ဝင်တစား ဖတ်ရှုနေသည်။

ပြေပြေလေးငုံ့ထားသော ဦးခေါင်းကြောင့် နှာတံသွယ်သွယ်လေးက ထင်းနေသည်။ စိမ်းညိုဖြသော မျက်ခုံးလေးတွေ ညီညာတန်းလျက် ကော့ညွှန်းသော မျက်တောင်တို့ကို မြင်တွေ့နေရ၏။

သူတဒင်္ဂငေးမောစိုက်ကြည့်နေတုန်းမှာ ရောင်စဉ် ဖျတ်ခနဲ မော့ကြည့်သည်။

ကြည်လဲ့သော မျက်နက်ဝန်းလေးတွေနှင့် ဖျပ်ခနဲဆုံတော့ ရောင်စဉ် နှုတ်ခမ်းပါးလေးတွေ လှစ်ခနဲပြုံးလိုက်သည်လား မသေချာ။

သူ ဖျတ်ခနဲ အကြည့်လွှဲပစ်လိုက်တာကို ရောင်စဉ်မြင်တွေ့သွားခဲ့တာလား။

'' လာမယ့်အမတ်ထဲမှာ ငါ့ကုမ္ပဏီဖွင့်ပွဲရှိတယ် နင်စိတ်မဝင်စားတာ သိပေမယ့် ငါဖိတ်တယ်နော် မလာရင်လည်း ပြဿနာမရှိဘူး''

'' ငါလည်း လာဖြစ်မှာမဟုတ်ဘူး ရောင်စဉ် ဝမ်းသာပါတယ် နင့်ရည်ရွယ်ချက် အောင်မြင်ပါစေ ''





'' အဟင်း ရင်ထဲက တကယ်စေတနာစိတ်နဲ့ ဆုတောင်းတာမှဟုတ်ရဲ့လား လွင်ပြင် နင့်ရဲ့ရှုံးနိမ့်မှုအတွက် ကြိုပြီးတွေးကြောက်သွားသလား ''

'' ငါယောကျ်ားတစ်ယောက်ပါ ရောင်စဉ် နင်ထင်သလို ယုတ်ညံ့တဲ့ဝန်တိုမှုမျိုး ငါ့ရင်ထဲမှာ မရှိဘူး အချိန်ကာလတွေ အများကြီး ကျန်ပါသေးတယ် ငါရှုံးနိမ့်ပြီဆိုတဲ့အဖြစ်ကို နင်ခုချိန်ကတည်းက မျှော်လင့်နေသလား ''

'' အဲဒါ နင့်အပိုင်းလေ ငါက နင့်ကို ငါရဲ့ခြေတစ်လှမ်းစလှမ်းပြီဆိုတာ အသိပေးတာ နင်နောက်ကျ ကျန်ရစ်မှာစိုးလို့ အဟင်း. . . ဟင်း ''

မထိတရီရယ်သံက အထင်သေး လှောင်ပြောင်တာဟုပဲ သူခံစားရသည်။ အခန်းထဲမှ ပြန်ထွက်လာသော အန်ကယ်ကြောင့် ဘာမှတော့ မတုံ့ပြန်ဖြစ်လိုက်ပါ။

အန်ကယ်စိုးက သူနှင့်မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ရင်း

'' မောင်လွင်ပြင်တို့ သူငယ်ချင်းတွေ ကြိုးစားနေတဲ့ကိစ္စ အခြေအနေ ဘယ်လိုလဲကွဲ့ ''

'' ကျွန်တော်တို့ အခွေကြမ်းတစ်ခွေ သွင်းပြီးပြီ အန်ကယ် ပရိုဂျူဆာတချို့နဲ့တွေ့ပြီးပြီ အဆင်မပြေသေးဘူး ဒါပေမဲ့ မနက်ဖြန်

တစ်ယောက်နဲ့တွေ့ဖို့ ချိန်းထားတာရှိတယ် အန်ကယ် အဆင်ပြေမယ် ထင်ပါတယ် ”

အန်ကယ်စိုးခေါင်းညိတ်၏။ ရောင်စဉ်ကတော့ ဘာတစ်ခွန်းမှ ဝင်မပြောဘဲ ငြိမ်သက်စွာနှင့် ထိုင်နေဆဲ။

“ အေး ကြိုးစားကွာ အရေးကြီးတာ ဖွဲလုံ့လပဲ ဖြစ်ရမယ်ဆိုတဲ့ စိတ်နဲ့ကြိုးစားရင် ဘာမဆိုဖြစ်မှာပေါ့ မင်းကိုအန်ကယ်ပြောခဲ့ဖူးတဲ့ ကတိအတိုင်း ရော့ မောင်လွင်ပြင် ”

သူ့ဆီကမ်းပေးနေသော ကဒ်ကလေးကို သူ ငုံမ်းယူကြည့်မိတော့ ဘဏ်မှငွေထုတ်ချက်လက်မှတ် စာအုပ်ကလေး ဖြစ်နေသည်။

“ မင်းအလုပ်အတွက် လိုအပ်တဲ့ငွေကို အချိန်မရွေး ထုတ်ယူပါ မောင်လွင်ပြင် အဲဒီအတွက် ဘာမှအန်ကယ်ကို မင်းဖွင့်ဟတိုင်ပင်စရာ မလိုဘူး လိုသလောက်ထုတ်ယူ ရင်းနှီးနိုင်တယ် အန်ကယ်လုံလုံလောက်လောက် ထည့်သွင်းပေးထားတယ် ”

“ ဟို မ. . . မလိုပါဘူး အန်ကယ် ကျွန်တော့်အတွက် ဘာမှ မလိုပါဘူး ခင်ဗျာ ”

“ ကိုယ်ဖြစ်ချင်တဲ့ ဘဝတစ်ခုကို ကြိုးစားဖို့ မင်းမှာအရည်အချင်းရှိတယ်ဆိုတာကို အန်ကယ်ယုံတယ် ဒါပေမဲ့ ငွေကြေးအထောက်အပံ့ဆိုတာ မလွဲမသွေ လိုမှာပဲ ဥပမာ သမီးလေးလုပ်ငန်းပိုင်းပဲကြည့်





သမီးစိတ်ကူးတွေကို ဖန်တီးဖို့အတွက် အရင်းအနှီးဆိုတာ လိုအပ်တာ အမှန်ပဲ မင်းအတွက်လည်း မဖြစ်မနေ လိုအပ်မှာ အန်ကယ်သိတယ် ဒါကြောင့် အန်ကယ်စီစဉ်ပေးတာ မငြင်းနဲ့တော့ ”

သူ ဘာပြောရမည်မသိ။ ရောင်စဉ်ကို လှမ်းကြည့်တော့ တည်ငြိမ်သော မျက်ဝန်းတွေနှင့်သူ့ကို ငေးကြည့်နေ၏။

“ သမီးကလည်း ဒီကိစ္စအတွက် နားလည်ပါတယ် မောင်လွင်ပြင် သမီးကိုယ်တိုင်က အန်ကယ်ကို ကြည်ကြည်ဖြူဖြူ တိုက်တွန်းခဲ့တာကွ မင်းလိုတဲ့ရင်းနှီးငွေအတွက် ဘာမှခေါင်းထဲမထားနဲ့ အရေးကြီးတာ ယုံကြည်ချက်ရှိဖို့ပဲ ဒီငွေတွေဆုံးရှုံးသွားခဲ့ရင်တောင် ပြဿနာမရှိပါဘူးကွာ မင်းဘက်က ကြိုးစားရက်နဲ့မဖြစ်ခဲ့ရင်တောင် အန်ကယ်နားလည်နိုင်တယ် ဒါ အနုပညာကိစ္စ အသေအချာခိုင်မာပါတယ် ဆိုတဲ့ စီးပွားရေးလောကမှာတောင် အရှုံးအမြတ်ဆိုတာ တစ်ခါတစ်ရံမှာ လွဲချော်တတ်သေးတာပဲ ”

အန်ကယ်စိုး စကားတွေက သူ့အလုပ်သူ့ဝါသနာကို အပြည့်အဝ နားလည်ပေးနိုင်မှန်း သိသာထင်ရှားသည်။ သူ့လက်ထဲမှ ဘဏ်စာအုပ်လေးကိုကြည့်ရင်း သူ မင်သက်နေမိသည်က မိနစ်အတန်ကြာသည်။

“ ကဲ မောင်လွင်ပြင် လိုအပ်တဲ့ အကူအညီပေါ်လာခဲ့ရင်လည်း

အန်ကယ်ကိုပြောကွာ မင်းတို့သမီးတို့လူငယ်တွေရဲ့ အရည်အချင်းကို အန်ကယ်ယုံကြည်သလို လိုအပ်သမျှ ကူညီထောက်ပံ့ပေးဖို့လည်း အသင့်ပဲ အန်ကယ်တို့သားအဖကို မင်းဘက်ကလည်း မိသားစုလို သဘောထားပြီး တိုင်ပင်ဆွေးနွေးပေါ့ ဟုတ်ပြီလား ''

သူခေါင်းပဲ ညိတ်ပြနိုင်သည်။ အန်ကယ်စိုးကို နှုတ်ဆက်ထွက်ခဲ့ တော့ ခြံထဲအရောက်မှာပဲ အနောက်ကကပ်ပါလာသော ရောင်စဉ်ခေါ်သံ ကို ကြားရသည်။

'' လွင်ပြင် ''

သူ ခြေလှမ်းတို့ တုံ့ခနဲရပ်ကာ လှည့်ကြည့်မိသည်။ ဖြည်းဖြည်းကလေး လျှောက်လာသော ရောင်စဉ်ကို သူ မင်သက်စွာ ငေးနေမိ၏။

သူ့အနီးရောက်တော့ ရောင်စဉ်မျက်ဝန်းတွေထဲအထိ အရိပ်ထင် သော အပြုံးနှင့်ပြုံးရင်း

'' နင်နဲ့ငါ ပါဝါတူသွားပြီနော် ''

သူ့လက်ထဲမှာ ကိုင်ထားမိဆဲ ဘဏ်ချက်စာအုပ်လေးကို ကြည့်ကာ ဆိုသည့် ရောင်စဉ်စကားအဓိပ္ပါယ်ကို သူချက်ချင်း နားလည် လိုက်သည်။

ရောင်စဉ်ကို သူ စူးစူးစိုက်စိုက် ပြန်ကြည့်ပစ်လိုက်၏။ အပြုံး ရိပ်တို့ မပျောက်ကွယ်သေးသော မျက်ဝန်းတွေက လျှို့ဝှက်မှုတွေနှင့်





တောက်ပလွန်းနေသည်။

'' ယှဉ်ပြိုင်မှုဆိုတာ ပါဝါတူညီမှုဖြစ်မယ်လေ နင့်ရည်ရွယ်ချက် တွေအတွက် ဒယ်ဒီပေးခဲ့တဲ့ငွေနဲ့ ကြိုးစားကြည့်ပေါ့ဟာ ''

အထက်စီးဆန်လှသော လေသံမှာ မာနရောင်တွေ တောက် လောင်နေတာ ခံရခက်စရာ ကောင်းလွန်းသည်။

'' ငါ ယောကျ်ားပါ ရောင်စဉ် ဒါကိုငါလက်ခံလာတာ အန်ကယ် ကျေနပ်အောင်ပါပဲ ဒီထဲက ငါငွေတစ်ပြားတစ်ချပ်တောင် မယူဘူး မသုံး ဘူး ငါ့အစွမ်းအစနဲ့ ငါကြိုးစားပြမယ် စိတ်ချ နင်နဲ့ငါ စိန်ခေါ်ထားတာကို ငါ ဘယ်တော့မှ မရုပ်သိမ်းဘူး ငါ ရှုံးနိမ့်သွားခဲ့ရင်လည်း ဘယ်လို အကြောင်းပြချက်မှ မပေးဘူး ''

'' ဘာလဲ အဲဒါ နင့်မာနတရားလား လွင်ပြင် ''

'' ဟုတ်တယ် ရောင်စဉ် လွင်ပြင်ညီဆိုတဲ့ကောင်မှာ နင်အထင် ကြီးစရာအရာ ဘာတစ်ခုမှ မရှိဘူး ဒါပေမဲ့ ယောကျ်ားတစ်ယောက်ရဲ့ မာနကတော့ အပြည့်အဝရှိတယ်ဆိုတာ နင်ယုံထားလိုက် ''

စကားအဆုံးမှာပဲ သူ ချာခနဲလှည့်ထွက်ခဲ့သည်။

ရပ်ကြည့်ရင်း ကျန်ရစ်ခဲ့မည့် ရောင်စဉ်မျက်နှာမှာ နာကျင်ခံရ ခက်နေမည်လား။ လှောင်ပြုံးတွေနှင့် အံ့ခဲကျန်ခဲ့မည်လား သူ မသိပါ။

ရင်ထဲကတော့ ခိုင်ကျည်သော ဆုံးဖြတ်ချက်တစ်ခု ပိုလို့

ပြင်းထန်လာရ၏။

နင့်ကိုငါ မရှုံးနိမ့်စေရဘူး ရောင်စဉ်။

✿ ✿ ✿ ✿ ✿





## အခန်း (၈)

“ မင်းတို့ အခွေကြမ်းကို အန်ကယ်နားထောင်ပြီးပြီ မဆိုးပါဘူး သီချင်းလေးတွေ ကောင်းသလို သံစဉ်စိတ်ကူးလေးတွေလည်း ကောင်းတယ် ”

ထုတ်လုပ်သူ ဦးပွားမြင့် ချီးကျူးစကားကြောင့် သူနှင့်ဗညား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ သည်တစ်ခါတော့ အဆင်ပြေပြီထင်သည်။ နှစ်ယောက်စလုံးရင်ထဲမှာ ကြည်နူးဝမ်းသာ စိတ်တို့ လှိုင်းခတ်သွား၏။

“ အန်ကယ်လ် ပြောချင်တာက မင်းတို့အခွေကိစ္စကို ဘယ်လို အစီအစဉ်ရှိသလဲ အခွေဖြန့်ချိမယ်ဆိုရင် စီဒီနဲ့ဗီစီဒီကို တစ်ပြိုင်နက်တည်း ဖြန့်ချိတာ အကောင်းဆုံးပဲ စီဒီဖြန့်ပြီးမှ ဗီစီဒီထွက်မယ်ဆိုရင် တရားမဝင် ခိုးကူးခွေတွေနဲ့ နစ်နာမှာသေချာတယ် ”

“ ဟုတ်ကဲ့ ဒီအတွက် ကျွန်တော်တို့အန်ကယ်ကိုပဲ အားကိုး

ပါတယ် အန်ကယ်က နားလည်တတ်ကျွမ်းသူဆိုတော့ စိတ်တိုင်းကျ စီစဉ်ပါ ''

'' အင်း ကြော်ငြာအားကိုလည်း အတတ်နိုင်ဆုံး အသုံးပြု ရလိမ့်မယ် အဘက်ဘက်က ပံ့ပိုးမှုတွေ ပြည့်စုံမယ်ဆိုရင်တော့ အောင်မြင် နိုင်မှာပါ ဗီစီဒီအတွက်လည်း မော်ဒယ်သရုပ်ဆောင်တွေနဲ့ နာမည်ကျော် သရုပ်ဆောင်တွေ ငှားရမ်းရမယ် အန်ကယ်တက်က အဘက်တက် ပြည့်စုံ အောင် ဒီစဉ်ပေးမှာပါ အဲ မောင်ရင်တို့ဘက်က စိုက်ထုတ်နိုင်မယ့် အခြေအနေ အင်အားအပေါ် မူတည်တယ်ကွ ''

'' ဟာ အဲဒီအတွက် မပူပါနဲ့ အန်ကယ် ကျွန်တော်တို့ သူငယ် ချင်းလေးယောက်စလုံး ရှိသမျှ အရည်အချင်းတွေနဲ့ အိတ်သွန်ဖာမှောက် ကြိုးစားကြမှာပါ ''

ဗညားက တက်ကြွစွာနှင့် ဝင်ပြောသည်။ သူကလည်း ခေါင်းညိတ်ထောက်ခံ၏။ ဦးပွားမြင့် သူတို့နှစ်ယောက်စလုံးကို ပြုံးကြည့်ရင်း

'' ဟုတ်ပါပြီ အန်ကယ်သိချင်တာက ကုန်ကျစရိတ်အတွက် မင်းတို့တက်က ငွေကြေးဘယ်လောက်တတ်နိုင်မှာလဲ အဲဒါအရေးကြီးဆုံး အချက်ပဲ ''

'' ဗျာ ကျွန်တော်တို့တက်က ငွေကြေးဟုတ်လား အန်ကယ်'' သူ တအံ့တဩမေးမိသည်။ ဦးပွားမြင့် မျက်မှောင်ကုပ် စိတ်ရှုပ်





ထွေးစွာ စိုက်ကြည့်ရင်း

'' ဟုတ်တယ်လေ မင်းတို့အုပ်စုက ကိုယ်ပိုင်သီချင်းတွေနဲ့ ပေါက်မြောက်အောင် ကြိုးစားချင်တယ်ဆို အဲဒီအတွက် မင်းတို့တက်က အာတစ်ခုမှ မစိုက်ထုတ်ဘဲ ရမလား စဉ်းစားပြောကြဦး ''

'' ကျွန်တော်တို့လေးယောက်မှာ ကိုယ်ပိုင်သီချင်းတွေ ဖန်တီး နိုင်တဲ့သူ ဆိုနိုင်တဲ့သူ တီးခတ်နိုင်တဲ့သူတွေရှိတယ် ကျွန်တော်တို့တက်က အကောင်းဆုံး ဖန်တီးကြိုးစားနိုင်တာ တစ်ခုကလွဲလို့ ငွေကြေးအင်အား ရှိပါဘူး အန်ကယ် ဒီသီချင်းခွေအတွက် ငွေကြေးအကျိုးအမြတ်ကို ကျွန်တော်တို့ မမျှော်မှန်းပါဘူး အောင်မြင်မှုတစ်ခုအတွက်ပဲ ကြိုးစားကြ မှာပါ ''

'' လွင်ပြင်ပြောတာ မှန်ပါတယ် အန်ကယ် ကျွန်တော်တို့ အုပ်စုက အကောင်းဆုံးကြိုးစားမယ် အန်ကယ်ဘက်က လိုအပ်တဲ့ ငွေကြေး စိုက်ထုတ်ပေးနိုင်မယ်လို့ ကျွန်တော်တို့မျှော်လင့်ထားကြတာ''

ဦးပွားမြင့် မျက်နှာကြီးရှုံ့မဲ့သွား၏။ ဆိုဖာထိုင်ခုံမှာ ကျောမှီ ထိုင်ချရင်း

'' ဒီကာလကြီးမှာ နာမည်သစ်တစ်ခုအတွက် ငွေသိန်းချီရင်းနှီး ပေးရအောင် မိုက်မဲတဲ့ပရိုဂျူဆာ မရှိဘူးကွ နာမည်အသင့်အတင့်ရှိတဲ့ အဆိုတော်တစ်ယောက်ကိုတောင် စီးရီးထုတ်ပေးရင် အမြတ်ရဖို့ အတွက်

မပြောနဲ့ အရင်းငွေလေးပြန်ရဖို့တောင် ရင်မနေရတဲ့ အခြေ အနေ ဒီလိုအခြေအနေကြီးမှာ မောင်ရင်တို့အတွက် သိန်းရာဂဏန်း လောက် စိုက်ယုတ်ရမှာဆိုတော့ စဉ်းစားကြည့်ပေါ့ကွာ ''

'' ဒါဆို အန်ကယ် ကျွန်တော်တို့နဲ့ တွေ့ဆုံတာက ဘာအဓိပ္ပါယ် လဲ ''

'' မင်းတို့အုပ်စုရဲ့ အရည်အချင်းကို သဘောကျတယ် ပြီးတော့ ဖြစ်နိုင်မယ့် အလားအလာ ရှိတယ်လို့လည်းထင်တယ် ဒါပေမဲ့ အိတ်သွန် ဖာမှောက်စိုက်ထုတ်ရမယ့် အထိတော့ မမျှော်မှန်းရဲဘူး မင်းတို့ဘက်က တစ်ဝက်ငွေကြေးစိုက်ထုတ်မယ်ဆိုရင် အန်ကယ့်ဘက်က စွန့်စားကြည့် မလို့ကွ ''

'' အန်ကယ်ဆိုလိုတာက ကျွန်တော်တို့ဘက်က တစ်ဝက် စိုက်ထုတ်ရဦးမယ် ဒီသဘောလားခင်ဗျာ ''

'' ဒါပေါ့ မောင်လွင်ပြင်ညီ သိန်းတစ်ရာကုန်ကျရင် မင်းတို့ ဘက်က ငါးဆယ် အန်ကယ့်ဘက်က ငါးဆယ် စိုက်ထုတ်ပေးမယ် ဒါတောင် အန်ကယ်ဘက်က မသေချာမှုတစ်ခုကို စိုက်ထုတ်ရင်းနှီးရတာ နော် ဘယ်ပရိုဂျူဆာမှ ဒါမျိုးမဝိုက်မဲရဲဘူး ''

ပင့်သက်မောတွေ သူတို့နှစ်ဦးရင်ထဲမှာ အကြိမ်ကြိမ်ပြိုကျသည်။ သည်မျှငွေကြေးအတိုင်းအတာကို သူတို့ရှာဖွေဖို့ဆိုသည်က မလွယ်ကူ





သာကိစ္စ။

'' ကဲ မင်းတို့အန်ကယ်စကားကို နားလည်ပြီထင်တယ် ''

'' ဟုတ်ကဲ့ နားလည်သဘောပေါက်ပါပြီ အန်ကယ် ဒါပေမဲ့ န်ကယ်ပြောတဲ့ အတိုင်းအတာတော့ မတတ်နိုင်တာ အမှန်ပဲခင်ဗျ''

ဦးပွားမြင့် ယဲ့ယဲ့ပြုံးရင်း ထိုင်ခုံက ထရပ်သည်။

'' မင်းတို့ကြိုးစားမှုတွေက စိတ်ကူးယဉ်ဆန်လွန်းနေတယ် န်ကယ် အကောင်းဆုံး အကြံပေးမယ် မင်းတို့အခွေကြမ်းကို ပြန်သိမ်း းလိုက်တာ အကောင်းဆုံးပဲ အချိန်ကုန်လူပင်ပန်း လိုက်ရှာဖွေမနေ ကြပါနဲ့တော့ကွာ ''

သူနှင့်ဗညား တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်မိ ကြသည်။ မျှော်လင့်စိတ်ကူးတွေအားလုံး အမြစ်က နုတ်ယူခံလိုက်ရသည့် ယ် အင်အားမဲ့ပြိုလဲသွားခဲ့ကြတာတော့ အသေအချာ။

'' ကဲ အန်ကယ်မှာ ကိစ္စလေးရှိသေးလို့ကွာ ''

လက်မှ ရွှေရောင်နာရီကို ငုံ့ကြည့်ရင်း ဦးပွားမြင့်ဆိုမှ သူတို့ စ်ယောက် ထရပ်မိကြသည်။

'' ကျေးဇူးတင်ပါတယ် အန်ကယ် ကျွန်တော်တို့ကို ပြန်ခွင့် ပြုပါဦးခင်ဗျာ ''

'' ဟုတ်ပြီ မောင်လွင်ပြင် အဲ အန်ကယ်တစ်ခုတော့ ကူညီ

နိုင်တယ် အခုမင်းတို့သီချင်းတွေကို တစ်ပုဒ်ချင်း ရောင်းချင်တယ် ဆိုရင်တော့ အဆိုတော်တွေက စိတ်ဝင်စားနိုင်တယ်ကွ ”

“ ကျေးဇူးတင်ပါတယ် အန်ကယ် ဒါပေမဲ့ ကျွန်တော်တို့ တစ်ဖွဲ့လုံး အတူကြိုးစားပြီး အောင်မြင်မှုတစ်ခုကို လိုချင်တာပါ သီချင်း တွေချည်း သီးသန့်ရောင်းဖို့ မရည်ရွယ်ပါဘူး ”

“ ဟုတ်ပြီလေ ဒါဆိုရင်လည်း မင်းတို့သဘောဆန္ဒပေါ့ကွာ”

ဦးပွားမြင့်ကို နှုတ်ဆက်ပြန်ခဲ့ကြတော့ နှစ်ဦးစလုံး နှုတ်ဆိတ် တိတ်ဆိတ်စွာ ရှိနေခဲ့ကြသည်။

မျှော်လင့်ချက်တွေနှင့် စောင့်မျှော်နေမည့် သီဟာဇော်နှင့် တိုးတို့ တို့ မျက်နှာတွေကိုမြင်ယောင်ရင်း အကြိမ်ကြိမ် ပြိုလဲခဲ့သော စိတ်ဓါတ် တွေအတွက် အင်အားတို့ ကုန်ဆုံးနေခဲ့တာတော့ အသေအချာ။

✿ ✿ ✿ ✿ ✿



## အခန်း (၉)

အခုတလော ညဘက်တွေမှာ လွင်ပြင်သီချင်းသံကို မကြားရတာ အတော်ကြာပြီ။ ခါတိုင်းဆို ညတိုင်း ခြံထဲမှာ သီချင်းဆိုတတ်သော လွင်ပြင်ညီ ဘာကြောင့် ငြိမ်သက်တိတ်ဆိတ် သွားရတာလဲ ရောင်စဉ် စဉ်းစားမရပါ။

သည်ရက်ပိုင်းတွေမှာ ရောင်စဉ်ကိုယ်တိုင်လည်း ကုမ္ပဏီအလုပ် တွေ ရှုပ်ထွေးနေခဲ့တာမို့ နေ့စဉ်တိုင်းလိုလို မအားလပ်နိုင်ခဲ့ပါ။

မနက်စောစောအိမ်ကထွက် ရောင်စဉ်အိမ်ပြန်ရောက်လျှင် မိုးချုပ်စပြုနေပြီ။ ရေမိုးချိုး စားသောက်ပြီးတော့လည်း အခန်းထဲက စားပွဲမှာ တစ်နာရီလောက်ထိုင်ကာ စာရင်းဇယားတွေနှင့် နပမ်းလုံး ရသေးသည်။

“ သမီးအလုပ်တွေနဲ့ သိပ်နစ်မနေနဲ့ဦး ကိုယ့်ကျန်းမာရေးကို လည်း ဂရုစိုက်ဦးနော် ”

ဒယ်ဒီကတောင် သတိပေးယူရသည့်အထိပါပဲ။ ဒယ်ဒီကျေနပ်အောင် ခေါင်းကလေး အသာညိတ်ပြလိုက်ရပေမယ့် ကိုယ့်အလုပ်ကို ကိုယ်ပဲသိသည်။

ကုမ္ပဏီက တည်ထောင်စဆိုတော့ ရောင်စဉ်အတွက် အဘက်ဘက်က ကြိုးစားနိုင်မှ တော်ကာကျသည်။ ဒယ်ဒီရဲ့ လောင်းရိပ်က လွတ်ချင်တာမို့ ရောင်စဉ်ကုမ္ပဏီတည်ထောင်တော့ တမင်မတူညီသော လုပ်ငန်းပိုင်းကိုပဲ ရွေးချယ်ခဲ့တာဖြစ်သည်။

ဒယ်ဒီက အီလက်ထရောနစ်ပစ္စည်းတွေကို နိုင်ငံခြားက ကုမ္ပဏီကြီးများနှင့် ဆက်သွယ်ကာ မြန်မာပြည်မှာ အရောင်းကုမ္ပဏီကြီး တည်ထောင်ထားခြင်းဖြစ်သည်။

ရောင်စဉ်သာ သဂ်ီတောင့်သက်သာ လုပ်ချင်လျှင် ဒယ်ဒီ လုပ်ငန်းပိုင်းနှင့် တူညီသောကုမ္ပဏီခွဲတစ်ခု ထောင်လိုက်ရုံပဲဖြစ်သည်။

ဒါပေမဲ့ ရောင်စဉ်ရွေးချယ်ခဲ့သည်က အထည်ချုပ်စက်ရုံကြီး တည်ထောင်ဖို့ပဲဖြ[illegible]သည်။ ရွှေပြည်သာ စက်မှုဇုံထဲမှာ စက်ရုံကြီး တည်ထောင်သည်။ [illegible]ိုင်ငံခြားက ဖက်ရှင်ကုမ္ပဏီတစ်ခုနှင့် ချိတ်ဆက် စီစဉ်ရသည်။

လန်ဒန်မှာရှိသော ဖက်ရှင်ကုမ္ပဏီက စင်ကာပူမှာ ကုမ္ပဏီခွဲ ရှိတာမို့ အားလုံးအဆင်ပြေသွားခဲ့၏။





သူတို့အလိုရှိသော အထည်အဝတ်အစား ဒီဇိုင်းတွေအတိုင်း ရောင်စဉ်ဘက်က စီစဉ်ချုပ်လုပ်ပေးရမည်။ ပြီးတော့ စင်ကာပူကုမ္ပဏီကို အရောက်ပို့ လိုအပ်သော ကုန်ကြမ်းပိတ်ထည်များကိုလည်း စင်ကာပူမှ တစ်ဆင့် သယ်ယူဆိုတော့ အားလုံးအဆင်ပြေသည်။

စက်ရုံတည်ဆောက်ဖို့ကိစ္စ အလုပ်သမားတွေ ခန့်အပ်ရမည့် ကိစ္စအားလုံးကို ခြောက်လအတွင်းမှာ ရောင်စဉ်မနားတမ်း စီစဉ်ရသည်။

ယခုဆို ရောင်စဉ်၏ 'ရွှေကံ့ကော်' အထည်ချုပ်စက်ရုံကြီးက အလုပ်သမားအင်အား တစ်ထောင်ကျော်နှင့် လည်ပတ်နေခဲ့ပြီ။

စက်ရုံနှင့်ရုံးခန်းတစ်နေ့ကို လေးငါးခေါက်ထက်မနည်း ပြေးလွှားရင်း ကြိုးစားခဲ့ရတာမို့လည်း ရောင်စဉ်အတွက် ပင်ပန်းလှသည်။ ဒါပေမဲ့ မတတ်နိုင်။ ရောင်စဉ်ကိုယ်တိုင်က အလုပ်သမားတွေနှင့် တစ်သားတည်း တစ်ထပ်တည်းရှိချင်တာကြောင့် စက်ရုံထဲက စက်ပြင်ဆရာတွေနှင့်ရော အထည်စစ်ဝန်ထမ်းရော အထည်ချုပ်စက်သမလေးတွေကအစ ရင်းနှီးကျွမ်းဝင်အောင်နေသည်။ ပေါင်းသင်းဆက်ဆံ၏။

သည်အကျိုးကြောင့် ရောင်စဉ်လုပ်ငန်းပိုင်းမှာ တိုးတက်လာတာ တော့ အသေအချာ။ တစ်နှစ်နှစ်နှစ်အတွင်းမှာ ရောင်စဉ်မျှော်လင့်သော အတိုင်းအတာအထိ အောင်မြင်လာရမည်ဟု ပိုယုံကြည်လာမိသည်။

အိပ်ရာပေါ်မှာ လှဲအိပ်လိုက်ပေမယ့် ရောင်စဉ်မျက်ဝန်းတွေ

ကြောင်တွေနေတတ်တာ ညစဉ်တိုင်းကြုံတွေ့နေကြ အစဉ်အလာတစ်ခုလို ဖြစ်နေတတ်စမြဲ။

ကိုယ့်အလုပ်အောင်မြင်မှုတွေကို တစိမ့်စိမ့်တွေး ကျေနပ်မိတိုင်း ရောင်စဉ်စိတ်ထဲအလိုလို ရောက်လာတာ လွင်ပြင်ကိုပဲဖြစ်သည်။

လွင်ပြင်အခြေအနေက ဘယ်လောက်အထိ ခရီးရောက်နေသည်မသိ။ ဒယ်ဒီပေးသော အကူအညီကိုတောင် မလိုအပ်ဟု လွင်ပြင်က ပြတ်ပြတ်သားသား ငြင်းဆိုခဲ့သည်။

ဘာကြောင့်လဲ။ လွင်ပြင် ကိုယ့်ကိုကိုယ်ပဲ ယုံကြည်လွန်းနေခဲ့တာလား။ ဒါမှမဟုတ် သေချာပိုင်နိုင်အောင် သူတို့အုပ်စု ထောက်ပံ့ကူညီနေသူက အသင့်ရှိနေတာကြောင့်လား။

တစ်ခုခုတော့ တစ်ခုခုပါပဲ။ အိပ်မရသော မျက်ဝန်းတွေနှင့် ရောင်စဉ် အိပ်ရာထက်က လူးလဲထရင်း အိမ်ခန်းပြတင်းတံခါးဆီ လှမ်းခဲ့မိသည်။

မီးရောင်ဖြင့် ထိန်လင်းနေသော ခြံထဲမှာ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ရောင်စဉ်မျက်ဝန်းလေးတွေ မင်သက်သွားရ၏။

ခရေပင်အောက်က ခုံတန်းလေးမှာ လွင်ပြင်ဘယ်တုန်းက ရောက်နေတာလဲ မသိပါ။

လက်ထဲမှာ ဂစ်တာကိုပွေ့ပိုက်လျက် ခုံတန်းလေးမှာ ကျောမှီ





ထိုင်နေပုံက တစ်ယောက်တည်း လောကကြီးထဲမှာ ရှိနေတဲ့အတိုင်း။

အနက်ရောင်တီရှပ်လက်တိုနှင့် ဂျင်းဘောင်းဘီအပြာရောင်ကို ဝတ်ဆင်ထားသော လွင်ပြင်အသွင်ကတော့ မီးရောင်အောက်မှာ ထင်းထင်းရှင်းရှင်း ရှိနေ၏။

ရောင်စဉ် ကြည့်နေတုန်းမှာ ဂစ်တာကို ခုံတန်းပေါ်လှမ်းတင်ကာ ငုံ့ထားသောခေါင်းကို ခုံတန်းနောက်မှီပေါ် လှန်ချမှီလိုက်တာမို့ ဝင်းဖန့်သော မျက်နှာက လင်းခနဲပေါ်လွင်စွာ မြင်လိုက်ရသည်။

အခန်းမီးမှိတ်ထားတာမို့ ရောင်စဉ်ရပ်ကြည့်နေတာကို လွင်ပြင်မြင်နိုင်မည်မဟုတ်ပါ။ လွင်ပြင်မျက်နှာက ရောင်စဉ်အခန်းပြတင်းတံခါးကို လှမ်းကြည့်နေတာလား မသေချာပေမယ့် ရောင်စဉ်ကတော့ ခြံဝင်းထဲက ...ကျူရီမီးတိုင် အလင်းအောက်မှာ ရှင်းသန့်နေသော လွင်ပြင်မျက်နှာလေးကို ငေးကြည့်နေမိ၏။

ပြေပြေဝင်းဝင်း နဖူးပြင်ပေါ်မှာ ဆံနွယ်တွေက ဝဲကျလို့ နှာတံ...င်းစင်းလေးကလည်း သွယ်လျလျ ကျစ်ကျစ်လစ်လစ် စင်းကျနေ၏။ နှုတ်ခမ်းအစုံက ယောကျ်ားတန်မဲ့ နီရဲစိုလဲ့နေပေမယ့် စိမ်းမြမြန္တုတ်ခမ်း...သိုင်းတလျှောက်က မွေးညင်းတွေကတော့ ယောကျ်ားပီသမှုကို အရိပ်...င်စေ၏။

ကျောင်းမှာတုန်းက လွင်ပြင်ညီသည် မိန်းကလေးများစွာ၏

အာရုံကို ပိုင်စိုးနိုင်သော ယောကျ်ားတစ်ယောက် ဖြစ်ခဲ့တာတော့ သေချာ
သည်။

လွင်ပြင်နှင့်နီးစပ်နိုင်ဖို့အတွက် ရောင်စဉ်ကို ခင်မင်ကျွမ်းဝင်အောင် ကြိုးစားလာသော မိန်းကလေးတွေကိုတောင် ကြုံဖူးသည်။ နောက်ဆုံး ရောင်စဉ်ရဲ့အချစ်ဆုံး သူငယ်ချင်းနွေနွေကတောင် လွင်ပြင်ဆိုလျှင် ရူးရူးမူးမူးဖြစ်ခဲ့ဖူးသည်။

မာနကြီးလွန်းတာလား ဘဝင်လေဟပ်နေတာလားတော့ မသိပါ။ ဘယ်မိန်းကလေးကိုမှ လွင်ပြင် အလေးမထားခဲ့ပါ။

ရောင်စဉ်ကတော့ ယောကျ်ားလေးသူငယ်ချင်းတွေလည်း တွဲသွားတွဲလာရှိသည်။ ချစ်သူရည်းစားဆိုလည်း ထည်လဲတွဲတတ်တာမို့ လွင်ပြင် တမင်ဆန့်ကျင်ကာ လုပ်ပြတာလားတောင် ထင်မိသည်။

မျက်နှာဝင်းမွတ်မွတ်မှာ ထင်းနေအောင် ပေါ်လွင်နေသော မျက်ခုံးစိမ်းတန်းတန်းလေးအောက်က လွင်ပြင်မျက်ဝန်းတွေကတော့ ထာဝစဉ် မာနရောင်တွေနှင့် ပြည့်နေတတ်သည်ထင်ရဲ့။

ခန္ဓာကိုယ်ကို နောက်မှီလျက် ထိုင်ခုံမှာ ခေါင်းတင်ကာ ပြေ လျော့လျော့ ထိုင်နေသော လွင်ပြင်ကိုကြည့်ကာ ရောင်စဉ် ဘယ်လောက် ကြာအောင် ရပ်နေမိသ,ည်မ.ပီ။

လွင်ပြင်ကလ.ည်း .ာဘက်ထိ ဂစ်တာကြီးဘေးချလျက် ဘာတွေ





စိတ်ကူးရှက်လွင့်နေသည်မသိ။

ဒေ့ါလေးခိုင်ကို ဆန့်ကျင်ပြီးတောင် ဝါသနာနဲ့လမ်းကို ရွေးချယ်ခဲ့သည့် လွင်ပြင် တစ်ခုခုတော့ ပြောင်းလဲနေသည်ထင်သည်။

ရောင်စဉ်ကြည့်နေတုန်းမှာ လွင်ပြင်ထိုင်ခုလေးက ထရပ်သည်။ တီးဖြစ်ဘဲ တင်ထားသည့် ဂစ်တာကြီးကိုကောက်ယူကာ ခြံနောက်ဘက်ကို တစ်လှမ်းချင်းကျောခိုင်း လျှောက်သွားသည်။

ရောင်စဉ် နားမလည်နိုင်ပါ။ ညတိုင်းဂစ်တာတီး သီချင်းဆိုတတ်သော လွင်ပြင် ဘာကြောင့် တွေတွေငေးငေး လာထိုင်ကာ ပြန်သွားတာလဲ။

သီချင်းစိတ်က ရောင်စဉ် စိတ်ကို တရိပ်ရိပ်တိုးလာစေ၏။

ခုတင်ပေါ် ပြန်ရောက်ခဲ့ရပေမယ့် ရောင်စဉ် ချက်ချင်းအိပ်မပျော်။ အာရုံထဲမှာ လွင်ပြင်မျက်နှာကိုပဲ မြင်ယောင်နေသည်။

လွင်ပြင်ရှုံးနိမ့်ခဲ့ရပြီလား။ ဒါမှမဟုတ် ရှုံးနိမ့်မှာကို စိုးရိမ်တဲ့စိတ်နဲ့ နင်သွေးပျက်နေခဲ့တာလား လွင်ပြင်။

ငါတို့နှစ်ယောက် သတ်မှတ်ထားတဲ့ အချိန်ကာလတွေ များကြီး ကျန်ပါသေးတယ် လွင်ပြင်။

အလွယ်တကူနဲ့ အနိုင်ရတဲ့ပွဲမျိုးတော့ ငါ မပိုင်ဆိုင်ချင်ပါဘူး ..င်ပြင်။

ထိုက်တန်တဲ့ ပြိုင်ပွဲတစ်ခုအဖြစ်ပဲ ယှဉ်ပြိုင်ချင်တာ။ နင့် စိတ်ဓါတ်တွေကို ငါ ရိုက်ချိုးချင်တာ မဟုတ်ဘူး လွင်ပြင်။ ငါလိုချင်တာ တစ်ခုပဲ နင့်မာနတွေ ငါ့အပေါ်မှာ ပျက်လွင့်သွားတာမျိုး ဦးစိုက်ကျသွား တာမျိုး တစ်ခုပါပဲ။

သက်တန့်ရောင်စဉ်နဲ့ ပတ်သက်ရင် နင်မျက်ဝန်းတွေမှာ မာနတွေ ကင်းစင်နေတာမျိုးပဲ ငါလိုချင်တာ လွင်ပြင်။

✿ ✿ ✿ ✿ ✿



## အခန်း (၁၀)

“ ကောင်းတယ် လွင်ပြင် ငါတို့မှာ ငွေကြေးမပြည့်စုံပေမယ့် အနုပညာမာနတော့ ရှိသင့်တယ် ငါတို့သီချင်းတွေချည်းပဲတော့ သီးသန့် မရောင်းဘူးကွာ ”

သီဟာဇော်ကတော့ ရဲရင့်ပြတ်သားစွာပဲ ဆို၏။ အားလုံး မျက်ဝန်းတွေထဲမှာတော့ မာနတရားနှင့် တောက်ပလက်ဖြာနေတာတော့ သေချာသည်။

“ ငါလည်း မင်းလိုပဲ ဆုံးဖြတ်ထားပါတယ် သီဟာဇော် ငါတို့ ရည်ရွယ်ရေးထားတဲ့ သီချင်းတွေက ငါတို့အဖွဲ့အတွက်လေ ငွေကြေး အဆင်ပြေမှု တစ်ခုအတွက်နဲ့တော့ ငါတို့ဖန်တီးထားတဲ့ သီချင်းတွေကို မရောင်းချင်ဘူးကွာ ”

သူဆိုတော့ ဗညားနှင့်ကိုတိုး ပင့်သက်ပြိုင်တူချရင်း ခေါင်းညိတ်

သည်။ တကယ်ဆို သီဟဇော်နှင့် သူ့အချိန်ကာလများစွာ အချိန်ပ
ရေးစပ်ဖွဲ့သီထားခဲ့ရသော သီချင်းတွေကိုတော့ ငွေကြေးတစ်ခုအတွက်
မရောင်းချလိုတာ အမှန်ဖြစ်သည်။

ကျောင်းသားဘဝတစ်လျှောက်လုံး သူနှင့်သီဟဇော် သီချင်းတေ
ဖန်တီးဖြစ်ကြသည့် ရည်ရွယ်ချက်က သူတို့လေးယောက်အုပ်စုအတွက်သ
ဟု ဆုံးဖြတ်ထားခဲ့ကြသည်။

" အင်း ငါတို့လေးယောက် စီးရီးကိစ္စက ငါတို့ထင်ထာ
တာထက်တောင် ခက်ခဲလွန်းနေတာ အမှန်ပဲ ငါတို့တာဆက်လုပ်ကြမလဲ
ကွာ "

ကိုတိုးအသံတွေက စိတ်ဓါတ်တွေ ယိုင်နဲ့နေစေတာ သေချ
သည်။ အားပေးစကားနှင့် ပြန်တည့်မတ်ဖို့ အတွက်လည်း သူတို့တေ
ကိုယ်တိုင်က အင်အားချိနဲ့နေတော့ ခက်သည်။

" ဘာပဲဖြစ်ဖြစ် ငါတော့အားမလျော့သေးဘူးကွာ တို့စီးရီးဂ
ရဲရဲဝံ့ဝံ့ တာဝန်ယူထုတ်လုပ်ပေးမယ့် ထုတ်ဝေသူတစ်ယောက်တော့ ရှိမ
သေချာပါတယ်ကွာ "

သီဟဇော်ကတော့ ယုံကြည်ချက်ပြင်းပြစွာဆိုသည်။ ဘာ
ဖြစ်ဖြစ် ကံကြမ္မာဆိုတာ မြင်နိုင်သော အရာမဟုတ်။ အခွင့်အရေးတစ်
ပေးလာလျှင် သူတို့အိပ်မက်တွေ အကောင်အထည် ပေါ်လာမှာ





ယုံသည်။

" ငါတို့ဘက်က ဒီအတိုင်း ထိုင်စောင့်နေလို့တော့ ဖြစ်မှာ
မဟုတ်ဘူးကွ မြို့ထဲကိုတော့ နှစ်ရက်တစ်ခါ သုံးရက်တစ်ခါတော့
တစ်ယောက်မဟုတ် တစ်ယောက် ရောက်နေဖို့လိုတယ် အဆင်ပြေနိုင်မယ့်
အခွင့်အလမ်းကိုတော့ မျက်ခြေပြတ်လို့ မဖြစ်ဘူး "

ဗညားစကားကိုတော့ သူတို့အားလုံး လက်ခံမိသည်။ အိမ်ထဲမှာ
ထတ်တုတ်ထိုင်နေလို့ သူတို့ဘဝအခြေအနေတွေက တိုးတက်လာမှာ
မဟုတ်သေးတော့လည်း

" တို့လေးယောက်အလှည့်ကျတော့ မြို့ထဲတက်ကြမှ ဖြစ်မယ်
ကိုဝေမှိုင်းကလည်း သူနဲ့အဆက်မပြတ်စေနဲ့လို့ မှာထားတယ် ငါတို့
ကိုဝေမှိုင်းနဲ့ ထိတွေ့နေဖို့ လိုအပ်တာ အမှန်ပဲ "

" ဗညားပြောတာမှန်တယ် တစ်ပတ်ကို နှစ်ကြိမ်လောက်တော့
အလှည့်ကျ တာဝန်ယူကြကွာ တို့လေးယောက်ထဲက အားတဲ့သူ
တစ်ယောက် ကိုဝေမှိုင်းနဲ့တွေ့ဖို့လိုတယ် "

ထိုအစီအစဉ်ကိုတော့ လေးယောက်စလုံး သဘောတူဖြစ်ကြ
သည်။ လက်ဖက်ရည်ဆိုင်က နှုတ်ဆက်လမ်းခွဲကြတော့ ဗညားနှင့်သူက
လမ်းကြုံတာမို့ အတူပြန်ခဲ့ကြ၏။

" လွင်ပြင် မင်းကိုငါ အကူအညီတစ်ခု တောင်းချင်လို့ "

" ဘာလဲ ဗညား ပြောလေကွာ အချင်းချင်းတွေများ စကာ
ပလ္လင်ခံနေရသေးသလားကွာ "

" ငါ့အတွက်မဟုတ်ပါဘူးကွာ ငါ့ညီမလေးမိဆုအတွက်ပါ မိ
ဆယ်တန်းစာမေးပွဲက နှစ်လလောက်ပဲ လိုတော့တာဆိုတော့ မင်း စာလေ
ဘာလေး သင်ပြပေးနိုင်မလားလို့ကွာ "

" အေး မိဆုတို့တောင် စာမေးပွဲတွေနီးနေပြီပဲ ရတယ် ဗညာ
ငါကူညီပေးနိုင်ပါတယ် "

ဗညားညီမလေး ဆုမြတ်သွယ်ကို သူတို့လေးယောက်ကလည်
ညီမရင်းပမာ ခင်မင်ရင်းစွဲရှိတာမို့ သူ လိုလားစွာပဲ ခေါင်းညိတ်မိသည်

" ဒါဆို ညနေဘက်တိုင်း မိဆုကို စာသင်ပေးပါကွာ မိဆု
မင်းအိမ် ငါလွှတ်လိုက်မယ် လွင်ပြင် "

" အေး ဒါဆို ပိုအဆင်ပြေတာပေါ့ မိဆုလာလို့ကော အဆ
ပြေရဲ့လား မပြေရင် ငါကိုယ်တိုင် မင်းတို့အိမ် လာသင်ပေးပါ့မယ်

" ဟာ မဟုတ်တာကွာ မိဆုကို မင်းက အလကားသင်ပေးမှ
မိဆုကပဲ မင်းဆီလာရမှာပေါ့ ညနေဘက် သူစက်ဘီးနဲ့လာမှာပဲကွ
အဆင်ပြေပါတယ် သူငယ်ချင်းရ "

" အေး ဒါဆိုဒီကိစ္စအတွက် မင်းဘာမှမပူနဲ့ဗညား မိဆုက
ငါတာဝန်ယူတယ် "





" အေး ငါတို့လေးယောက်ထဲမှာ မင်းက စာတော်ပါတယ်
ကြောင့် မင်းကို အကူအညီတောင်းတာ ပြီးတော့ ညီမလေးကို ငါတို့က
ူရှင်တွေ ဝိုင်းတွေလည်း ငွေကုန်ကြေးကျခံပြီး မပို့နိုင်ဘူးလေကွာ"

" မိဆုက ဉာဏ်ကောင်းမယ့်ပုံပါကွာ စိတ်ချ ငါအတတ်နိုင်ဆုံး
င်ပေးမှာပါ အချိန်နှစ်လလောက် ရသေးတာ လုံလောက်ပါတယ် "

" အိုကေ လွင်ပြင် မနက်ဖြန်ကစပြီး မိဆုကို ညနေသုံးနာရီ
လောက် လွှတ်လိုက်မယ် မင်းဘက်က ဖြစ်တယ်မို့လား "

" ဘာလို့မဖြစ်ရမှာလဲ ဖြစ်တယ် ဗညား "

မပြည့်စုံသောဘဝတွေကို သူ စာနာနားလည်နိုင်သည်။
သူ့ဘဝက ဗညားတို့ထက်စာလျှင် မပြည့်စုံဟုဆိုသည့်တိုင် ကျောင်းသား
ဝမှ ယခုထက်တိုင် အပူအပင်ကင်းစင်ခဲ့သည်။

ရောင်စဉ်ဖခင် အန်ကယ်ဦးစိုးရဲ့ အရိပ်အောက်မှာ ပြည့်စုံခဲ့
သည်။ ဆယ်တန်းတုန်းကလည်း အိမ်မှာ ဂိုက်နှင့်သင်ကြားခဲ့ရသည်မို့
ဆင်ပြေခဲ့သည်။

သည့်လို ပြည့်စုံကံကောင်းမှုတွေအတွက် သူ့မှာ ပေးဆပ်လိုက်
တာတွေ အများကြီး။ ဒါတွေက ဘယ်သူမှ မသိနိုင်သော ရင်ထဲက
စားချက်တွေဆိုတော့လည်း ခက်သည်။

ကျေးဇူးတရားဆိုသော ခေါင်းစဉ်အောက်မှာ ကြိုးတွေ အထပ်

ထပ် တုပ်နှောင်ခံထားရသော လွတ်လပ်မှုတွေအတွက်တော့ တနုံ့နုံ့

ခံစားရတာအမှန်။

လောင်းရိပ်တစ်ခုအောက်က ခံစားချက်တွေကို လွင်ပြင်ညီ

ဆိုတဲ့ကောင် နှလုံးသားကလွဲလို့ ဘယ်သူခံစားနိုင်မှာတဲ့လဲ။

ဖြစ်ချင်တာ ဖြစ်ခွင့်မရတာ ဘဝတစ်ခုဟု ဆိုလျှင်လည်း. . .။

✿ ✿ ✿ ✿ ✿



## အခန်း (၁၁)

တကယ်တမ်းကျတော့ သေချာလှသော အလုပ်မဟုတ်တာ အမှန်။ ဘယ်ဆီမှန်းမသိနိုင်သော မျှော်လင့်ချက်တစ်ခုအတွက် သူတို့ လေးယောက် သီချင်းရေးဆရာ ကိုဝေမှိုင်းထံကို သုံးလေးရက်တစ်ကြိမ် တော့ ရောက်တတ်သည်။

လေးယောက်စလုံး သွားဖို့ဆိုသည်က အသွားအပြန် လမ်းစရိတ် ဗာဟီရကုန်ကျစရိတ်တွေနှင့် လွယ်ကူတာမဟုတ်တာမို့ လေးယောက်ထဲမှ နှစ်ဦးစီ အလှည့်ကျ သွားကြရသည်။

အရင်တစ်ခေါက်က သီဟဇော်နှင့်ကိုတိုးတို့ တစ်ပတ်လုံးလုံး တာဝန်ယူသွားခဲ့ကြတာမို့ ဒီတစ်ခါတော့ သူနှင့်ဗညား တာဝန်ကျသည်။

သုံးဆယ့်ငါးလမ်းထဲက လက်ဘက်ရည်ဆိုင်လေးမှာ ကိုဝေမှိုင်း ကို တစ်ယောက်တည်း ငုတ်တုတ်တွေ့ရ၏။

" ဘာ ညီလေးတို့ အစ်ကို့ဆီ လာကြတာလား "

" ဟုတ်တယ် ကိုဝေမှိုင်း အစ်ကို့ဆီလာရင်း အခြေအနေလေး ဘာထူးခြားသလဲ သိရအောင် အစ်ကိုရေ "

" အေးကွာ အခြေအနေကတော့ သိပ်မကောင်းဘူး စီးရီး လောက ရာသီဥတုမကောင်းတော့ ခုချိန်ထိ လက်ဖက်ရည် မသောက် ရသေးဘဲ ထိုင်နေရတာပဲ ကြည့်တော့ဟေ့ "

" ဟာ အစ်ကိုမသောက်ရသေးဘူးလား သောက်လေ ကျွန်တော် တို့မှာ လက်ဖက်ရည်ဖိုးတော့ ပါပါတယ် "

" အားနာတယ်ကွာ ဟိုတစ်ခေါက်ကလည်း သီဟနဲ့ကိုတိုးပဲ တိုက်သွားတာ အခုလည်း ငါ့ညီတို့ပဲဆိုတော့ မဟုတ်တော့ဘူး "

" ဟာ ရပါတယ် အစ်ကိုရ လက်ဖက်ရည်နဲ့ ဆေးလိပ်ဖိုး လောက်တော့ ပါပါတယ်ဗျာ "

ကိုဝေမှိုင်း အားတုံ့အားနာနှင့် ငြင်းနေချိန်မှာပဲ ဗညားက လက်ဖက်ရည်နှင့် စီးကရက်တစ်ပွဲ အလိုက်တသိမှာပေးလိုက်၏။

" မင်းတို့က မသောက်ဘူးလား ညီလေးတို့ "

" ကျွန်တော်တို့ ဒီမလာခင်လေးကပဲ သောက်ထားပြီးပြီ အစ်ကို အစ်ကိုသောက်ပါ အားမနာပါနဲ့ "

" အေးကွာ နေ့လည်ကျရင် အဆိုတော်ဝေယျာ လာမှာကွ





အတွက် အစ်ကိုသီချင်းနှစ်ပုဒ် ပေးထားတာရှိတယ် အဲဒီငွေလေး င်တော့ မင်းတို့ကို ဆီချက်လိုက်ကျွေးပါ့မယ် "

ကိုဝေမှိုင်းဆိုတော့ သူ နားလည်စွာပြုံးပြရင်း

" ရပါတယ် အစ်ကိုရာ ကျွန်တော်တို့ မစားချင်ပါဘူး ဒါနဲ့ စ်ကိုစောစောကပြောတဲ့ ဂီတလောကရဲ့ ရာသီဥတု အခြေအနေလေး ပြာပါဦး "

ကိုဝေမှိုင်းက လက်ဖက်ရည်တစ်ငုံကို အရသာခံသောက်ရင်း က်ကို အသာပြန်ချပြီး ခေါင်းတညိတ်ညိတ် ပြု၏။

" အင်း မင်းတို့စိတ်ဝါတ်ကျသလို ဖြစ်မှာလည်း စိုးတယ်ကွ ပေမဲ့ လက်ရှိအခြေအနေက မကောင်းတာလည်း အမှန်ဆိုတော့ ပြောပြ မှာပေါ့ကွာ စီးရီးလောက အခြေအနေက ကျန်းမာရေးမကောင်းတာ သေအချာပဲ နာမည်ရှိပရိသတ် အနိုင်အမာရှိတဲ့ အဆိုကျော်တွေ တာင် ထင်သလောက် အလုပ်မဖြစ်ကြဘူး ရင်းနှီးထားတာနဲ့ ရတဲ့ မြတ်က ကွာဟနေတော့ ပရိုဂျူဆာတွေ အတော်ခေါင်းခဲနေတယ် ကူးခွေတွေကလည်း ခုမထွက်နဲ့ မနက်ထွက် နေ့လည်ဆို လမ်းဘေး ိုင်ရောက်နေပြီ ဈေးနှုန်းက ကွာခြားတော့ ပရိသတ်ကလည်း ကွာလတီ က် ငွေကြေးကိုချိန်ဆပြီး ခိုးခွေပဲဝယ်ကြတာပေါ့ကွာ "

" အဲဒီကိစ္စက အတော်ဂယက်ရိုက်နေတယ် အစ်ကို ထိထိ

ရောက်ရောက် မပျောက်အောင်လုပ်မှဖြစ်မယ် ထင်တယ် ''

မဂ္ဂဇင်းဂျာနယ်တွေထဲမှာ နေ့စဉ်ကြားနေရသော ဂီတလောက၏ ပြဿနာကြီးကို သူတို့လည်း စိတ်မသက်မသာဖြစ်ရတာမို့ အကြံပေးမိ၏။

'' သက်ဆိုင်ရာက ခိုးခွေတွေဖမ်းတာပဲ ဒါပေမဲ့ အတော်မလွယ်တဲ့ ကိစ္စဖြစ်နေတယ် ဝယ်တဲ့ပရိသတ်မှာလည်း အပြစ်တော့မရှိပါဘူး တရားဝင်ဖြန့်ချိတဲ့စီဒီက တစ်ထောင်ကျော်နှစ်ထောင် ပေးရရင် ခိုးခွေက ဆယ်ဆလောက် သက်သာနေတော့ ကွာလတီတွေဘာတွေထက် ကိုယ်ကြိုက်တဲ့အဆိုတော်သီချင်းကို အာသာပြေနားထောင်ရရင် ကျေနပ်ပြီး ဝယ်ကြရတာပဲပေါ့ ''

'' ဒီလိုလုပ်ရင်ကော အစ်ကို ဟိုလေ ခိုးခွေနဲ့ဈေးနှုန်းကွာဟမှုကို လျှော့ချနိုင်ရင် မရဘူးလား ဈေးသိပ်မကွာဘူးဆိုရင် ပရိသတ်က တရားဝင်ကွာလတီပြည့် အာမခံတဲ့ စီဒီချပ်ကို ဝယ်မှာသေချာတယ် ''

ဗညားကတွက်ဆပြတော့ ကိုဝေမှိုင်း ခေါင်းတညိတ်ညိတ်ဖြင့်

'' လက်ရှိဈေးကလည်း အတတ်နိုင်ဆုံး လျှော့ထားတာပဲ ညီလေးရ နာမည်ကျော်အဆိုတော်အတွက် ပရိုဂျူဆာက ရင်းနှီးထားရတဲ့ ငွေကြေးက သိန်းရာချီတယ် သီချင်းခ၊ အဆိုတော်ခ၊ ဗီစီဒီအကွက်ငှားရမ်းရတဲ့ သရုပ်ဆောင်ခတွေက ပေါ့သေးသေးမှမဟုတ်ဘဲကွာ ဒါတွေ





စိုက်ထုတ်ထားရတဲ့ ပရိုဂျူဆာဘက်က ခံစားကြည့် ငွေသိန်းချီရင်းပြီး အမြတ်ကလေး ပြန်ရဖို့ထက် မရှုံးပါစေနဲ့လို့ ရင်မနေရတာမဟုတ်သေးဘူး နိုးကူးတဲ့ကောင်တွေအတွက် အရင်းအနှီးက ဘာရှိလို့လဲ ဘယ်လိုယှဉ်ယှဉ် အပုံကြီးကွာတယ် အုတ်နံ့ရုံကို ခေါင်းနဲ့ဝင်တိုက်သလိုပေါ့ကွာ ခေါင်းကွဲသွေးထွက်ရုံပဲရှိမှာပေါ့ ''

ကိုဝေမှိုင်းစကားတွေကြားရတာ စိတ်ညစ်ညူးစရာတွေချည်းဖြစ်နေသည်။ သည်ပုံသည်အခြေအနေနှင့်ဆိုလျှင် သူတို့မျှော်လင့်ချက်က မိုလို့တောင် ဝေးလွန်းနေပြီထင်၏။

'' အခုအစ်ကိုပြောတဲ့ အခြေအနေဆိုတော့ ဘယ်ပရိုဂျူဆာက ကိုယ့်ငွေတွေ စိုက်ထုတ်ပြီး ရင်းနှီးရဲတော့မှာလဲ စဉ်းစားကြည့် ဝါသနာလေးမစွန့်နိုင်လို့ ရင်တမမနဲ့ ဘုရားတလုပ်နေရသလိုပဲ အခွေပေါက်ပြီး အရင်းလေးရရင်ပဲ ကျေနပ်ရတဲ့ဘဝ အခန့်မသင့်လို့ ရှုံးရင်သိန်းချီမယ် အမြတ်အစွန်းက သေချာမှုမရှိဘူးလေ ''

'' ဒီအတိုင်းဆိုမလွယ်ပါလား အစ်ကိုရာ ''

'' ဟုတ်တယ် ညီလေးတို့ နာမည်ရှိ အဆိုတော်ကို ရင်းနှီးရတာထက် ဘာမှနာမည်မရှိသေးတဲ့သူတွေကို ဘယ်ပရိုဂျူဆာက ထုတ်ပေးရဲမှာလဲ ''

'' အင်း ကျွန်တော်တို့အိပ်မက်က ဝေးသထက်ဝေးလာပြီ

ထင်တယ်ဗျာ ''

သူ ညီးညီးညျုညျုလေးဆိုတော့ ကိုဝေမှိုင်းလက်ကျန် လက်ဖက်ရည်ခွက်ကို မော့သောက်လိုက်ရင်း မချိတင်ကဲ ပြုံး၏။

'' လက်ဖက်ရည်ကျစိမ့်ကို ကြိုက်တဲ့သူအတွက် ခါးသက်သက် အရသာလေးကပဲ နှစ်သက်စရာ ဖြစ်နေသလိုပေါ့ ညီလေးရာ ဝါသနာအတွက် ဒီအလုပ်ကို လုပ်နေမှတော့ ဖြစ်လာသမျှ ရင်ဆိုင်ပြီး အကောင်းဆုံးရှင်သန်ခွင့်လေးရအောင် ကြိုးစားရတာပဲပေါ့ တစ်ခုတော့ရှိတယ် အောင်မြင်မှုဆိုတာ ပဥ္စလက်ဆန်တယ်ကွ ဝါသနာနဲ့ ရှိစုမဲ့စု ငွေလေးထုတ်ပြီး ကိုယ်ပိုင်စီးရီးလေးထုတ်ရင်း ရှုံးနိမ့်သွားသူတွေ အများကြီး ရှိသလို တကယ်အရည်အချင်းရှိပြီး ပရိသတ်နဲ့အစပ်အဟပ်တည့် အောင်မြင်သွားသူတွေလည်း ရှိပါတယ်။ ခုချိန်မှာ ဝါသနာနဲ့အရည်အချင်း အပြင် ငွေကြေးဆိုတာကလည်း အရေးကြီးဆုံး အထောက်အပံ့ကြီး တစ်ခုပဲကွ ငွေကြေးမတတ်နိုင်တဲ့သူတွေအတွက် ကံကြမ္မာက ပေးလာတဲ့ အခွင့်အရေးကိုပဲ မျှော်ရတာပေါ့ကွာ ''

ကိုဝေမှိုင်း စကားတွေက မများပါ။ လတ်တလော သူတို့ ရင်ဆိုင်နေရသည့် အဖြစ်ကပဲ သက်သေ။

မရေရာသောလမ်းကိုမှ မိုက်မဲစွာ ရွေးခဲ့မိသလို ဖြစ်နေပြီလား။

သူ့အာရုံထဲမှာ မေမေနိုင်နှင့် အန်ကယ်ဝိုး မျက်နှာတွေ ပြီးတော့





ရောင်စဥ်ရဲ့ လှပသော နှုတ်ခမ်းလေးက လှောင်ပြုံးတွေ

လက်ရှိအချိန်မှာတော့ သူ ရှုံးနိမ့်နေဆဲရှိတာ မလွဲ။

'' ဟာ ညီလေးတို့ ခဏစောင့် ဝေယျာလာနေပြီ အစ်ကို သွားတွေ့လိုက်ဦးမယ် ခဏလေး ''

တေးသံသွင်းဆိုင်တစ်ဆိုင်ရှေ့မှာ ထိုးရပ်သွားသော ကားလေး ဆီသို့ ကိုဝေမှိုင်း အပြေးတစ်ပိုင်း လှမ်းသွား၏။

သူတို့ကြည့်နေတုန်းမှာ နာမည်ကျော်အဆိုတော် ဝေယျာကို ကားပေါ်က ဆင်းလာတာမြင်ရသည်။

တီရှပ်နှင့် ဂျင်းပင်န်ကို စတိုင်ကျကျ ဝတ်ဆင်ထားသော အဆိုကျော် ဝေယျာအသွင်က စတိတ်စင်တွေမှာ မြင်တွေ့ဖူးတာထက် တောင် နုဖတ်ကြည့်ကောင်းနေသည်။

ကိုဝေမှိုင်းနှင့်ရပ်ကာ စကားပြောနေတုန်း ကောင်မလေး တစ်သိုက် အဆိုကျော်ဝေယျာအနီးမှာ ဝိုင်းစုသွားခဲ့ကြသည်။ အော်တို တွေရေးခိုင်း စကားတွေဖောင်ဖွဲ့ ရှုပ်ထွေးသွားသော ရောင်စုံမလေးတွေ ကြားထဲက ကိုဝေမှိုင်းပြန်လှည့်ထွက်လာတာ မြင်ရ၏။

'' ကိုဝေမှိုင်းကြည့်ရတာ အဆင်မပြေလာဘူး ထင်တယ်ကွ''

ဗညားက ကြိုတင်မှတ်ချက်ပြုသည်။ ကိုဝေမှိုင်း သူတို့ဝိုင်းမှာ အသာပြန်ဝင်ထိုင်ရင်း

" ကိုယ့်သီချင်းနှစ်ပုဒ်ကို သူ ကြိုက်တယ် ဒါပေမဲ့ ပရိုဂျူဆာနဲ့ တိုင်ပင်ညှိနှိုင်းရဦးမယ်တဲ့ကွ နှစ်ပုဒ်လုံး အဆင်မပြေရင်တော့ တစ်ပုဒ်တော့ သေချာတယ်လို့ပြောတယ် ပရိုဂျူဆာဆီက ငွေထုတ်ပြီးတာနဲ့ ရမယ် မင်းတို့အချိန်ရတယ်မို့လား နှစ်နာရီလောက် စောင့်ကြကွာ ငါ တစ်ခုခုကျွေးချင်လို့ "

သီချင်းတစ်ပုဒ်စာအတွက် ငွေကြေးကို နှစ်နာရီလောက် ငုတ်တုတ်ဆက်ဒုက္ခခံ စောင့်ရဦးမည့် ကိုဝေမှိုင်းအတွက် သူတို့ စိတ်မကောင်း ဖြစ်ရ၏။ ကိုဝေမှိုင်းရဲ့ ငွေလေးကိုလည်း မသုံးရက်ပါ။

" ကျွန်တော်တို့ မစားတော့ပါဘူး အစ်ကိုရာ နေပါစေ နောင် ကြုံဦးမှာပေါ့ "

" ဟေ့ မင်းတို့ပြောတဲ့ အနာဂတ်ဆိုတာ မသေချာဘူး ငါ့လက်ထဲ ငွေမရှိရင် ကျွေးနိုင်မှာ မဟုတ်ဘူး ဒီနေ့တော့ ငါကျွေးတာလေး ဒါနမြောက်အောင် စားသွားကြပါကွာ "

ပြင်းပြလွန်းနေသော ကိုဝေမှိုင်းရဲ့ စေတနာသဒ္ဒါစိတ်ကိုတော့ နားလည်ပါသည်။ ဒါပေမယ့် သူတို့မစားသောက်ရက်တာမို့ တစ်နာရီ လောက် အတူထိုင်ပေးပြီးမှ

" အစ်ကို ကျွန်တော်တို့ ပန်းဆိုးတန်းဘက် ခဏပတ်လိုက် ဦးမယ် ချိန်းထားတာလေး ရှိလို့ "





" ဘယ်လောက်ကြာမှာလဲ ငါ့ကိစ္စပြီးချိန်လောက် ပြန်လာခဲ့ ကြကွာ ငါစောင့်နေမယ် "

" မီအောင်တော့ ပြန်လာမယ် အစ်ကို အကြောင်းတစ်ခုကြောင့် ပြန်မလာဖြစ်ရင်လည်း မစောင့်ပါနဲ့တော့ ဟိုမှာ ကျွန်တော်တို့ သူငယ်ချင်း တွေနဲ့ သွားစရာကိစ္စ ပေါ်ချင်ပေါ်လာနိုင်လို့ပါ "

" ဟာကွာ မင်းတို့ကလုပ်ပြီ အတတ်နိုင်ဆုံးတော့ ပြန်လာကြ ကွာ ငါ ဒီဆိုင်မှာ ညနေသုံးနာရီအထိ ရှိမယ် "

သူတို့ ခေါင်းညိတ်ပြခဲ့ကြပေမယ့် ပြန်လာဖြစ်မှာ မဟုတ်တာ တော့ သေချာသည်။

ပန်းဆိုးတန်းဘက် တစ်ပတ်လျှောက်ပြီး ဆူးလေဘက်သို့ လိုင်းကားစီးဖို့ ပြန်ခဲ့ကြ၏။

" ကိုဝေမှိုင်းတော့ ငါတို့ကို သုံးနာရီအထိစောင့်မှာ သေချာတယ် လွင်ပြင် "

" အေး မစောင့်ပါနဲ့တားလည်း သူစောင့်မှာ ငါသိတယ် သူ့ စေတနာကို အသိအမှတ်တော့ ပြုပါတယ်ကွာ ဒါပေမဲ့ သူ့မှာက မိသားစုနဲ့ ငါတို့သူရတဲ့သီချင်းရေးခလေးကို မသုံးရက်ဘဲကွာ "

" အေးကွာ ကိုဝေမှိုင်းခမြာ ဝါသနာနဲ့ ရုန်းကန်ရင်း ကလေး သုံးယောက်နဲ့ မိသားစုဘဝကို ရုန်းကန်နေရရှာတာ ကိုဝေမှိုင်းဇနီး အစ်မ

လှရီကလည်း တကယ်တော်တဲ့ ဇနီးကောင်းပဲကွ ”

ကိုဝေမှိုင်းဝါသနာနှင့် အလုပ်ကို နားလည်နိုင်စွမ်းသော ဇနီးသည်မလှရီကို သူတို့ဆုံဖူးသည်။ ကိုဝေမှိုင်းအပေါ် စာနာစွာနှ အားပေးနားလည်ရင်း အစ်မမလှရီက ဈေးထဲမှာ မုန့်ဟင်းခါးဆိုင်လေ ဖွင့်ထား၏။

မိသားစုဝမ်းရေးအဓိကသည် ထိုဈေးဆိုင်ကလေးပဲဆိုတာ ကိုဝေမှိုင်း မကြာခဏ ပြောဖူးသည်။

“ ငါ့မိန်းမကြောင့် စားဝတ်နေရေး အဆင်ပြေနေတာ ငါ့သီချင်းရေးခသာ မှီစားရရင် ငတ်တာကြာပြီပေါ့ မင်းတို့အနုပညာ သမားဘဝနဲ့ ရပ်တည်မယ်ဆိုရင် ငါ့မိန်းမလို ငွေတစ်ဖက်တစ်လမ်းက ရှာနိုင်တဲ့ မိန်းမတော့ အရင်ကြိုရှာထားကြကွ ဟား. . . ဟား. . . ”

ရယ်သလိုမောသလိုနှင့် အပြောင်အပျက် ပြောပြခဲ့သော ကိုဝေမှိုင်းစကားကို သူ ပြန်ကြားယောင်မိသည်။

တစ်နှစ်ဆိုသော အချိန်ကာလတစ်ခုအတွင်းမှာ သူ အောင်မြ ရမည်ဟု ရောင်စဉ်ကို ရဲဝံ့စွာ ကြွေးကြော်ဖူးသည်။ မေမေခိုင်နှ အန်ကယ်စိုးတို့ကိုလည်း ကတိပေးဖူးခဲ့၏။

အခုတော့ ရင်ဆိုင်နေရသော အခြေအနေတွေက စိတ်ပျက် စရာတွေချည်း ဖြစ်နေ၏။





အားလုံးရှေ့မှာ ယုံကြည်ချက်တွေ ခိုင်ကျည်ခဲ့သော စိတ်ဓါတ် ခွန်အားတွေ တဖြည်းဖြည်း လုံးပါးပါးကုန်ပြီလားမသိ။

သုံးလကျော်ဆိုသော အချိန်ကာလအတွင်းမှာ သူတို့အိပ်မက်တွေက လက်တွေ့ကျဖို့ ခဲယဉ်းမှုန်းထင်ရှားလာနေ၏။

ဘဝတစ်ခုအတွက် အရေးပါဆုံးသော အရာမဟုတ်ဟု သူ ကြွေးကြော်ထားသော ငွေကြေးက မဟာပြဿနာကြီးဖြစ်နေ၏။ သူ့ထံမှာ ရှိနေသော အန်ကယ်စိုးပေးထားသည့် ဘဏ်ချက်လက်မှတ်လေးကို သတိရမိ၏။

သူတို့လိုအပ်ချက်အတွက် အသုံးချလိုက်လျှင် ကောင်းမည်လား တွေးမိပြန်သည်။

“ ငါ ယောက်ျားပါ ရောင်စဉ် ဒါကို ငါလက်ခံလာတာ အန်ကယ် ကျေနပ်အောင်ပါပဲ ဒီအထဲကငွေကို ငါ တစ်ပြားတစ်ချပ်တောင် မယူဘူး မသုံးဘူး ငါ့အစွမ်းအစနဲ့ ငါ ကြိုးစားပြမယ် စိတ်ချ ”

အန်ကယ်စိုးဆီက ဘဏ်ငွေထုတ်ချက်လက်မှတ်စာအုပ်ကလေး ရရှိသောနေ့က ရောင်စဉ်ကို သူ ဆိုခဲ့သော စကားတွေကိုလည်း မမေ့ပါ။ အခုမှ ကိုယ့်စကားကို ကိုယ်ပြန်ချိုးဖောက်လိုက်ရမည်လား။

ထားတော့ မမျှော်လင့်ဘဲ ထိုငွေတွေကိုသာ ဆုံးရှုံးသွားခဲ့လျှင် ဘယ်လိုလုပ်မှာလဲ။

သွားပြီ။ သူ့ဘဝတစ်ခုလုံး ဘယ်လိုမှ အဖတ်ဆယ်မရအေ
ရှုံးနိမ့်ခြင်းသာ ပိုင်ဆိုင်ရလိမ့်မည်။

အနိကယ်စိုးက နားလည်ပေးသည်ထားဦး။ မေမေခိုင်
ပြောဆုံးမှာ မဟုတ်တော့။ ထို့ထက်ဆိုးသည်က သက်တန့်ရောင်
ဖြစ်သည်။

သူ့ဘဝတစ်ခုလုံး . သက်တန့်ရောင်စဉ်ဆိုသော မိန်
တစ်ယောက် ရှေ့မှောက်မှာ ဒူးထောက်ကျရှုံးရတော့မည်လား။

ဟင့်အင်း။ ငါဘယ်တော့မှ နင့်ကိုမရှုံးနိမ့်ချင်ဘူး ရောင်စဉ်

လွင်ပြင်ညီဆိုတဲ့ငါဟာ နင့်အတွက် ဟိုးငယ်ငယ်တုန်း
စိတ်ခါတ်တွေ ရှုံးနိမ့်ခဲ့ဖူးတယ်။ ပြီးတော့ ဘယ်သူမှမသိနိုင်ဘဲ န
ကိုယ်တိုင်တောင် မသိရှိဘဲနဲ့ နှလုံးသားကို ရှုံးနိမ့်စေခဲ့ရတယ်။

ဒီတစ်ခါတော့ ငါ့မာနတွေ ထပ်မရှုံးပါရစေနဲ့ ရောင်စဉ်။

သက်တန့်ရောင်စဉ်ဆိုတဲ့ နင့်အပေါ်မှာ ငါ့မာနတစ်ခုတေ
ဒူးထောက်မပြိုလဲပါရစေနဲ့ ရောင်စဉ်။

ငါ့ကိုငါ ပိုင်ဆိုင်နိုင်တာဆိုလို့ မာနတစ်ခုပဲ ရှိတော့တယ် ဆိုတ
နင်သိနိုင်ပါ့မလား ရောင်စဉ်ရယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၁၂)

ညက ညဥ့်အတော်နက်သည်အထိ သီချင်းတစ်ပုဒ် ရေးစပ်ဖြစ်တာမို့ မနက်နိုးတော့ နေမြင့်နေပြီ။

မေမေခိုင် ဘယ်အချိန် ရောင်စဉ်တို့အိမ်ဘက် ကူးသွားသည်ကိုတောင် သူ မသိလိုက်။

ကပ္ပာကသီ မျက်နှာသစ် ရေမိုးချိုး အဝတ်အစားလဲပြီးတော့ ရှစ်နာရီတောင် ကျော်နေခဲ့ပြီ။

“ အင်း ခုလောက်ဆို ဗညားတော့ မျှော်နေလောက်ပြီ ”

ဒီနေ့ ဗညားနှင့်အတူ မြို့ထဲက တေးသံသွင်းဆိုင်တစ်ခုကို သွားဖို့ ချိန်းဆိုထားသည်။ မျှော်လင့်ချက်သိပ်မရှိလှပေမယ့် အဆင်ပြေလျှင် သူတို့စီးရီးလေး စီစဉ်ဖြစ်နိုင်တာမို့ မဖြစ်မနေတော့ သွားရမည်။

မြို့ထဲထွက်တိုင်း ဗညားမှာပါသော ငွေကလေးကိုပဲ အားကိုး

နေရတာ ကြာတော့ သူအားနာသည်။ မေမေခိုင်ဆီက လက်ဖြန့်တော
ရတာလည်း မျက်နှာပူချင်သည်။

ညက မတောင်းဖြစ်ပေမယ့် မတတ်နိုင်ပါ။ မေမေခိုင်ကို
အပူကပ်ရတော့မည်မို့ ရောင်စဥ်တို့အိမ်ဘက် ကူးခဲ့သည်။

မေမေခိုင်က ချက်ပြုတ်စရာကိစ္စနှင့် ဗာဟီရတာဝန်တွေ
မနက်စောစောသွားကာ လုပ်ကိုင်ပေးတတ်၏။ အန်ကယ်စိုးကေ
ရောင်စဥ်ပါ အလုပ်သွားကြပြီဟုတွေးကာ လျှောက်ခဲ့ရင်း ဆင်ဝင်အော
မှာ ရောင်စဥ်ကားကို မြင်လိုက်တာမို့ တွန့်ခနဲဖြစ်ရ၏။

ဒီနေ့ကျမှ ရောင်စဥ် ဘာကြောင့် နောက်ကျနေတာလဲ။ ဒါ
မဟုတ် နေထိုင်မကောင်းလို့ အလုပ်မသွားတာလား ရပ်တွေးနေတု
ဧည့်ခန်းထဲက ထွက်လာသော မေမေခိုင်ထွက်လာတာမို့ ဝမ်းသာသွ
ရ၏။

“ သား ဘာရပ်လုပ်နေတာတုန်း ”

“ ဩော် မေမေခိုင်ဆီလာတာ သား ဒီနေ့ ဗညားနဲ့ မြို့
သွားစရာလေးရှိလို့ မေမေခိုင် ”

မေမေခိုင်က သူ့ကိုနားလည်စွာ ပြုံးကြည့်ရင်း အောက်ခံအင
ထဲကို လက်နှိုက်၏။ လက်ပြန်ထွက်လာတော့ မေမေခိုင်လက်ထဲမှ
တစ်ထောင်တန်နှစ်ရွက်ပါလာ၏။





“ ညက မေမေခိုင်ကို ဘာလို့မပြောတာလဲ ကဲ ရော့ သား
ရိုက်ယူသွားဦးလေ ”

“ ပြောဖို့ မေ့နေလို့ မေမေခိုင် အဟဲ ခဏ ခဏတောင်းနေရ
တာလည်း မျက်နှာပူလို့ တစ်ထောင်လောက်ပဲပေး မေမေခိုင် ”

“ ယူသွားစမ်းပါ ပိုတော့လည်း သားသုံးဖို့ယူထား ကဲ
မေမေခိုင် ဘုရားပန်းခူးလိုက်ဦးမယ် သား ”

“ ဟုတ်ကဲ့ မေမေခိုင် ကျွန်တော်ညနေလောက်မှ ပြန်ရောက်
မယ်နော် စိတ်ပူမနေနဲ့ဦး ”

“ မိုးတော့မချုပ်စေနဲ့နော် သား အင်း သားကြည့်ရတာ
မေမေခိုင်တောင် မောချင်နေပြီ အပြင်ထွက်နေရတာ နှစ်ရက်တစ်ကြိမ်
လောက်ရှိတယ် အသားတွေတောင် မည်းသွားတယ်ထင်တယ် ”

“ အလုပ်ကိစ္စအတွက်ပါ မေမေခိုင် အဆင်မပြေသေးတော့
ည်း ဒီလိုပဲပေါ့ မေမေခိုင်ရယ် ”

“ သားကိုကြည့်ပြီး မေမေခိုင် ပင်ပန်းလွန်းလို့ပါကွယ်
ညကလည်း တော်တော်နဲ့မအိပ်ဘဲ သီချင်းရေးနေတာထင်တယ် ကြာရင်
အိပ်ပျက်အစားပျက်နဲ့ နေမကောင်းဖြစ်မယ် ကျန်းမာရေးလည်း
ရှုစိုက်ဦး”

မေမေခိုင်က သူ့ကိုအရိပ်ကြည့် ဂရုစိုက်တတ်တာ အမြဲ

ဖြစ်သည်။

သူခေါင်းညိတ်ပြလိုက်မိရင်း

“ ဘာမှမဖြစ်ပါဘူး မေမေခိုင် သားသွားမယ်နော် ဗညား မျှော်နေလောက်ပြီ ”

မေမေခိုင်ကို နှုတ်ဆက်ခွင့်တောင်းပြီး လှည့်ထွက်ခဲ့တော့ စိုးရိမ်တကြီး လှမ်းမှာသော မေမေခိုင်အသံကို ကြားရပြန်သေးသည်။

“ လိုင်းကားတွေ တွယ်မစီးနဲ့နော် သား ”

မေမေခိုင်ကို လှည့်မကြည့်ဘဲ လက်ထောင်ပြရင်း ခေါင်းညိတ်ပြရသေး၏။ ခြံအပြင်ရောက်တော့ ဗညားစောင့်နေမည့် ကားဂိတ်ဘက်ကို ခပ်သုတ်သုတ် ခြေလှမ်းတွေနှင့် လှမ်းသည်။

ပလက်ဖောင်းအတိုင်း ခြေလှမ်းကျဲကျဲတွေနှင့် လျှောက်နေတုန်း နံဘေးမှာ ထိုးရပ်သည့် ကားကြောင့် လှည့်ကြည့်တော့ ရောင်စဉ်။

“ နင် သိပ်အရေးကြီးနေရင် ကားပေါ်တက် ”

လှပချောမွေ့သော ရုပ်ရည်နှင့် ဆန့်ကျင်ဘက်ရောင်စဉ့် လေသံက အမိန့်ဆန်နေတာ ဝသီဖြစ်နေပြီထင်၏။ သူ ခေါင်းခါပြလိုက်ရင်း

“ ရတယ် ရောင်စဉ် နင် သွားစရာရှိတာ သွားပါ ငါ့အတွက် ဘာမှအရေးမကြီးဘူး ”

သူ့လေသံကလည်း မမာထန်ပေမယ့် ခပ်ပြတ်ပြတ်တော့ ရှိနေ





ဒါကို ရောင်စဉ်သဘောမကျမှန်းလည်း သူသိနေပြီးသား။

“ နင့်ကို ကြုံတုန်းမေးရဦးမယ် နင့်ရဲ့အိပ်မက်စီမံကိန်းကြီး ခြေအနေဘယ်လိုလဲ အဆင်ပြေရဲ့လား လွင်ပြင် ”

အမေးသံကိုက လှောင်သံပါနေတော့ သူ့အကြည့်တွေကလည်း ာင်စဉ်မျက်နှာပေါ်က အပြုံးရိပ်တို့နှင့် ဆန့်ကျင်စွာ ရှုတည်မာထန် ခဲ့၏။

“ ငါ့အလုပ်ကို နင်စိတ်မဝင်စားပါနဲ့ ရောင်စဉ် ငါ့ကိုနိုင်အောင် အလုပ်တွေထဲပဲ အာရုံစိုက်ထားစမ်းပါ ”

“ ငါ့ဘက်က သေချာနေပြီ လစဉ် အမြတ်ငွေတိုးလာသလို ်ငန်းပိုင်းမှာလည်း အရှိန်ကောင်းနေပြီ နင့်တိုးတက်မှုကို သိချင်လို့ တာ ”

ပန်းသွေးရောင်အကျီလေးနှင့် လိုက်ဖက်အောင် ပန်းရောင် ဆေးတင်ထားသော ရောင်စဉ်နှုတ်ခမ်းပါးလေးတွေကို သူ စူးစူးရဲရဲပဲ ဆိုင်ကြည့်ပစ်လိုက်ရင်းမှ

“ အေး နင့်ရင်ထဲက စေတနာစိတ်နဲ့ သိချင်တာဆိုရင် ဝမ်းသာ ာင် ပြောပြမယ် ရောင်စဉ် ခုချိန်ထိ ငါတို့အဆင်မပြေသေးဘူး ကဲ သိပ်ကြားချင်နေတဲ့ အခြေအနေအတွက် ကြိုတင်ပျော်ချင်ပျော်လို့ ရောင်စဉ် ”

“ နင့်မာနတွေက ငါနဲ့တွေ့ရင် မိုင်ကုန်တမင်တင်ထားတာလား လွင်ပြင် အဟင်း လမ်းစရိတ်ငွေကြေးလေးအတွက်တောင် ဒေါ်လေးခိုင်ဆီက ပြန်လက်ဖြန့်တောင်းနေရတဲ့သူရဲ့ မာနက မတန်တဆ နိုင်လိုက်တာ အဟင်း. . . ဟင်း ”

သူ့မျက်နှာက ဒေါသကြောင့် ရဲခနဲဖြစ်သွားခဲ့ရသည်။ မေမေခိုင်နှင့် သူ့ ဆင်ဝင်အောက်မှာ စကားပြောနေတုန်းက ရောင်စဉ်မြင်သွားတာသေချာ၏။

“ မေမေခိုင်ဆီက ငါတောင်းတာ အသေးအမွှားပါ ရောင်စဉ် မိဘအုပ်ထိန်းသူဆီက လက်ဖြန့်တောင်းတာနဲ့ မာနတွေကို ခဝါချရမယ်ဆိုရင် နင့်ဒယ်ဒီရဲ့ထောက်ပံ့မှုတွေကို လက်ခံအားကိုးခဲ့ရတဲ့ နင့်မာနတွေကို အရင်ဆုံး ခဝါချပစ်လိုက်ပါဦး ရောင်စဉ် ”

သူ့စကားကြောင့် ရောင်စဉ် မျက်နှာဝင်းဝင်းလေး စတော်ဘယ်ရီရောင်သမ်းသွားခဲ့၏။ နှုတ်ခမ်းပါးလေးက လှောင်ပြုံးတွေ လွင့်စင်ကာ အံကလေးတင်းတင်း ကြိတ်လိုက်တာကို မေးရိုးလေးတွေ တင်းသွားရုံနှင့် သူသိ၏။

“ ရှုံးနိမ့်မှာကြောက်စိတ်နဲ့ နင်ဒယ်ဒီငွေကို မသုံးရဲတာမို့လား လွင်ပြင် ငါ့ကိုဒီစကားနဲ့ နင် မတုပ်နှောင်နဲ့ မရဘူးလွင်ပြင် ငါ ဒယ်ဒီဆီက ယူခဲ့တဲ့ အကူအညီကို အချိန်ကာလတစ်ခုမှာ ပြန်ပေးဆပ်နိုင်တယ်





ငွေကြေးက နင်နဲ့ငါနဲ့အနိုင်အရှုံးမှာ အခရာမကျပါဘူး အရည်အချင်းနဲ့ပဲ ဆုံးဖြတ်မှာ နင်သဘောပေါက်ထားဖို့ လိုတယ် ”

“ ငါ လက်ခံတယ် ရောင်စဉ် ဘယ်သူ့အကူအညီမှ မယူဘဲ ငါ့ရည်ရွယ်ချက်အောင်မြင်ရင် နင့်ထက်တန်ဖိုးကြီးမားတာလည်း နင်ဝန်ခံရမယ်လေ ”

“ ငါ စောင့်ကြည့်နေမယ် လွင်ပြင် ”

စကားအဆုံး ကားလေးက သူနှင့်အဝေးဆုံးကို အရှိန်ပြင်းပြင်းနှင့် မောင်းထွက်သွားခဲ့သည်။

မာတင်းခက်ထန်နေသော ရောင်စဉ်မျက်နှာလေးကတော့ သူ့မျက်ဝန်းထဲမှာ ကျန်ရစ်ခဲ့ဆဲရှိသည်။

ငါ့နှလုံးသားက နင် အနိုင်မယူခင်ကတည်းက နင့်အပေါ် ရှုံးနိမ့်ခဲ့တာ နင်သိရင် နင်အံ့ဩသွားမလား ရောင်စဉ်။

တစ်ခုတော့ တောင်းပန်ပါတယ် ရောင်စဉ်။

ငါ့ကို နင် အထင်သေးချင်သလောက်သေး။ လှောင်ချင်သလောက် လှောင်ပါ။

မာနကင်းစင်ပြီး ဖြူစင်တဲ့ နှလုံးသားလေးကိုတော့ နင် ဘေးမဲ့ပေးပါ ရောင်စဉ်ရယ်။

✿ ✿ ✿ ✿ ✿

## အခန်း (၁၃)

မနေ့တုန်းက ရင်ဆိုင်ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်က ရောင်စဉ်မာနတွေကို ထိုးဆွပေးလိုက်မိသလို ဖြစ်ခဲ့ပြီလား။

ညနေဘက် သူအိမ်ပြန်ရောက်တော့ ရောင်စဉ်နှင့် ခြံထဲမှာ ဆုံသည်။

" လွင်ပြင် ဒီကိုခဏလာဦး "

ပန်းပင်တွေကြားထဲမှာ ရပ်နေသော ရောင်စဉ်ခေါ်သံက အထက်စီးဆန်လွန်း၏။ သူ အိမ်ပြန်အဝတ်အစားတောင် မလဲနိုင်သေးဘဲ ရောင်စဉ်အပါး ရောက်ခဲ့ရသည်။

" ဒီနှင်းဆီပန်းအိုးတွေ ဟောဟို စံပယ်ရုံနားကို ရွှေ့ပေးစမ်း"

တမင်ချိုးနှိမ်ခြင်းသက်သက်ဟု သူသိသည်။ သူ့မျက်နှာကို တစ်ချက်လှည့်မကြည့်ဘဲ မာတင်းထားသော မျက်နှာလေးက ရေချိုးပြီးစမို့





င်သည်။ ဘာမှလိမ်းခြယ်မထားဘဲ ဝင်းမွတ်ရှင်းသန့်နေသည်။ ကျော ယ်အထိ ဖြန့်ချထားသော ဆံညိုတွေဆီမှ ရှန်ပိုရနံ့ကသင်းနေ၏။

အဖြူရောင်လှိုင်းတွန့်ဂါဝန်လေးနှင့် ရောင်စဉ်အလှတွေထဲမှာ သူ တဒင်္ဂနစ်မျော မင်သက်စွာ ရပ်နေမိတာ စက္ကန့်ပေါင်းများစွာ န်မြောက်သွားခဲ့သည်။

" ဘာလုပ်နေတာလဲ လွင်ပြင် နင့်ကိုငါ ခိုင်းနေတယ်လေ "

ကြည်လဲ့သော မျက်နက်ဝန်းလေးတွေ သူ့ဆီ စူးစူးနစ်နစ် ည့်ပြီး အော်ဟစ်မှ သူ အသိဝင်လာရကာ ခေါင်းတစ်ချက်ညိတ်သည်။

ပြီးတော့ ဘာမှမတုံ့ပြန်ဘဲ ဝတ်ထားသော လက်ရှည် အပြာ ွက် အကျီလက်မောင်းကို ဆွဲခေါက်တင်၏။

ရောင်စဉ် စေခိုင်းသည့်အတိုင်း နှင်းဆီပန်းအိုးတွေကို သူ စ်လုံးပြီးတစ်လုံး ရွှေ့ပြောင်းပေးလိုက်၏။

တမင်ကြံစည်လျက် ကြံထားမှန်းသိသာလွန်းသည်။ ရေတွေ နေအောင် ဖြန်းထားတာမို့ ပန်းအိုးတွေက လေးပင်နေသလို ရွှံ့တွေ လည်း ပေကျံနေခဲ့၏။

အလုံးနှစ်ဆယ်ခန့် ပန်းအိုးတွေ ရွှေ့ပြောင်းပြီးတော့ သူအကျီ ဘောင်းဘီမှာ ပေကျံညစ်ထေးကုန်သည်။

" နင် ဘာခိုင်းစရာ ရှိသေးသလဲ ရောင်စဉ် "

ရောင်စဉ်ရှေ့မှာ မတ်မတ်ရပ်ရင်း သူမေးတော့ မျက်ခုံး တန်းတန်းလေးတွေ တွန့်ကွေးစိုက်ကြည့်ရင်း

“ ရပြီ မလိုတော့ဘူး နင်သွားတော့ ”

သူ ရောင်စဉ်ရှေ့က တစ်လှမ်းချင်းပဲ လှည့်ထွက်ခဲ့၏။ နောက်ကို တစ်ချက်လှည့်မကြည့် ဖြစ်ပေမယ့် ရောင်စဉ်အားရကျေနပ်စွာ ပြုံးကြည့် နေမှာကို သိနေသည်။

တိုက်ကြီးအနောက်ဘက်က အိမ်လေးကိုရောက်တော့ မေမေခိုင် ရွှံ့တွေနှင့် ပေကျံနေသောသူ့ကိုကြည့်ရင်း

“ ဟင် ဘာဖြစ်လာတာလဲ သား ကြည့်စမ်းပါဦး အင်္ကျီသစ် ကော ဘောင်းဘီမှာပါ ပေကျံကုန်ပြီ ”

“ ကျွန်တော် ပြန်လာလာချင်း ရောင်စဉ်က ပန်းအိုးတွေ ရွှေ့ခိုင်းလိုက်တာ မေမေခိုင် ”

မေမေခိုင် မျက်နှာကွက်ခနဲ ပျက်သွားရင်း တဒင်္ဂတွေတွေလေ ငေးသွား၏။ ပြီးမှ ပင့်သက်မောကို ရှိုက်ရင်း

“ အဝတ်အစားတွေလဲပြီးမှ လုပ်ပေးလိုက်ပေါ့ သားရယ် ”

“ ကျွန်တော်တို့ဘဝမှာ ဒီအဝတ်အစားတွေထက် သူတို့က အရေးပါတယ်လေ မေမေခိုင်ရဲ့ သူတို့အရိပ်မှာ ခိုနေတာဆိုတော့ သူ ကျေနပ်အောင် လုပ်ပေးရမှာပေါ့ ”





သူ့စကားကြောင့် မေမေခိုင် ရုတ်တရက် ဘာပြောရမှန်း မသိ အောင် ဖြစ်သွားပုံရ၏။ သူ ရွှံ့တွေပေကျံနေသော အင်္ကျီကိုချွတ်ကာ တန်းပေါ် လွှားခနဲ ပစ်တင်လိုက်၏။

“ ဘောင်းဘီပါလဲပြီး ရေချိုးတော့ သား ပြီးမှ မေမေခိုင် လျှော်ပေးမယ် ဟုတ်လား ”

“ သားဘာသာ ရေချိုးရင်းလျှော်ပါ့မယ် မေမေခိုင် မေမေခိုင် လည်း တစ်နေကုန် သူတို့အိမ်မှုကိစ္စတွေနဲ့ ပင်ပန်းနေတာ သားသိ ပါတယ်”

“ သား သမီးလေးကို စိတ်ဆိုးနေတာလားကွယ် ”

“ အဟွန်း ဆိုးစရာအကြောင်း မရှိပါဘူး မေမေခိုင် သူတို့က ကျွန်တော်တို့ ကျေးဇူးရှင်တွေပဲ ခိုင်းတာလုပ်ရမှာပေါ့ ဒါပေမဲ့ သား သိတယ် ရောင်စဉ် ဘာရည်ရွယ်ချက်နဲ့ ခိုင်းသလဲ သားသိတာပေါ့ ”

“ အိုး ဒီလိုမထင်ပါနဲ့ သားရဲ့ ခြံမာလီ ဦးမိုးမရှိလို့ သားကို သမီးလေးက ခိုင်းတာဖြစ်မှာပါ ဘယ်တုန်းက သူ သားကို ခိုင်းဖူးလို့ လဲကွယ် ”

ထုံးစံအတိုင်း မေမေခိုင်နှုတ်မှ ရောင်စဉ်အတွက် ကာကွယ် နေသော စကားတွေကို သူ စိတ်ပျက်စွာ ကြားရပြန်သည်။ ကျေးဇူး တရားဆိုသော လောင်းရိပ်တွေအောက်မှာ မေမေခိုင် ဘယ်တော့မှ

ရှုန်းထွက်နိုင်တော့မည်လဲ မသိတော့ပါ။

“ ကျေးဇူးတရားကို သားစော်ကားတာတော့ မဟုတ်ပါဘူ မေမေခိုင် ဒါပေမဲ့ သားတော့ သူတစ်ပါးအိမ်မှာ မှီခိုနေထိုင်ရတဲ့တခါကြီး မွန်းကြပ်လှောင်ပိတ်နေပြီ မေမေခိုင် ဒါကြောင့် ကိုယ့်ခြေထောက်ပေ ကိုယ် ရပ်တည်ချင်နေပြီ ”

“ သားရယ် သားခံစားချက်ကို မေမေခိုင် နားလည်ပါတယ် မေမေခိုင် ဒီဘဝလေးကို နှောင်တွယ်နေတာ သားထင်ထားတဲ့ ကျေးဇူ တရားဆိုတဲ့ အရာထက် လေးနက်ပါတယ် ဒါတွေကို သားသိအော မေမေခိုင် မပြောပြတတ်ဘူး ”

မျက်ဝန်းအိမ်မှာ ဝဲတက်လာသည့် မျက်ရည်စတွေကို ပွတ်သုတ် ရင်း မေမေခိုင် ဆိုသည်။ သံယောဇဉ်ဆိုသော နှောင်ကြိုးတွေကြောင့် ရောင်စဉ်တို့ မိသားစုလေးကို မေမေခိုင် မလွန်ဆန်နိုင်တာဟု သ ထင်သည်။

တကယ်ဆို သံယောဇဉ်ဆိုသော နှောင်ကြိုးကြောင့်ပဲ သူ့နှလုံ သားက အချစ်ကို ခံစားတတ်ခဲ့တာ။ ပြီးတော့ ထိုအချစ်ကြောင့်ပဲ ခံစာ ရဖူးသော ဝေဒနာတွေက ရင်ထဲမှာ မွန်းကြပ်လှောင်ပိတ်ခဲ့ရတာ ဖြစ်သည်။

ပေါက်ကွဲလုလု မီးတောင်တစ်လုံးကို မျိုချထားရတဲ့ ခံစားမှ





တစ်ခုဆိုတာ ခံစားဖူးမှ သိနိုင်သည့်ကိစ္စ။

ရင်ထဲမှာလည်း မီးတောင်တစ်လုံး ရှိနေ၏။ အဲဒီ မီးတောင် ထဲမှာ ပေါက်ကွဲလုလု ချော်ရည်ပူတွေ ပြည့်လျှံဖိတ်စင်နေပေမယ့် ပေါက်ကွဲ ခွင့်မရှိပါဘူး။

နင် သိစေချင်တယ် ရောင်စဉ်။ အဲဒါ နင့်ကိုချစ်တဲ့ စိတ်နဲ့လျှံကျ နေတဲ့ ချစ်ခြင်းတွေဆိုတာ။

ငါ့အတွက်တော့ အချစ်ဆိုတာ ပူလောင်တဲ့ ချော်ရည်တွေလို ပါပဲ ရောင်စဉ်ရယ်။

✿ ✿ ✿ ✿ ✿

## အခန်း (၁၄)

မေတ္တာနဲ့ အကြင်နာကို အတ္တကြီးလွန်းစွာ တစ်ယောက်တည်
ပိုင်ဆိုင်ချင်လွန်းခဲ့တဲ့ နင့်ကိုငါ ငယ်ငယ်ကတော့ အတ္တကြီးလွန်းသူ
သတ်မှတ်ခဲ့ဖူးတယ် ရောင်စဉ်။

နင့်ဒယ်ဒီ အန်ကယ်စိုးက စိတ်ထားဖြူစင် ကြင်နာစိ
ကြီးမားပေမယ့် တစ်ဦးတည်းသော သမီးဖြစ်တဲ့နင်က ဘာကြောင့် အ
စိတ်ကြီးမားတဲ့ ကောင်မလေး ဖြစ်နေခဲ့ရတာလဲ ငါစဉ်းစားမရခဲ့ဘူး

နင်တို့ခြံထဲမှာ မေမေခိုင်က အိမ်ဖော်သာသာဘဝနဲ့ ခိုလှံ
ရောက်ခဲ့သူဆိုပေမယ့် အန်ကယ်စိုးက ငါ့အတွက် တကယ်ကောင်းခဲ့
ကျေးဇူးရှင်ပါ။ ငါ့အပေါ်မှာလည်း နင်နဲ့ထပ်တူ ယုယကြင်နာမှု
ပေးခဲ့တယ်။

ဒါပေမဲ့ ငါမပျော်နိုင်ခဲ့ဘူး ရောင်စဉ်။ သက်တန့်ရောင်စဉ် ဆို
နင်က နင့်ဒယ်ဒီဆီက မေတ္တာအကြင်နာ တရားတွေကို အပြည့်အ





ပိုင်ဆိုင်ခံစားချင်ယုံ မကဘူး တစ်ခြားသူတစ်ယောက်ကိုလည်း ခွဲဝေ
မပေးချင်လောက်အောင် အတ္တကြီးသူကို။

မေမေခိုင်ဆီက သိခွင့်ရတဲ့ ငါ့ဘဝကြီးက သိပ်ကိုအကျည်းတန်
ခါးသီးလွန်းတာလည်း ငါ ခံစားနာကျင်ခဲ့ရတယ်။

တကယ်ဆို မေမေခိုင်ရဲ့အစ်မ ငါရဲ့မေမေကိုယ်တိုင်က မိဘ
တွေကို စိတ်ဆင်းရဲစေခဲ့တဲ့ သမီးတစ်ယောက် ဖြစ်နေခဲ့တယ်တဲ့။

ရပ်ကွက်ထဲက လူဆိုးလူပေလို့ သတ်မှတ်ထားတဲ့ ဖေဖေကိုမှ
မေမေက သံယောဇဉ်တွယ်ပြီး ခိုးရာလိုက်သွားခဲ့သူ။ မိဘနှစ်ပါးလုံးက
စွန့်ပစ်ခဲ့လို့ လင်ဆိုးမယားတစ်ယောက်ဘဝမှာ မေမေဒုက္ခပင်လယ် ဝေခဲ့
ရတယ်။

မိဘနှစ်ပါးစလုံးဆုံးပါးတော့မှ မေမေခိုင်က လောကကြီးထဲမှာ
တစ်ယောက်တည်း ကျန်ရစ်ခဲ့တဲ့ အစ်မရင်းချာကို စုံစမ်းပြီးတွေ့အောင်
ရှာဖွေခဲ့တယ်။

မေမေခိုင်နဲ့ ပြန်ဆုံချိန်မှာ မေမေက ငါ့ကိုယ်ဝန်ကြီးနဲ့ ဒုက္ခ
ပင်လယ်ဝေနေချိန်လေ။ လူဆိုးလူမိုက် ဖေဖေကတော့ လောင်းကစား
ဝိုင်းတစ်ခုမှာ ရန်ဖြစ်ရင်း လူသတ်မှုနဲ့ထောင်ထဲမှာတဲ့။

မေမေခိုင်က မေမေဘဝကို စောင့်ရှောက်ပေးရင်း လောကကြီး
ထဲမှာ အမိမဲ့ကျန်ရစ်ခဲ့တဲ့ ငါ့ကိုပါ တာဝန်ယူ ဆက်စောင့်ရှောက်ခဲ့ရတယ်။

ငါ့အသက်ငါးနှစ်သားမှာပဲ တစ်ကြိမ်တစ်ခါမှ မမြင်ဘူးတဲ့ ဖေဖေ တိမ်းပါးပြီဆိုတဲ့ သတင်းကိုကြားခဲ့ရတယ်။ လောကကြီးထဲမှာ တစ်ဦး တည်းသောမျိုးဆက် သားတစ်ယောက် ကျန်ရစ်ခဲ့တယ်ဆိုတာကိုတော မသိလိုက်ရှာဘဲ ထောင်ထဲမှာ တိမ်းပါးသွားခဲ့ရတဲ့ လူမိုက်ကြီးရဲ့သား

ဒါတွေက ငါ့ဘဝမှာ ဘယ်တုန်းကမှ ဖျောက်ဖျက်လို့ မရနိုင်တဲ့ အမည်းစက်ကြီးတစ်ခုဆိုတာ ငါ နားလည်ခဲ့ရတယ်။

" နင့်အဖေက လူမိုက်ကြီးဆို ထောင်ထဲမှာ သေသွားပြီလို့ ဒယ်ဒီပြောပြတယ် အဲဒါဟုတ်သလား လွင်ပြင် "

အထက်တန်းကျောင်းသားဘဝတုန်းက နင်ငါ့ကို မေးဖူးခဲ့တဲ့ စကားနဲ့ ရွံရှာသလို ကြည့်ခဲ့တဲ့မျက်လုံးတွေကို ငါဘယ်တော့မှ မမေ့ဘူး ရောင်စဉ်။

" ဟုတ်တယ် ဖေဖေ့ကို ငါတောင်မမြင်ဖူးလိုက်ဘူး "

" နင့်အဖေဆိုတော့ နင်နဲ့တူမှာပေါ့ သူများကို ဓားနဲ့ထိုးသတ် ခဲ့တဲ့ လူမိုက်ကြီးဆိုတော့ ကြောက်စရာကြီးပေါ့ "

" ငါမသိဘူး ရောင်စဉ် နင်ဘာလို့ အဲဒါတွေ လာပြောနေ တာလဲ"

" နင်မသိဘူးထင်လို့ ပြောနေတာပေါ့ ပြီးတော့ နင့်လို လူသတ် သမား လူမိုက်ကြီးရဲ့သားနဲ့ ငါ မခင်မင်ချင်တော့လို့ပဲ ကျောင်းမှာ နင်





ငါနဲ့လာမခေါ်နဲ့နော် နင့်အကြောင်း သူများတွေသိရင် ငါ့ကိုပါ မခင်မင် ကြတော့ဘဲ နေလိမ့်မယ် "

မျက်နက်ဝန်းလေးတွေ ဝိုင်းစက်လျက် ရောင်စဉ် သူ့ကိုပြောခဲ့ သည်။ သည့်နောက်ပိုင်းမှာ တကယ်လည်း ရောင်စဉ် သူနဲ့အပေါင်း အသင်းမလုပ်တော့ပါ။ သူ့ရင်မှာ ခံစားနာကျင်ခဲ့ရသော ဝေဒနာဖြင့် အံတင်းခံရုံမှတစ်ပါး။

တက္ကသိုလ်ရောက်တော့ ရောင်စဉ်ရင့်ကျက်သွားခဲ့တာလား မသိ။ သူ့ကို အခေါ်အပြောတော့ ရှိလာသည်။ ဒါပေမဲ့ ရောင်စဉ်ရဲ့ ကားနဲ့သူဘယ်တော့မှ ကျောင်းကိုအတူ မလိုက်ဖို့ ဆုံးဖြတ်ခဲ့သည်။

ဗညား၊ သီဟဇော်နှင့် ကိုတိုးတို့သုံးယောက်ကိုပဲ သူ အပေါင်း အသင်းလုပ်ခဲ့သည်။

အီကိုမေဂျာမှာတော့ သက်တန့်ရောင်စဉ်သည် အလှဘုရင်မ တစ်ပါးဖြစ်ခဲ့သည်။

ကျစ်လစ်လှပန္ဓဲ့နှောင်းသော ကိုယ်ဟန်၊ ချောမွေ့နုဖတ်သော အလှနှင့်မာနရောင်စဉ်ဖြာနေသော ရောင်စဉ်ကိုမှ သူ့နှလုံးသားက သိမ်းယိုင်ခဲ့တာလည်း အမှန်ဖြစ်၏။ ဒါပေမဲ့

ဘဝမှာ ပထမဆုံးပွင့်သော အချစ်ပန်းသည် ရင်ထဲမှာပဲ ငြိသန်ခွင့်ရှိတာ သူနားလည်သည်။ ပြီးတော့ ရောင်စဉ်အနီးမှာ ဝိုင်းလည်

နေသော ပိတုန်းတွေထဲမှာလည်း သူရောနှောမပါချင်ပါ။

အလှကို ကိုးကွယ်သလောက် မာနမှာလည်း သရဖူဆောင်သော ရောင်စဉ်သည် အချစ်ကိုလည်း စံချိန်တင်ချင်သူဖြစ်သည်။

ကျောင်းထဲမှာ ရောင်စဉ်ကို ယောက်ျားလေးတစ်ယောက်နှင့် အတူစတွေ့လိုက်ရချိန်က သူ ဟန်မဆောင်နိုင်လောက်အောင် ချောက်ချာ တုန်လှုပ်သွားခဲ့ရ၏။ နောက်ပိုင်းမှာတော့ ရောင်စဉ်နှင့်အတူ တတွဲတွဲ ရှိနေတတ်သော ယောက်ျားလေးတွေကို သူ လိုက်မမှတ်နိုင်လောက် အောင် များပြားခဲ့သည်။

အချစ်ကို တန်ဖိုးမထားတတ်သော ရောင်စဉ်လိုတော့ သူ မရှင်သန်ခဲ့ပါ။ သူ့ဘက်က မစတင်ရဘဲ တွယ်ငြိချင်နေသော မိန်းကလေ တွေကိုလည်း သူ ဂရုမစိုက် ရှောင်ဖယ်တော့ ရောင်စဉ်ကိုယ်တိုင် သူ့ကို လှောင်သည်။

" နင်က မိန်းမတစ်ယောက်က ငါ့ကိုစကြိုက်နေတာပါဆိုပြီ မာန်တက်နေတာလား လွင်ပြင် "

" အဓိပ္ပါယ်မရှိလိုက်တာ ငါ စိတ်မဝင်စားပဲနဲ့ ဘာမှမလုပ်တာ မာန်လို့ နင်ထင်မြင် သတ်မှတ်တာလား ရောင်စဉ် "

" အဲဒါဆို နင်က အချစ်ကို ကိုးကွယ်တဲ့သူလား "

" အချစ်ကို ကိုးကွယ်တာ မဟုတ်ပေမယ့် တန်ဖိုးတော့ ထားချင်





တယ် ရောင်စဉ် ငါ့ရင်ထဲက တကယ်ချစ်တဲ့သူကိုပဲ ငါ့နှုတ်က ဝန်ခံဖွင့်ဟ ချင်တယ် "

" အဟား နင့်စကားက ငါ့ကိုနှိပ်ကွပ်တာလား သွားစမ်း ပါဟာ အချစ်ဆိုတာ အလကားပါ ငါကတော့ အလေးအနက် မထားဘူး ညီးစားတစ်ယောက် ထားလိုက်တာနဲ့ အချစ်ဆိုရင် ငါ့ဆီမှာ အချစ်တွေ ပုံးပေါလအောဖြစ်နေပြီဟ အံ့သြစရာတော့ အကောင်းသား ယောက်ျား တွေက ငါ့ဆီက အချစ်ဆိုတာကိုပဲ တောင်းဆိုနေကြတယ် ဒါပေမဲ့ ငါကိုယ်တိုင်က မယုံကြည်တဲ့ အချစ်ဆိုတာကြီးက ငါ့မှာမရှိဘူး ဒါကို နားမလည်ကြတော့ ငါ့အတင်းကို သူတို့ကပဲ ပြန်ထုတ်လွှင့်ကြတယ် ရှင်းရှင်းပြောမယ် ငါဘယ်ယောက်ျားကိုမှ အထင်မကြီးဘူး "

နင် အထင်မကြီးတဲ့ ယောက်ျားတွေနဲ့ဘာလို့ တွဲနေတာလဲ ဟု သူမေးလိုက်ချင်ပေမယ့် စကားလုံးတွေက ရင်ထဲမှာပဲ ကျန်ရစ်သည်။

အပြစ်ဆိုရက်စရာမရှိအောင် လှသောချောသော သက်တန့် ရောင်စဉ် အလှတွေက မာနကြောင့် ပိုပြီးတောက်ပဝင်းလက်နေတာလား။

အချစ်ကို မယုံကြည်သော ရောင်စဉ်အတွက် သူ့ရင်ထဲက ချစ်ခြင်းကလည်း သိုဝှက်စွာပဲ တစ်သက်တာလုံး တည်ရှိနေဦးမှာပါ။

ဘယ်အချိန်ဘယ်ကာလမှ ဖွင့်ပြောခွင့်မရှိရင်လည်း နေပါစေ ရောင်စဉ်။

နှင့်သတ်မှတ်ဘောင် သွင်းထားတဲ့ ယောက်ျားလေးတွေထဲမှာ လွှင်ပြင်ညီဆိုတဲ့ကောင် မပါဘူး။ မပါစေရဘူး။

အဲဒါ ဘာကြောင့်လဲသိလား။

နှင့်ကိုငါ မြတ်နိုးချစ်တဲ့ နှလုံးသားက တစ်ဘဝမှာ တစ်ခါပဲ ဖြစ်တည်တဲ့အချစ်ဆိုတာ သေချာနေလို့ပေါ့။

နင်သိရင် မာနကြီးတဲ့အချစ်လို့ လှောင်ဦးမှာလား ရောင်စဉ် ရယ်။

✿ ✿ ✿ ✿ ✿



# အခန်း (၁၅)

အရင်ကဆို ညနေတိုင်း မနက်တိုင်းမှာ အားကစား တစ်ခုခု တော့ လုပ်နေကျဖြစ်သည်။ အေရိုးဗစ်ကစားသည်။ ရေကူးသည်။ န်းမာရေးအတွက် ပြီးတော့ ခန္ဓာကိုယ်အလှအပအတွက် ရောင်စဉ် ုပ်ဖြစ်ခဲ့သည်။

အလုပ်ခွင်ထဲရောက်တော့ နေ့စဉ်ပုံမှန်မလုပ်ဖြစ်တော့ပါ။ နင့်နွေပိတ်ရက်လောက်တော့ ညနေဆို ပုံမှန်လုပ်ဖြစ်တာတော့ ရှိ၏။ ျန်ရက်တွေမှာ စက်ရုံနှင့်ရုံးခန်း ပြေးလွှားရင်း အချိန်ပိုမရှိခဲ့။

ဒါကပဲ လေ့ကျင့်ခန်းတစ်ခု ဖြစ်ခဲ့သည်လား။ ရောင်စဉ်အလှတွေ ကျောင်းသူဘဝတုန်းကလိုပဲ ရှိဆဲ။

ကျောင်းနေဘက် သူငယ်ချင်းတွေ အိမ်ထောင်ကျသူကျ ုပ်ငန်းခွင်ဝင်သူဝင်နှင့် မဆုံဖြစ်တာကြာပြီ။

တစ်ခါတစ်ခါတော့ ပြန်မရနိုင်သော ထိုဘဝလေးတွေကို လွမ်းကာ ရောင်စဉ် တမ်းတမ်းတတ ဖြစ်မိ၏။

သည်ညနေတော့ တနင်္ဂနွေပိတ်ရက် မဟုတ်သည့်တိုင် အလုပ်က စောစောပြန်ရောက်ဖြစ်တာမို့ ရောင်စဉ် ညနေရေမချိုးခင် ခြံထဲမှာ ကာယလေ့ကျင့်ခန်းလေး လုပ်နေမိသည်။

" ကလင်. . . ကလင်. . . ကလင် "

ကြားလိုက်ရသည့် စက်ဘီးဘဲလ်အသံကြောင့် ခြံဝကို ရောင်စဉ် လှမ်းကြည့်မိသည်။ ဘယ်ကမိန်းကလေးလည်းမသိ။ မိန်းမစီး စက်ဘီး အနီလေးနှင့် ခြံဝမှာရပ်နေ၏။

ခြံမှာလီဦးမိုး မရှိချိန်မို့ ရောင်စဉ်ခြံဝသို့ လျှောက်ခဲ့သည်။

အဖြူရောင်ဘလောက်စ် အင်္ကျီလေးနှင့် အပြာနုရောင် အရိပ် လှိုင်းတွေပါသော လုံချည်ကို ဝတ်ဆင်ထားသော ကောင်မလေးအသက်က ရောင်စဉ်ထက် ငါးနှစ်ကျော်မက ငယ်ရွယ်မှန်းသိသာ၏။

နုဖတ်သော မျက်နှာလေးက ကျစ်ဆံမြီးကျစ်ထားသော ဆံပင်တွေကြားမှာ ဝင်းမွတ်သန့်စင်နေ၏။ ပါးနှစ်ဖက်ပေါ်မှ သနပ်ခါး ပါးကွက်ရေးရေးလေးကလည်း ကောင်မလေးမျက်နှာလေးကို ပိုမိုလို့ ဖြူစင်ရှင်းသန့်နေစေခဲ့သည်။

" ဘယ်သူနဲ့တွေ့ချင်လို့လဲ ညီမလေး "





" ဟို အစ်ကိုညီနဲ့တွေ့ချင်လို့ပါ အစ်မ "

" လွင်ပြင်ညီကို ပြောတာလား "

" ဟုတ်ကဲ့ မိဆုကို အစ်ကိုညီက စာသင်ပေးမှာမို့ပါ မမ "

" စာသင်ပေးမလို့ ဟုတ်လား "

" ဟုတ်ကဲ့ မမ မိဆုက ကိုဗညားညီမပါ ဒီနှစ်ဆယ်တန်း ဖြေရမှာ ကိုညီက ညနေတိုင်း စာသင်ပေးမယ် လာခဲ့ဆိုလို့ပါ "

ဗညားညီမဆိုမှ ရောင်စဉ်သိတော့သည်။ ရောင်စဉ်တို့ အထက်တန်းကျောင်းသားတုန်းက ဒီကောင်မလေး ငါးတန်းလား ခြောက်တန်းလားတောင် မသိ။

ဖြူဖြူသွယ်သွယ်နှင့် ကလေးမလေး ဒီလိုအပျိုပေါက် အရွယ် ရောက်နေမှန်းတောင်မသိ။

ခြံတံခါးကို ဖွင့်ပေးနေတုန်းမှာ လွင်ပြင်ရောက်လာသည်။

" ဟော့ မိဆု လာ လာ ငါအပြင်ထွက်စောင့်မလို့ စောသေးတယ် ထင်လို့ဟ "

" ကျောင်းကဆင်းတာနဲ့ ရေမိုးချိုး အဝတ်အစားလဲပြီး ထွက်ခဲ့ တာ ကိုညီရဲ့ မမရောင်စဉ်နဲ့တွေ့လို့ တော်သေးတယ် "

ရောင်စဉ်မျက်ဝန်းလေးတွေ အံ့ဩဝိုင်းစက်သွားရ၏။ သည်ကောင်မလေးက ရောင်စဉ်နာမည်ကိုတောင် သိနေသည်လား။

စက်ဘီးလေးကိုတွန်းကာ ခြံထဲဝင်လာရင်း ရောင်စဥ်ကို ပြုံးပြနေတာမို့လည်း ရောင်စဥ်အပြုံးတစ်ချက်နှင့် တုံ့ပြန်ပြီး ခြံတံခါးပိတ်ကာ ပြန်လှည့်ထွက်ခဲ့သည်။

“ မမရောင်စဥ်က လှတယ်နော် ကိုညီ ”

အနက်ရောင်ကိုယ်ကြပ် အားကစားဝတ်စုံလေးနှင့် ရောင်စဥ်ကိုငေးကာ မိဆုဆိုတော့ သူ့ ယောင်ယမ်းခေါင်းညိတ်ပြမိ၏။

မိဆုကတော့ တစ်လှမ်းချင်း လျှောက်သွားသော ရောင်စဥ်ကိုသာ အားကျသလို ငေးကြည့်နေဆဲ။

“ လာ မိဆု ဘာတွေစိတ်ဝင်စားနေတာလဲ စာကျက်သင်စရာကို အာရုံစိုက် သွားမယ် ”

သူ့ဆိုတော့ မိဆုခေါင်းကလေးညိတ်ကာ သူ့နောက်က လိုက်၏။

ခြံထဲကပိတောက်ပင်ရိပ်အောက်မှာ အားကစားလေ့ကျင့်ခန်း လုပ်နေသော ရောင်စဥ်ကို သူ တစ်ချက်လှည့်မကြည့်ဖြစ်ပေမယ့် မိဆုက လှည့်ငေးနေသေးသည်လားတောင်မသိ။

“ လာ မိဆု ခြံထဲက လင်းလင်းရှင်းရှင်းရှိလို့ အဲဒီမှာပဲ သင်ပေးမယ် နင် ထမင်းကောစားပြီးပြီလား ”

“ စားခဲ့ပါတယ် ကိုညီ ”

“ မစားရသေးရင် ပြောနော် အားမနာနဲ့ နင့်အိမ်မှာလည်း





ဒါတို့ အားမနာတမ်း စားကြတာ ကြားလား ”

“ မိဆု တကယ် စားခဲ့တာပါ ကိုညီရဲ့ မစားတော့ပါဘူး ”

“ ကဲ ဒါဆို ထိုင်ခုံမှာထိုင် ဒီနေ့မှ စာသင်မှာဆိုတော့ စာမသင်ခင် အရင်ဆုံး နင့်ကိုစာမေးမယ် ဘယ်ဘာသာရပ်က အားနည်းသလဲ သိထားမှဖြစ်မယ် စာအုပ်ထုတ် ”

ခြံထောင့်က စံပယ်ရုံနံဘေးမှာ စားပွဲဝိုင်းလေးနှင့် မိဆုကို သူ စာသင်ပေးရသည်။

အိမ်ကြီးရဲ့ ဝရံတာပြတင်းတံခါးလိုက်ကွယ်က လှမ်းကြည့်နေသော ရောင်စဥ်ကိုလည်း နှစ်ဦးစလုံး သတိမထားမိကြပါ။

အဆိုတော်တစ်ယောက် ဖြစ်ရမည်ဟု ကြွေးကြော်ထားသော လွှင်ပြင် ဘာတွေစိတ်ကူးပြောင်းကာ ကျူရှင်ဆရာလုပ်နေသည်မသိ။

ရောင်စဥ် မျက်မှောင်ကလေးကုပ်ကွေးရင်း ပြတင်းတံခါးက ခွာလိုက်သည်။

ရေမိုးချိုး အဝတ်အစားလဲပြီး ဧည့်ခန်းမှာ ဒယ်ဒီကို ထွက်စောင့်ထိုင်နေချိန်လေးမှာ မိဆုကို ခြံဝအထိ ပြန်လိုက်ပို့ပေးဖို့ လွှင်ပြင် လာတာကို ရိပ်ခနဲမြင်လိုက်ရ၏။

ရောင်စဥ် စိတ်မဝင်စားသလို သတင်းစာကို ဖွံ့ဖတ်ရင်း မကြည့်ဟန်ဆောင်နေသည့်တိုင် ခြံတံခါးအပြင်မှ လွှင်ပြင်ကို လက်ကလေးပြ

နှုတ်ဆက်သွားသော မိဆု အပြုအမူလေးကိုတော့ မြင်ဖြစ်အောင် မြင်လိုက်မိသေး၏။

ဘာကြောင့်မှန်းမသိ ရောင်စဥ်နှုတ်ခမ်းလေးမဲ့ကာ ပြုံးလိုက်မိတာအမှန်။

✿ ✿ ✿ ✿ ✿



## အခန်း (၁၆)

ကိုယ့်အလုပ်နှင့်ကိုယ် မနက်သွား ညနေမှပြန်တာမို့ သည်မြင်ကွင်းမျိုးကို ရောင်စဥ်မမြင်ခဲ့သည့်ရက်တွေက များသည်။

တနင်္ဂနွေအလုပ်ပိတ်ရက်တွေဆိုလျှင်တော့ တမင်စောင့်ကြည့်တာ မဟုတ်ဘဲနှင့်တောင် မြင်ရတတ်၏။

စနေတနင်္ဂနွေကျောင်းပိတ်ရက်ဆိုလျှင် ဗညားညီမ ဆုမြတ်သွယ် မနက်ပိုင်းကတည်းက လွင်ပြင်ဆီရောက်လာတတ်သည်တဲ့။ ဒေါ်လေးခိုင် ပြောပြတာမို့ ရောင်စဥ်သိခဲ့ရသော စကားတွေပဲဖြစ်သည်။

“ မောင်ဗညားညီမလေးက ကျူရှင်မတက်နိုင်ဘူးလေ သမီးလေးရဲ့ ဒါကြောင့် သားက စာသင်ပြပေးနေတာ စနေတနင်္ဂနွေဆို တစ်နေ့လုံး သင်ပေးပြီး ကျန်တဲ့ရက်တွေတော့ ကျောင်းဆင်းပြီး ညနေပိုင်း သင်ပေးတာပေါ့ သားက မိဆုလေးကို သနားလို့ နှစ်ချင်းပေါက်အောင်

ဂရုစိုက်တယ် စနေတနင်္ဂနွေဆို အိမ်မှာပဲ ထမင်းစားခိုင်းပြီးကို သင်ပေး နေတာကွဲ့ ပညာဒါနပေါ့ကွယ် မောင်ဗညားနဲ့ကလည်း သူငယ်ချင်း ရင်းချာတွေကိုး သမီးရဲ့ ”

“ ဒေါ်လေးခိုင် သားကတော့ တကယ့်ကုသိုလ်ရှင်ကြီးပဲနော် အလကားစာသင်ပေးရုံတင်မကဘူး ထမင်းပါကျွေးသေးတာကိုး လေးစား လောက်တယ် ”

“ မိဆုလေး ဘဝကို စာနာလို့တဲ့ သမီးရဲ့ ဒေါ်လေးခိုင်ကလည်း ကလေးမလေးကို သနားမိတယ် သူတို့မောင်နှမခမြာ အဖေကလည်း မရှိရှာတော့ဘူး အမေအိုကြီးနဲ့ နေကြရှာတာမဟုတ်လား ”

“ အင်း ဗညားတို့မိသားစုအကြောင်း ရောင်စဉ်သိပါတယ် အဆိုတော်ကြီး လုပ်မယ်ဆိုတဲ့ လွင်ပြင်ညီ စိတ်ကူးပြောင်းပြီး ကျူရှင် ဆရာလိုင်းပြောင်းသွားသလား သိချင်လို့ မေးကြည့်တာပါ ဒေါ်လေးခိုင်ရဲ့ အဟင်း. . . ဟင်း ”

“ အင်း သားအလုပ်ကြီးကို ဒေါ်လေးခိုင်လည်း မကြိုက်ပါဘူး ခက်တာက သမီးလေးဒယ်ဒီ ကိုမောင်မောင်စိုးကိုယ်တိုင်က အားပေးခွင့်ပြု ထားတော့ ပြောရခက်နေတယ် အခုပဲ လေးလကျော်နေပြီ ဘာမှ အဆင်ပြေတာတစ်ခု မကြားရသေးဘူးလေ ”

“ ဒေါ်လေးခိုင်သားက မာနခဲလေ ဘယ်သူ့အကူအညီမှ မယူ





ချင်ဘူးလို့ ကြွေးကြော်ထားတာ ဒယ်ဒီက လိုအပ်တဲ့ငွေကြေး သုံးနိုင်အောင် ချက်လက်မှတ်ထုတ်ပေးတာတောင် သူ့အစွမ်းအစနဲ့ပဲ ကြိုးစားမယ်တဲ့ လေ ”

“ အင်း အဲဒါ ဒေါ်လေးခိုင်သိတယ် သမီးဒယ်ဒီပေးထားတဲ့ ချက်လက်မှတ်ကိုတောင် ဒေါ်လေးခိုင်ဆီ အပ်ထားတယ် သူ ယူမထား ဘူး”

“ လွင်ပြင်တို့အခြေအနေကို ဒေါ်လေးခိုင် ဘာကြားထားသလဲ ဟင် သူတို့စီးရီးကိစ္စဘာတဲ့လဲ ”

“ ဟိုတစ်ရက်က ဗညားနဲ့မောင်သီဟဇော်တို့ ရောက်လာပြီး ပြောနေတဲ့ပုံအရဆိုရင် သူတို့ကို ငွေစိုက်ထုတ်ပေးမယ့်သူ အခုထိ ရှာမတွေ့သေးဘူးဆိုလားကွယ် မသိပါဘူး ”

ရောင်စဉ်နှုတ်ခမ်းလေး တွန့်ကွေးပြုံးမိသည်။

လွင်ပြင်တန်ဖိုးထားနေတဲ့ မာနတရားတွေက ငွေကြေးဆိုတဲ့ အရာကို အနိုင်ယူနိုင်မှာတဲ့လား။

စောင့်ကြည့်ချင်သေးတယ် လွင်ပြင်။

နင့်မာနတွေ ဘယ်လောက်အထိ တောင့်ခံနိုင်မှာလဲ။ နင့် ညည်ရွယ်ချက်ဟာစ်ခုကို မာနစိတ်နဲ့ အံတင်းဖျက်ဆီးခံနိုင်သလား။

နင့်ဆုံးဖြတ်ချက်ကို ငါမြင်ကြည့်ချင်လိုက်တာ လွင်ပြင်။

✿ ✿ ✿ ✿ ✿

## အခန်း (၁၇)

“ လတ်တလောမှာ ငါ့အတွက် ရွေးစရာလမ်း မရှိတော့တာ အမှန်ပဲကွာ အဖေက ပတ်စပို့စ်ကိစ္စတွေ အကုန်စီစဉ်ပြီးနေပြီတဲ့ ”

သီဟဇော်စကားက ပြောင်းလဲဖို့ အခြေအနေမရှိလောက် အောင်ကို သေချာနေခဲ့ပြီဆိုသည့် သဘောဟု သူတို့နားလည်သည်။

ခုချိန်မှာလည်း သီဟဇော်ကို သူတို့မတားမြစ်ချင်ပါ။ မရေမရာ သော အခြေအနေကြီးကို ထိုင်စောင့်နေရမည့် အခြေအနေနှင့်စာလျှ သီဟဇော်ဖခင် အစီအစဉ်က အဆင်ပြေကောင်းမွန်နေတာလည်း အမှန်

“ ငါ့စိတ်အတိုင်းဆို အဖေသွားခိုင်းတဲ့ စင်ကာပူမှာ အလုပ် သွားလုပ်ရမယ့်ကိစ္စကို စိတ်မပါဘူး ငါ့ဝါသနာနဲ့လမ်းကိုပဲ လျှောက်ချ တယ် ဒါပေမဲ့ အဖေလက်ခံနိုင်အောင် ငါ့ဘက်က အာမခံချက်တစ် မပေးနိုင်တဲ့ အခြေအနေဆိုတော့ ငါ ဘာမှမတတ်နိုင်ဘူးကွာ ”





“ မင်းဆုံးဖြတ်ချက်မှန်ပါတယ် သီဟရာ လက်ရှိအခြေအနေမှာ ငါတို့အိပ်မက်တွေက အိပ်မက်တစ်ခုလို ဖြစ်နေတဲ့ အခြေအနေလေ မင်းအဖေက မင်းအနာဂတ်အတွက် စီစဉ်တာကို မငြင်းသင့်ပါဘူး ”

ဗညား တွေးတွေးဆဆနှင့် ဝင်ပြောသည်။ သူလည်း ပင့်သက် ရှိုက်ရင်း ခေါင်းညိတ်လက်ခံမိ၏။

“ ဟုတ်ပါတယ် သီဟဇော် ဗညားပြောသလိုပဲ ငါတို့မှာက အခြေအနေတစ်ခုကို ပုံသေချပြလောက်တဲ့ ခိုင်မာမှုတစ်ခုတောင် မရှိဘူး ခုချိန်ထိ လေးလကျော်လုံးလုံး ယောင်ချာချာဖြစ်နေရတဲ့ဘဝကြီးကို မင်းရွေးချယ်ရင် မိုက်မဲရာကျမှာပေါ့ ကိုတိုး မင်းကော လက်ခံတယ် မဟုတ်လား ”

“ အေးကွာ ငါ့အိမ်မှာလည်း ဒီကိစ္စကြောင့် ငါ့ကို အမြင် ကြည်တော့ဘူး ငွေသိန်းချီ စိုက်ထုတ်ပေးရလောက်အောင်လည်း ကြွယ်ဝဘူးတဲ့ နောက်ဆုံးရှိတဲ့အိမ်နဲ့ခြံ ပေါင်နှံပေးမယ်ထားဦး ငါတို့ မျှော်လင့်သလို ဖြစ်နိုင်မှာလား မေးတော့ ငါ မဖြေရဲခဲ့တာ ဝန်ခံပါ တယ်ကွာ”

လတ်တလော သူတို့သိရှိထားခဲ့ရသော အခြေအနေတွေကို ချိန်တွက်ပြီး စီးပွားရေးလုပ်ငန်းတစ်ခုလို အပိုင်ပြောလို့ မရနိုင်သည့် ကိစ္စကြီးမှာ ကိုတိုးမိုက်မဲစွာ ကတိပေးရဲမှာမဟုတ်ပါ။

သိန်းချီရင်းနှီးစိုက်ဝင်ပြီးမှ ငွေကြေးဆုံးရှုံးခဲ့လျှင် ဘယ်လိုရင်ဆိုင်ဖြေရှင်းရမည်နည်း။

" ငါတို့အားလုံး အဖြေတစ်ခုကိုတော့ ပြတ်ပြတ်သားသား ဆုံးဖြတ်သင့်ပြီ "

" မင်း ဘာကိုဆိုလိုတာလဲ ဗညား "

ဖျာပေါ်မှာ ချထားသော ဂစ်တာကို ဗညားငေးစိုက်ကြည့်နေရင်း သူ့ကို မော့ကြည့်သည်။

" ငါတို့ ဒီအတိုင်း ဆက်ရပ်တည်နေလို့ မသင့်တော့ဘူးလေကွာ တို့အဖြစ်က မိုးပေါ်က ဖိုးလမင်းကို မော့ကြည့်ပြီး ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ပေးပါလို့ တောင်းဆိုနေတဲ့ ကလေးတွေလို ဖြစ်နေပြီထင်တယ် တစ်ခါတလေမှာ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ရွေးချယ်သင့်တယ် အခု သီဟရွေးချယ်လိုက်တာ မှန်တယ်လို့ ငါထင်တယ်ကွာ "

ကျောင်းသားဘဝတစ်လျှောက်လုံးက ယုံကြည်စွာနှင့် မက်ခဲ့သော အိပ်မက်။ စွဲလန်းခဲ့သော ဝါသနာ၊ ပြင်းထန်ခဲ့သော စိတ်ဓါတ်ခွန်အားတို့ ဗညားဆီက ဘယ်လိုပျောက်ကုန်တာလဲ သူမမေးရက်နိုင်ပါ။

တကယ်ဆို သူကိုယ်တိုင်လည်း ရင်ထဲမှာ ခိုင်ကျည်ခဲ့သော ယုံကြည်ချက်တို့ ပျောက်ဆုံးလုလုဖြစ်ခဲ့တာအမှန်။

" ငါတို့တွေ ခံစားချက်တွေကို ဖြေဆေးတစ်ခုနဲ့ ကုစားဖို့တော့





လိုမယ်ထင်တယ် "

သီဟဇော်က အားလုံးမျက်နှာကို နားလည်စွာကြည့်ရင်း ဆိုသည်။

သုံးယောက်စလုံး ငြင်းပယ်ဖို့ မကြိုးစားမိခဲ့။

ထုပ္ပနေသော ဦးနှောက်တွေကို ရီဝေမှိုင်းမှုံသွားစေချင်တာပဲ ရှိ၏။

ဆိုင်မှလမ်းခွဲပြန်ခဲ့တော့ သူနှင့်ဗညားကတစ်တွဲ။ သီဟဇော်နှင့်ကိုတိုးက တစ်တွဲ။ နှုတ်ဆက်လမ်းခွဲဖြစ်ကြသည်။

" မင်း မြို့ရှေ့အထိ ငါလိုက်ပို့ပေးရမလား လွင်ပြင် "

သူ့အတွက် စိုးရိမ်စွာနှင့် ဗညားက မေးသည်။ သူ ခေါင်းကို အသာခါရမ်းပြရင်း

" ငါ မင်းကို တစ်ခုမေးမလို့ ဗညား "

ဗညားက မေးလေဟူသော သဘောနှင့် မေးဆတ်ပြသည်။ ဘီယာဆိုင်လေးထဲမှာတုန်းက မမေးဖြစ်ခဲ့သော စကားတစ်ခွန်းကို သူမေးဖို့ ဗညားမျက်နှာကို စူးစိုက်ကြည့်မိ၏။

မသောက်စဖူး သောက်ထားတာမို့ ဘီယာအရှိန်နှင့်တောင် သူ့ခေါင်းတွေ ချာလည်ချင်နေခဲ့သည်။

" မင်းအနာဂတ်အတွက် ဘာဆက်လုပ်မယ် ဆုံးဖြတ်ထား

သလဲ ”

ပင့်သက်ရှိုက်ရင်း ဗညား သူ့မျက်နှာကို မော့ကြည့်သည်။

ဆိုင်ထဲတုန်းက သီဟဇော်အတွက် အကြိုနှုတ်ဆက်ပွဲအဖြ စင်ကာပူမှာ အလုပ်သွားလုပ်တော့မည့် သီဟဇော်ကို ဂုဏ်ပြုသော ကြသည်။

ကိုတိုးကလည်း အိပ်မက်ဆန်လှသော ဝါသနာကြီးကို စွန့်က မိဘမောင်နှမ မိသားစုကျေနပ်အောင် အလုပ်တစ်ခု လုပ်တော့မည် ပြောခဲ့သည်။ သူနှင့်ဗညားသာ ရေငုံနှုတ်ပိတ်နေခဲ့ကြ၏။

“ ငါမေးတာ ဖြေဦးလေ ဗညား ”

“ ဘာလုပ်ရမယ်ဆိုတာ ငါ ဆုံးဖြတ်ပြီးပြီ လွင်ပြင် အမေ ညီမလေးအတွက် ငါဝင်ငွေပုံမှန်ရနိုင်မယ့် အလုပ်တစ်ခုတော့ လုပ်ရမယ်

“ မင်း ဝါသနာကို စွန့်လွှတ်လိုက်ပြီပေါ့ ဟုတ်လား ”

ဗညားနှုတ်ခမ်းတွေ ပြုံးလိုက်တာလား မဲ့လိုက်တာလား သ အသေအချာ မပိုင်းခြားနိုင်ခဲ့ပါ။

“ ငါ့အိပ်မက်တွေက ငါ့အိမ်က ဂစ်တာလေးလိုပဲ အခန်းထော က တိုင်လေးမှာ အိပ်ပျော်နေပါစေတော့ကွာ နောင်နှစ်ဆို ညီမလေ တက္ကသိုလ်တက်ရတော့မယ် အမေလည်း အရင်လို အလုပ်မလုပ်နို တော့ဘူး မိသားစုတာဝန်ကို ငါယူသင့်ပြီ လွင်ပြင် ”





ဗညားစကားတွေက သူ့ရင်ထဲကို စူးနစ်ဝင်သော မြားချက်တွေ မာ တိုးဝင်၏။ အားလုံးက မိသားစုအတွက် ဝါသနာတွေကို စွန့်လွှတ်ဖို့ ုံးဖြတ်လိုက်ကြပြီ။

သူ့အတွက်ကကော ဘယ်လိုဆုံးဖြတ်ရမှာလဲ။

“ ငါ့ကို ခွင့်လွှတ်ပါ လွင်ပြင် ”

ဗညား သူ့ပခုံးကို ဆုပ်ကိုင်ရင်း တောင်းပန်၏။ သူ ဗညား ခုံးကို တင်းကြပ်စွာ ပြန်ဖက်တွယ်လိုက်ရင်း

“ ဒါ ခွင့်လွှတ်ဖို့ တောင်းပန်ရမယ့်ကိစ္စ မဟုတ်ဘူး ဗညား င်းဆုံးဖြတ်ချက်က မှားယွင်းခဲ့တာမှ မဟုတ်ဘဲ မင်းမိသားစုအတွက် န်ပါတယ်ကွာ ငါ မင်းကိုနားလည်တယ် သူငယ်ချင်း ကဲ မိုးချုပ်နေပြီ င်း ပြန်တော့ ဗညား ”

လမ်းခွဲလေးအတိုင်း ဗညား ခေါင်းငိုက်စိုက် ဆက်လှမ်းသည်။ ူလည်း မာကျူရီမီးရောင်တွေ ထိန်လင်းနေသော လမ်းမကြီးအတိုင်း ဆက်လျှောက်ခဲ့သည်။

ခြံတံခါးက စေ့ရုံစေ့ထား၏။ သူပြန်မလာသေးတာကို ဦးမိုး သိနေသည်ထင်၏။ ခြံတံခါးကို အသာဖွင့်ကာ လှမ်းဝင်လိုက်တော့

“ နောက်ကျလှချည်လား မောင်လွင်ပြင် ”

“ အာ ဦးမိုး တံခါးပိတ်ဖို့ စောင့်နေတာလား ကျွန်တော်

နောက်ကျသွားတာ ဆောရီးဗျာ ''

'' ဟင် မောင်လွင်ပြင် မင်း အရက်တွေသောက်လာတာလား''

'' ရှူး ဘီယာပါ သူငယ်ချင်းတစ်ယောက် နှုတ်ဆက်ပွဲရှိလို့ ကျွန်တော် သွားတော့မယ်နော် ဦးမိုး ''

ဦးမိုးကို နှုတ်ဆက်ကာ တိုက်ကြီးအနောက်ဘက်က အိမ်လေးဆီသို့ လျှောက်ခဲ့ပြီးမှ အိမ်ထဲမဝင်ချင်သေးတာမို့ ခြံထဲက ခရေပင်လေးဆီ ရောက်ခဲ့၏။

ခရေပင်လေးအောက်က သည်ခုံတန်းလေးမှာ သူ ညစဉ် မက်ခဲ့သော အိပ်မက်တွေအားလုံး ဆုံးရှုံးခဲ့ပြီလား။

ခုံတန်းလေးပေါ် သူ ခြေပစ်လက်ပစ် လှဲအိပ်လိုက်ရင်း မျက်ဝန်း အစုံကို မှိတ်ပစ်လိုက်မိသည်။

အမူးရှိန်က အခုမှ တရိပ်ရိပ် တိုးလာတာလားမသိ။ ခုံတန်းမှာ ပက်လက်အိပ်နေသည့် အနေအထားက မျက်ဝန်းတွေဖွင့်ကြည့်မိတော့

ရီဝေသော အမြင်အာရုံထဲမှာ ရောင်စဉ် အိပ်ခန်းလေးကို မြင်သည်။ ရောင်စဉ် အိပ်ပျော်နေပြီထင်ရဲ့။ အခန်းမီးတွေ မှိတ်လို့။

နင်ကတော့ ငြိမ်းချမ်းစွာ အိပ်စက်နိုင်မှာပါ။ ငါ့မှာတော့. . .။

ဘဝမှာ ရှုံးနိမ့်ဖူးခဲ့တဲ့အရှုံးတွေကြောင့် ဒဏ်ရာတွေ အထပ်ထပ် ရခဲ့တာ ဘယ်သူသိနိုင်မှာလဲ။





နင့်ကိုငါ ရှုံးနိမ့်ခဲ့ပြန်ပြီလား ရောင်စဉ်။ ကျေးဖူးတရားဆိုတဲ့ လောင်းရိပ်အောက်မှာ ငါ့ချစ်ခြင်းကို ဖွင့်ဟခွင့်မရဘဲ ငါ ရှုံးခဲ့ဖူးတယ် ရောင်စဉ်။

အခုလည်း ငါ့မာနတွေ ထပ်ရှုံးနိမ့်ခဲ့ရပြန်ပြီ။ နင် ငါ့ကို လှောင်ရယ်နေပြီလား။

မှိတ်ထားသည့် မျက်ဝန်းထဲမှာတောင် ရောင်စဉ်လှောင်ပြုံးနှင့် မျက်နှာလေးက အရိပ်ထင်နေ၏။

သူ မျက်ဝန်းတွေ ပြန်ဖွင့်ကြည့်တော့လည်း ရောင်စဉ်။

'' နင် အရက်တွေ မူးနေတာလား လွင်ပြင် ''

မျက်ခုံးတန်းတန်းလေးတွေ စုကျုံ့ကာ မေးလိုက်သော ရောင်စဉ် မျက်နှာလေးကြောင့် သူ ခုံတန်းလေးပေါ်မှ ဝေါက်ခနဲ ထထိုင်မိ၏။

'' ရောင်. . . ရောင်စဉ်. . . နင်. . . နင် ''

'' ဘာကြောင့်နေတာလဲ နင်ခြံထဲက ခုံတန်းမှာ အိပ်နေတာ ငါမြင်လို့ ဆင်းလာတာ အအေးပတ်သေမှ အမဂ်လာဝင်နေဦးမယ် ''

'' ငါ့ဘာသာ တစ်ယောက်ထဲ လွ ံလပ်စွာ နေခွင့်ပေးပါ ရောင်စဉ် ငါတောင်းပန်ပါတယ် ''

နဖူးပေါ်ကဆံပင်တွေကို လက်နှစ်ဖက်နှင့် သပ်တင်ရင်း သူဆိုတော့လည်း ရောင်စဉ်မလှုပ်မယှက် ရပ်နေတုန်းရှိ၏။

ပန်နုရောင်ညဝတ်ဂါဝန်လေးကို ခါးကြိုးကလေး ချည်နှောင်ကာ ရပ်နေသော ရောင်စဉ်ကတော့ ဘယ်အချိန်ကြည့်ကြည့် သိပ်လှလွန်းနေသည်။

ဒီအလှတွေနဲ့ပဲ ငါ့နှလုံးသားကို နင်သိမ်းပိုက်သွားခဲ့တာပါ ရောင်စဉ်။

“ နင် ဘာဖြစ်နေတာလဲ လွင်ပြင် မသောက်စဖူးအရာတွေ သောက်လာတာ ဒေါ်လေးခိုင်သိရင် ခံစားဦးမယ် ”

“ ဒါ ငါ့သမိုင်းပါ ရောင်စဉ် ငါ့အဖေက လူဆိုးလူမိုက် အဲဒီ လူဆိုးလူမိုက်ရဲ့သွေး ငါ့ဆီမှာပါတာ ဆန်းတာမှမဟုတ်ဘဲ ”

“ အဟင်း နင့်အဖေက ဆိုးချင်ဆိုးမယ် မိုက်ချင်မိုက်မယ် နင့်လောက်တော့ မာနစိတ်ကြီးမယ် မထင်ဘူး လွင်ပြင် ”

ရောင်စဉ်စကားကြောင့် သူ ဟက်ခနဲ ရယ်လိုက်ရင်း ခေါင်းကို ညိတ်ပြမိ၏။

“ ဟုတ်လား အဲဒါတော့ ငါမသိဘူး ရောင်စဉ် ငါဆိုတဲ့ကောင်က အဖေဆိုတာ ဘယ်လိုပုံစံလဲဆိုတာတောင် မြင်ဖူးခဲ့တဲ့ကောင်မှ မဟုတ်ဘဲ အေး နင်သတ်မှတ်သလို ငါ မာနကြီးတယ်ဆိုတာ မငြင်းပါဘူး လွင်ပြင်ညီဆိုတဲ့ကောင်ဘဝမှာ တန်ဖိုးရှိတာဆိုလို့ ဘာတစ်ခုမှ မရှိခဲ့ဘူး လေ အရာအားလုံးဟာ အရိပ်တစ်ခုအောက်မှာ ရှုံးနိမ့်ခဲ့ရတယ် ဒါပေမဲ့





ငါ့မာနကိုတော့ ဘယ်တော့မှ ရှုံးနိမ့်မခံဘူး ရောင်စဉ် ”

“ နင် မရှုံးနိမ့်ဘူး ဟုတ်လား လွင်ပြင် တခြားသူအပေါ် ဟုတ်ချင်ဟုတ်လိမ့်မယ် ငါ့အပေါ်မှာတော့ နင် ယှဉ်ပြိုင်လို့မရဘူး နင် ငါ့ကို ရှုံးနိမ့်ဖို့က သေချာသလောက် ရှိနေပြီဆိုတာ နင့်မျက်ဝန်းတွေ နင့်အပြုအမူတွေက ဝန်ခံနေတယ် ”

သူ့ကို စူးစူးစိုက်စိုက် ကြည့်ရင်း ရောင်စဉ် ပြုံးယဲ့ယဲ့ ဆိုသည်။ သူ့အပြုအမူတွေက ရောင်စဉ် အကဲခတ်ရလွယ်အောင် ဟန်ဆောင်ခြင်း ကင်းမဲ့နေသည်လား။

“ အဲဒါ နင့်ထင်မြင်ယူဆချက်ပဲ ရောင်စဉ် ခုချိန်မှာ ငါ့အတွက် မျှော်လင့်ချက်တွေ ကင်းမဲ့ချင်ကင်းမဲ့နေလိမ့်မယ် ဒါပေမဲ့ ငါဘယ်တော့မှ နင့်ကိုထပ်မရှုံးနိမ့်စေရဘူး ရောင်စဉ် ”

“ ဘာရယ် ထပ်မရှုံးနိမ့်စေရဘူး ဟုတ်လား ဒါဆို နင့်စကားက ငါ့ကိုနင် ရှုံးနိမ့်ခဲ့ဖူးတဲ့ သဘောလား လွင်ပြင် ”

“ ဟုတ်တယ် ရောင်စဉ် နင့်ကိုငါ ရှုံးခဲ့ဖူးတယ် နင်မသိဘဲ ရှုံးနိမ့်ခဲ့တာ ”

“ ဟင် ”

ရောင်စဉ်နားမလည်နိုင်သလို မျက်မှောင်လေး တွန့်ကွေးကြည့်သည်။ ခြံထဲက မာကျူရီမီးရောင်အောက်မှာ ရောင်စဉ်မျက်နှာလေးက

ဝင်းမွတ်ရှင်းသန့်နေသည်။

ငါ့မျက်ဝန်းတွေထဲကို နင်မြင်နိုင်တယ်ဆို ငါ့နှလုံးသားထဲက ခံစားချက်ကိုတော့ နင်မမြင်နိုင်ဘူးလား ရောင်စဉ်။

" ငါ မူးနေတယ် ရောင်စဉ် ငါအိပ်ချင်ပြီ "

ခုံတန်းလေးပေါ်က သူ ဆတ်ခနဲ ထ,ထွက်ခဲ့တော့ ရောင်စဉ် မင်သက်စွာ ကျန်ရစ်ခဲ့သည်။

ငါ့မျက်နှာကိုတောင် လည်ပြန်မကြည့်ရဲလောက်အောင် နင် သတ္တိမဲ့သွားတာလား လွင်ပြင်။ ငါမသိဘဲ နင်ရှုံးနိမ့်ခဲ့သတဲ့လား။

အဲဒီစကားအတွက် ငါ နင့်ကို ကျေးဇူးတင်တယ် လွင်ပြင်။ တကယ်ဆို ငါကိုယ်တိုင်ကလည်း နင်မသိဘဲ နင့်ကို ရှုံးနိမ့်ခဲ့သူပါ။

မထင်မှတ်ဘဲ နင်အရင်ဆုံး ဝန်ခံသွားတဲ့အတွက် ငါ ကျေးဇူး တင်တယ် လွင်ပြင်။

✿ ✿ ✿ ✿ ✿



## အခန်း (၁၈)

" ဟင်. . . ကိုညီ. . . ကိုကို့ဆီလာတာလား "

ခြံတံခါးရှေ့မှာ သူ့ကိုမြင်လိုက်ကတည်းက အိမ်တံခါးက အပြေး ဆင်းကြိုရင်း မိဆုမေးသည်။

" ဗညားဆီ ဆိုတာထက် နင့်ဆီလာတာဆို ပိုမှန်လိမ့်မယ် မိဆု ပြောစမ်း နင် ငါ့ဆီမလာတာ နှစ်ရက်ရှိပြီ ဘာလို့လဲ "

" ဟို. . . ဟို. . . အဲ. . . အမေ နေမကောင်းလို့ "

တွန့်ဆုတ်ဆုတ်နှင့် သူ့မျက်ဝန်းအကြည့်တွေကို ရှောင်လွှဲ ပြောသော မိဆုစကားကို သူမယုံပါ။

" ငါ့ကို မညာနဲ့ မိဆု စာမေးပွဲက တစ်လတောင် မလိုတော့ဘူး မှန်မှန်ပြောစမ်း နင် ဘာဖြစ်လို့ မလာတာလဲ ငါ့ကိုမလိမ်နဲ့နော် "

မိဆု မဝံ့မရဲလေး သူ့ကို မော့ကြည့်သည်။ သူ တမင်မျက်မှောင်

ကြီးကုပ်ကာ မာထန်ထန်ကြည့်နေသော မိဆု မလိမ်ညာဝံ့ရှာပါ။

" ဟို ဟို မိဆု. . . ကိုညီကို အားနာလို့ ပြီးတော့ သနားလို့ပါ ကိုညီ "

" ဘာရယ် ဘာတွေလဲ သနားတာတွေကော အားနာတာတွေကော နင် ဘာကိုဆိုလိုတာလဲ မိဆု "

" ဟို. . . ဟိုလေ. . . ကိုကိုကပြောတယ်. . . ကိုညီ တော်တော် စိတ်ညစ်နေတယ်တဲ့ ကိုညီတို့လေးယောက်ရဲ့ စီးရီးကိစ္စ ပျက်သွားတဲ့ကိစ္စ ကြောင့်တဲ့ ကိုကိုအားလုံးပြောပြလို့ ကိုသီဟတို့ကိုတိုးတို့ အကြောင်းတွေပါ မိဆုကြားပြီးပြီ ကိုညီ "

" အဲဒါ ငါတို့ကိစ္စလေ မိဆုရဲ့ နင်နဲ့ဘာဆိုင်လို့လဲ "

" မိဆုတောင် အတော်စိတ်မကောင်း ဖြစ်ရသေးတာပဲ ကိုညီရယ် ခြံထဲမှာ ကိုညီတို့ ကိုကိုတို့ ဒီကိစ္စကို ဘယ်လောက်ထိ မျှော်လင့်ထားတယ် အိပ်မက်မက်ခဲ့ကြတယ်ဆိုတာ မိဆုအသိဆုံးပါ အခု ကိုညီတို့အုပ်စုက တစ်ကွဲတစ်ပြားဆီ ဖြစ်ကုန်တော့ ကိုညီ ဘယ်လောက် ခံစားရမယ်ဆိုတာ မိဆုသိတယ် ကိုညီစိတ်ညစ်နေချိန်မှာ မိဆုကို စာသင် နေရမှာစိုးလို့ မလာတာပါ ကိုညီရယ် "

မိဆုစကားကြောင့် သူ့ရင်ထဲမှာ ခံစားရတာတော့ အမှန်။ မိဆုဆိုတာ သူတို့အုပ်စု ဂစ်တာတီးကြတိုင်း သီချင်းတွေဆိုကြတိုင်း





လိုသမျှ ကူညီပြီး အနီးက ပြုံးပြုံးလေး နားထောင်အားပေးနေကျ ဖြစ်သည်။ အခုတောင် မျက်ရည်စလေးဝဲလို့ သူ့ကိုမိဆုကြည့်နေ၏။

" မိဆု. . . နင့်စိတ်ကိုငါသိတယ် ကျေးဇူးလည်းသိတယ် ဒါပေမဲ့ အဲဒီကိစ္စကိုမေ့လိုက် မနက်ဖြန်ကစပြီး ငါ့ဆီအရင်လို စာလာ သင်နော် ကြားလား "

" ဟုတ်. . . ဟုတ်ကဲ့ ကိုညီ မိဆုလာမှာပါ ဒီနေ့တောင် အမေနေမကောင်းလို့ပါ "

" ဒေါ်လေး ဘာဖြစ်တာလဲ သက်သာရဲ့လား "

" ညဘက်ဆို ချောင်းတွေတအားဆိုးပြီး ရင်ကြပ်လို့တဲ့ ကိုညီ စောစောကပဲ ဆေးသောက်ပြီး မှိန်းနေတယ် သက်သာနေပါပြီ "

" ဪ အိပ်နေရင် ငါဝင်မကြည့်တော့ဘူး မိဆု ဗညားကော"

" ကိုကို ခြံထဲမှာရှိတယ် ကိုညီ "

" အေး ငါ ခဏဝင်သွားမယ် နင် မနက်ဖြန်တော့ လာဖြစ် အောင်လာနော် "

" စိတ်ချပါ ကိုညီ မိဆု လာမှာပါ "

" စာကြိုးစားစမ်း မိဆုရယ် နင် ဆယ်တန်းကို နှစ်ချင်းပေါက် အောင်စေချင်တာ ငါ့ဆန္ဒ တစ်နှစ်ပညာသင်စရိတ်က သေးတာ မဟုတ်ဘူး"

" မိဆု သိပါတယ် ကိုညီ ကိုညီဆီ မရောက်ပေမယ့် မိဆု ညတိုင်း အမေ့ကို့ စောင့်ဆေးတိုက်ရင်း စာကျက်ပါတယ် "

" အေး ညည်းစာကြိုးစားတာ ငါသိတယ် ဝမ်းလည်းသာတယ်ကွဲ ငါသွားမယ် မိဆု "

မိဆုခေါင်းကလေးကို ပုတ်ပြီး သူ နှုတ်ဆက်သည်။ သူ ခပ်လှမ်းလှမ်း ရောက်မှ မိဆု လှမ်းခေါ်သံကို ကြားရတာမို့ လှည့်ကြည့်မိ၏။

" ဘာလဲ မိဆု ဘာပြောမလို့လဲ "

" ဟို. . . ဟိုလေ ကိုညီကော ကိုသီဟနဲ့ကိုတိုးတို့လိုပဲ ကိုညီရဲ့ ဝါသနာကို စွန့်ပစ်လိုက်ပြီလား ဟင် "

မိဆုမျက်နက်ဝန်းလေးတွေ ဝိုင်းစက်လျက် သူ့အဖြေစကားကို ငံ့လင့်နေ၏။ သူ မိဆုကို ပြုံးပြုံးလေး စိုက်ကြည့်ရင်း ခေါင်းကို ခါရမ်းပြသည်။

"ဟင့်အင်း ဒီရက်မှာတောင် ငါ သီချင်းသစ်တစ်ပုဒ် ရေးဖြစ်တယ် ငါ့အတွက် ကြိုးစားဖို့အချိန်တွေ အများကြီးရှိနေတုန်းပဲ မိဆု အလွယ်တကူနဲ့ ငါ အရှုံးမပေးပါဘူး "

" ဟယ် ဝမ်းသာလိုက်တာ ကိုညီရယ် ကိုညီ လက်လျှော့ စိတ်ဓါတ်ကျသွားရင်တောင် မိဆုအားပေးစကားပြောမလို့ ကိုညီစကား





ကြားတာနဲ့ ဝမ်းသာသွားပြီ မိဆု ယုံတယ်သိလား ကိုညီ ရည်မှန်းချက်တွေ ပြည့်မှာပါ "

တောက်ပသော မျက်ဝန်းလေးတွေအထိ အပြုံးရိပ်တွေ ပြာလဲ့နေသော မိဆုကို သူ ခေါင်းဆတ်ပြရင်း ဗညားရှိရာ ခြံထဲဆင်းခဲ့သည်။

ဂန္ဓမာပန်းခင်းတွေထဲမှာ ခြံအလုပ်သမား နှစ်ယောက်နှင့် အလုပ်လုပ်နေသော ဗညား သူ့ကိုမမြင်ပါ။

" ဗညား "

" ဟာ လွင်ပြင် ငါ့ဆီလာတာလား မင်း ဒီနေ့မှ မလာရင် နောက်ကျ ငါ ပန်းခူးပြီးတာနဲ့ လာခဲ့မလို့ကွ "

" စာလာမသင်တဲ့ မိဆုကို လာဆူရင်း မင်းဆီဝင်လာတာကွ"

ဗညားလက်ထဲက ခက်ရင်းခွကြီးကို ပစ်ချလျက် သူ့ထံ လျှောက်လာရင်း

" မိဆုက မင်းကို အားနာလို့တဲ့ အမေကလည်း နေမကောင်းလို့ကွ "

" ငါနဲ့မိဆု တွေ့ပြီးပြီ ဗညား "

ဗညား သူ့ပခုံးကို လှမ်းဖက်ရင်း ပြုံးပြုံးကြီးကြည့်ကာ

" မိဆု မင်းကို အားပေးစကားတွေ ပြောလိုက်သေးရဲ့လား ဟားဟား ငါ့ကိုတောင် သူက ပြန်အားပေးတိုက်တွန်းနေတာကွ "

" မိဆု စိတ်ဓါတ်က မင်းထက်ပြင်းတယ် ဗညား ငါလည်း ဆုံးဖြတ်ထားပြီးပြီ ငါ အလွယ်တကူ အရှုံးမပေးဘူး ဒါ ငါ့ဘဝရဲ့ ရည်ရွယ်ချက် မျှော်လင့်ချက်တစ်ခု ပြီးတော့ ငါ ဒီပွဲမှာ ရှုံးနိမ့်ရင် ရောင်စဉ်ကိုလဲ ရှုံးနိမ့်မှာလေ "

" ခုချိန်မှာ ရောင်စဉ်ကတော့ သိပ်ကျေနပ်နေမှာပေါ့ "

" ငါ့မာနတွေ သူ့ရှေ့မှာ ဒူးထောက်ရမယ့်နေ့ကို သူ မျှော်လင့်နေမှာ သေချာတာပေါ့ကွာ ဒါပေမဲ့ ငါ မရှုံးနိမ့်သေးပါဘူး "

" မင်း ဆက်ကြိုးစားမယ်ဆိုတဲ့ သဘောလား လွင်ပြင် "

" သေချာတာပေါ့ ဗညားရာ သီဟအခြေအနေက တစ်ခုခုကို ဆုံးဖြတ်ရွေးချယ်ရမယ့် အခြေအနေမို့ သူ လက်လျှော့သွားတာ ငါလက်ခံတယ် ကိုတိုးမှာလည်း မိသားစုတွန်းအားကြောင့် မင်းမှာလည်း မင်းမိသားစုအတွက်ပါ ဒါတွေကို ငါနားလည်တယ် ငါကတော့ အချိန်ကာလတစ်ခုအထိ အခွင့်အရေးရှိတယ် ငါဖြစ်အောင် ကြိုးစားမယ် ငါနဲ့မေမေခိုင်ဘဝအတွက် ပြီးတော့ ငါ့ဝါသနာ ရည်ရွယ်ချက်နဲ့ ရောင်စဉ့်ကို မရှုံးနိမ့်ဖို့အတွက် ငါဖြစ်အောင် အစွမ်းကုန် ကြိုးစားမယ်ကွာ "

ဗညားက သူ့ပခုံးကို နားလည်စွာ ဆုပ်ကိုင်ဖျစ်ညှစ်ရင်း

" ကြိုးစားစမ်းပါ လွင်ပြင် မင်းအနားမှာ ငါရှိနေမယ် သူငယ်





ချင်း လက်တလောမှာ မိသားစုအတွက် ငါ ရုန်းကန်တာဝန်ယူနေရပေမယ့် ညီမလေးပြောသလို အခါအခွင့်သင့်တဲ့အချိန်မှာ ငါ့ဝါသနာအတိုင်း ငါ ကြိုးစားမှာပါကွာ "

" ဝမ်းသာတယ် ဗညား မင်းရှိနေတာ ငါ့အတွက် တအားပါပဲကွာ "

နှစ်ဦးသား ညာလက်ချင်း ခိုင်ကျည်စွာ ဆုပ်ကိုင်မိကြသည်။

မဟာဇနက မင်းသားတောင် ကမ်းမမြင်ပင်လယ်ထဲမှာ ဇွဲသတ္တိကြောင့် အောင်မြင်ခဲ့သေးတာပဲ။

ကံကြမ္မာရဲ့ဖေးမမှုက မေခလာနတ်သမီးလို ဘွားခနဲ မပေါ်လာဘူးလို့ ဘယ်သူပြောနိုင်မှာလဲ။

အခွင့်အလမ်းဆိုတာ မဖိတ်ခေါ်ဘဲ ရောက်လာတတ်တဲ့ ဧည့်သည်ပဲ မဟုတ်လား။

✿ ✿ ✿ ✿ ✿

## အခန်း (၁၉)

စနေ တနင်္ဂနွေရက်ဆို တစ်နေကုန် စာလာသင်တဲ့ မိဆ

နေ့လည်ဘက် အာရုံအပြောင်းအလဲဖြစ်အောင် လမ်းထိပ်လက်ဖက်ရည်

ဆိုင်မှာ ကော်ဖီတစ်ခွက် လိုက်တိုက်တတ်တာ ပုံမှန်။

ဒီနေ့လည်း နေ့လည်ပိုင်း သင်္ချာပုဒ်စာတွေတွက်ရင်း အိပ်ငိုက်

နေတဲ့ မိဆု အိပ်ချင်ပြေအောင် သူ လက်ဖက်ရည်ဆိုင်သွားဖို့ ခေါ်ခဲ့သည်

မိဆုရဲ့စက်ဘီးအနီလေးကို သူကိုယ်တိုင်နင်း မိဆုက

ကယ်ရီခုံမှာထိုင်လို့ လမ်းထိပ်ကဖေးဆိုင်ကလေးဆီ ထွက်ခဲ့၏။

လမ်းထိပ်မရောက်ခင် လမ်းမပေါ်မှာ ရပ်ထားတဲ့ ရောင်စဉ်

ကားကို လှမ်းမြင်ရတော့ သူ အံ့ဩသွားမိ၏။

သူ စက်ဘီးလေး ရောင်စဉ်ကားနံဘေးက အဖြတ်မှာ ရောင်စဉ်

ကားပေါ်က လှမ်းခေါ်သည်။





" လွင်ပြင်. . . လွင်ပြင် ခဏလေး "

ခေါ်သံကြောင့် သူ စက်ဘီးအရှိန်ကို လျှော့ပြီး မိဆုကို အရင်ချနိဆင်းခိုင်းရ၏။ ပြီးမှ စက်ဘီးလေးကိုတွန်းကာ ရောင်စဉ်ဆီ ပြန်လှည့်လျှောက်ခဲ့သည်။

" ငါ့ကား ဘက်ထရီဒေါင်းသွားလို့ စက်ရပ်သွားတယ် တစ်ချက်လောက် နောက်က တွန်းပေးစမ်းဟာ စက်ပြန်နိုးမလို့ "

အကူအညီတောင်းတာထက် စေခိုင်းတဲ့လေသံဆိုတာ သိပေမယ့် သူ မငြင်းဘဲ ကားကိုတွန်းပေးလိုက်သည်။

ကုန်းတက်ပိုင်းဖြစ်နေတာမို့ တစ်ယောက်တည်း အားစိုက်တွန်းတာတောင် ကားက လိမ့်သည်ဆိုရုံမျှလိမ့်၏။

" ဟော့ ဒီမှာ ညီမလေး မင်းပါတစ်ချက်လောက် ဝိုင်းကူပါလား"

အားမနာလျှာမကျိုး စက်ဘီးကလေး ကိုင်ရပ်နေသော မိဆုကိုပါ ရောင်စဉ် လှမ်းအကူအညီတောင်း၏။

မိဆု ခေါင်းကလေးညိတ်ကာ စက်ဘီးထောက်ထောက်ပြီး သူနှင့်အတူ ဝင်ကူတွန်းပေးရှာသည်။

နှစ်ယောက်စလုံး ကိုက်လေးဆယ် အကွာလောက်အထိ အားစိုက်တွန်းပေးလိုက်တော့မှ ကားစက်သံက ထွက်လာသည်။

" အိုခေ. . . ရပြီ "

စကားလေးတစ်ခွန်းသာ လွင့်ပျံ့ကျန်ခဲ့ပြီး ရောင်စဉ် ကားလေး ဝူးခနဲ မောင်းထွက်သွားခဲ့၏။ သူနှင့်မိဆုတို့ နှစ်ယောက်စလုံး ချွေးတဒီးဒီးကျ ကျန်ရစ်ခဲ့ရသည်။

" တွေ့တယ်မဟုတ်လား မိဆု ကျေးဇူးစကားလေးတစ်ခွန်းတောင် နင့်ကိုပြောဖို့ သတိမရဘူး "

" မမရောင်စဉ် အရေးကြီးလို့ နေမှာပေါ့ ကိုညီရယ် ရပါတယ်"

" တော်စမ်းပါ တမင်မပြောသွားတာ ငါသိတာပေါ့ ငါတို့က သူ့အရိပ်အောက်မှာ နေရတဲ့သူတွေဆိုတဲ့စိတ်နဲ့ သူ့မာနတွေ အရောင်လက်ပြနေတာ "

သူ ဒေါသထွက်နေမှန်းသိတော့ မိဆု နှုတ်ဆိတ်ကာ ငြိမ်သက်နေ၏။

ရင်ထဲက တနုံ့နုံ့ဒေါသစိတ်တွေကို လက်ဖက်ရည်ဆိုင်လေးထဲမှာ ပြေပျောက်အောင် သူကြိုးစားဖျောက်ခဲ့ရသည်။

အိမ်ပြန်ရောက်တော့ မိဆုကို ရူပဗေဒဘာသာရပ်က ပုဒ်စာတွေ သင်ကြားပြသနေတုန်းမှာ ကျယ်လောင်သော သီချင်းသံက စူးစူးဝါးဝါး ပေါ်ထွက်လာသည်။

အိမ်ထဲက ထွက်လာသော သီချင်းသံမဟုတ်။ ခြံထဲမှာ တမင်ကျယ်အောင်ဖွင့်ထားသော သီချင်းသံဟု သူသိသည်။





နိုင်ငံခြားရော့ခ်အဆိုတော်တစ်ဦး၏ ဆူညံသော သီချင်းသံကြောင့် သူ ဘယ်လိုမှ စာဆက်သင်လို့မရ။

" ခဏလေးနေဦး မိဆု "

မိဆုကို ထားရစ်ခဲ့ကာ သူ ခြံထဲလာကြည့်တော့မှ အဖြေကို သိလိုက်ရ၏။

သစ်ခွရုံတွေကြားထဲမှာ ဒရင်းဘက်နှင့် အကျအနထိုင်ကာ စီဒီစက်ကို ဘောက်စ်နှစ်လုံးတပ်ဖွင့်နေသော ရောင်စဉ်ကို တွေ့ရ၏။

မျက်ဝန်းအစုံမှေးစင်းကာ  သီချင်းသံနှင့်စည်းချက်လိုက်ဆိုနေသော ရောင်စဉ်အနားကို သူ ရောက်ခဲ့သည်။

" ရောင်စဉ်. . . "

ကျယ်လောင်သောစက်သံကြောင့် သူ့ခေါ်သံကို မကြား။ သူ အနားတိုးကာ ကပ်ပြီးကျယ်ကျယ်ခေါ်မှ မျက်ဝန်းတွေ ဖွင့်ကြည့်ရင်း

" ဘာလဲ. . . ဘာကိစ္စလဲ လွင်ပြင်. . . ဆို "

" ကျေးဇူးပြုပြီး နင့်သီချင်းကို အသံတိုးပေးလို့ မရဘူးလား"

" မရဘူး တမင်ကျယ်ကျယ် နားထောင်ချင်လို့ "

ရောင်စဉ် တမင်ညစ်နေမှန်း သူသိသည်။ အလိုမကျစွာ မှုန်ကုပ်နေသော သူ့မျက်နှာကို ဥပက္ခာပြုကာ မျက်ဝန်းတွေပြန်မှိတ်ပြီး သီချင်းသံမှာ ပြန်အာရုံဝင်စားသလို နေနေ၏။

သူ ချာခနဲလှည့်ထွက်ကာ မိဆုကို စာသင်နေသည့် စားပွဲလေးဆီ ပြန်ခဲ့၏။

" မိဆု စာအုပ်တွေ သိမ်းလိုက်တော့ နောက်ဆို တနင်္ဂနွေ တစ်ရက်ဆို နင့်အိမ်ငါလာသင်ပေးမယ် "

" ဟုတ်. . . ဟုတ်ကဲ့ "

ဘယ်လိုမှ စာသင်မရတော့သည့် အခြေအနေမို့ မိဆုကို ခြံဝအထိ လိုက်ပို့ကာ သူပြန်လွှတ်လိုက်ရသည်။

မိဆုစက်ဘီးလေး နင်းထွက်သွား၍ သူ ပြန်လှည့်လာတော့ သီချင်းသံလည်း တိခနဲ ရပ်သွားခဲ့သည်။

လှည့်ကြည့်တော့ သူ့ကို လှမ်းကြည့်နေသော ရောင်စဉ်ကို မြင်ရ၏။

လှောင်ရိပ်တွေက နှုတ်ခမ်းလေးပေါ်မှာ ပြုံးပြုံးလေး ထင်နေသည်။

သူ ချက်ချင်းပြန်မျက်နှာလွှဲကာ ခြေလှမ်းတွေက အိမ်လေးဘက်သို့ ဦးတည်လျက်။

✿ ✿ ✿ ✿ ✿



## အခန်း (၂၀)

အသေအချာပြန်တွေးကြည့်မိမှ နေ့လည်ခင်းက ရောင်စဉ် ပြုလုပ်ခဲ့သမျှတွေက သိပ်ကိုကလေးကလား ဆန်လွန်းသည့်လုပ်ရပ်တွေ ဆိုတာ ထင်ရှားလာ၏။

ခြံထဲက စက်ဘီးအတူစီးထွက်လာတာမြင်တော့ ဘာကြောင့်မှန်း မသိ ရောင်စဉ်ကားကို ဘရိတ်နင်း စက်ရပ်ကာ ငေးကြည့်နေမိခဲ့၏။

စက်ဘီးကို လွင်ပြင်က နင်းလို့ ဆုမြတ်သွယ်က နောက်ပါးမှာ ငြိမ့်ငြိမ့်ကလေး ပါလာသည့်မြင်ကွင်း။

ထိုတဒင်္ဂလေးမှာ ရောင်စဉ်ရင်ထဲက ခံစားရသည့် ဝေဒနာက ကိုယ်တိုင်ပဲ အသိဆုံးဖြစ်သည်။

အလိုမကျစိတ်တွေက တရိပ်ရိပ်တိုးလာရင်း ရုတ်တရက် ခေါင်းထဲဝင်လာသော စိတ်ကူးအကြံအစည်အတိုင်း တမင်ညစ်ပစ်လိုက်၏။

လွင်ပြင်ကိုလှမ်းခေါ်ကာ ကားကိုတွန်းခိုင်းသည်။ အဝါနုရောင် ဝတ်စုံလေးနဲ့ လွင်ပြင်ကို ကရုဏာမျက်ဝန်းတွေနှင့် ငေးကြည့်နေသော ကောင်မလေးကိုပါ ကားကိုတွန်းခိုင်းပစ်လိုက်၏။

နှစ်ယောက်စလုံး ချွေးတွေစီးကျ မောဟိုက်သွားတော့မှ မပျက် သော ကားစက်ကို အသာနှိုးကာ ရောင်စဉ်အိမ်ဘက် မောင်းထွက်ခဲ့တာ ဖြစ်သည်။

အိမ်ရောက်တော့လည်း ဒေါသတွေက မပြေနိုင်သေး။ သည် နှစ်ယောက် လက်ဖက်ရည်ဆိုင်မှာ မျက်နှာချင်းဆိုင် ထိုင်နေသည့် မြင်ကွင်းက အာရုံထဲက ဖျောက်ဖျက်မရ။

တနုံ့နုံ့တွေးရင်း ဧည့်ခန်းထဲက ထိုင်ခုံမှာ ရောင်စဉ်တစ်ယောက် တည်း ဆယ့်ငါးမိနစ်လောက် ထိုင်နေချိန်ထိတောင် ပြန်မလာကြသေး။

ဒါလား စာသင်ဖို့လာတာ။ လွင်ပြင်ကကော ဘာထူးလို့လဲ။ သူငယ်ချင်းညီမဆိုပြီး ဂရုစိုက်နေတာ လုံးဝကြည့်မရ။

နောက်ဆုံး ဒုက္ခပေးချင်စိတ်နှင့် ခြံထဲမှာ ဘောက်စ်နှစ်လုံး ထုတ်ပြီး ပြင်ဆင်ထားခဲ့သည်။

သူတို့ပြန်ရောက်လာပြီး စာသင်နေချိန်မှာ အသံကုန်ဖွင့်ပြီး နားထောင်ပစ်လိုက်၏။ လွင်ပြင်မကျေမနပ်နှင့် ရောက်လာတာလည်း မာထန်ထန်နှင့် ပြောပစ်လိုက်ခဲ့သည်။





ဒါတွေအားလုံးကို ရောင်စဉ် တမင်ရည်ရွယ်လုပ်မှန်း လွင်ပြင် သိနိုင်မည်။ ရောင်စဉ်ဘက်က လုပ်ရပ်တွေကလည်း သိပ်ကို ကလေးဆန် လွန်းနေခဲ့၏။

လွင်ပြင်ရယ်။ ငါ နှုတ်က ဝန်မခံပေမယ့် ငါ့လုပ်ရပ်တွေကို နင်ခံစားတတ်ရင် ငါ့ရင်ထဲကို မြင်နိုင်သင့်ပါတယ်။

ဘယ်အရာကိုမဆို အတ္တကြီးကြီးနဲ့ ပိုင်ဆိုင်ချင်ခဲ့တဲ့ ငါ့ဘဝမှာ ပိုင်ဆိုင်ခွင့်မရခဲ့တာ တစ်ခုပဲရှိခဲ့တယ်။ အဲဒါ နင့်ရဲ့အလေးပေးယုယမှု။

လွင်ပြင်ညီဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အကြင်နာကို ငါ မရခဲ့ပါဘူး။ ဒယ်ဒီ၊ ဒေါ်လေးခိုင်နဲ့ အားလုံးဟာ အရေးပေးသလောက် နင်ကတော့ ငါ့ကို မုန်းတီးနေခဲ့တယ်လို့ ထင်ခဲ့တယ်။

အင်းလေ ငါကလည်း နင့်အပေါ် တစ်ခါမှ အလျှော့ပေးခဲ့တာမှ မဟုတ်ဘဲ။ ဒယ်ဒီရဲ့ မေတ္တာတွေကို လုယူတဲ့သူ အဖြစ်နဲ့တောင် နှိပ်ကွပ် ခဲ့တာကိုး။

သက်တန့်ရောင်စဉ် အတွက်ဆိုရင် ဘယ်အရာကိုမဆို ပေးဆပ် လိုက်လျောဖို့ ဝန်မလေးတတ်တဲ့ ယောကျ်ားတွေအနားမှာ ဝိုင်းဝိုင်းလည် နေတာကိုလည်း နင်သိအောင် ငါ ဖန်တီးပြခဲ့တယ်။

ဒါပေမဲ့ နင့်ရဲ့ငါ့အပေါ် ဆက်ဆံမှုတွေက နကိုအတိုင်းပဲနော်။

ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့တဲ့ နင့်နှလုံးသားကို ငါ

ပိုပြီး တန်ဖိုးထား ချစ်တတ်လာတဲ့ အချိန်မှာလည်း နင့်ဘက်က ဟန်ဆောင်နေလွန်းခဲ့သေးတာပဲနော်။

နင့်ရင်ထဲက နှလုံးသားကို ငါမြင်သိခွင့်ရတဲ့ညလေးကိုတော့ ငါ ဘယ်တော့မှ မမေ့တော့ဘူး လွင်ပြင်ရယ်။ အဲဒီနေ့က နင်မူးနေ သတဲ့လား။ ဟင့်အင်း နင့်မျက်ဝန်းတွေထဲမှာ ဟန်ဆောင်ခြင်းတွေ တဒင် ပျောက်ဆုံးသွားခဲ့တာပါ။

ငါ မသိနိုင်ဘဲ နင်ရှုံးနိမ့်နေခဲ့တယ်ဆိုတဲ့ စကားတစ်ခွန်းရဲ့ အဓိပ္ပါယ်ကို ငါ သိခွင့်ရတာ နင်နဲ့ဒေါ်လေးခိုင် မရှိတုန်း နင့်အခန်းထဲက ခိုးဝှက်ဖတ်ရှုခွင့်ရတဲ့ နင့်ဒိုင်ယာရီမှတ်တမ်းလေးကြောင့်ပါ။

ငါ အတိုင်းမသိ ဝမ်းသာကြည်နူးမှုတွေနဲ့ ရင်ခုန်ခဲ့ရတာကို နင် မသိနိုင်ခဲ့ဘူးနော်။

တကယ်တော့ ဟန်ဆောင်ခြင်းတွေနဲ့ နှလုံးသားက အချစ်စိတ် ကို ကွယ်ဝှက်ထားခဲ့ကြတဲ့ နေရာမှာ နင်ကောငါပါ တူညီစွာရှိခဲ့ကြတာ သေချာတယ် လွင်ပြင်။

မာနတစ်ခုကလွဲရင် ဘာတစ်ခုမှမရှိဘူးဆိုတဲ့ နင့်စကားကတော့ သိပ်ကိုပြင်းထန်လွန်းတယ် လွင်ပြင်။ ဒါပေမဲ့

ငါ ကျေနပ်ခွင့်လွှတ်နိုင်ပါတယ်။ နင် အနိုင်ယူမယ်ဆိုရင် စိတ်ချမ်းသာမယ်ဆိုရင် အရှုံးပေးတတ်အောင်ကို ငါ့နှလုံးသားက နူးညံ့





…တတ်ခဲ့ပြီဆိုတာ နင်သိရင်။

အဲဒါ ချစ်ခြင်းတရားရဲ့ မမြင်နိုင်တဲ့ တန်ခိုးတစ်ခုလို့ နင် …ကြည်လက်ခံပေးပါ လွင်ပြင်ရယ်။

အချစ်ရဲ့တန်ခိုးစွမ်းအင်နဲ့ ကမ္ဘာကို သိမ်းပိုက်နိုင်တယ်ဆိုတာ …င်ယုံသလား လွင်ပြင်။

သက်တန့်ရောင်စဉ်ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ဘဝ၊ ကမ္ဘာကို …င် အနိုင်ယူသိမ်းပိုက်သွားခဲ့ပြီ လွင်ပြင်။

✿ ✿ ✿ ✿ ✿

# အခန်း (၂၁)

" ဟာ လွင်ပြင်ညီ လာကွာ ငါမင်းကို စောင့်နေတာ "

သုံးဆယ့်ငါးလမ်းထဲရှိ ထိုင်နေကျ ကဖေးဆိုင်လေးထဲက အပြေး ထွက်လာ ကိုဝေမှိုင်း သူ့ကိုခေါ်သည်။

" အစ်ကို ကျွန်တော့်ကို တွေ့ချင်တယ်လို့ အိမ်ကို ဖုန်းဆက် တယ်ဆို "

" အေး ဟုတ်တယ် သိပ်အရေးကြီးလို့ ငါ ခေါ်လိုက်တာ လာကွာ လက်ဖက်ရည်သောက် ဒီတစ်ခါတော့ မင်း ကံကောင်းတယ် ဒီမနက်ပဲ ငါ သီချင်းတစ်ပုဒ်အတွက် စရံကြိုရထားတယ်ကွ "

သူ့လက်ကို ဖွတ်ဆွဲကာ ခုံမှာဝင်ထိုင်ခိုင်းရင်း စားပွဲထိုးလေး ကိုပါ ကိုဝေမှိုင်း လက်ဖက်ရည်မှာသည်။

" သောက်ကွာ မုန့်လည်းစား ညီလေး "





" ရပါတယ် အစ်ကို ကျွန်တော်အိမ်က ထမင်းစားခဲ့တယ် "

" မုန့်တစ်ခုလောက်နဲ့ မင်းအစာအိမ်ကြွဲ မထွက်ပါဘူးကွ တစ်ခါ ငါ့ဒါနကို မငြင်းနဲ့ စားကွာ ပြီးရင် မင်းအတွက် ဝမ်းသာစရာ သတင်း ပြောပြမယ် "

" ဘာသတင်းလဲ အစ်ကို "

" အရင်ဆုံး စားပါဦးကွ အေးဆေးပေါ့ "

ကိုဝေမှိုင်း မျက်နှာက အပျော်တွေ ဝေနေသည်။ ဝမ်းသာစရာ သတင်းဆိုသော စကားကြောင့် သူ့စိတ်တွေလည်း လှုပ်ရှားကာ ကြားချင် နေသည်။

ဒါပေမဲ့ ကိုဝေမှိုင်း ဒါနပြုနေသော ကိတ်မုန့်နှင့်လက်ဖက်ရည် တစ်ခွက်ကို အရင်သောက်လိုက်ရ၏။

သူ စားသောက်ပြီးတော့မှ ကိုဝေမှိုင်းက ပြုံးပြုံးကြီးကြည့်ရင်း

" ငါ့စကားကြားချင်တာနဲ့ မင်းကသောကမျော မျိုချနေတယ် ထင်တယ် ဟုတ်လား ပြောပြမယ်ကွာ မင်းတို့အခွေကြမ်းကို နားထောင်ပြီး စိတ်ဝင်စားတဲ့ ပရိုဂျူဆာတစ်ယောက်က မင်းတို့နဲ့ တွေ့ချင်လို့တဲ့ "

" ဗျာ "

ရင်ထဲမှာတော့ လှိုက်ခနဲဝမ်းသာရသည်။ သို့ပေမယ့် တစ်ခါ သဖူး ပျဉ်ဖိုးနားလည်နေပြီမို့ ရဲရဲဝံ့ဝံ့ မပျော်ရဲပါ။ မျှော်လင့်ချက်တွေ

ကြီးမားခဲ့တာကြောင့် စိတ်ဓါတ်တွေလည်း ယိုင်နဲ့ခဲ့ရဖူးသည်ကိုး။

" ဒီတစ်ခါ ပရိဂျူဆာက ငါနဲ့သိပ်ရင်းနှီးတဲ့သူတော့ မဟုတ် ဘူးကွ ငါ့မိတ်ဆွေက ပြောပြလို့သိရတဲ့ ပရိဂျူဆာအသစ်ကွ အလားအလာ ရှိတဲ့ အသစ်တွေနဲ့ လုပ်ချင်တယ်ဆိုလို့ မင်းတို့အခွေကြမ်းကို ငါပေးလိုက် တာ အခု မင်းတို့နဲ့တွေ့ချင်တယ်တဲ့ "

" ကျွန်တော်တို့အဖွဲ့က အကုန်မရှိတော့ဘူး အစ်ကို သီဟာဇော်က စင်ကာပူထွက်သွားပြီ ကိုတိုးက အစိုးရဌာနတစ်ခုမှာ အလုပ် ဝင်နေတယ် လက်ရှိ ကျွန်တော်နဲ့ဗညားပဲ ကျန်တယ် အဲ လိုအပ်ရင် ကိုတိုးတော့ ခေါ်လို့ရမှာပါ "

" အရေးကြီးတာ မင်းပဲလေကွာ မင်းက အဆိုရှင်ပဲ သီဟာက သီချင်းရေးတဲ့သူဆိုတော့ လိုအပ်ရင် ဆက်သွယ်လို့ ရတာပဲ ဒီကောင် စင်ကာပူကနေ သီချင်းတွေပို့ပေးလို့ရတယ် မင်းလည်းဖန်တီးနိုင်တာ ပဲကွာ အဲဒါ ပြဿနာမဟုတ်ပါဘူး အရေးကြီးတာ အဲဒီပရိဂျူဆာနဲ့ တွေ့ဖို့ပဲ "

" ဘယ်နေ့တွေ့နိုင်မလဲ အစ်ကို ကျွန်တော့်ဘက်က အသင့်ပဲ"

" နေဦး ငါ အခုဖုန်းဆက်ပြီး မေးကြည့်ဦးမယ် "

ကိုဝေမှိုင်းကောင်တာဆီ လှမ်းသွားကာ ဖုန်းဆက်သွယ်နေ တော့ သူ ထိုင်စောင့်ရသည်။





ခဏကြာတော့ ကိုဝေမှိုင်း ပြန်လာရင်း

" အဆင်ပြေတယ် ညီလေး အဲဒီပုဂ္ဂိုလ်က သုံးဆယ့်ရှစ်လမ်းထဲ မှာ ရုံးခန်းဖွင့်ထားတယ်တဲ့ အခုလာခဲ့တဲ့ အစ်ကိုတို့သွားရအောင် "

ကိုဝေမှိုင်းနှင့်အတူ သူ တစ်ပါတည်း လိုက်ခဲ့ရသည်။

ဒုတိယထပ်မှာ ဖွင့်ထားသော ရုံးခန်းလေးထဲရောက်တော့ အသင့်စောင့်နေသော ရွှေကိုင်းမျက်မှန်နှင့်လူကြီးက အပြုံးနှင့်ဆီးကြို၏။

" လာကြ လာကြ ကျုပ် ခင်ဗျားတို့ကို စောင့်နေတာ "

စားပွဲဝိုင်းမှာ သူတို့ဝင်ထိုင်တော့ ကိုဝေမှိုင်းပေးထားသော အခွေကြမ်းလေးကို လူကြီးစားပွဲပေါ်မှာ တွေ့ရ၏။

" အရင်ဆုံး မိတ်ဆက်ပေးပါရစေ ကျုပ်နာမည် ဦးသက် ကောင်းပါ "

" ဟုတ်ကဲ့ ဝမ်းသာပါတယ် အန်ကယ်လ် "

ကိုဝေမှိုင်းက လက်ဆွဲနှုတ်ဆက်ရင်း သူနှင့်ထပ် မိတ်ဆက် ပေးတာမို့ ကိုယ်ကိုကိုင်းညွတ် နှုတ်ဆက်ရ၏။

" မောင်လွင်ပြင်ညီဆိုတာ မောင်ရင်လား မောင်ရင်တို့အခွေကို ကျုပ် နားထောင်ပြီးပြီ စိတ်ဝင်စားတယ် "

" ဟုတ်ကဲ့ ဝမ်းသာပါတယ် အန်ကယ် အန်ကယ် ဆန္ဒလေး သိပါရစေ "

" ကျုပ် ဆန္ဒက ရှင်းပါတယ် အခွေကြမ်းကို သဘောကျတယ် မောင်လွင်ပြင်ညီနဲ့ ညှိနှိုင်းပြီး အမြန်ဆုံး ဖန်တီးချင်တယ် ဒါကြောင့် ခေါ်လိုက်တာပဲ "

အခြေအနေအားလုံးက ထင်မှတ်ထားသည်ထက်တောင် အဆင်ပြေလွန်းနေခဲ့သည်။

ဦးသက်ကောင်းက သူတို့အရည်အချင်းကို အကြွင်းမဲ့ ယုံကြည်တာ အထင်အရှား။ သူတို့ဘက်က အနုပညာ အရည်အသွေးကို ဖန်တီးကုန်ကျစရိတ်မှန်သမျှ ဦးသက်ကောင်းဘက်က တာဝန်ယူသည်။

" မောင်ရင် လက်ခံမယ်ဆိုရင် စီဒီနဲ့ဗီစီဒီကို တစ်ခါတည်း ဖြန့်ချိနိုင်အောင် စီစဉ်မယ် ဖြန့်ချိရေးအပိုင်း ကြော်ငြာပိုင်းကအစ အန်ကယ် တာဝန်အပြည့်ယူပေးမယ် သီချင်းတွေကို မောင်ရင်တို့ စိတ်ကြိုက်ရွေး တီးပိုင်း စတူဒီယိုစိတ်ကြိုက်စီစဉ် အန်ကယ်ဘာမှ ဝင်မစွက်ပါဘူး ကွာလတီကောင်းကောင်းနဲ့ အကောင်းဆုံးဖြစ်အောင် စီစဉ်ကြတာပေါ့ "

ကံကြမ္မာက သူ့ဘက်မှာ အပြည့်အဝ ရှိနေခဲ့ပြီဆိုတာတော့ သေချာနေခဲ့ပြီ။

အတိုင်းမသိ ဝမ်းသာပီတိတွေနှင့် ဗညားကို အရင်ဆုံး အသိပေးတော့ ဗညား မယုံမရဲ အံ့သြဝမ်းသာနေ၏။





" မင်း. . . မင်း တကယ်ပြောတာလား လွင်ပြင် "

" ဟာ ဒါ နောက်စရာမှ မဟုတ်တာကွာ အခိုင်အမာ စာချုပ်မှာ ငါ လက်မှတ်ထိုးခဲ့ပြီးပြီ ငါတို့အိပ်မက်တွေ တကယ်မက်ခွင့်ရပြီ ဗညားရေ"

" ဟယ် ဝမ်းသာလိုက်တာ ကိုညီတို့ တကယ်ပဲ ဆန္ဒပြည့်ခဲ့ပြီပေါ့ မိဆုဝမ်းသာလိုက်တာ "

မိဆု မျက်နှာလေးဝင်းပလျက် လက်ခုပ်လက်ဝါးတီးကာ ပျော်နေ၏။

" မိဆု နင်လည်းစာမေးပွဲက ရက်ပိုင်းပဲ လိုတော့တယ်နော် အောင်မှဖြစ်မှာ မမေ့နဲ့ "

" စိတ်ချ ကိုညီ မိဆုကတိပေးတယ် မိဆုအောင်စေရမယ်"

မိဆုက သူ့ကို ရဲရဲဝံ့ဝံ့ ကတိပြုသည်။ ဗညားက ကိုတိုးကို သတိရစွာနှင့်

" ကိုတိုးကြားရင် သိပ်ဝမ်းသာမှာကွ ဒီညနေ ဒီကောင့်ရုံးအထိ လိုက်သွားပြီး ငါတို့ပြောပြရအောင် မင်းစီးရီးမှာ ငါတို့ဝင်တီးမှာနော် လွင်ပြင် "

" ဟ မတီးလို့ရမလားကွ မင်းနဲ့ကိုတိုးက အဓိကပဲ ပြီးတော့ တို့သူငယ်ချင်းသီဟဆီလည်း ဆက်သွယ်ရမယ် ငါ့အစွက် သီချင်းတွေ

ဆက်ရေးထားဖို့ ပြောရမယ် ''

'' ဒီကောင်သိရင်တော့ စင်ကာပူက ပြန်ပြေးလာချင်စိတ် ပေါက်သွားမှာ မြင်သေးတယ်ကွာ ''

ဗညားစကားကြောင့် သူ သီဟာဇော်မျက်နှာကို ပြေးမြင်မိသည်။

တစ်ချိန်က သူတို့လေးယောက် တွယ်မက်ယစ်မူးခဲ့သော ဘ လေးကို အမှန်တကယ် ပိုင်ဆိုင်ခွင့်ရခဲ့ပြီဆိုတာသာ ဒီကောင်သိရင်. . .

✿ ✿ ✿ ✿ ✿



## အခန်း (၂၂)

ခြံဝမှာ ရောင်စဉ် ကားလေးကို ရိပ်ခနဲ မြင်လိုက်ကတည်းက သူ့ ခရေပင်အောက် ခုံတန်းလေးက သုတ်ခနဲထထွက်ခဲ့ပြီးဖြစ်သည်။

ဦးမိုးဖွင့်ပေးသော ခြံတံခါးမှ ရောင်စဉ်ကားလေး မောင်းဝင်လာတော့ သူ ကွန်ကရစ်လမ်းမအလယ်မှာ ရပ်နေလိုက်၏။

'' ကျွီ. . . ''

'' နင် ဘာလုပ်တာလဲ လွင်ပြင် ကိုယ့်ကိုကိုယ် သေကြောင်းကြံတာဆိုရင် တခြားနည်းလမ်းတွေ အများကြီးရှိတယ် ငါ့ကိုဒုက္ခမပေးချင်ပါနဲ့ ''

ကားကလေးဘရိတ်နင်းသံနှင့်အတူ ရောင်စဉ်ရဲ့ ဒေါသသင့်သော စကားသံတွေကို သူ အပြုံးမပျက် နာခံရင်း

'' နင့်အတွက် သတင်းဆိုးတစ်ခု ပြောပြချင်လို့ ရောင်စဉ်

ဒီနေ့ပဲ ငါ့စီးရီးကို ထုတ်ဝေမယ့် ပရိုဂျူဆာတစ်ယောက်နဲ့ ငါ တွေ့ခဲ့ပြီးပြီ"

ရောင်စဥ်မျက်နှာပေါ်မှာ ပြောင်းလဲသွားမည့်အရိပ်တွေကို သူ ငေးစိုက်ကြည့်ရင်း တစ်လုံးချင်းပြောသည်။

အံ့သြပိုင်းစက်သွားသော မျက်ဝန်းထဲက အရိပ်တွေကို ရောင်စဥ် အလျှင်အမြန် ပြန်ဖုံးကွယ်ရင်း ကားတံခါးဖွင့်ဆင်းသည်။

" နင့်ရှေ့မှောက်မှာ ကျဆုံးခွင့်မရနိုင်တော့တဲ့ ငါ့မာနနဲ့ရှုံးနိမ့် ခြင်းအတွက် နင်နှမြောသွားသလား ရောင်စဥ် "

ရောင်စဥ် နှုတ်ခမ်းပါးလေးတွေ လှစ်ခနဲပြုံးသည်။ အပြာနုရောင် ကိုယ်ကြပ်အင်္ကျီလေးပေါ်မှာ ခါးတိုဝစ်စကုပ်လေးကို ထပ်ဝတ်ဆင်ထား သော ရောင်စဥ်ကို သူ ပြုံးပြုံးကြီး စိုက်ကြည့်နေလိုက်၏။

" နင်ပြောတဲ့အတိုင်း ငါ့အတွက် သတင်းဆိုးပဲ လွင်ပြင် ငါ မျှော်လင့်ထားကာ နင့်နှုတ်က ငါရှုံးပြီးလို့ ဝန်ခံတဲ့စကားလေ "

" စိတ်မကောင်းဘူး ရောင်စဥ် အဲဒီစကားကို နင် မျှော်လင့် ခွင့်မရှိတော့ဘူးဆိုတာ ငါ ကြိုပြောပြချင်လို့ "

လှပသောနှုတ်ခမ်းလေးတွေ လှပစွာပဲ ပြုံးရိပ်သမ်းတော့ ရောင်စဥ် သွားတန်းဖြူဖြူလေးတွေ လှစ်ခနဲ လျှပ်ပြက်သလို လင်းလက် ၏။

" သေချာလှချည်လား လွင်ပြင် ထီပေါက်ပြီးမှ ထီလက်မှတ်





ပျောက်သလို ဖြစ်နေဦးမယ်နော် နင်လိုချင်တယ်ဆိုတဲ့ ဘဝကို နင် တကယ်ပိုင်ဆိုင်ရပြီလား "

" နင် စောင့်ကြည့်လိုက် ရောင်စဥ် လွင်ပြင်ညီဆိုတဲ့ကောင်က မာနကြီးသလို ယုံကြည်ချက်လည်း ကြီးတဲ့ကောင်ပါ "

နှုတ်ခမ်းလေးတွန့်ကာ ရောင်စဥ် ပခုံးလေး ကျုံ့လှောင်သည်။

" နင်ထပ်ပြောလာမယ့် သတင်း•ဆိုးကို ငါ စောင့်နားထောင် ကြည့်တာပေါ့ဟာ "

စကားအဆုံးမှာ ရောင်စဥ် ကားတံခါးဖွင့်ကာ ပြန်တက်သည်။

" တစ်ခုတော့ ကျေးဇူးတင်တယ် ရောင်စဥ် နင့်ကြောင့် ငါ့မှာ မဖြစ်မနေလုပ်ပြမယ်ဆိုတဲ့ စိတ်ဓါတ်တွေ ခိုင်ကျည်ခဲ့ရတယ် အဲဒီ ကျေးဇူးအတွက် ဒီညနေ့နင့်ကိုငါ ဆပ်မှာပါ ငါ့ဘဝမှာ ပထမဆုံးရေးဖြစ်ခဲ့တဲ့ သီချင်းလေးကို ဒီညငါ ခြံထဲမှာဂစ်တာတီး ဆိုပြမယ် နင် နားထောင်ချင်တဲ့ ဆန္ဒရှိရင်ပေါ့ "

" အင်းလေ ငါ အိပ်မပျော်သေးဘူးဆိုရင်တော့ နားထောင် ဖြစ်ကောင်း ထောင်ဖြစ်မှာပေါ့ ဘာပဲဖြစ်ဖြစ် မကြာခင် နိုင်ငံကျော်မယ့် အဆိုတော်တစ်ယောက်ရဲ့ ဖျော်ဖြေပွဲကို ငါ မျက်လုံးတွေပြူးပြဲပြီး အိပ်မပျော်အောင် ချုပ်ထိန်းထားရမှာပေါ့ဟာ "

စကားအဆုံး ကားလေးငြိမ့်ခနဲ ထွက်သွားခဲ့သည်။ သူ ငေးငေး

လေးရပ်ကာ ကျန်ရစ်၏။

ငါ့အပေါ် အမြဲတမ်း ချိုးနှိမ်လှောင်ပြောင်ဖို့ နင် ဆုံးဖြတ်ကြံစည်ထားသလား ရောင်စဉ်။

ဒါ နင်ရဲ့မာနတရားတဲ့လား။

ငါကိုယ်တိုင်ကကော နင်ရဲ့ခံရခက်စရာကောင်းတဲ့ လှောင်ပြုံးလေးကိုမှ တွယ်မက်နေတော့လည်း . . .။

✿ ✿ ✿ ✿ ✿



## အခန်း (၂၃)

" × × အမှောင်ယံညတွေထဲ နင်မခြွေဘဲ လွင့်ကြွေတတ်တဲ့ တာရာကြယ်လေးများ × × မြင်နိုင်မလားချစ်သူ × × ဝေရီနံနက်ခင်းတွေထဲ နင်မခြွေဘဲ ကျဆင်းတတ်တဲ့ နှင်းစက်ပွင့်လေးတွေ × × မြင်နိုင်မလား ချစ်သူ × × "

ဂစ်တာသံသဲ့သဲ့နှင့် လွင့်မျောလာသော လွင်ပြင်သီချင်းက ဖွင့်ထားသော ပြတင်းတံခါးလေးက တိုးဝင်လာသည်။

ရောင်စဉ် သဲ့သဲ့ပြုံးရင်း နံရံလေးမှာ မှီရပ်နေလိုက်မိ၏။ ခရေပင်အောက်က ခုံတန်းလေးဆီကို လွင်ပြင်ဂစ်တာပိုက်ပြီး လှမ်းလျှောက်လာကတည်းက ရောင်စဉ်လိုက်ကာစကြားက မြင်တွေ့နေခဲ့တာပါ။

ညနေကတည်းက နင် ပြောသွားခဲ့တဲ့ စကားတွေအတွက် ငါ ရင်ခုန်မျှော်လင့်နေခဲ့ရတာ နင် သိနိုင်မှာ မဟုတ်ပါဘူး လွင်ပြင်။ ဒါပေမဲ့

နင် မော့ကြည့်လိုက်ရင် ညအိပ်မီးအလင်း ဖျော့ဖျော့လင်းပြီး ပွင့်နေတဲ့ ပြတင်းတံခါးလေးကြောင့် နင့်သီချင်းသံကို ငါနားထောင်နေတယ်ဆိုတာတော့ နင် ခန့်မှန်းမိလောက်မယ် ထင်ရဲ့။

“ × × ငါ့နှလုံးသားက အချစ်ပန်းဦး × × နင်မခြွေဘဲ လွင့်ကြွေသွား × × ဒါ ဘယ်လိုကံကြမ္မာရဲ့ ရက်စက်မှုလဲ × × ငါမသိနိုင်ဘူး ချစ်သူ × × နင်မခြွေဘဲ ကြွေတဲ့ ငါ့နှလုံးသားပန်းလေး × × ရှိပါစေတော့ ချစ်သူ × × ”

သီချင်းသံလေးက ရောင်စဥ်ရင်ထဲထိ စူးစူးရှရှ တိုးဝင်လာရသည်။ မျက်ဝန်းလေးတွေ မေးဆင်းငြိမ်သက်လို့ သီချင်းသံထဲမှာ ရောင်စဥ်နစ်မျောနားထောင်နေမိဆဲ။

“ × × ငါ့နှလုံးပန်းခရေ × × အရောင်ပြယ်လည်း × × ရနံ့မပြယ် × × ချစ်ခြင်းရဲ့ပန်းရနံ့ ထာဝရသင်းလှိုင်စေ × × အကြွင်းမဲ့ယုံတော့ချစ်သူ × × ”

သီချင်းသံလေးက ပျောက်ကွယ်သွား၏။ ဂစ်တာသံလေးက တစ်စတစ်စ တိမ်ဝင်ကာ ပျောက်သွားတော့မှ ရောင်စဥ်မျက်ဝန်းလေး ဖွင့်မိတော့သည်။

ပြတင်းလိုက်ကာစလေးကို အသာဟပ်ကာ ရောင်စဥ် ချောင်းကြည့်လိုက်မိ၏။





ခုံတန်းလေးမှာ ဂစ်တာလေးပိုက်ကာ ထိုင်နေဆဲ လွင်ပြင်မျက်နှာက ရောင်စဥ်ရှိရာ အခန်းဆီသို့ မော့ကြည့်၏။

ရှင်းသန့်နေသော မျက်နှာလေးကို ရောင်စဥ် လှမ်းမြင်နေရပေမယ့် လွင်ပြင်မျက်ဝန်းတွေကိုတော့ မမြင်နိုင်ပါ။

ဒါပေမဲ့ ရောင်စဥ် သိနေသည်။

သည်မျက်ဝန်းတွေထဲမှာ လွင်ပြင်ရဲ့ သိုဝှက်ထားသော နှလုံးသားကို ထင်ရှားစွာ မြင်နေရလိမ့်မည်။

ဂစ်တာလေးပိုက်ကာ လွင်ပြင် ခြံနောက်ဘက် အိမ်ကလေးဆီသို့ တရွေ့ရွေ့ ကျောခိုင်းထွက်သွားတာကို ငေးရင်း ရောင်စဥ် နွေးနွေးကလေးပြုံးမိသည်။

နင့်ရင်ထဲကို ငါမြင်နေရပေမယ့် ငါ့ရင်ထဲကိုတော့ နင် မမြင်နိုင်သေးပါဘူး လွင်ပြင်ရယ်။

တကယ်လို့ ငါ့ရင်ထဲက နှလုံးသားကို မြင်တွေ့နိုင်ခဲ့ရင် နင် အံ့သြသွားမလား။ ငါကိုယ်ငါတောင် အံ့သြမိတယ် လွင်ပြင်။

အချစ်ဆိုတာ အရာအားလုံးကို အနိုင်ယူနိုင်စွမ်းပါတယ်။ ဒါကို နင်ကိုယ်တိုင် သိနားလည်လာတဲ့ တစ်နေ့ကျရင် နင့်ရင်ထဲက အချစ်က နင့်မာနတွေကို ဖုံးလွှမ်းသွားမယ်လို့ ငါယုံတယ်။

ပြတင်းတံခါးလေးကို ပြန်ပိတ်ကာ အိပ်ရာထက်ကို ဝင်လှဲအိပ်

လိုက်မိပေမယ့် ရောင်စဉ် မျက်ဝန်းတွေ ချက်ချင်း အိပ်စက်မပျော်နိုင်။

လွင်ပြင်ကော သူမလိုပဲ ရှိနေမည်လား။ ဒိုင်ယာရီ စာအုပ်လေးမှာပဲ ခံစားချက်တွေကို အံထုတ်နေမည်လား။

လွင်ပြင်ရယ် အိပ်မက်ထဲမှာ တို့နှစ်ယောက် ဆုံကြရအောင်။ အဲဒီအချိန်ကျရင် နင်နဲ့ငါ ဟန်ဆောင်မျက်နှာဖုံးတွေ ခွာချထားရစ်ကြစို့နော်။

✿ ✿ ✿ ✿ ✿



## အခန်း (၂၄)

စီးရီးကိစ္စအတွက် ကိုတိုးသိတော့ သူ့စီးရီးမှာ ဝင်တီးပေးဖို့ လိုလားစွာပဲ ကတိပေးခဲ့သည်။

" မင်းဘယ်နေ့ အသံသွင်းမှာလဲ လွင်ပြင် အဲဒီရက်တွေကျရင် ငါ ခွင့်ယူပြီး တီးဖြစ်အောင်တီးမယ်ကွာ "

ကိုတိုးက အစိုးရဝန်ထမ်းတစ်ယောက် ဖြစ်နေသည်မို့ အသံသွင်းမည့်ရက်ကို ညှိနှိုင်းရသည်။ ဗညားကတော့ တက်ကြွနေသည်။

စင်ကာပူမှာ ရောက်နေသော သီဟဇော်က သူတို့ဖုန်းသတင်းကို ကြားတော့ မယုံနိုင်အောင် အံ့သြဝမ်းသာသွားသည်။

" ငါချက်ချင်းတောင် ပြန်လာချင်စိတ် ပေါက်သွားတယ်ကွာ လွင်ပြင် ငါ ထပ်ရေးဖြစ်တဲ့ သီချင်းတွေရှိတယ် မင်းအတွက် ပို့ပေးလိုက်မယ် ငါရေးထားတဲ့ သီချင်းမှန်သမျှ မင်းစိတ်တိုင်းကျ သုံးကွာ

မင်းစီးရီးထွက်ရင်တော့ ငါ့ဆီပို့ဖြစ်အောင်ပို့ပေး သူငယ်ချင်း ''

အခြေအနေတွေက အရှင်ကလိုမဟုတ်ဘဲ ပြောင်းလဲသွားခဲ့ပေမယ့် သူတို့လေးယောက်စလုံး ဝါသနာနှင့် စိတ်ဓါတ်တွေကတော့ ထပ်တူညီဆဲရှိနေသည်။

သီဟဇော်က အတူမရှိနိုင်တော့ပေမယ့် သူတို့သုံးယောက် တိုင်ပင်ကာ သီချင်းရွေးသည်။ အသံသွင်းသည်။

ကိုဝေမှိုင်းကလည်း အားတက်သရော ကူညီခဲ့၏။

ပရိုဂျူဆာဦးသက်ကောင်းကတော့ သူတို့စိတ်တိုင်းကျ လိုလေသေးမရှိ စီစဉ်ပေးခဲ့တာမို့လည်း အဆင်ပြေခဲ့သည်။

နှစ်ပတ်လုံးလုံး အသံသွင်းသည့်ကိစ္စတွေနှင့် လုံးထွေးလည်ပတ်နေခဲ့၏။

ဦးသက်ကောင်းက ဗီစီဒီကိစ္စအတွက်လည်း အသေအချာ စီမံထားသည်။

နာမည်ကျော်ရုပ်ရှင်သရုပ်ဆောင်တွေ မော်ဒယ်သရုပ်ဆောင်တွေနှင့် ဒါရိုက်တာကအစ ငွေကြေးအကုန်ကျခံကာ အကောင်းဆုံးရွေးချယ်သည်။

စီဒီနှင့်ဗီစီဒီကို တစ်ပြိုင်နက်တည်း ဖြန့်ချိနိုင်အောင် ဦးသက်ကောင်းဘက်က စနစ်တကျ စီစဉ်ထားသည်။





'' အားလုံးကတော့ အားရစရာတွေချည်းပဲ လွင်ပြင်ရေ ငါတော့ တို့အခွေအောင်မြင်မှာ သေချာတယ်လို့ ယုံနေတယ် ''

'' ဟုတ်တယ် ညီလေးတို့ရေ မင်းတို့စီးရီးက မထွက်သေးဘူးဟော့ဖြစ်နေပြီကွ ဂီတလောကတစ်ခုလုံး အာရုံစိုက်လာနေပြီကွ ''

ကိုဝေမှိုင်းကလည်း တက်ကြွစွာ မှတ်ချက်ပြုသည်။ ဂျာနယ်၊ မဂ္ဂဇင်းကြော်ငြာတွေမှာလည်း သူတို့ ပထမစီးရီး 'အိပ်မက်ပန်းတိုင်' က နာမည်ကျော်နေ၏။

ရန်ကုန်မှာသာမက နယ်မြို့ကြီးများမှာလည်း ကြော်ငြာဘုတ်တွေကို ဦးသက်ကောင်းက စီစဉ်ထားသည်။

'' ရုပ်သံမှာ ကြော်ငြာအတွက် ဗီစီဒီမထွက်ခင် နှစ်ပတ်တိတိ ထုတ်လွှင့်ဖို့ အန်ကယ်စီစဉ်ထားတယ် မောင်လွင်ပြင်ညီရဲ့ ပုံရိပ်ကိုပါ ကြော်ငြာထဲမှာ ထည့်သုံးမယ် ''

'' ဟာ ကျွန်တော် သရုပ်ဆောင် မတတ်ဘူး အန်ကယ် ဖြစ်ပါ့မလား ''

'' ဒါရိုက်တာနဲ့အန်ကယ် ညှိနှိုင်းပြီးပါပြီကွ မင်းပုံရိပ်ကို ရုပ်သရုပ်ဆောင်တွေနဲ့ ရောပြမှာပါ မိနစ်ပိုင်းစာလောက် ကြော်ငြာလေးပါကွာ တာမှမခက်ခဲဘူး အဲ ဒီနေ့လည်း ဂျာနယ်နဲ့မဂ္ဂဇင်းတွေက မောင်လွင်ပြင်ညီနဲ့ အင်တာဗျူးလေးဘာလေး လုပ်ချင်တယ်တဲ့ အဲဒီအတွက်လည်း

မင်းရှိနေမှဖြစ်မယ် ''

" အန်ကယ့်ဘက်က ငွေကြေးစိုက်ထုတ်ပြီး ဒီလောက်ကူညီထားတာကို ကျွန်တော်တို့ အရမ်းကျေးဇူးတင်ပါတယ် အန်ကယ် ''

" မင်းတို့အရည်အချင်းကို ပံ့ပိုးပေးတာပါကွာ တစ်ခါတရံမှာ အရည်အချင်းကို ထောက်ပံ့မေးမယ့်အရာက ငွေကြေးပဲကွ ''

သူ လက်ခံမိသည်။ ပရိုဂျူဆာဦးသက်ကောင်း စိုက်ထုတ်ထားသောငွေကြေးက သတ်မှတ်ထားသည်ထက်တောင် ကျော်လွန်နေခဲ့သည်။

သည်မျှ ငွေကြေးအတိုင်းအတာဆိုတော့လည်း သူ စိတ်လှုပ်ရှားရတာအမှန်။ တစ်စုံတစ်ရာလွဲချော်ပြီး ကံကြမ္မာဆိုးသွားခဲ့လျှင်တော့ တွေးရဲစရာ မရှိတော့ပါ။

သူ့ဘက်ကတော့ အကောင်းဆုံး ဖန်တီးကြိုးစားခဲ့သည်။

ကြော်ငြာရိုက်ကွင်းမှာလည်း ဒါရိုက်တာ စေခိုင်းသည့်အတိုင်း သရုပ်ဆောင်ပေးခဲ့သည်။

အရာအားလုံး အသင့်ဖြစ်နေချိန်မှာ ဦးသက်ကောင်း ကျေနပ်ပီတိတွေနှင့် တပြုံးပြုံးဖြစ်နေ၏။

သူတို့ကတော့ ရင်ခုန်စိုးထိတ်စွာနှင့် မမြင်နိုင်သော အနာဂတ်လေးကို ရင်ဖိုစွာ စောင့်ကြည့်ရုံသာ ရှိတော့သည်။

✿ ✿ ✿ ✿ ✿



## အခန်း (၂၅)

တီဗီရုပ်သံမှာ သူ စီးရီးကြော်ငြာလာတော့ မေမေခိုင် တအံ့တသြဖြစ်နေ၏။ အန်ကယ်စိုးကလည်း ဝမ်းသာကျေနပ်စွာ ချီးကျူး၏။

" မောင်လွင်ပြင် စီးရီးကထွက်တော့မှာကိုး မြို့ထဲက ကြော်ငြာဘုတ်တွေမြင်တော့ အန်ကယ် အံ့သြသွားတယ် အန်ကယ်ရုံးက ချာတိတ်တွေ ချာတိတ်မတွေကလည်း မင်းစီးရီးမှာ အာရုံဝင်စားနေကြတယ်ကွ"

" ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အန်ကယ်လ် စီးရီးထွက်ရင်တော့ အခြေအနေ ခန့်မှန်းနိုင်မှာပါ ကျွန်တော့်ပရိုဂျူဆာက အားသွန်ခွန်စိုက် ကူညီပေးထားတယ် ''

" အန်ကယ် ဘာကူညီရဦးမလဲ မောင်လွင်ပြင် ငွေကြေးထပ်လိုအပ်သေးလား ''

" မလိုပါဘူး အန်ကယ် အခု စီးရီးမှာလည်း အန်ကယ်

ကျွန်တော့်ကိုသုံးဖို့ ပေးထားတဲ့ငွေကို တစ်ပြားမှ ကျွန်တော်မသုံးပါဘူး

“ ဟင် ဘယ်လို မောင်လွင်ပြင် ”

“ ဟုတ်ပါတယ် အန်ကယ် အန်ကယ်ရဲ့ ငွေကြေးကို ကျွန်တော် ရင်းနှီးဖို့ မဝံ့ရဲဘူး စီးရီးက စီးပွားရေးလုပ်ငန်းတစ်ခုလို ခိုင်မာတိကျတဲ့ အရှုံးအမြတ်တွက်လို့ မရဘူး စွန့်စားလုပ်ရတဲ့ အခြေအနေပါ အန ပရိုဂျူဆာ ဦးသက်ကောင်းက ကျွန်တော့်ကို ရဲရဲဝံ့ဝံ့ တာဝန်ယူထုတ်လုပ် ပေးလို့ အဆင်ပြေသွားရတာပါ အန်ကယ် အန်ကယ်ရဲ့ ချက်စာအုပ် လေးကို မေမေခိုင်ဆီ ကျွန်တော်အပ်ထားပါတယ် ”

သူ့စကားကို နားထောင်ရင်း အန်ကယ်စိုး ခေါင်းတညိတ်ညိတ် ငြိမ်သက်သွား၏။ အတန်ကြာမှ ညှော့ခန်းထိုင်ခုံမှ ထရပ်ရင်း

“ အန်ကယ် ဝမ်းသာပါတယ် မောင်လွင်ပြင် မင်းအရည် အချင်းကိုလည်း ချီးကျူးပါတယ် ဒါပေမဲ့ တစ်ခုတော့ စိတ်မကောင်း ဘူးကွာ မင်းကိုအန်ကယ်က ကိုယ့်တူကိုယ့်သား တစ်ယောက်လို သံယောဇဉ်ကြီးခဲ့တာပါ အန်ကယ် မင်းဝါသနာကို ပံ့ပိုးပေးတဲ့ ငွေကြေး ဆိုတာကလည်း ဘာမျှော်လင့်ချက်မှ မပါဘူး ထားပါတော့ကွာ ဘာပဲ ဖြစ်ဖြစ် မင်းအတွက် အန်ကယ် ဝမ်းသာဂုဏ်ယူပါတယ် ”

အန်ကယ်စိုး ညှော့ခန်းထဲကထွက်ကာ အခန်းထဲ လှမ်းဝင်သွား ခဲ့သည်။ မေမေခိုင်က မျက်စိမျက်နှာပျက်နှင့် သူ့ကိုလှမ်းကြည့်ရင်း





“ သားစကားကြောင့် ကိုမောင်မောင်စိုး စိတ်မကောင်း ဖြစ်သွားပြီ ထင်တယ် ”

“ သေချာတာပေါ့ နင် ဒယ်ဒီစေတနာကို နားလည်ရင် ကိစ္စကို ဖွင့်မပြောသင့်ဘူး လွင်ပြင် ”

ရောင်စဉ်က သူ့ကိုစူးစူးနစ်နစ်လေးကြည့်ကာ မကျေမနပ် ဆိုသည်။

“ ဆောရီးပဲ ရောင်စဉ် အန်ကယ် စိတ်မကောင်းဖြစ်အောင် ဒါ မရည်ရွယ်ပါဘူး ဒါပေမဲ့ ငါ့ခံစားချက်အတိုင်း ငါ ရိုးသားစွာ ပြောမိတာ မှားယွင်းခဲ့ရင် တောင်းပန်ပါတယ် ကျေးဇူးတရားဆိုတာကို ဒါ တန်ဖိုးထားတယ် ဒါကြောင့်လည်း ငါနေရာတိုင်းမှာ အကူအညီ ယူချင်တာပါ ”

“ အဟင်း အဲ့ဒါ နင့်မာနပေါ့ ဟုတ်လား လွင်ပြင် မာနဆိုတာ တစ်မစ်အတိုင်းအတာတော့ ရှိသင့်တယ် ”

“ ငါ အန်ကယ်နဲ့ပတ်သက်ပြီး မာနတွေ မထားပါဘူး ရောင်စဉ် အန်ကယ်ကို ငါ့ရဲ့ကျေးဇူးရှင်တစ်ယောက်အဖြစ် ငါ အမြဲတမ်း လေးစား ကြည်ညိုခဲ့ပါ ”

“ ဒါဆို နင့်မာနတွေက ငါ့တစ်ယောက်အတွက် သီးသန့်ပေါ့ ဟုတ်လား ”

သူ တစ်စုံတစ်ရာ ပြန်ပြောဖို့ အခွင့်မရလိုက်ခင်မှာ
မေမေခိုင်က နှစ်ဦးကြားမှာ ဝင်ထိန်း၏။

" ကဲ ကဲ တော်ကြတော့ ကိုမောင်မောင်စိုးကြားသွား
သားတို့မောင်နှမ ရန်ဖြစ်နေတယ်ထင်ပြီး ထပ်စိတ်မကောင်းဖြစ်သွ
ဦးမယ် "

ရင်ထဲက စကားတွေကို သူ ရင်ထဲမှာပဲ မျိုသိပ်လိုက်ရသည်

" သားပေးထားတဲ့ ချက်စာအုပ်လေး ကိုမောင်မောင်စိုး
ပြန်ပေးရင်း မေမေခိုင် ပြောပြလိုက်မယ် သား "

" အန်ကယ်ကို သားတောင်းပန်ကြောင်း ပြောပြပေး
မေမေခိုင် "

စကားအဆုံးမှာ သူ ထရပ်သည်။ လှည့်မထွက်မီ
ရောင်စဥ်ကို လှမ်းကြည့်တော့ သူ့ကိုရောင်စဥ် မျက်လွှာပင့်ကြည့်နေ

သူ ဘာစကားမှ မဆိုဖြစ်ပါ။ ဧည့်ခန်းထဲက ပြန်လှည့်ထွက်
သည်။ ရောင်စဥ်မျက်ဝန်းက အမုန်းမြားက သူ့ကျောပြင်ကို လာစို
ဝင်ကြပြီလား မသိချင်။

ငါဆိုတဲ့ကောင်က နင်နဲ့ပတ်သက်ရင် အမြဲရှုံးနိမ့်ခဲ့တဲ့ကော
ရောင်စဥ်။ ဒါကို နင်သိလာတဲ့တစ်နေ့။

သိပ် အံ့ဩနေဦးမှာလား။

✿ ✿ ✿ ✿ ✿



## အခန်း (၂၆)

" ဟယ်. . . ကို. . . ကိုညီ ဘယ်ကိုလာတာလဲဟင် "

ကျောင်းဝင်းထဲက လှမ်းထွက်လာသော မိဆုမျက်ဝန်းလေးတွေ
ိုင်းစက်ကာ သူ့ကိုတအံ့တဩမေးသည်။

" ဘယ်လာရမှာလဲ မိဆုရဲ့ နင့်ဆီလာတာပေါ့ ဘယ်လိုလဲ
ဆိုကေလား "

" လုံးဝသေချာတယ် ကိုညီ ဘာသာစုံဖြေနိုင်ပါတယ် "

" ကဲ ဒါဆို လာ မိဆုကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီနေ့ မိဆု
သွားချင်တဲ့နေရာအနှံ့ လိုက်ပို့ပေးဖို့ ကိုယ်လာခဲ့တာ "

" မိဆု စာမေးပွဲဖြေပြီး နောက်နေ့မှ လိုက်ပို့မယ်ဆို မိဆုက
ဒီနေ့ရောက်လာမယ် မထင်တော့ အံ့ဩသွားတာ "

" မနက်ဖြန် ကိုယ်စီးရီးစဖြန့်မှာမို့ မအားဘူးကွ ဒါကြောင့်

ဒီနေ့ပဲ မိဆုကို လိုက်ပို့ပေးမလို့ မိဆုသူငယ်ချင်းတွေ ဘာတွေနဲ့ အ
အစဉ်ရှိလို့လား ''

'' ဟင့်အင်း မရှိပါဘူး ကိုညီရဲ့ ''

'' ကဲ ဒါဆို အိမ်ပြန် အဝတ်အစားလဲပြီး သွားကြတာ
မိဆု စိတ်တိုင်းကျ သွားချင်တဲ့နေရာ သွားလို့ရအောင် တီးဝိုင်းဆ
ကိုလှဇော်ရဲ့ကားကို ခဏဆွဲလာတာကွ ''

ကျောင်းအနီးအပြင်မှာ ရပ်ထားသော ကားလေးဆီသို့ ထွ
တော့ မိဆုမျက်နှာလေး ပျော်ရွှင်ကြည်နူးနေသည်။

'' မိဆု စာမေးပွဲအောင်ရင် ဘာပေးမှာလဲ ကိုညီ ''

'' ဆောရီးပဲ အောင်ယုံနဲ့ဘာလို့ ပေးရမှာလဲ ဂုဏ်ထူးပါ
မိဆုလိုချင်တာတောင်း ပေးမယ် ''

'' ကိုညီစကား မမေ့နဲ့နော် ''

'' ဘယ်တော့မှ မမေ့ဘူး အခုဟောင် ပေးထားတဲ့ကတိအတို
မိဆုဆီ ရောက်လာတာပဲကွာ ''

မိဆုဝမ်းသာကြည်နူးသော မျက်နှာလေးနှင့် ခေါင်းကထ
ညိတ်ရှာသည်။

မိဆု အိမ်ရောက်တော့ မိဆုရေမိုးချိုး အဝတ်အစားလဲတာ
သူ စောင့်ရသည်။





နာရီဝက်လောက်ကြာတော့ မိဆု အိမ်ခန်းလေးထဲက ထွက်လာ
စောစောက အဖြူအစိမ်းကျောင်းစိမ်း ဝတ်စုံလေးနှင့် မိဆုသည်
တော့လည်း ခရမ်းရောင်ထက်အောက် ဝတ်စုံလေးနှင့် ကြော့ရှင်း
၏။

ဂုတ်ဝဲဆံတိုလေး ဖြန့်ချထားသော မျက်နှာဝင်းမွတ်မွတ်လေးက
င်ဒါပါးပါးလေး ဖို့ထားသည်ကလွဲ၍ ဘာအခြယ်အသမှ မရှိဘဲ နုမွတ်
စ်ပင်နေ၏။

ပန်းနုဖျော့ဖျော့ နှုတ်ခမ်းလေးမှာ ကာလာရောင်က ပြေပြေ
လေး တင်ထားသော မိဆုအလှက ပွင့်ဖူးဖို့အသင့်ဖြစ်နေသော ပန်းဖူးငုံ
းလို ရှိ၏။

'' ကိုညီ ပြီးပြီလေ သွားကြမယ် ''

မိဆုမေမေကို နှုတ်ဆက်ခွင့်တောင်းပြီး ထွက်ခဲ့ကြသည်။
ပျော်ရိပ်လေးတွေ ဝေဖြာနေသော မိဆုကို သူ လှည့်ကာမေးရ၏။

'' မိဆု ဘယ်သွားချင်လဲ ပြော ''

'' ဟို. . . အဲ. . . မသိဘူး ကိုညီသွားချင်တဲ့နေရာသွား
ယ်''

'' မဟုတ်ဘူးလေကွာ မိဆုသွားချင်တာကို ကိုယ်လိုက်ပို့ရမှာ
ပြော ''

" ဒါဆို အရင်ဆုံး ဘုရားသွားမယ် ပြီးရင် ဟက်ပီးဝေ... သွားမယ် ပန်းခြံထဲမှာလည်း လျှောက်သွားချင်သေးတယ် အဲ ပြီးတော့ ဘယ်ဆက်သွားရင် ကောင်းမလဲ "

" ကဲ နောက်ထပ်အစီအစဉ်ကို နေ့လည်စာစားပြီးမှ ဆက် စဉ်းစား ဟုတ်ပြီလား "

မိဆု စိတ်တိုင်းကျ ရွှေတိဂုံဘုရားဆီသို့ ကားလေးကို ဦးတည် ခဲ့သည်။

ဘုရားဖူးပြီးတော့ တိရစ္ဆာန်ရုံဘက် ဆက်မောင်းခဲ့သည်။

မြင်သမျှ တွေ့သမျှ တိရစ္ဆာန်လေးတွေကို အစာကျွေးရင်း သဘောကျ ပျော်ရွှင်နေသော မိဆုကိုကြည့်ကာ သူပါ အပျော်တွေ ကူးစက်ရသည်။

ဘက်စုံကစားကွင်းထဲမှာ မိဆုဂိမ်းကစားတော့လည်း သူအနီးမှာ ရပ်စောင့်ပေးရသည်။

" ကဲ မချောလေး နှစ်နာရီထိုးတော့မယ် ငါတော့ဗိုက်ဆာ လွန်းလို့ အူတွေလိပ်နေပြီ "

" ဟင် ကိုညီ ဆာနေပြီလား မိဆုတောင် မေ့နေတယ် ဆောရီး ဆောရီး. . . အဟင်း "

ကန်တော်ကြီးစောင်းက ရက်စတောရင့်တစ်ခုမှာ နေ့လည်စာကို





အချိန်လွန်မှ စားကြရသည်။

ဆိုင်ထဲက ပြန်အထွက်မှာ မမျှော်လင့်ဘဲ ဆုံလိုက်ရသည်က ရောင်စဉ်နှင့်အတူ ဝင်လာသော သူစိမ်းယောက်ျားတစ်ဦး

တဒင်္ဂတော့ နှစ်ယောက်စလုံး မျက်ဝန်းတွေ ကြောင်တွေ မင်သက်သွားကြရ၏။

စက္ကန့်ပေါင်းများစွာ မင်သက်နေပြီးမှ ရောင်စဉ်နှုတ်ခမ်းလေး တွေ လှပစွာ ပြုံးရင်း

" အတော်ပဲ လွင်ပြင် ဒီညနေ နင်အချိန်ရရင် ဒယ်ဒီကို ဝင်ကြုံပေးစမ်းပါ ငါ့မှာအရေးတကြီး ကိစ္စရှိလို့ "

" ငါက ဘယ်လိုသွားကြုံရမှာလဲ ရောင်စဉ် ငါ ယူလာတာ မိတ်ဆွေတစ်ယောက်ဆီက ငှားလာတဲ့ကား "

" ဘာလဲ နင်ကသူငယ်ချင်းကားငှားပြီး ဟန်လုပ်နေတာလား အဟင်း ကဲပါ နင်အဆင်မပြေရင်လည်း ထားတော့ ဒါနဲ့ မိတ်ဆက် ပေးရဦးမယ် ဒါ ငါ့စက်ရုံက မန်နေဂျင်းဒါရိုက်တာ ကိုနေမျိုးခိုင် ကိုမျိုး သူက လွင်ပြင်ညီ "

" လွင်ပြင်ညီ ဒီနာမည် ကျွန်တော်ကြားဖူးတယ် အဲ ဟုတ်ပြီ ခင်ဗျား အဆိုတော် လွင်ပြင်ညီမဟုတ်လား သေချာတယ် ကြော်ငြာဘုတ် တွေထဲမှာ ခင်ဗျားနာမည် ကျွန်တော်သိထားတယ် "

" သေချာတာပေါ့ ကိုမျိုးရဲ့ လတ်တလောတော့ စီးရီးမထွက်ခင် ကျော်နေတဲ့ လွင်ပြင်ညီလေ အဟင်း အချိန်တန်ရင် ဘယ်လိုဖြစ်လာမယ်တော့ မသိဘူး လွင်ပြင်က ရောင်စဉ်တို့ ခြံထဲမှာ နေကြတာလေ"

မိဆုရှေ့မှာကော သူစိမ်းယောကျ်ားတစ်ဦးရှေ့မှောက်မှာ ရောင်စဉ် သူ့ကိုနှိပ်ကွပ်နေမှန်း သူ နားလည်သည်။

ရောင်စဉ် စကားတွေကို သူ တိတ်ဆိတ်စွာ နားထောင်ပြီး လှည့်ထွက်ခဲ့တော့ ရောင်စဉ် ရယ်သံသဲ့သဲ့လေးက အနောက်က ပြေးလိုက်လာသေး၏။

" ကိုညီ ပြန်ချင်ပြန်ကြရအောင်လေ "

နံဘေးက မိဆုက သူ့အရိပ်ကိုကြည့်ရင်းပြောတော့ သူ မိဆုကို လှည့်ကြည့်ပြုံးလိုက်ရင်း

" ဘာလို့ပြန်ကြမှာလဲ မိဆုရဲ့ မိဆုအတွက် လက်ဆောင်တစ်ခု ကိုယ်ဝယ်ပေးဦးမှာ ပြီးတော့ မိဆုမေမေအတွက် အားဆေးနဲ့မုန့်တွေလည်း ဝယ်ပေးချင်သေးတယ် ကဲ တက် ပလာဇာသွားရအောင် "

မိဆုအပျော်လေးတွေ သူ့ကြောင့် မပျက်စီးစေချင်ပါ။ အာရုံထဲကို ခိုတွယ်ပါလာသော ရောင်စဉ်တို့နှစ်ဦး ပုံရိပ်ကို မောင်းထုတ်ဖို့ ကြိုးစားရတာက ခက်ခဲလွန်းသည်။

ကျောင်းမှာတုန်းက ယောကျ်ားတစ်ယောက်နဲ့တွဲတာ နှင်





အဆန်းမဟုတ်ပေမယ့် ခုချိန်မှာတော့ ငါ ခံစားရတယ် ရောင်စဉ်။

အချစ်ဆိုတာ ကြာလေလေ ဆုံးရှုံးရမှာ စိုးကြောက်လာလေလေပါလား။

✿ ✿ ✿ ✿ ✿

## အခန်း (၂၇)

စီးရီးဖြန့်ချိသည့်နေ့က ကိုတိုးပါရှိနေသည်။ သူတို့သုံးယောက်စလုံး ရင်တထိတ်ထိတ် ဖြစ်ခဲ့ရသမျှ အနည်းငယ်တော့ ပြေလျော့ရသည်။

ကြော်ငြာအားကောင်းမှုကြောင့် ဒဂုံစင်တာထဲမှာ သူ့ပရိသတ်တွေနှင့် စည်ကားသွားခဲ့သည်။

သူ့သီချင်းသံတွေ ပရိသတ်၏ အားပေးမှုတွေနှင့် ရင်ခုန်စရာနေ့ကလေးဖြစ်ခဲ့ရသည်။

" အခြေအနေကတော့ အတော့်ကို ကောင်းတယ် မောင်လွင်ပြင်ညီ တစ်ပတ်နှစ်ပတ်အတွင်းမှာတော့ အဖြေပေါ်မှာပါကွာ "

ဦးသက်ကောင်း အပြုံးတွေဝေရင်း ဆိုနေတော့ သူတို့တွေလည်း ကျေနပ်ရသည်။ တစ်ချိန်က မက်ခဲ့သော အိပ်မက်တွေကို တကယ်ပိုင်ဆိုင်ခဲ့ပြီထင်၏။





လက်ဖက်ရည်ဆိုင်တွေထဲမှာ သူ့အသံလှိုင်းတွေကို ကြားရတော့ ကြည်နူးပီတိက နှိုင်းဆမရခဲ့ပါ။ နေရာတိုင်းမှာ မလွဲတမ်း ကြားနေရသော လွင်ပြင်ညီသီချင်းသံက အောင်မြင်ခြင်း၏ သင်္ကေတတစ်ခု ဖြစ်ခဲ့သည်။

နှစ်ပတ်အတွင်းမှာပဲ အောင်မြင်မှုကို သူ ပိုင်ဆိုင်နိုင်ပြီဟု သိလိုက်ရ၏။ ရန်ကုန်အရောင်းနှုန်း နယ်အရောင်းနှုန်း စာရင်းတွေကို ကြည့်ကာ ဦးသက်ကောင်းက သူ့ကို ဂမ်းသာအားရ လက်ဆွဲနှုတ်ဆက်သည်။

" အန်ကယ် မျှော်လင့်ထားတာက ငွေကြေးပိုင်းအရ အရင်းလောက်ပြန်ရရင် တော်ပြီလို့ သတ်မှတ်ထားတာကွ အခုအခြေအနေအတိုင်းဆို အကျိုးအမြတ်တွေက အများကြီးပဲ မောင်လွင်ပြင်ရေ "

" ကျွန်တော်လည်း အရမ်းဝမ်းသာနေပါတယ် အန်ကယ် "

" အန်ကယ်တို့ ဒုတိယစီးရီးအတွက် အသင့်ဖြစ်နေဖို့ လိုတယ်ကွ "

" ကျွန်တော်တို့ သီချင်းတွေ ရွေးထားပြီးပြီ အန်ကယ် အသံသွင်းဖို့လည်း အသင့်ပဲ အလွန်ဆုံး ဆယ်ရက်အတွင်း ပြီးမှာပါ "

" အိုကေ မောင်လွင်ပြင်ညီ အန်ကယ့်ဘက်က တာဝန်ကို စိတ်ချ ပထမစီးရီးထက် မညံ့စေရဘူး "

" ကျွန်တော်တို့ဘက်ကလည်း အင်အားအပြည့်ပါ အန်ကယ်"

" အနုပညာကို ချုပ်နှောင်တာမျိုးတော့ အန်ကယ် မလုပ်ချင်ဘူး မောင်လွင်ပြင်ညို မင်းတို့ထိုက်တန်တဲ့ ခံစားမှုတော့ ရသင့်ပါတယ် မောင်ရင်ဘာဖြစ်ချင်သလဲ ဘာလိုအပ်သလဲပြော."

သူ့အနားမှာ ဝိုင်းဝိုင်းလည်နေသော ပရိုဂျူဆာတွေထက် လေးစားစရာကောင်းသော အန်ကယ်ဦးသက်ကောင်း၏ သိနားလည်ပေးမှုအတွက် သူ ကျေနပ်ဝမ်းသာခဲ့ရသည်။

" ကျွန်တော် ဒီဘဝရောက်ခဲ့တာ အန်ကယ့်ကျေးဇူးတွေ အများကြီး ပါပါတယ် အန်ကယ် အန်ကယ်နဲ့ပဲ အမြဲတမ်း လက်တွဲသွားဖို့ ကျွန်တော်ဆုံးဖြတ်ထားပါတယ် "

နားလည်နိုင်မှုတွေနှင့် ခိုင်မြဲသော လက်နှစ်ဖက် ချိတ်ဆွဲနှုတ်ဆက် လိုက်မိကြသည်။

အောင်မြင်ခြင်းရဲ့ အသီးအပွင့်တွေ ဝေဆာနေချိန်မှာ အရာရာသည် ကြည်နူးရင်ခုန်စရာ ဘဝတွေပါပဲလား။

✿ ✿ ✿ ✿ ✿



## အခန်း (၂၈)

ဆယ်တန်းအောင်စာရင်းတွေ ထွက်သည့်ဆိုတော့ မိဆု သွားမကြည့်ရဲ ဆိုတာကြောင့် သူကိုယ်တိုင်ပဲ ပညာရေးမှူးရုံးမှာ အပြေးအလွှားသွားကြည့်ပေးရသည်။

ပြိုင်ဘီးကလေးနင်းကာ မိဆုတို့အိမ်ကို သူပြန်လာတော့ မိဆု ခြံတံခါးလေးကိုကိုင်ကာ တွေတွေလေးရပ်နေတာတွေ့၏။

" ကို. . . ကိုညီ. . . ဟို. . . ဟို "

စက်ဘီးပေါ်ကဆင်းကာ ခြံထဲတောင် မရောက်သေး မိဆု တုန်ရီနေသော အသံလေးနှင့် မေးသည်။

" ဟဲ့ ဘာဖြစ်နေတာလဲ လူက နတ်ပူးနေတာ ကျနေတာပဲ"

" မိ. . . မိဆု ရင်တွေတုန်လွန်းလို့ပါ ဘာ. . . ဘာလဲဟင် မိဆု အောင်လားဟင် ကိုညီ "

စီရင်ချက်အချခံရတော့မည့် သူတစ်ယောက်လို မိဆုရင်ဘတ်ကလေးကို လက်နှင့်ဖိ တုန်ရီနေတာကြည့်ပြီး သူ ရယ်ချင်လာ၏။

“ မိဆု ငါ ပြောတာနားမထောင်ခင် နှင် အရင်ဆုံး အသက်ကို ဝအောင်ရှူ ပြီးရင် စိတ်ကိုတည်အောင် ထိန်း ”

“ ဟာ ကိုညီကလည်း ပြောပါ မိဆု ရင်တွေတုန်လွန်းလို့ သေတော့မယ် ”

သူ့လက်မောင်းကို ဆုပ်ကိုင်ရမ်းရင်း မိဆုဆိုနေတာကြည့်ပြီး သူ မညှင်းရက်တော့ပါ။

“ ညည်းအောင်ပါတယ် မိဆုရယ် အောင်တာမှ ဖိုးဒီတောင်ပါတယ် ”

“ ဟယ်. . . တ. . . တကယ်. . . တကယ်ပြောတာလား ကိုညီ ဝမ်းသာလိုက်တာ ”

“ ဒုက္ခပဲ နင်ဝမ်းသာတာ ငါ့အကျီလက်မောင်းတွေ ပြဲထွက်တော့မယ် မိဆုရဲ့ ”

“ ဟင်. . . ကန်တော့. . . ကန်တော့ ကိုညီ မိဆု ဝမ်းသာလွန်းလို့ပါ အဟင့်. . . ဟင့် ”

“ ဟော့ ဝမ်းသာပြီး ငိုပြန်ပြီ ဟား ဟား ဒီကောင်မလေးတော့ ဆေးကျောင်းဆက်မတက်နိုင်ဘဲ ရူးသွားပြီထင်တယ် ”





ဝမ်းသာမျက်ရည်လေးတွေ ရစ်ဝိုင်းရင်း ရှိုက်ငိုနေသော မိဆုကို ကြည့်ကာ သူပြောတော့ မိဆု မျက်ရည်စတွေကို ပွတ်သုတ်ရင်း

“ ကိုညီရယ် မိဆု မမှန်းရဲပါဘူး ရိုးရိုးဘွဲ့တစ်ခုရရင်ပဲ ကျေနပ်ပါပြီ ”

“ မဟုတ်တာပဲ မိဆုရယ် နင့်အမှတ်က ဆေးမှတ်မီမှာ သေချာတယ် နင် ဆရာဝန်ကြီး ဖြစ်ရမှာပေါ့ ”

“ ကိုညီရယ် ဆရာဝန်တစ်ယောက်ဖြစ်ဖို့ အကြာကြီး ပညာသင်ရဦးမှာ ပြီးတော့ ပညာသင်စရိတ်ကလည်း အများကြီးကုန်မှာ မိဆု မမှန်းရဲပါဘူး ”

“ အဲဒီအတွက် ဘာမှပူစရာမရှိဘူး ဗညားက ရော့ဒ်စတားတီးဝိုင်းမှာ ပင်တိုင်ဂစ်တာသမား ဖြစ်တော့မှာ ညည်းအတွက် တာဝန်ယူနိုင်ပါပြီ ပြီးတော့ ငါလည်း အပြည့်အဝ တာဝန်ယူမယ် ဟုတ်လား”

မိဆု မျက်နက်ဝန်းလေးတွေ ဝိုင်းစက်ကာ သူ့ကိုမော့ကြည့်နေ၏။

“ မိဆု မင်းဟာ ကိုယ့်ရဲ့ညီမလေးလိုပါပဲ ဘာမှအားမငယ်နဲ့တော့ တစ်ခါတုန်းက မိဆု ကိုယ်တို့ကို အားပေးဖူးတယ်လေ အဲဒီတုန်းက မိဆုပေးတဲ့ ခွန်အားတွေနဲ့ ကိုယ်တို့ ဒီဘဝအခြေအနေ ရောက်ခဲ့တယ် အခု မိဆုလည်း ဆရာဝန်ကြီး ဖြစ်ရမှာပေါ့ကွ မိဆုကြိုးစား

ဗညားနဲ့ကိုယ်တို့ တာဝန်ယူတယ် ဟုတ်လား ''

မိဆု ခေါင်းကလေးညိတ်ကာ မျက်ရည်စတွေ ယိုစီးကျလာပြန်၏။

မိဆု၏ နုနယ်သော နုလုံးသားလေးကို နားလည်စွာ သူ ပါးပြင်ပေါ်က မျက်ရည်တွေကို ပွတ်သုတ်ပေးမိသည်။

'' မိဆု မငိုနဲ့တော့ ကဲ မိဆု ဂုဏ်ထူးတွေအတွက် ကိုယ်ဘာလက်ဆောင်ပေးရမလဲပြော ''

'' ဟင့်အင်း မိဆု ဘာမှမလိုချင်ပါဘူး ကိုညီရယ် ''

'' ဘာဖြစ်လို့လဲ မိဆုရဲ့ မိဆုလိုချင်တာ ကိုယ်ပေးနိုင်ပါပြီကွ လိုချင်တာတောင်း ဘယ်လောက်တန်ဖိုးကြီးကြီး ရစေရမယ် ''

မိဆုခေါင်းကလေးကို ညင်သာစွာ ခါရမ်း၏။ ဖြူစင်သော မျက်ဝန်းကြည်လဲ့လဲ့လေးတွေ တောက်ပစွာ ပြုံးရင်း

'' ကိုညီရဲ့ စေတနာတွေက မိဆုအတွက် တန်ဖိုးအကြီးဆုံး ဆုလဒ်တွေပဲ ကိုညီရယ် အဲဒီအရာကို မိဆုရပြီးပြီလေ မိဆုအတွက် တကယ်ကို ဘာမှမလိုတော့ပါဘူး ''

'' မိဆုရယ် ''

ကလေးလေးတစ်ယောက်လို ဖြူစင်သော ကောင်မလေး။

တစ်နေ့ကျရင် ရင့်ကျက်တဲ့ ဆရာဝန်မကြီးတစ်ယောက်





ဖြစ်လာမှာကို တွေးမြင်ယောင်ရင်း သူ ပြုံးမိသည်။

'' တစ်နေ့ကျရင် ဗညားနဲ့ ကိုယ်တို့ရဲ့ ညီမလေးကို သိပ်တော်တဲ့ ဆရာဝန်မကြီးတစ်ယောက်အဖြစ် ကိုယ်မြင်ချင်ပါတယ် ညီမလေးရယ်''

နှုတ်ခမ်းရဲရဲ ပြည့်ပြည့်ကလေးတွေပြုံးရင်း မိဆု ခေါင်းကလေး ညိတ်သည်။

အဖြူရောင် သံယောဇဉ်တွေ မိဆုအတွက် သူ့ရင်ထဲမှာ စီးမျော လျက်။

✿ ✿ ✿ ✿ ✿

## အခန်း (၂၉)

" အဲဒီ အယ်လ်ဘမ်ထဲက ခြံနဲ့တိုက်တွေကို မမေခိုင် အသေ
အချာကြည့် ခြံအပြင်ဘက်ကကော တိုက်အတွင်းပိုင်းက အခန်းတွေကော
ဧည့်ခန်း၊ အိပ်ခန်း၊ ရေချိုးခန်းကအစ တစ်ပုံစီရိုက်ပြထားတယ် မမေခိုင်
နှစ်သက်သဘောကျတဲ့ တိုက်နဲ့ခြံကို ပြော သားဝယ်မယ် "

သူ ကမ်းပေးသော အယ်လ်ဘမ်ထဲက ဓါတ်ပုံတွေကို မမေခိုင်
အာရုံမဝင်စားဘဲ သူ့မျက်နှာကို မော့ကြည့်သည်။

" ဘာလို့လဲ မမေခိုင် အဲဒီတိုက်တွေ သဘောမကျလို့လား
တကယ့်ဆိတ်ငြိမ်ရပ်ကွက်က ခြံတွေနော် "

" မမေခိုင် မေးချင်တာ သားဘာလို့ ဒီခြံတွေတိုက်တွေ
ဝယ်ဖို့ စီစဉ်နေရတာလဲ "

" မမေခိုင်ကလည်း အခု သားမျှော်လင့်ခဲ့တဲ့ ဘဝကို ပိုင်ဆိုင်





ပြီလေ သားတို့ဘဝသစ်ကို တည်ဆောက်ကြမှာပေါ့ မမေခိုင်နဲ့သား
နေဖို့ အိမ်ဝယ်ရမှာပေါ့ "

" မမေခိုင် အဲဒါတွေကို စိတ်မဝင်စားဘူး သားရယ် ဟောဒီ
ခြံဝင်းလေးထဲက ဒီအိမ်ကလေးမှာ မမေခိုင် အသားကျ ငြိမ်းချမ်း
နေပါပြီ "

" သားလည်း ဒီအိမ်လေးကို သံယောဇဉ်ရှိပါတယ် မမေခိုင်
ဒါပေမဲ့ ဒါ သားတို့ အမြဲတမ်း ပိုင်ဆိုင်ခွင့်ရတဲ့ အိမ်လေးမဟုတ်ဘူးလေ
အန်ကယ်တို့ပိုင်ဆိုင်တဲ့အရာ သားတို့က ဒီနေရာလေးမှာ ဆယ်နှစ်ကျော်
ခိုနေခဲ့ရတာပါ "

" ဒါပေမဲ့ ကိုမောင်မောင်စိုးက မမေခိုင်တို့ကို သွေးသားရင်း
ချာလို သဘောထားခဲ့တာပါ သားရယ် "

" အန်ကယ်ကျေးဇူးကို သားနားလည်တယ် ကျေးဇူးလည်း
တင်တယ် တစ်သက်လုံးလည်း မမေ့ပါဘူး မမေခိုင် ဒါပေမဲ့
အမှန်တရားက အမှန်တရားပါပဲ တစ်ချိန်ကျ ထင်ရှားလာမှာပဲလေ
အန်ကယ်လောကကြီးထဲမှာ မရှိတော့တဲ့အချိန်ကျရင် ဘာတွေဖြစ်လာ
လဲ မမေခိုင် တွေးကြည့်လေ "

သူ့ကိုစိုက်ကြည့်ရင်း ငြိမ်သက်စွာ နားထောင်နေရာမှ မမေခိုင်
တစိမ့်စိမ့် ပြုံးသည်။

" ဘာတွေဖြစ်လာမှာမို့လဲ သား သမီးလေးရောင်စဉ်နဲ့သားက မေမေခိုင်တို့ လောကကြီးထဲမှာ မရှိတော့တဲ့အချိန်အထိ ကျန်ရစ်ခဲ့ကြ မှာပဲ "

" အဲဒါကြောင့် ပြောတာပေါ့ မေမေခိုင် ဒီခြံနဲ့ပိုင်ဆိုင်မှု အားလုံး ဟာ ရောင်စဉ့်ပိုင်ဆိုင်မှုတွေပဲလေ သားတို့က ဘယ်အချိန်ကာလအထိ မှီခိုနေရမှာလဲ ပြီးတော့ ရောင်စဉ်နဲ့ပတ်သက်လာမယ့် သူစိမ်းယောကျ်ားက သားတို့ကို ဆက်လက်ခံထားမယ်လို့ မေမေခိုင်ထင်သလား လက်ခံခဲ့ရင် တောင် သားက မနေတော့ဘူး မေမေခိုင် "

" သမီးလေးနဲ့ ပတ်သက်လာမယ့်သူက သူစိမ်းမဟုတ်ဘဲ သားကိုယ်တိုင် ဖြစ်နေခဲ့ရင်ကော "

" ဗျာ "

သူ မေမေခိုင်ကို အထိတ်တလန့် ကြည့်မိ၏။ သူ့အခန်းထဲက ဒိုင်ယာရီကို မေမေခိုင် ယူဖတ်ခဲ့မိပြီလား။ လွယ်ကူစွာ ထားခဲ့မိတာကိုပဲ နောင်တတွေ ရချင်လာ၏။

" ဟုတ်တယ် သား ကိုမောင်မောင်စိုးက မေမေခိုင်ကို တိုင်ပင် တယ် သားနဲ့သမီးလေးကို လက်ထပ်ပေးချင်တယ်တဲ့ "

" ဟင် "

" မေမေခိုင် သိပ်ဝမ်းသာသွားတယ် သား သားနဲ့သမီးလေး





အနာဂတ်ကို အဲဒီလို ငြိမ်းချမ်းသွားစေချင်တာ မေမေခိုင်ဘဝမှာ အတောင့်တဆုံး ဆန္ဒပဲ သား "

သူ တအံ့တသြဖြစ်ရသည်။ မေမေခိုင်စိတ်ထဲမှာ သည်ရည်ရွယ် ချက်တွေ ကိန်းဝပ်နေခဲ့တာ ကြာခဲ့ပြီတဲ့လား။ မေမေခိုင် မျက်ဝန်းတွေထဲ အထိ ကြည်နူးအပြုံးရောင်စဉ်တွေ ဖြာလဲ့နေ၏။

" သမီးလေးရဲ့ဖခင် တောင်းဆိုလာတော့ မေမေခိုင် ဝမ်းသာ အားရလက်ခံခဲ့တယ် သား မေမေခိုင်သိတာပေါ့ သားကလည်း သမီးလေး ကို စိတ်ဝင်စားနေတာ မဟုတ်လား "

" ဟင် မေမေခိုင် သားဒိုင်ယာရီကို ဖတ်လိုက်ပြီလားဟင် "

" ဒိုင်ယာရီ . . . မဟုတ်တာ မေမေခိုင် မဖတ်ခဲ့ရပါဘူးကွယ် မေမေခိုင် မွေးကျွေးစောင့်ရှောက်လာတဲ့ သားစိတ်ကို မေမေခိုင် သိတာ ပေါ့ ဒီထက်သေချာတာက သားအရက်တွေ သောက်လာတဲ့ညက ယောင်ပြီး အော်နေတာ သမီးလေးနာမည်လေ "

" ဟာ "

သူ့မျက်နှာတစ်ခုလုံး ရှိန်းမြထူပူသွားရသည်။ ရောင်စဉ်ကို သူ ချစ်နေတာ မေမေခိုင်သိနေသည်တဲ့။ ဘယ်လောက်ဆိုးရွားလိုက်တဲ့ အဖြစ်လဲ။

" သားက ဒိုင်ယာရီထဲမှာတောင် ရေးထားတယ်ဆိုတော့

မေမေခိုင်ကို ဝန်ခံတဲ့ သဘောပေါ့ ဟုတ်လား သား ''

'' ဟာ မေမေခိုင်ကလည်းဗျာ ''

'' မရှက်ပါနဲ့ သားရယ် အားလုံးအတွက် စိတ်ချမ်းမြေ့စွာနဲ့ ရုတ်သိမ်းသွားမှာကို မေမေခိုင်တော့ ကြည်နူးကျေနပ်နေတယ် မေမေခိုင် ယုံတယ် သားတို့ဘဝလေးတွေ ငြိမ်းချမ်းသွားမှာပါကွယ် ''

'' မေမေခိုင် ထင်မြင်ချက်တွေလား ရောင်စဥ့်ဘက်က ဘာမှန်း မသိသေးတဲ့ကိစ္စကြီးကို ''

'' သမီးလေးက မငြင်းပယ်လို့ ဒီအခြေအနေတွေ ဖြစ်လာတာ ပေါ့ သားရယ် ကိုမောင်မောင်စိုးက မေမေ့ခိုင်ကို အားလုံးပြောပြတယ် သမီးလေးကို သူ အရင်ညှိနှိုင်းတိုင်ပင်ပြီးမှ မေမေခိုင်နဲ့ ဆွေးနွေးတာတဲ့''

သူ အံ့သြရပြန်သည်။ အန်ကယ်စိုးက ရောင်စဥ့်ကိုချစ်သည်။ ရောင်စဥ့်အလိုကျ လိုက်လျောခဲ့သည်ချည်းဖြစ်သည်။ အခုကိစ္စမှာလည်း သမီးဖြစ်သူ ဆန္ဒမပါဘဲ စီစဥ်မှာမဟုတ်။ ရောင်စဥ့်က လက်ခံသည် ဆိုတော့။

'' ရောင်. . . ရောင်စဥ့်က ဘာတဲ့လဲ မေမေခိုင် သူ လက်ခံ တယ်ဆိုတာ ဟုတ်ရဲ့လား ဟင် ''

'' ဩော် သားရယ် မဟုတ်ဘဲပြောပါ့မလား ဒါ လိမ်ညာလို့ ရတဲ့ကိစ္စမှ မဟုတ်တာကွယ် သမီးလေးသဘောတူလို့ ဒီအခြေအနေတွေ





ဖြစ်လာတာပေါ့ ''

သူ ဝမ်းသာရမှာလား။ မမျှော်လင့်သောအဖြစ် မမျှော်လင့် ထားသော အခြေအနေတွေ အတွက်တော့ မယုံမရဲ ဖြစ်နေတာ အမှန်။

'' သား ဘယ်လိုလဲ မေမေခိုင်တို့ အစီအစဥ့်ကို လက်ခံသလား ဟင် သားနဲ့သမီးလေးတို့ သံယောဇဥ့်တွေကို မေမေခိုင်တို့ယုံတယ် ဒါကြောင့်လည်း ဟောဒီအိမ်ကြီးရဲ့အရိပ်ကို မေမေခိုင် သံယောဇဥ့် တွယ်နေတာပေါ့ သားရယ် ''

'' သား သား ရောင်စဥ့်နဲ့ ဒီကိစ္စကို ဆွေးနွေးချင်သေးတယ် မေမေခိုင် ''

သူ့မျက်နှာကို အကဲခတ်သလိုကြည့်ရင်း မေမေခိုင်ပြုံးသည်။ သူ ရှက်ရှက်နှင့်ပဲ ရှင်းပြရ၏။

'' ဟို. . . ဟိုလေ. . . သား ဆိုလိုတာက ရောင်စဥ့်နဲ့သားတို့ချင်း ထိပ်တိုက်ဆွေးနွေးရင် ပိုကောင်းမယ်ထင်တယ် ဒါက နှစ်ယောက်စလုံး တစ်သက်လုံး ပေါင်းသင်းဆက်ဆံရမယ့် အိမ်ထောင်ရေးဆိုတော့ ဟို. . . ဟိုလေ. . . ''

'' ကဲပါ သားရယ် မေမေခိုင်နားလည်ပါတယ် သမီးလေးနဲ့သား နှစ်ယောက်တွေ့သင့်တယ်လို့ မေမေခိုင်လည်း နားလည်ပါတယ် ''

မေမေခိုင် မျက်နှာအပျော်တွေ ဝေနေသလို သူ့ရင်ထဲ

မှာလည်း. . .။

ငါမယုံရဲလောက်အောင်ပဲ ရောင်စဥ်ရယ်။

ငါ တောင့်တတဲ့ဘဝတစ်ခုကို ပိုင်ဆိုင်ခဲ့ရင် ငါ့ရင်ထဲက ချစ်ခြင်းကို နင်သိအောင် ဝန်ခံဖွင့်ဖို့ ငါရည်ရွယ်ခဲ့တယ်။

အခုတော့ ငါနှုတ်ကမဖွင့်ဟရခင်မှာဘဲ နင့်ကိုပိုင်ဆိုင်ခွင့် ရခဲ့ပြီလား။ ရောင်စဥ်ရယ်။

နင့်မျက်ဝန်းတွေထဲ တစိမ့်စိမ့်ကြည့်ပြီး ငါ ကြားခွင့်ရချင်တယ်။ နင့်နှလုံးသားထဲမှာ ငါ တကယ်ရှိနေခဲ့သလား။

✿ ✿ ✿ ✿ ✿



## အခန်း (၃၀)

သူ့သီချင်းသံကြားကတည်းက ရောင်စဥ်ပြတင်းတံခါးနားကို ရောက်နေခဲ့၏။ သူမမြင်အောင် ပြတင်းတံခါးနံဘေး နံရံလေးမှာကပ်ပြီး နားထောင်နေခဲ့မိတာ သူသီချင်းသုံးပုဒ် သီဆိုပြီးချိန်အထိဆိုတော့ ခြေထောက်ကလေးတွေတောင် တောင့်လာရ၏။

သူ့မျက်နှာက ပြတင်းတံခါးကို မော့တကြည့်ကြည့်နှင့် ရှိတာမို့ ရောင်စဥ်ကို မျှော်နေတာဟု သိသည်။

ရောင်စဥ်နွေးနွေးကလေး ကြိတ်ပြုံးရင်း လိုက်ကာစကြားက မြင်နေရသော လွင်ပြင်အရိပ်ကို ချောင်းကြည့်မိ၏။

သီချင်းသုံးပုဒ်ဆိုပြီးချိန်ထိတောင် ရောင်စဥ်အရိပ်ကို မမြင်ရတာမို့ လွင်ပြင်အတော် စိတ်ညစ်နေပုံရသည်။ ဒယ်ဒီစကားအတိုင်းဆိုလျှင် မေမေခိုင်အသိပေးလိုက်တာမို့ လွင်ပြင် အားလုံးကို သိနေလောက်ပြီ။

နင် ငါ့ကို တွေ့ချင်နေတာ ငါသိတာပေါ့ လွင်ပြင်။ ဒါပေမဲ့ နင့်ကိုငါ ရုတ်တရက်ကြီး ရင်မဆိုင်ရဲသေးဘူး လွင်ပြင်။

စတုတ္ထမြောက် သီချင်းကို လွင်ပြင်ဂစ်တာသံပြင်းပြင်းနှင့် ရောင်းစဉ်ကြားအောင် ဆိုနေပုံက သီချင်းဆိုသံနှင့်တောင် မတူတော့ပါ။ လွင်ပြင်ရယ် နင့်မာနတွေ ဟန်ဆောင်မှုတွေ ဘယ်ကိုရောက်ကုန်ပြီလဲ။

ရောင်စဉ်ရင်ထဲကပဲ တိုးတိုးလေး မေးမိရင်း နံရံက မီးခလုတ်ပေးကို မှိတ်ပစ်လိုက်သည်။ မှောင်အတိကျသွားသော အခန်းလေးကို မော့ကြည့်နေသည့် လွင်ပြင်သီဆိုသံလည်း ချက်ချင်းရပ်ဆိုင်းသွားခဲ့သည်။

အမှောင်ထဲက ရောင်စဉ်ကို မမြင်နိုင်သော လွင်ပြင်ဂစ်တာကို စိတ်ပျက်လက်ပျက် ခုံတန်းလေးပေါ် ချလိုက်တာမြင်ရ၏။

ခေါင်းကဆံပင်တွေကို လက်နှစ်ဖက်နှင့် စုံသပ်တင်ရင်း ခုံတန်းနောက်မှီတန်းပေါ်ကို လွင်ပြင်ခေါင်းမှီပြီး ထိုင်နေပုံက သနားစရာ။

ရောင်စဉ်ကျေကျေနပ်နပ်လေးပြုံးကာ အိပ်ရာဆီလှမ်းခဲ့သည်။ အမှောင်ထဲမှာပဲ အသာလှဲချလိုက်၏။ မျက်ဝန်းတွေက အိပ်မပျော်နိုင်တာမို့။

တခဏအကြာမှာ ရောင်စဉ် ပြတင်းတံခါးဆီပြန်ရောက်ခဲ့၏။ ခုံတန်းလေးမှာ ဂစ်တာအိုးကို ခေါင်းတင်လှဲအိပ်နေဆဲ လွင်ပြင်ကို တွေ့လိုက်ရသည်။





ဘာလဲ လွင်ပြင်။ ငါ ထွက်မလာမချင်း နင်ရှိနေဦးမယ် ဆိုတဲ့ သဘောလား။ ရောင်စဉ် တိတ်တိတ်လေးပဲ ထပ်စောင့်ကြည့်သည်။

မိနစ်တွေ အတော်ကြာသွား၏။ လွင်ပြင်ကား တစ်ချက်လေးတောင် မလှုပ်ဘဲရှိနေဆဲ။

ဘုရားရေ. . . လွင်ပြင် အိပ်ပျော်သွားပြီလား။ တမင်အရွဲ့တိုက်နေတာလား။ နောက်ထပ် ငါးမိနစ်လောက် ရောင်စဉ် ထပ်စောင့်ကြည့်မိသည်။

ခုံတန်းပေါ်မှာ လှဲအိပ်နေဆဲအသွင်က တစ်ချက်လေးတောင် မလှုပ်တော့။ ရောင်စဉ် စိုးရိမ်လာမိသည်။

သူ သည်အတိုင်း တကယ်သာ အိပ်ပျော်သွားလျှင် ခြင်တွေတော့ နေရာလပ်မကျန် ကိုက်ခဲတော့မှာ သေချာ၏။

စိုးရိမ်စိတ်ကလေး ဝင်လာရတာမို့ ရောင်စဉ် အခန်းတံခါးကို အသာလေး ဖွင့်ကာဆင်းခဲ့၏။

နောက်ဖေးတံခါးကဆိုလျှင် ဒယ်ဒီရိပ်မိစရာတော့ မရှိပါ။ ရောင်စဉ် ခပ်သုတ်သုတ်လေး မီးဖိုခန်းဘက် ထွက်ခဲ့သည်။

နားအနားမှာ တဝီဝီမြည်ကာ အသံပေးနေသော ခြင်ကို ဖြောင်းခနဲနေအောင် ရိုက်ပစ်လိုက်ချင်၏။ ဒါပေမဲ့ သူ တစ်ချက်လေးတောင် မလှုပ်ဘဲ ငြိမ်သက်နေလိုက်သည်။

သူ ဒီမှာရှိနေတာကို ရောင်စဉ် အခန်းထဲက စောင့်ကြည့်နေမည်ဟု သူ ယုံသည်။ သူ စောင့်နေတာသိရက်နှင့် ရောင်စဉ်အရိပ်လေးတောင် ထွက်မလာတာ မဖြစ်နိုင်ဘဲလေ။

အခန်းမီးကိုတောင် မှိတ်ပစ်လိုက်သေး၏။

နင် ငါ့ကို ရက်စက်ရက်သလား ရောင်စဉ်။ ငါ သိချင်လိုက်တာ။ နင် တကယ် ငါ့ကိုချစ်တယ်ဆိုရင် ငါ့ဆီကို မဖြစ်မနေ အရောက်လာမှာ ငါ ယုံတယ်။

မျက်ဝန်းတွေ စုံမှိတ်ပြီး မလှုပ်မယှက်နဲ့ အိပ်ချင်ယောင်ဆောင်နေမိသည့် သူ့နှာဝကို အမွှေးရနံ့သင်းပျံ့ပျံ့ကလေး တိုးဝင်လာ၏။ ဒါ သူ ရင်းနှီးကျွမ်းဝင်နေသော ရနံ့ဆိုတာ သေချာသည်။

မျက်ဝန်းတွေကို ဖျပ်ခနဲ ဖွင့်ကြည့်လိုက်တော့ ထင်သည့်အတိုင်းပါပဲ။ ရောင်စဉ်ကို မြင်လိုက်ရ၏။

" ရောင်စဉ် "

" နင် အရက်တွေ မူးနေသလား လွင်ပြင် "

ရုတ်တရက် သူ ဆတ်ခနဲ ထထိုင်တော့ ရောင်စဉ် တွန့်ခနဲ နောက်တစ်လှမ်းဆုတ်ကာ မေးသည်။

" ဟာ ငါက ဘာလို့ အရက်သောက်ရမှာလဲ နင် ထွက်လာစေချင်လို့ စိတ်စွမ်းအင်သုံးပြီး ခေါ်လိုက်တာ "





သူ့စကားကြောင့် ရောင်စဉ် နှုတ်ခမ်းလေးတွန့်ပြုံးရင်း

" သေလိုက် လွင်ပြင် နင်မူးပြီး အိပ်နေတယ်ထင်လို့ ငါ ထလာတာ ညဥ့်နက်နေပြီ နင်ဘာလုပ်နေတာလဲ "

" ငါ နင့်ကို အရမ်းတွေ့ချင်တယ် ရောင်စဉ် ငါ မေးချင်တဲ့စကားတွေ အများကြီးရှိနေလို့ "

" မေးစရာရှိရင် မနက်မှမေးလို့ရတာပဲ ဆန်းဒေးဆိုရင် ငါမှအလုပ်မသွားတာဘဲ "

" ငါမနက်အထိ မစောင့်နိုင်တာ အမှန်ပဲ ရောင်စဉ် ကျေးဇူးပြုပြီး ငါ့ကိုအမှန်အတိုင်း ပြောစမ်းပါ ငါတို့ကိစ္စကို နင်ခေါင်းညိတ်ခဲ့တာ အမှန်ပဲလားဟင် "

လွင်ပြင်မျက်ဝန်းတွေ ဟန်မဆောင်နိုင်လောက်အောင် လှုပ်ခတ်နေမှန်း ရောင်စဉ်မြင်နေရ၏။ အချစ်ဆိုတဲ့အရာက နင့်မာနတွေကို ရိုက်ချိုးပစ်လိုက်ပြီလား လွင်ပြင်။

" ဘာကို ခေါင်းညိတ်တာလဲ ဘာမေးတာလဲ "

" နင် မသိဟန်ဆောင်မနေပါနဲ့ ရောင်စဉ် နင်နဲ့ငါ လက်ထပ်ပေးမယ့်ကိစ္စ "

" ဪ ဒါလား အော. . . ဒယ်ဒီကို ငါခေါင်းညိတ်ခဲ့တယ်"

မျက်နှာတစ်ချက်မပျက် ရောင်စဉ်ဆိုတော့ လွင်ပြင် အားမလို

အားမရဖြစ်လာဟန်နှင့် ရောင်စဉ်ရှေ့မှာ လာရပ်၏။

" ရောင်စဉ် နင်ခေါင်းညိတ်ခဲ့တယ်ဆိုတော့. . . "

စကားတို့ အဆုံးမသတ်သေးဘဲ လွင်ပြင်အကြည့်တွေ ရောင်စဉ် မျက်ဝန်းတွေထဲ စူးစူးနစ်နစ် အကဲခတ်နေတာ ရောင်စဉ်သိနေ၏။

" အေးလေ ငါ့အပေါ် အမြဲတမ်း အလိုလိုက် ကြင်နာပေးခဲ့တဲ့ ဒယ်ဒီ စိတ်ချမ်းသာစေချင်တယ် "

" ဘာ. . . ဘာရယ် ရောင်စဉ် အန်ကယ် စိတ်ချမ်းသာဖို့ ခေါင်းညိတ်ခဲ့တာ ဟုတ်လား ဒါဆို နင့်ရင်ထဲက ငါ့အပေါ် ဘယ်လို ခံစားသလဲဟင် "

" ဟား. . . ဦးနှောက်တွေ လာစားနေပြန်ပြီ ငါ ဘာမှ မသိ သေးဘူး လွင်ပြင် "

" ရောင်စဉ်ရယ် ငါ့ကိုမနှိပ်စက်ပါနဲ့ သက်တန့်ရောင်စဉ်ဆိုတဲ့ နင်က မိဘစီစဉ်တာနဲ့ ခေါင်းညိတ်နာခံတတ်သူလို့ ငါမထင်ဘူး "

" ငါ နင့်စကားကို မငြင်းပါဘူး လွင်ပြင် ဒယ်ဒီစကား တစ်ခွန်းတည်းနဲ့ ဆုံးဖြတ်ခဲ့တာ မဟုတ်ဘူး နင်ဟာ ငြင်းစရာမလိုတဲ့ ယောကျ်ားတစ်ယောက်လို့ ငါ့ဦးနှောက်က လက်ခံတယ် နင်က အရည် အချင်းရှိတဲ့ ယောကျ်ားတစ်ယောက်ပဲ "

" ဟာ မဟုတ်ဘူး ငါသိချင်တာ နင့်ဦးနှောက်က ဆုံးဖြတ်ချက် မဟုတ်ဘူး နင့်နှလုံးသားက ခံစားချက်ပါ ရောင်စဉ် "

" နေပါဦး နင် ငါ့ဆီက ဒီစကားတွေ တောင်းနေရအောင် နင်ကကော ငါ့ကို ဘာတွေပြောခဲ့ ဝန်ခံခဲ့ဖူးလို့လဲ လွင်ပြင် "

ရောင်စဉ် မျက်မှောင်လေးကျုံ့ကာ မေးတော့မှ လွင်ပြင် ခေါင်းကိုညိတ်ရင်း

" ဆောရီး ငါ့ဆန္ဒတွေ သိပ်လောသွားတယ် ရောင်စဉ် ငါ နင့်ကို တကယ်မြတ်မြတ်နိုးနိုး ချစ်ခဲ့တာပါ "

ရောင်စဉ်မျက်ဝန်းလေးဝိုင်းကာ နှုတ်ခမ်းလေးယဲ့ယဲ့ပြုံးတော့ လွင်ပြင် ခေါင်းကိုခါရမ်း၏။

" နင် ငါ့ကို မလှောင်ပါနဲ့ ရောင်စဉ် နင့်ကိုငါ ချစ်ခဲ့တဲ့ကာလတွေ ကြာပြီ ဒါပေမဲ့ ဖွင့်ဟခွင့်မရှိခဲ့ဘူး ငါ့မှာစောင့်စည်းရမယ့် ကျေးဇူးတရား တွေ အများကြီးရှိနေတယ် ပြီးတော့ နင်ရဲ့ပိုင်ဆိုင်မှုတွေ ကွာခြားနေတဲ့ အခြေအနေတွေကို တွယ်မက်လို့လို့ ငါ အထင်မခံနိုင်ဘူး "

" ဘာလဲ ဒါကြောင့် နင်က ငါ့ကို အခုမှဖွင့်ဟပြောတာလား ဟင်း. . . အဆိုကျော်ကြီးဖြစ်ပြီဆိုတော့ နင့်ဘဝပြည့်စုံချမ်းသာပြီပေါ့"

" ငွေကြေးဓနတွေက အချစ်နဲ့မဆိုင်ပါဘူး ရောင်စဉ် ဒါပေမဲ့ ဘဝတွေနဲ့ သိက္ခာ မာနတွေအတွက်တော့ ဆိုင်တယ် လိုအပ်တယ် အရင်အချိန်က ငါဖွင့်ပြောခဲ့ရင် ငါ့အချစ်က တန်ဖိုးမဲ့ချင်မဲ့နေမှာပေါ့

ငါ ဒီအခြေအနေတွေအထိဖြစ်အောင် ကြိုးစားခဲ့တာ နင့်ကိုချစ်တဲ့စိတ်ကြောင့်လည်း ပါတယ် ရောင်စဉ် ''

'' ကဲ နင့်စကားတွေ ခံစားချက်တွေ ပြီးပြီဆိုရင် ငါသွားပါရစေတော့ လွင်ပြင် သိပ်ညဉ့်နက်နေပြီ ''

'' ငါ့အချစ်ကို နင်သိပြီပဲ ရောင်စဉ် နင့်အဖြေကို ငါသိပါရစေ''

'' နင့်ခံစားချက်တွေကို ငါ အခုမှ သိရတာလေ နင်က ဟန်ဆောင်ကောင်းလွန်းခဲ့တာကိုး ငါ စဉ်းစားဦးမယ် လွင်ပြင် နင်နဲ့ ပတ်သက်ပြီး ငါ့နလုံးသားက ခံစားချက်ကို ငါ ပြန်တူးဖော်ကြည့်ဦးမယ်''

စကားအဆုံး ရောင်စဉ်လှည့်အထွက်မှာ လွင်ပြင် လက်ကို ဖျပ်ခနဲလှမ်းဆွဲလိုက်တာမို့

'' အို. . . လွင်ပြင် ''

ဟန်ချက်ပျက်ကာ ရောင်စဉ်ခန္ဓာကိုယ်လေး သူ့ရင်ခွင်ထဲ ယိုင်လဲကျသည်။ ရောင်စဉ်အလန့်တကြား မော့ကြည့်တော့ ငုံ့ကြည့်သည့် သူ့မျက်နှာနှင့်ထိလုမတတ်။

ဝင်သက်ထွက်သက် လေငွေးငွေးက ရောင်စဉ်ပါးပြင်ပေါ်မှာ နီးကပ်စွာ ခံစားသိရှိနေရ၏။

တလှပ်လှပ်တုန်ခါနေသော ရင်ခုန်သံတို့က တဒင်္ဂသတိ ကင်းလွတ်သွားစေခဲ့တာက နှစ်ဦးစလုံးမှာ





'' ရောင်စဉ်ရယ် ''

သူ့လက်တွေက ရောင်စဉ်ခန္ဓာကိုယ်လေးကို တင်းကြပ်စွာ ဖက်တွယ်လျက် ညင်သာသောအနမ်းတို့ ပါးပြင်နုနုပေါ် ကြွေကျ၏။ တလှပ်လှပ်ရှိန်းမြသော ရင်ခုန်လှိုက်မောခြင်းနှင့် ရောင်စဉ်ပါးပြင်နှစ်ဖက် ပူနွေးသွားရသည်။

တဆတ်ဆတ်တုန်ရီနေသော နှုတ်ခမ်းလေးတွေ စိုစွတ်ပူနွေးသွားခဲ့ရပြန်သည်။

ရှိန်းမြလှိုက်ဖိုသော အနမ်းတွေထဲမှာ ရောင်စဉ်သတိမဲ့စွာ ပျော်ဝင်လုလု လွင်ပြင်ကိုယ်တိုင်လည်း သတိဝင်ကာ မျက်နှာကလေး ပြန်ခွာသွား၏။

'' လွှတ်. . . လွှတ်ပါ လွင်ပြင် ''

ဟန်မဆောင်နိုင်လောက်အောင် ရောင်စဉ်အသံတွေ တုန်ခါနေခဲ့သည်။

'' ရောင်စဉ်. . . နင့်ကိုငါ သိပ်ချစ်တယ် ''

လွင်ပြင်ရင်ခွင်ထဲမှ ရုန်းထွက်ကာ ရောင်စဉ် အပြေးတစ်ပိုင်း လှမ်းထွက်ခဲ့မိသည်။

ရင်ခုန်သံတွေ တလှပ်လှပ် လှိုက်ဖိုနေမှုက အခန်းထဲပြန်ရောက်သည်အထိ မပြေနိုင်သေး။

ပြတင်းတံခါးဆီကိုသွားကာ ပုံ့ကြည့်တော့ လွင်ပြင် အခန်းလေး
ဆီ မော့ကြည့်နေဆဲ။ အမှောင်ထဲမှ သူမကို မမြင်နိုင်တာသိပေမယ့်
ထူပူရှက်စိတ်နှင့် နံရံလေးမှာ လှစ်ခနဲကွယ်မိ၏။

ပြီးမှ လွင်ပြင်မမြင်နိုင်တာ သတိရကာ ပြန်ငုံ့ကြည့်မိသည်
ခုံတန်းပေါ်က ဂစ်တာလေးကို မေ့လျော့ထားရစ်ကာ လွင်ပြင် တစ်လှမ်း
ချင်း ထွက်သွား၏။

လေးငါးလှမ်းခန့်လှမ်းပြီးမှ ဂစ်တာကို ပြန်သတိရကာ လွင်ပြင်
ပြန်လှည့်လာယူသည်။

ရောင်စဉ်နှုတ်ခမ်းလေးတွေ ပြုံးယောင်သမ်းရင်း မျက်ဝန်း
အစုံကို မှိတ်ထားလိုက်မိသည်။

ဘဝမှာ ဒါ ပထမဆုံး ယောကျ်ားတစ်ယောက်ရဲ့ အနမ်းကို
ရောင်စဉ်ခံယူခဲ့ဖူးတာပါ။

ရည်းစားလိုလို ချစ်သူ သူငယ်ချင်းလိုလိုနဲ့ အတူယှဉ်တွဲ သွားခဲ့
ဖူးတာကလွဲလို့ ရင်ခုန်လှိုက်မောခြင်းကို ရောင်စဉ်တစ်ခါမှ မခံစားခဲ့ရဖူးခဲ့

နွေးထွေးဆဲနှုတ်ခမ်းတွေကို လက်ဖဝါးလေးနှင့် ပြန်အုပ်မိုး
စမ်းကြည့်မိသည်။

ပူနွေးဆဲပါလား လွင်ပြင်ရယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၃၁)

" ရောင်စဉ် "

ခြံထဲကိုဆင်းပြီး လမ်းလျှောက်နေတုန်း အနောက်က
တ်တရက် ခေါ်လိုက်သည့် လွင်ပြင်အသံကြောင့် ဆတ်ခနဲဖြစ်သွားရတာ
တော့ အမှန်။

အပြာနုရောင်စပို့ရှပ်နှင့် ဂျင်းဘောင်းဘီအနက်ကို ဝတ်ဆင်
ထားသော လွင်ပြင် ဘယ်အချိန်ကတည်းက ရောက်နေသည်မသိ။

သေသပ်စွာ လှန်ဖီးသင်ထားသော ဆံပင်ကြောင့် လွင်ပြင်
မျက်နှာက ရှင်းသန့်နေသည်။

တင်နေသော မျက်ခုံး ကြည်လဲ့တောက်ပသော မျက်ဝန်းနှင့်
နှာတံစင်းစင်းအောက်မှ စိုလဲ့နီမြန်းသော နှုတ်ခမ်းတစ်စုံ။

ညတုန်းက အဖြစ်ကို မြင်ယောင်ပြီး ရောင်စဉ် မျက်နှာချင်း

မဆိုင်ရဲအောင် ဖြစ်နေရတာအမှန်။

" ငါ အခုပဲ အန်ကယ်နဲ့တွေ့ပြီးပြီ ရောင်စဉ် နင်နဲ့ငါ့ကိစ္စ
အန်ကယ် ငါ့ကိုမေးနေတယ် "

ဒယ်ဒီနှင့်သူ ညှိနှိုင်းခန်းထဲမှာ ဆုံကြတာ သိနေတာမို့ ရောင်
နောက်ဖေးအပေါက်က လစ်ထွက်ကာ ခြံထဲဆင်းခဲ့ခြင်းဖြစ်သည်။

" ငါ့ဘက်က အန်ကယ်ကို အရိုးသားဆုံး ဝန်ခံခဲ့တယ် ရောင်
နင့်ကိုငါ မြတ်နိုးစွာ ချစ်တယ်လို့လေ "

အမြဲတမ်း သူ့စကားကို တစ်ခွန်းမခံ တုံ့ပြန်ခဲ့တဲ့ ရောင်
အခုမှ ဘာကြောင့် နှုတ်ဆိတ်ဆွံ့အနေတာလဲ မသိတော့။

" ရောင်စဉ် ညတုန်းက ဖြစ်ရပ်အတွက် နင်စိတ်ဆိုးသွား
ငါ တောင်းပန်ပါတယ်ဟာ ငါ အသိတရားတွေ ကင်းလွတ်သွားအော
ဖြစ်သွားခဲ့လို့ပါ "

ရောင်စဉ် ခေါင်းကလေးငုံ့ထားမိဆဲ။

ဘာတွေလာပြောနေတာလဲ မသိ။ တကယ်ဆို ရောင်စ
ကိုယ်တိုင်ကလည်း ယစ်မူးတိမ်းညွှတ်သွားခဲ့တာလေ။

" ရောင်စဉ် နင့်နှလုံးသားက စကားတစ်ခွန်းကို ငါ တန်ဖို
ထားတယ်ဟာ ငါတို့ရဲ့ ဟန်ဆောင်မျက်နှာဖုံးတွေ မာနတွေကို လှန့်ပ
လိုက်တော့ဟာ ငါ့နှလုံးသားက နင့်နှုတ်က စကားတစ်ခွန်းကို ကြားချ





နေတယ် "

သူ့ရှေ့မှာ ရပ်နေရင်းတောင် ရောင်စဉ် မျက်နှာတွေ ထူပူနီမြန်း
င်လာသည်။ ခက်လိုက်တာ။ ငါက မိန်းကလေးတစ်ယောက်ဆိုတာ
င် နားလည်ပါလား လွင်ပြင်ရယ်။

နင်နဲ့မျက်နှာချင်းဆိုင် ဖြေရဲလောက်အောင် ငါ မရဲရင့်တာ
န်ခံပါတယ်။

ရောင်စဉ်ရယ် နင့်ဒယ်ဒီအတွက် နင့်ဦးနှောက်နဲ့ရွေးချယ်မှု
ိုတာတွေထက် လေးနက်ခိုင်မာတဲ့ နင့်နှလုံးသားက စကားကိုပဲ ရဲရဲ
ဖြစမ်းပါဟာ။

" ငါ ဖြေစရာလိုသေးလို့လား လွင်ပြင် ဒယ်ဒီက မင်္ဂလာရက်
တောင် သတ်မှတ်လိုက်ပြီပဲ "

" လိုတယ် ရောင်စဉ် သိပ်လိုအပ်တယ် ငါ ပိုင်ဆိုင်ချင်တာ
င့်ဘဝတစ်ခုတည်း မဟုတ်ဘူးလေ နင့်နှလုံးသားထဲက ချစ်ခြင်းလည်း
ပါတယ် "

" မင်္ဂလာရက်မတိုင်ခင် ငါအဖြေပေးမယ်ဟာ ဒါဆို နင်ကျေနပ်
တော့ "

" နင် တကယ်ပြောတာနော် ရောင်စဉ် ငါ ဝမ်းသာလိုက်တာ
ကဲ ငါ ဒုတိယဗိစီဒီအတွက် ကြော်ငြာတစ်ခု သွားရိုက်ပေးရဦးမယ်

ငါသွားမယ်နော် ရောင်စဉ် ”

နွတ်ဆက်စကားနှင့်သူ ဆင်ဝင်အောက်မှာ ရပ်ထားသော ကားလေးဆီ လှမ်းလျှောက်သွားတာကို ရောင်စဉ် ငေးကြည့်မိသည်။

အချစ်ဆိုတာ အရာအားလုံးထက် အင်အားကြီးမားပါတယ် ရောင်စဉ်။ နင့်မာနတွေ အရည်ပျော်သွားတာ အချစ်ကြောင့်ပါ။

ငါ နင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါ နွတ်က ဖွင့်မပြော ဘဲနဲ့ နင်သိလာမှာပါ လွင်ပြင်။

အဲဒီအချိန်ကျရင် အံ့သြသွားမယ့် နင့်မျက်ဝန်းတွေကို ငါ မြင်ချင်လိုက်တာ။

✿ ✿ ✿ ✿ ✿



## အခန်း (၃၂)

“ ဒုတိယစီးရီးအတွက် ဖြန့်ချိဖို့ သတ်မှတ်ထားတဲ့နေ့ကို တစ်ပတ်နောက်ဆုတ်မယ်လို့ အန်ကယ်စီစဉ်လိုက်တယ် လွင်ပြင် ”

အန်ကယ်ဦးသက်ကောင်း အသံပေးလာတော့ သူ အံ့သြရ၏။

“ ဘာဖြစ်လို့လဲ အန်ကယ် ”

“ မင်းရဲ့ ဒုတိယစီးရီးမတိုင်ခင် ထူးခြားမှုလေးဖြစ်အောင် ရှိုးပွဲလေးစီစဉ်ထားတယ် မင်းရဲ့ပထမစီးရီးက သီချင်းတွေနဲ့ ထွက်မယ့် ဒုတိယစီးရီးထဲက သီချင်းတွေထဲက စိတ်ကြိုက်သီချင်းလေးတွေ ရွေးချယ်ပြီး ဖျော်ဖြေပွဲလေးတစ်ခုပေါ့ ”

“ အစီအစဉ်က ဝုန်းဝုန်းဒိုင်းဒိုင်းကြီးပါလား အန်ကယ် ”

“ ဟုတ်ကယ် အဲဒါ အန်ကယ့်ဘော့စ်ရဲ့ အစီအစဉ်လေ ”

“ ဗျာ ”

**ဦးသက်ကောင်း** ပဟေဠိဆန်သော အပြုံးကိုပြုံးရင်း ရွှေကိုင်း **မျက်မှန်ကို ပင့်တင်၏**။ ပြီးမှ

" အန်ကယ် ဒီမိုးကောင်းကင်တေးထုတ်လုပ်ရေးလုပ်ငန်းကို **တည်ထောင်**ခဲ့တာ အန်ကယ်ရဲ့အနောက်က ပံ့ပိုးပေးနေတဲ့ ဘော့စ်ရဲ့ **အစီအမံ**နဲ့ပါ မောင်လွင်ပြင် အန်ကယ်လုပ်ခဲ့သမျှ အရာအားလုံးက **ဘော့စ်**ရဲ့ အစီအစဉ်တွေပဲ အမှန်ဝန်ခံရရင် မင်းရဲ့တေးစီးရီး ဒီလောက် အထိ ပေါက်မြောက်အောင်မြင်မယ်လို့ အန်ကယ်ထင်မထားခဲ့ဘူး အန်ကယ်ရဲ့ဘော့စ်က စေခိုင်းညွှန်ကြားလို့ အန်ကယ်စီမံပေးရတာကွဲ့"

" ဗျာ ဒါဆို မိုးကောင်းကင်ရဲ့ ပရိုဂျူဆာ အစစ်အမှန်က အန်ကယ်လ်မဟုတ်ဘူးပေါ့ "

" မဟုတ်ပါဘူး မောင်လွင်ပြင် အန်ကယ်က အမည်ခံ သက်သက်ပါ အခု သူက မောင်လွင်ပြင်ရှိုးပွဲကို စိတ်ကူးရပြီး စီစဉ်လို့ အန်ကယ် မရည်ရွယ်ဘဲ စီစဉ်ပေးလိုက်ရတာကွ "

" အန်ကယ်ဘော့စ်က ဘာဖြစ်လို့ ကျွန်တော်တို့နဲ့ မတွေ့ဆုံ ချင်ရတာလဲ "

" နိုး နိုး မတွေ့ဆုံချင်တာ မဟုတ်ဘူးကွဲ့ သူ့မှာ တခြား စီးပွားရေး လုပ်ငန်းကိစ္စတွေရှိတယ် ဒီကလုပ်ငန်းကိစ္စတွေကို မစီမံနိုင်ဘူး လေ အခုတော့ ရှိုးပွဲလေးကို စီစဉ်ပြီး သူလည်းမောင်လွင်ပြင်တို့နဲ့ တွေ့ဆုံပါလိမ့်မယ် "

" ကျွန်တော်လည်း သိပ်တွေ့ချင်ပါတယ် အန်ကယ် ကျွန်တော် တဝ ဒီအခြေအနေရောက်အောင် မြေတောင်မြှောက်ပေးတဲ့ ကျေးဇူးရှင် ဂ္ဂိုလ်ပဲ "

" ရှိုးပွဲနေ့ကျရင် သူ မောင်ရင်တို့နဲ့ ဆုံဖြစ်ဖို့စီစဉ်ထားတယ် ဒီရှိုးပွဲက ငွေကြေးစီးပွားရေးပိုင်းအတွက် မဟုတ်ဘူး မောင်လွင်ပြင်ရဲ့ ရိသတ်နဲ့ နွေးနွေးထွေးထွေး ဆုံတွေ့ဖို့ရယ် ဒုတိယဗီစီဒီအတွက် က်ချက်တချို့ရယ် လိုချင်လို့လေ "

" ဟုတ်ကဲ့ အချိန်က သိပ်မရတော့ ကျွန်တော်တို့ တက်သုတ် က် စီစဉ်ရမှာပဲ တီးဝိုင်းနဲ့ဒီရက်ပိုင်းမှာ သီချင်းတိုက် ရီဟာဇယ် လုပ်ရ ာပဲ "

" အားလုံးအဆင်ပြေအောင် အန်ကယ်စီစဉ်ထားတယ် အဲဒီ အတွက် ဘာမှမပူနဲ့ မောင်လွင်ပြင် "

စနစ်တကျရှိလှသော သည်အစီအမံတွေက ဦးသက်ကောင်း နောက်ကွယ်က ဘော့စ်ဆိုသော ပုဂ္ဂိုလ်၏ အစီအမံတွေဟု လွင်ပြင် အားလည်းမိသည်။

တစ်ပတ်အတွင်းမှာ တီးဝိုင်းနှင့်ပွဲမဝင်ခင် ပြင်ဆင်ညှိနှိုင်းရင်း အချိန်ကုန်ရသည်။

တစ်ဖက်မှာ ဦးသက်ကောင်းက ရှိုးပွဲအတွက် ကြော်ငြာနှင့် လိုအပ်သမျှကို သေချာစွာ စီမံပေးသည်။

သူ့ဘဝအတွက် ပထမဆုံးရှိုးပွဲအတွေ့အကြုံမို့ စိတ်လှုပ်ရှားမိတာအမှန်။ တစ်ပတ်လုံးလုံး စတူဒီယိုနှင့် အိမ် မနားတမ်း ပြေးနေခဲ့ရ၏။ တချို့ရက်တွေမှာ စတူဒီယိုမှာပဲ အိပ်ရတာလည်းရှိ၏။

ရှိုးပွဲမတိုင်ခင် သုံးရက်မှာတော့ သူ အင်အားပြည့်အောင် နားခွင့်ရခဲ့သည်။

ရောင်စဉ်ကို သူ့ရှိုးပွဲအတွက် ဖိတ်ခေါ်တော့

" အင်း အဲဒီနေ့ အရေးကြီးကိစ္စတွေရှိတယ် ဒါပေမဲ့ ငါ ရောက်ဖြစ်အောင် လာပါ့မယ် လွင်ပြင် "

" နင် တကယ်ပြောတာနော် ရောင်စဉ် ဒီပွဲမှာ နင့်ကိုငါ ရှိစေချင်တယ် "

ရောင်စဉ် ပြုံးပြုံးလေး ခေါင်းညိတ်တော့ သူ ကျေနပ်ရ၏။

သူ့အလုပ် သူ့ဝါသနာအပေါ် ရောင်စဉ်အရေးယူ ဂရုတစိုက် ရှိခြင်းအတွက် ကြည်နူးရသည်။

ထိုညလေးကတော့ ရင်ခုန်ပျော်စရာကောင်းမှာ သေချာ၏။

✿ ✿ ✿ ✿ ✿



# အခန်း (၃၃)

ရှိုးပွဲမစခင်ကတည်းက ခန်းမထဲက ထိုင်ခုံတွေမှာ ပရိသတ်က ပြည့်နေခဲ့ပြီ။ စတိတ်စင်အကွယ်က သူ ရှေ့ဆုံးတန်းပရိသတ်ထဲမှာ ရှာဖွေကြည့်တော့ ရောင်စဉ်ကို အနီရောင်ပတ်စုံလေးနှင့် တွေ့ရ၏။

ရောင်စဉ်ထိုင်နေသည့်ခုံနှင့် မလှမ်းမကမ်းမှာ မီဆုသည်လည်း အဖြူရောင်ဝတ်စုံလေးနှင့် လာအားပေးနေသည်။

" လွင်ပြင်. . . ရယ်ဒီ "

တီးဝိုင်းခေါင်းဆောင် ကိုဒိုးက လှမ်းမေးတော့ သူ လက်မ ထောင်ပြလိုက်၏။

ကိုဒိုးတို့အဖွဲ့ စင်ပေါ်လှမ်းတက်သွားတော့ ပရိသတ်က လက်ခုပ်တီး အားပေးသည်။

သူ စင်ပေါ်မတက်ခင် လက်စွမ်းပြတီးခတ်နေသော ကိုဒိုးကြီးတို့

တီးဝိုင်းက မြူးဇစ်သံက မြူးကြွနေသည်။

စင်ပေါ်က ရောင်စုံဆလိုက်မီးတွေ မှိန်ကျသွား၏။ သူ စတိတ်စင်ပေါ်ကို အပြေးကလေး တက်ခဲ့၏။ အပြာရောင် ဆလိုက်မီးရောင်က အဖြူရောင်တီရှပ်နှင့် ဂျင်းပင်န်ကို ဝတ်ဆင်ထားသော သူ့ခန္ဓာကိုယ်ပေါ်မှာ ဖြာကျနေ၏။

“ ဖြောင်း. . . ဖြောင်း ”

ခန်းမထဲက ပရိသတ်လက်ခုပ်သံတွေ ဟိန်းထွက်လာ၏။ စတိတ်စင်ပေါ်မှာ အလင်းမီးရောင်စုံတွေ တောက်ပသွားသည်။

“ မင်္ဂလာပါ ”

ပရိသတ်ကို နှုတ်ဆက်ရင်း သူ အချက်ပြလိုက်သည်နှင့် တီးဝိုင်းက ‘ငါချစ်တဲ့သူ’ သီချင်းကို တီးသည်။

ပရိသတ်က ငြိမ်ကျသွား၏။ ရှေ့ဆုံးတန်းမှာ ငြိမ်သက်စွာ ထိုင်နေသော ရောင်စဉ်ကို လှမ်းကြည့်ကာ သူ သီချင်းကို စဆိုသည်။

“ ××× အမှောင်ယံညတွေထဲ နင်မခြွေဘဲ ××× လွင့်ကြွေတတ်တဲ့ ××× တာရာကြယ်လေးများ ××× ဝေရီနံ့နက်ခင်းတွေထဲ နင်မခြွေဘဲ ကျဆင်းနေတဲ့ နှင်းစက်ပွင့်လေးတွေ ××× မြင်နိုင်မလား ချစ်သူ ××× ”

ရောင်စဉ်အတွက် ရည်စူးရေးစပ်ဖြစ်ခဲ့သည့် သီချင်း။ ရောင်စဉ်





နားဆင်ဖို့ ခြံထဲက ခုံတန်းလေးမှာ သူ သီဆိုပြဖူးတဲ့သီချင်းဆိုတာ ရောင်စဉ် သိမှာပါ။

“ ××× ငါ့နှလုံးသားက သည်းဦးပန်း ××× နင်မခြွေဘဲ လွင့်ကြွေသွား ××× ဒါ ဘယ်လိုကံကြမ္မာရဲ့ ရက်စက်မှုလဲ ××× ငါမသိနိုင်ဘူး ချစ်သူ ××× ”

သီချင်းသံထဲမှာ လွင်ပြင်စီးမျောနေသလို ရောင်စဉ်လည်း ရင်ခုန်သံလေးတွေ လှုပ်ခတ်နားဆင်နေဆဲ။

“ ××× ငါချစ်တဲ့သူ ××× နင်သိဖို့သစ္စာတည်××× ငါ့နှလုံးသားပန်းခရေ ××× အရောင်ပြယ်လည်း ရနံ့မပြယ် ××× ချစ်ခြင်းရဲ့ပန်းရနံ့ ××× ထာဝရသင်းကြိုင်စေ ××× အကြွင်းမဲ့ယုံတော့ ချစ်သူ ”

သီချင်းလေး အဆုံးမသတ်ခင်မှာဘဲ ရောင်စဉ် ပန်းခြင်းလေး ကိုင်ကာ သူရှိရာ စတိတ်စင်ဆီသို့ လှမ်းလျှောက်လာ၏။

သူ ဒူးညွှတ်ကာ လှမ်းယူတော့ ခရေပန်းရနံ့လေးတွေ လှိုင်သင်း ထုံသွားခဲ့သည်။ ပန်းခြင်းလေးထဲမှာ ခရေပန်းဖြူလေးတွေ အပြည့်။

“ ရောင်စဉ် . . . ငါ . . . ငါ ရင်တွေခုန်နေတယ်ဟာ ”

သူ တီးတိုးလေးဆိုတော့ ရောင်စဉ် နွေးနွေးကလေး ပြုံးသည်။ ပြီးမှ နှုတ်ခမ်းလေးလှုပ်ခတ်ရုံနှင့်

" ငါလည်း နှင့်လိုပဲ လွင်ပြင် "

ရောင်စဉ် ပြန်လှည့်သွားချိန်မှာ သူ့ရင်ထဲ လှိုင်းခတ်ကျန်ရစ်ခဲ့၏။ သီချင်းနောက်ဆုံးအပိုဒ်လေးကို သူ ဖီလင်အပြည့်သီဆိုအပြီးမှာ လက်ခုပ်သံတွေ ဆူညံသွားခဲ့၏။

ဒုတိယမြောက် သီချင်းသီဆိုနေတုန်း နှင်းဆီပန်းစည်းလေးနှင့် သူ့ဆီလာဂုဏ်ပြုသူက မိဆု

" ကိုညီအတွက် မိဆု အရမ်းပျော်နေတယ် သိလား "

သူ မမောနိုင်မပမ်းနိုင် သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် သီဆိုရင်း ပွဲသိမ်းတော့ လက်ခုပ်သံတွေ ခန်းမထဲမှာ ပဲ့တင်လျက်။ စတိတ်စင်ပေါ်က သူ ဆင်းခဲ့ချိန်မှာ အန်ကယ်ဦးသက်ကောင်းက ဆီးပြော၏။

" မောင်လွင်ပြင် နောက်တက်ပေါက်ကတွက် ကား အဆင်သင့်ပြင်ထားတယ် ဒီည မင်းကိုဂုဏ်ပြုညစာစားရင်း တွေ့ကြဖို့ ဘော့စ်က စီစဉ်ထားတယ် "

" ဟို တီးဝိုင်းအဖွဲ့နဲ့ အတူသွားမယ်လေ အန်ကယ်ရဲ့ "

" သူတို့အတွက် ကားတစ်စီးသီးသန့် စီစဉ်ထားပါတယ်ကွာ မင်းအရင်ဆုံးသွား တော်ကြာ ပရိသတ်တွေ ဝိုင်းအုံလာရင် ထွက်ရခက်နေမယ် "

သူ မငြင်းသာတော့ပါ။ အဝတ်အစားတောင် မလဲနိုင်ဘဲ





နောက်ပေါက်တံခါးဆီ သုတ်ခြေတင်ရသည်။

အသင့်စီစဉ်ထားသော ပါရာဒိုကားနက်ကြီးပေါ်ရောက်တော့ ဒရိုင်ဘာက အလိုက်သင့်မောင်းထွက်သည်။

ရောင်စဉ်ကို သွားမတွေ့နိုင်တာ စိတ်မကောင်း။ သူ့ကို စောင့်နေမည်လား တွေးပူကာ ဖုန်းဆက်ဖို့ ဟင်းနဲ့ဖုန်းလေးကို ထုတ်အယူမှာ

" တွီ့. . . တွီ့. . . တွီ့. . . "

ဟမ်းနဲ့ဖုန်းသံက ထမြည်တာမို့ သူ ဖွင့်နားထောင်လိုက်ရ၏။

" လွင်ပြင် "

ရောင်စဉ်အသံကို ကြားလိုက်တာမို့ ဝမ်းသာသွားရသည်။ ကသောကမျောနှင့် သူ အရင်ဆုံးတောင်းပန်ရှင်းပြရ၏။

" ရောင်စဉ် အတော်ပဲ ငါ ခုပဲ နင့်ဆီဖုန်းဆက်မလို့ "

" ဟုတ်လား ပြောလေ နင်ဘာပြောမလို့လဲ လွင်ပြင် "

" ငါ့ကို မစောင့်နဲ့တော့ ရောင်စဉ် ငါ့ပရိုဂျူဆာနဲ့ တွေ့ရမှာမို့ ငါ ချက်ချင်းလိုက်သွားရတယ်ဟာ နင် ငါ့ကိုနားလည်ပေးနော် "

" ငါ နားလည်ပါတယ် လွင်ပြင် "

" ကျေးဇူးပါပဲ ရောင်စဉ် ငါ အမြန်ဆုံးပြန်လာမှာပါ ငါတို့ ဒီည ခရေပင်အောက်က ခုံတန်းလေးမှာ ဆုံကြရအောင်နော် နင့်ကိုငါ စကားတွေအများကြီး ပြောချင်တယ် "

တစ်ဖက်က ရောင်စဉ်အသံလေး တိတ်ဆိတ်နေ၏။

" ရောင်စဉ် ငါပြောတာ ကြားလားဟင် "

" အင်း နင်နဲ့ငါ ဆုံကြမှာပါ ဒါပဲနော် "

ဖုန်းလေးပိတ်သွားခဲ့ပြီ။ သူ ကြည်နူးစွာ မျက်ဝန်းတွေ မှေးမှိတ်ရင်း ကူရှင်မှာ ခေါင်းမှီလိုက်၏။

အာရုံထဲမှာ အရိပ်ထင်နေဆဲ ရောင်စဉ်ပုံရိပ်ကလေးကို မြင်ယောင်ရင်း ကားလေးငြိမ့်ခနဲ ထိုးရပ်သွားမှ သတိဝင်လာရ၏။

ရောင်စုံမီးပွင့်တွေနှင့် လှပခန့်ညားသော ဟိုတယ်ကြီး၏ ဧည့်ကြိုဝန်ထမ်းလေး အပြေးထွက်ကြိုရင်း

" အစ်ကို အစ်ကို့ကို စားသောက်ခန်းနံပါတ်တစ်ဆယ်မှာ ဧည့်သည်စောင့်နေတယ်ခင်ဗျ "

အန်ကယ်ဦးသက်ကောင်း၏ ဘော့စ်ပုဂ္ဂိုလ်ကြီးက ကြိုရောက်နေဟန်ရှိ၏။ သူ ကားတံခါးဖွင့်ဆင်းရင်း အခန်းနံပါတ် တစ်ဆယ်သို့ ခပ်သုတ်သုတ် လှမ်းခဲ့ရသည်။

အပြာရောင်ကတ္တီပါလိုက်ကာနှင့် ခြားထားသော အခန်းနံပါတ် တစ်ဆယ်ရှေ့ကိုရောက်တော့ သူ ရပ်လိုက်ရင်း

" ကျွန်တော် လွင်ပြင်ညီပါ ဝင်ခွင့်ပြုပါခင်ဗျာ "

" ဝင်ခဲ့ပါရှင် "





ချိုသာသော မိန်းမပျိုတစ်ယောက်၏ အသံကို ကြားရ၏။ ဧည့်ကြိုမိန်းကလေး ခွင့်ပြုသံလေးကြောင့် သူ လှမ်းဝင်လိုက်တော့

" ဟင်. . . ရောင်. . . ရောင်စဉ် "

သူ မယုံနိုင်အောင် မင်သက်တွေဝေလျက် အသင့်ပြင်ဆင်ထားသော ထမင်းစားပွဲဝိုင်းကြီးထိပ်မှ ရောင်စဉ်ကို ငေးကြည့်နေမိ၏။

" ရောင်. . . ရောင်စဉ်. . . မင်း. . . မင်း "

" အံ့သြနေသလား မောင်လွင်ပြင် ဒါ အန်ကယ်ပြောတဲ့ ဘော့စ်ပဲ မိုးကောင်းကင် တေးထုတ်လုပ်ရေးပိုင်ရှင် သက်တန့်ရောင်စဉ်လေ "

အခန်းထဲကို လှမ်းဝင်လာသော ဦးသက်ကောင်းအသံကြားမှ သူ သတိဝင်လာရသည်။

မျက်နက်ဝန်းလေးတွေအထိ အပြုံးရိပ်တွေ လက်ဖြာနေသော ရောင်စဉ်ရဲ့ နှုတ်ခမ်းပါးလေးတွေကိုကြည့်ကာ သူ မယုံမရဲ တုန်လှုပ်ရင်း

" နင်. . . နင်က မိုးကောင်းကင် တေးထုတ်လုပ်ရေးပိုင်ရှင် ဟုတ်. . . ဟုတ်လား ရောင်စဉ် "

" ဟုတ်တယ်လေ လွင်ပြင်ရဲ့ နင် သိပ်အံ့သြသွားအောင် သိုဝှက်ထားခဲ့တာ "

သိုဝှက်ထားခဲ့တာတဲ့။ ရောင်စဉ်က သူ ဒီဘဝ ဒီအခြေအနေ

ရောက်လာအောင် တစ်ဘက်လှည့်နဲ့ ကူညီခဲ့တဲ့ဘောစ်ပေါ့။ ငွေကြေးရှိ ပရိဂ္ဂဟဆာပေါ့။

" နင် တကယ်တော်ပါတယ် လွင်ပြင် နင့်အိပ်မက်တွေအတိုင်း ဖြစ်အောင် နင် ကြိုးစားနိုင်ခဲ့တာ ငါ ဂုဏ်ယူပါတယ် "

မဟုတ်ဘူး။ ဒါ. . . ဒါ နင် ငါ့ကို လှည့်စားလိုက်တာ။ နင့် ပိုင်ဆိုင်တဲ့ ငွေကြေးဓနအင်အားနဲ့ ငါ့ကို အရှုံးလုပ်ခဲ့တာပဲ ရောင်စဉ်။

နင့်ဒယ်ဒီရဲ့ အကူအညီနဲ့ ကင်းလွတ်အောင် ကြေးကြော်ခဲ့တဲ့ ငါ့ကို နင် အလှပဆုံး လှည့်စားပစ်လိုက်တာပဲ။

" လွင်ပြင်. . . ထိုင်ပါဦး ဒါ နင့်အတွက် ဂုဏ်ပြုတဲ့ပွဲလေးပါ"

နင် သိပ်ပျော်နေသလား ရောင်စဉ်။ ငါ့ကို အရှုံးလုပ်ခဲ့ရတဲ့ အောင်မြင်မှုအတွက် နင် သိပ်ကြည်နူးကျေနပ်နေတယ် မဟုတ်လား။

" နင်. . . နင် သိပ်တော်ပါတယ် ရောင်စဉ် ငါ တကယ်ကို မရိပ်မိခဲ့တာ "

" နင် အိပ်မက်တွေ တကယ်ဖြစ်မြောက်လာစေချင်တဲ့ ဆန္ဒနဲ့ ပါဟာ "

" တော်. . . တော်စမ်း ရောင်စဉ် "

ဒေါသလှိုင်းသင့်နေတဲ့ သူ့အသံက တုန်ခါကျယ်လောင်သွားခဲ့၏။ ရောင်စဉ်မျက်နှာက အပြုံးတွေပျောက်ကွယ်ကာ သူ့ကို မျက်လုံးလေး





ဝိုင်းကာ ကြည့်၏။

" မောင်. . . မောင်လွင်ပြင် "

" တော်တော့ ဦးသက်ကောင်း ခင်ဗျားလည်းအတူတူပဲ ကျုပ်ကို ပူးပေါင်းလှည့်စားခဲ့ကြတာ တောက် နင် နိုင်ပါတယ် ရောင်စဉ် ငါ့ရဲ့ မာနတွေကို နင် အကောင်းဆုံးရိုက်ချိုးပြနိုင်တယ် နင် ပိုင်ဆိုင်တဲ့ ငွေကြေးအရိပ်အောက်မှာ ငါ ရှုံးနိမ့်သွားခဲ့ပြီ "

" မ. . . မဟုတ်ဘူး လွင်ပြင် ငါ. . . ဒီသဘောမဟုတ်ဘူး"

ရောင်စဉ် အလန့်တကြားငြင်းသည်။ သူ အံတင်းကြိတ်ကာ ခေါင်းကိုခါရမ်းလိုက်ရင်း

" ဘာမှ ဆက်မပြောနဲ့တော့ ရောင်စဉ် ငါ အားလုံးကို နားလည်လိုက်ပြီ နင်ကိုယ်တိုင် ပြောခဲ့တာပဲ ငါ့လိုအရည်အချင်းရှိတဲ့ ယောက်ျားကို လက်ထပ်ဖို့ ငြင်းစရာမရှိဘူးတဲ့လား သိပ်လှပတဲ့စကားလုံးပဲ လွင်ပြင်ညီဆိုတဲ့ ယောကျ်ားကို အရည်အချင်းရှိတဲ့ကောင် အောင်မြင်တဲ့ ကောင်တစ်ယောက်ဖြစ်အောင် နင်ကပံ့ပိုး ပြီးတော့ နင့်ဒယ်ဒီအလိုကျ လက်ထပ် သွားပြီး ငါ့ဘဝမှာ အားလုံးရှုံးခဲ့ပြီ နင့်တို့လောင်းရိပ်တွေ အောက်မှာ ငါ့ဘဝကြိုးဆွဲအရုပ်တစ်ရုပ်ပေါ့ဟာ "

" လွင်ပြင် နင် ထင်ရာတွေ လျှောက်မပြောနဲ့ "

" ငါထင်တာတွေအားလုံး အမှန်တရားတွေပဲ ရောင်စဉ် ငါ့ကို

ခံစားချက်မရှိတဲ့ အရုပ်တစ်ရုပ်လို နင်ထင်နေသလား နင်တို့လောင်းရိပ်အောက်မှာ တန်ဖိုးမရှိတဲ့ကောင်ဖြစ်အောင် လုပ်လိုက်တာလား ဆောရီးပဲ ရောင်စဉ် ကျေးဇူးတရားဆိုတဲ့ လောင်းရိပ်ကြီးကို ငါ ကြောက်သွားပြီ"

" လွင်ပြင် နင့်စကားက ဒယ်ဒီကို စော်ကားသလိုဖြစ်နေပြီ ဒီကိစ္စမှာ ဒယ်ဒီဘာတစ်ခုမှ မသိခဲ့ဘူး "

" အားလုံးဟာ နင့်အစည်းအဲချင်းပေါ့ လေးစားတယ် ရောင်စဉ် ပြီးတော့ နင့်ကိုငါ သိပ်ရွံ့မုန်းသွားပြီ "

စကားအဆုံးမှာ သူ ချာခနဲလှည့်ထွက်ခဲ့သည်။

ရင်ထဲမှာ နာကျင်ခံစားရသော ဝေဒနာက ပြင်းပြစူးရှလွန်းသည်။

ရောင်စဉ်။ နင် သိပ်တော်တယ်။ ငါ့နှလုံးသားကို စွဲလမ်းယစ်မူးစေလောက်အောင် လှပတယ်။

ငါ့နှလုံးသား ကြေမွသွားအောင်လည်း ရက်စက်တတ်တယ်။

အဆိပ်နဲ့တူတဲ့ မာနတွေပြည့်နေတဲ့ နင့်နှလုံးသားကိုမှ တွယ်မက်မိတဲ့ ငါ့အတွက် အဆိပ်သင့်ခဲ့တာ ငါ ခံရပါတယ်။

အမုန်းမသိတဲ့ ငါ့နှလုံးသားက နင့်ကိုမုန်းတတ်ခဲ့ပြီ ထင်ရဲ့ ရောင်စဉ်ရယ်။

✿ ✿ ✿ ✿ ✿



# အခန်း (၃၄)

" မင်းခံစားချက်တွေ သိပ်ပြင်းထန်လွန်းနေတယ် လွင်ပြင်"

ဗညား ဝေဖန်စကားကြောင့် သူ အံကြိတ်ပြုံးရင်း လက်ထဲမှာ ဆုပ်ကိုင်ထားသော ဖန်ခွက်ကို ကောက်မော့လိုက်၏။

ပူလောင်ခါးသက်သော ဝေဒနာနှင့် အရသာက လည်ချောင်းတစ်လျှောက်။ စီးမျောတိုးဝင်သွား၏။ ခံရခက်သော ဝေဒနာဆိုးကို နံဘေးမှာ ရှိနေသော အအေးပုလင်းကို ကောက်မော့ပြီး သူ ဖြေဖျောက်ရသည်။ သူ့အပြုအမူကိုကြည့်ကာ ဗညားမျက်နှာရှုံ့၏။

" သိပ်များနေမယ် လွင်ပြင် "

" များတော့ဘာဖြစ်လဲ နောက်ဆုံးမူးပြီး မှောက်သွားတာပဲ ရှိမှာပေါ့ကွာ "

" မင်း အလွန်အကျွံ ဖြစ်သွားရင် မကောင်းဘူး ငါ

ဒေါ်လေးခိုင်ကို ရင်ဆိုင်ဖို့ မျက်နှာပူတယ် ငါရှိနေရက်နဲ့ မတားဘူး ထင်မယ် ''

'' ငါ အိမ်မပြန်ဘူး ဗညား အဲဒီလောင်းရိပ်အောက်ကို ငါ ဘယ်တော့မှ ပြန်မသွားဘူး ''

'' ဟင် ဒါဆို မင်း မေမေခိုင်အတွက် ထည့်မစဉ်းစားဘူးလား''

'' ငါ အားလုံးစီစဉ်နေတယ် ငါနဲ့ မေမေခိုင်နေဖို့ ခြံတစ်ခြံ ဝယ်မယ် အဲဒီလောင်းရိပ်ထဲက မေမေခိုင်ကို ဆွဲထုတ်ရမယ် လောလော ဆယ် ငါ ဒါတွေစီစဉ်နေတုန်းမှာ ကိုဒိုးရဲ့ တိုက်ခန်းလေးမှာပဲရှိမယ် ကိုဒိုးက ငါ့ကို အဲဒီတိုက်ခန်းသော့ ပေးထားတယ် ဟောဒီမှာ ငါ အရမ်း မူးသွားရင် မင်း အဲဒီတိုက်ခန်းကို ပို့ပေး ဒါပဲ ''

'' လွှင်ပြင်ရာ မင်းလုပ်နေတာတွေ မဟုတ်သေးဘူးထင်တယ်''

'' ဘာလဲ ငါ အရက်သောက်နေတာကို ပြောတာလား ဒီမှာ ဗညား ရောင်စဉ်ဆိုတဲ့ မိန်းမကြောင့် မဟုတ်ဘူးနော် လှည့်စားခံလိုက် ရတဲ့ ငါ့အဖြစ်ကို ငါ ရင်နာခံစားရလို့ သောက်တာကွ ''

'' မင်း ခံစားချက်တွေ လျှော့ကွာ ဦးသက်ကောင်းနဲ့ ငါတွေ့ပြီးပြီ ရောင်စဉ် မင်းကို ကူညီခဲ့တာ တကယ့်စေတနာနဲ့ . . . ''

'' တော်စမ်းကွာ ဒီနာမည် ငါ မကြားချင်ဘူး ဟိုလူကြီးလည်း ဘာထူးလဲ ရောင်စဉ်က ငွေပေးပြီး ခိုင်းလို့ လုပ်ပေးနေတာ ဒီမှာ





ဗညား ငါနဲ့မေမေခိုင်ဘဝက ရောင်စဉ်အဖေရဲ့ အရိပ်မှာ ခိုခဲ့ရတယ် ကျေးဇူးတရားဆိုတဲ့ အသိကြီးနဲ့ငါ အရာရာကို အရှုံးပေးခဲ့ရတယ် ထောက်ထားခဲ့ရတယ် ဒါကြောင့် ငါ့အနာဂတ်ကို အဲဒီအရိပ်တွေထဲက ရုန်းထွက်ဖို့ ကြိုးစားခဲ့တာ အန်ကယ်စိုးပေးတဲ့ အကူအညီကိုတောင် ငြင်းခဲ့တာ အဟား ခုတော့လည်း ရောင်စဉ်အရိပ်က ငါ မလွတ်ခဲ့ပါဘူး ဒါတွေသာ ငါ အစောကြီးကတည်းက ကြိုသိခဲ့ရင် ငါ ဦးသက်ကောင်း စကားတွေကို ငြင်းခဲ့မှာကွ ''

'' မင်း အတွေးနည်းနည်း ချော်နေတယ် သူတို့ဘယ်လောက် ကူညီကူညီ မင်းမှာ အရည်အချင်းမရှိရင် ဖြစ်လာမှာ မဟုတ်ဘူးလေ''

'' အေး မှန်သင့်သလောက်မှန်တယ် ရောင်စဉ်က ငွေကြေး တွေနဲ့ မပံ့ပိုးခဲ့ရင်ကော မင်းဖြေစမ်း ဗညား ''

'' ဒါတော့ကွာ သူ အကျိုးမဲ့တာမှ မဟုတ်ဘဲ စီးပွားရေးအရ တောင် မြတ်ခဲ့သေးတာပဲ ''

'' တခြားပရိုဂျူဆာတွေ မဝံ့ရဲတဲ့အလုပ်ကို သူ လုပ်ခဲ့တာ မင်း အသိဆုံးပါ စီးပွားရေးသက်သက်ဆိုရင် သူ့မှာ လုပ်စရာတွေ အများကြီး ရှင်းပါတယ်ကွာ ငါ ကြွေးကြော်ငြင်းပယ်ခဲ့တဲ့စကားကို လှည့်စားအရှုံးလုပ်ပြီး ရောင်စဉ်နှိပ်ကွပ်လိုက်တာ ငါ သိပ်ခံစားရတယ် ဗညား ''

ခံစားချက်တွေ ဖွင့်ထုတ်ရင်း သူ တစ်ခွက်ပြီးတစ်ခွက် မော့နေတာကို ဗညား မတားဝံ့ဘဲ စောင့်ကြည့်နေရှာ၏။

နောက်ဆုံး စားပွဲပေါ် သူ ဦးစိုက်မှောက်ကျသွားတော့မှ ဗညား သူ့ကိုတွဲကာ ကားပေါ်တင်၏။

" အေ့. . . ဗညား ငါကိုဒိုး. . . တိုက်ခန်းမှာ. . . နေတာ ဘယ်သူမှ မသိစေနဲ့. . . အေ့. . . မင်းကတိပေး "

" အေးပါကွာ ငါကတိပေးတယ် "

" အိုကေ. . . အေ့. . . ကျေး. . . ဇူး. . . "

ကူရှင်မှာ မှီနိုင်စွမ်းတောင် မရှိတော့ဘဲ လွင်ပြင် ခွေခွေကလေး လှဲအိပ်သွားသည်။

ဗညားကားလေးကို ကိုဒိုးတိုက်ခန်းဘက်သို့ မောင်းနှင်ခဲ့သည်။ လတ်တလော အခြေအနေမှာ လွင်ပြင်စိတ်ကို အတင်းအကြပ် ကိုင်တွယ်လို့ မရတာ သူသိနေသည်။

ဒီကောင်ခံစားရသော ဒဏ်ရာက ပြင်းသည်။ ဒါပေမဲ့. . .

ဒဏ်ရာဆိုတာ အချိန်တန်ရင်တော့ ပျောက်သွားတတ်စမြဲဟု သူ ယုံသည်။

✿ ✿ ✿ ✿ ✿



## အခန်း (၃၅)

" မောင်လွင်ပြင်နဲ့ သမီးတို့ကြားက ပြဿနာက ဒီလောက်ထိ မဖြစ်သင့်ပါဘူးကွယ် သူ နားလည်အောင် သမီးဘက်က အသေအချာ တောင်းပန်လိုက်ရင် ပြီးတဲ့ကိစ္စပဲ "

ဒယ်ဒီဆိုသလောက် လွယ်သည့်ကိစ္စမဟုတ်ဟု ရောင်စဉ်သိသည်။

အခုပဲကြည့်လေ။ လွင်ပြင် အိမ်ပြန်မလာတာ ငါးရက်ကြာခဲ့ပြီ။

တကယ်ဆို ဒီလောက်အထိ နားကျည်းစရာကိစ္စမဟုတ်ဟု ရောင်စဉ်ထင်သည်။

ကိုယ့်စေတနာ၊ ကိုယ့်ရှင်းပြစကားတွေကိုတောင် ခါးခါးသီးသီး ငြင်းဆိုထွက်သွားခဲ့တာတော့ ရင်မှာခံစားရသည်။

“ သူ ဘယ်မှာရှိနိုင်မလဲ သမီးသိသလား ”

“ မသိချင်ပါဘူး သိလည်းမသိဘူး ဒယ်ဒီ သမီးစေတနာကို စော်ကားသွားတဲ့ကိစ္စတော့ ခံရခက်တယ် ”

“ ဩော်. . . သမီးရယ် သွေးဆူဝေနေတုန်းဆိုတော့ ဖြစ်တတ်ပါတယ် ”

ဒယ်ဒီက ပြေရာပြေကြောင်း လေပြေစကားဆိုနေပေမယ့် ရောင်စဉ်သိပါသည်။ မာနကို အသက်ထက်တောင် တန်ဖိုးထားချင်တဲ့သူ။

တစိမ့်စိမ့်တွေးမှ ရင်ထဲမှာ ပိုခံစားရသည်။

ရောင်စဉ် အချစ်ကိုတောင် ဘဝအခြေအနေတူညီမှ ဖွင့်ဟဝန်ခံတောင်းဆိုဖို့အထိ မာနကြီးခဲ့တဲ့ လွင်ပြင်။

အချစ်ဆိုတာ ဥစ္စာဓနတွေနဲ့ ဆက်နွယ်နေခဲ့သလား။

တကယ်တမ်း အတ္တမာနကြီးခဲ့သူက နင်ပါ လွင်ပြင်။ ငါကတော့ နင့်ကိုချစ်တဲ့ နှလုံးသားနဲ့အားလုံးကို စတေးခဲ့တယ်။ မာနတွေကို လွှင့်ပစ်ခဲ့တယ်။ နင့်ဆန္ဒလေးပြည့်ပါစေတော့ဆိုတဲ့စိတ်နဲ့ ရိုးသားစွာ ကူညီပေးခဲ့တယ်။ ဒါကိုတောင်. . .

“ မောင်လွင်ပြင်ကိုတော့ ရှာမှဖြစ်မယ် သမီး မင်္ဂလာပွဲကိစ္စကို ဒယ်ဒီက အမြန်စီစဉ်ချင်တာ ”

“ အဲဒီကိစ္စအတွက်ဆိုရင် ဒယ်ဒီမေ့လိုက်တော့ ”





“ ဘာ. . . ဘာရယ် သမီး ”

“ သမီး သူ့ကို လက်မထပ်နိုင်ဘူး ဒယ်ဒီ ”

“ မဟုတ်တာ သမီးရယ် ဘာမဟုတ်တဲ့ ပြဿနာလေးကို”

“ သိပ်ကြီးပါတယ် ဒယ်ဒီ သူ့အတ္တမာနတွေက သိပ်ကြီးတယ် သမီးနဲ့ဘယ်လိုမှဖြစ်မှာ မဟုတ်ဘူး သမီး သူ့ကို ဘယ်တော့မှ လက်မထပ်တော့ဘူးဆိုတာ ယုံ ”

ယတိပြတ်စကားနှင့် ဒယ်ဒီရှေ့မှ ရောင်စဉ်ထွက်ခဲ့တော့ ဒယ်ဒီ တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့ရှာသည်။

အိပ်ခန်းထဲရောက်တော့ တင်းထားသမျှစိတ်ကို ရောင်စဉ် ပြေလျော့ချကာ အိပ်ရာပေါ်ပစ်လှဲပစ်လိုက်မိ၏။

လွင်ပြင်ရယ် ပြောရက်လိုက်တာ။

နင့်ကိုလက်ထပ်ဖို့ ငါ့ဦးနှောက်က ဆုံးဖြတ်ခဲ့တာ မဟုတ်ပါဘူး။ ငါ့နှလုံးသားက နင့်အပေါ်အရင်ကတည်းက တိမ်းညွတ်ငြိတွယ်ခဲ့တာပါ။

ငယ်ငယ်တုန်းက အနိုင်ယူခဲ့တာတွေအတွက် နင့်စိတ်မှာ ခံစားချက်ကြီးတစ်ခု ဖြစ်နေခဲ့မှန်း ငါမသိခဲ့ဘူး။

ကျေးဇူးတရားဆိုတဲ့ လောင်းရိပ်ကြီးနဲ့ နင့်ဘဝကို ငါ ချုပ်ကိုင်အနိုင်ယူခဲ့တာလို့ နင် ထင်နေခဲ့တယ်နော်။

နင့်ကို ပိုင်ဆိုင်ဖို့အတွက် ငါ ဘယ်တော့မှ မကြိုးစားတော့ဘူး

လွင်ပြင်။

အချစ်ဆိုတာ ပိုင်ဆိုင်ခွင့်ရမှ မဟုတ်ပါဘူး လွင်ပြင်ရယ်။

ကမ္ဘာတွေခြားအောင် ဝေးနေကြစေဦးတော့။ နှင့်ကိုချစ်တဲ့ နှလုံးသားနဲ့ ရှင်သန်နေတဲ့ ငါ့အတွက်။

ခန္ဓာတည်သ၍ ရင်ထဲမှာ သိမ်းဆည်းထားခွင့် ရှိနေမှာပါ။

အတ္တမာနတွေ ဖုံးကွယ်နေသ၍ စစ်မှန်တဲ့အချစ်ကို နှင် မြင်နိုင်ခွင့် မရှိတာသေချာတယ်။

ဒါတွေကို နှင် နားလည်လာနိုင်တဲ့ တစ်နေ့ကျရင်. . . ။

✿ ✿ ✿ ✿ ✿



## အခန်း (၃၆)

" မောင်ဗညားရယ် သားလေး ဘယ်မှာရှိတယ်ဆိုတာ မင်း တကယ်မသိဘူးလားကွယ် "

" ကျွန်တော် တကယ်မသိတာပါ မေမေခိုင် လွင်ပြင်နဲ့ ကျွန်တော် မတွေ့တာကြာပြီ ကျွန်တော့်ကိုလည်း ဒီကောင်ဘာမှ အသိ မပေးဘဲ ထွက်သွားတာ ကျွန်တော်မညာပါဘူး "

မညာချင်ပေမယ့် ညာနေရသည့်အဖြစ်။ မေမေခိုင်ရဲ့မျက်ရည် တွေကိုလည်း သူ မမြင်ရက်ပါ။ ဒါပေမဲ့. . .

အမှန်အတိုင်း ဖွင့်ပြောဖြစ်လျှင် လွင်ပြင်ကလည်း သူ့ကို စိတ်ဆိုးဒေါသထွက်မှာ သူ သိနေတော့အခက်။

" မေမေခိုင် သားလေး စိတ်လေပြီး ထင်ရာလျှောက်လုပ်မှာ စိုးတယ်ကွယ် မောင်ဗညားလည်း စုံစမ်းပေးပါနော် ကိုမောင်မောင်စိုး

ကလည်း စုံစမ်းနေပါတယ် ''

'' ဟုတ်ကဲ့ပါ မေမေခိုင် ဟို ရောင်စဥ်ကော ဘာပြောသေ

သလဲဟင် မေမေခိုင် ''

'' သမီးလေးက သားကို တကယ့်စေတနာနဲ့ ကူညီခဲ့တာပ

သူ အဲဒီနေ့က မေမေ့ခိုင်ကို ငိုယိုပြီး ပြောပြသွားရှာတယ် သားအပေါ်

သူ အရင်က အနိုင်ယူခဲ့ပေမယ့် ခုချိန်မှာ ရောင်စဥ်လေး စိတ်ဓါတ်တွေ

ပြောင်းလဲရင့်ကျက်နေပါပြီ သားကသာ သူများအိမ်မှာ မှီခိုနေရတဲ့

ဘဝကြီးကို နာကျည်းခံစားနေခဲ့တာပါ တကယ်ဆို ကိုမောင်မောင်စိုးတို့

သားအဖက မေမေခိုင်နဲ့သားအပေါ် သွေးရင်းချာလို ချစ်ကြတာ ''

'' အင်း လွင်ပြင်စိတ်က ပြင်းတော့ နားလည်အောင် ပြောပြ

ရတာ ခက်တယ် မေမေခိုင် သူ မေမေခိုင်ဆီတော့ ပြန်လာမှာပါ ''

'' မေမေခိုင် ယုံပါတယ် မောင်ဗညားရယ် ဒါပေမဲ့ သားလေး

တစ်ခုခုဖြစ်ခဲ့ရင် မေမေခိုင်ရင်ကျိုးမှာ အားလုံးဟာ မေမေခိုင်ကြောင့်

ဖြစ်ခဲ့ရတဲ့ ကိစ္စတွေပါ မေမေခိုင်. . . လေ. . . အဟင့်. . . ဟင့်. . . အစ်''

စကားမဆက်နိုင်ဘဲ မေမေခိုင် ရှိုက်ကြီးတငင် ငိုကြွေးတော့

ဗညား ဘာလုပ်ရမှန်းမသိ ဖြစ်ရ၏။

နံဘေးမှ တွေတွေလေး ငေးစိုက်နားထောင်နေသော မိဆုလည်း

မျက်ရည်လေးဝဲကာ သူ့ကို လှမ်းကြည့်၏။





လွင်ပြင်ဘယ်မှာရှိသည်ဆိုတာကို သူနှင့်ညီမလေး မိဆုပဲ

သိထားခဲ့ကြသည်။ အမေ့ကိုတောင် မပြောဖြစ်ခဲ့ပါ။ ဒါကြောင့်လည်း

မိဆု သူ့ကိုလှမ်းကြည့်တာဖြစ်မှန်း သူရိပ်မိ၏။

'' မငိုပါနဲ့ မေမေခိုင်ရယ် စိတ်ချ လွင်ပြင်ဘာမှ မဖြစ်စေရဘူး

ကျွန်တော် မတွေ့တွေ့အောင် ရှာပြီး ရှင်းပြမယ် မေမေခိုင်ဆီ အရောက်

ပို့ပေးပါ့မယ် ''

'' ကျေးဇူးတင်ပါတယ် သားရယ် ကဲ မေမေခိုင် ပြန်တော့မယ်

သား ''

သူတို့မောင်နှမကို နှုတ်ဆက်ကာ မေမေခိုင် ပြန်သွားတော့

မိဆု သူ့ကို မဝံ့မရဲ လှမ်းကြည့်ရင်း

'' မေမေခိုင်ကို သနားလိုက်တာ ကိုကိုရယ် ''

'' အင်း ကိုကိုလည်း ဖွင့်ပြောမိမတတ်ဘဲ ဟိုကောင်လွင်ပြင်

စိတ်ဆိုးမှာစိုးလို့ကွ ''

'' ကိုညီက ဘာဖြစ်လို့ မေမေခိုင်ကို ထားရစ်ခဲ့တာလဲဟင်''

'' ထားခဲ့တာ မဟုတ်ဘူး ညီမလေး ဒီကောင် သူတို့နေဖို့

ခြံနဲ့တိုက်ကို ရှာနေတယ် ရတာနဲ့ မေမေခိုင်ကို ခေါ်မယ်တဲ့ ရောင်စဥ်

အရိပ်နဲ့ကင်းတဲ့ နေရာမှာပဲ နေမယ်တဲ့ ''

'' မမရောင်စဥ်ကို ကိုညီသိပ်စိတ်နာနေတာပဲလား မမရောင်စဥ်

သနားဖို့ကောင်းလိုက်တာနော် ''

'' လွင်ပြင်ဘက်ကလည်း သူ့ခံစားချက်နဲ့သူကိုး ညီမလေးရဲ့ ''

'' အင်း ဒါလည်း ဟုတ်တာပဲ ကိုညီလည်း သနားပါတယ် ''

'' နင်ကလည်း အားလုံးကို သနားနေတာပဲ ''

'' ညီမလေးက အားလုံးကို စိတ်ချမ်းသာစေချင်တယ် ကိုကိုရယ် ကိုညီကို နားလည်အောင်ပြောပြီး ပြန်ခိုင်းလိုက်ပါလားဟင် ''

'' မလုပ်နဲ့ ငါ နေ့တိုင်းပြောတယ် ပြောတိုင်း ဒီကောင်ဒေါသ ဖြစ်နေတော့ ငါ မပြောချင်ဘူး ''

ဗညား အကြောက်အကန်ငြင်းတော့ မိဆု မျက်မှောင်လေး ကုပ်ရင်း

'' ကိုညီကို ညီမလေး ပြောကြည့်ရင်ကောဟင် ''

ဗညား တွေသွားရ၏။ မိဆုစကားဆိုလျှင် ဒီကောင်လက်ခံနိုင် မည်လား။ မသေချာ။ ဒါပေမဲ့ သူ့ကို ဒေါသဖြစ်သလို ဖြစ်မှာတော့ မဟုတ်နိုင်။

'' နင် ဒီကောင့်ကို ပြောရဲလို့လား ''

'' ပြောရဲပါတယ် ကိုညီ နားလည်အောင် ပြောမှာပေါ့ ''

'' အေး ငါ့ညီမလေးက ဆရာဝန်လောင်းဆိုတော့ သူ့ကို ဝေဒနာတွေ ကုလို့ရရင် ကုပေးလိုက် ကိုကိုတော့ ကြားက စိတ်ညစ်





နေတယ် ''

'' ဒီနေ့ ကျောင်းဆင်းရင် ညီမလေး ကိုညီဆီ ဝင်ခဲ့မယ်လေ အတတ်နိုင်ဆုံး ဖြောင်းဖျကြည့်မယ် ကိုကို ''

ဗညား ခေါင်းညိတ်လက်ခံမိသည်။ အားလုံးငြိမ်းချမ်းသွားလျှင် စိတ်ချမ်းသာစရာဆိုတော့လည်း မိဆုကြိုးစားတာ မမှားနိုင်။

ဘာတွေဖြစ်လာမလဲ စောင့်ကြည့်ယုံသာ။

✿ ✿ ✿ ✿ ✿

# အခန်း (၃၇)

အခန်းတံခါးက အတွင်းမှ ပိတ်ထားတာမို့ ကိုညီရှိနေမှန်း မိဆုသိလိုက်သည်။ လူခေါ်ဘဲလ်လေးကို နှိပ်လိုက်၏။

အထဲက တုန့်ပြန့်သံ မကြားရတာမို့ ဒုတိယအကြိမ် ထပ်နှိပ်ရပြန်၏။

“ လာပြီ လာပြီကွ ခဏလေးစောင့်ပါဦးလား ”

ဒေါသသင့်သော အော်သံနှင့်အတူ တံခါးကို ဆွဲဖွင့်တော့ ကိုညီ မိဆုကိုမြင်ကာ မင်သက်သွား၏။

“ ဟင် မိဆု ဘာလာလုပ်တာလဲ ငါက ဗညားထင်လို့ ”

“ ကျောင်းဆင်းတာနဲ့ ကိုညီဆီဝင်လာတာ ပြောစရာကိစ္စလေးရှိလို့ ”

ကိုညီမျက်မှောင်ကုပ် စိုက်ကြည့်နေပြီးမှ တံခါးသော့ကို ဖွင့်ပေး





သည်။

“ လာ မိဆု ဘာကိစ္စရှိလို့လဲ ”

ကိုညီထံက အရက်နံ့က စူးရှရှ။ ညေ့ခန်းစားပွဲပေါ်မှာလည်း အရက်ပုလင်းနှင့် ရေဗူးကအသင့်။

ကိုညီ ဒီလောက်အထိတောင် ပျက်ဆီးနေသည်လား။ မေမေခိုင်သာ မြင်လျှင်တော့ ရင်ကျိုးမှာ အသေအချာ။

“ ကိုညီ အရက်တွေချည်း နေ့တိုင်းသောက်နေတာလားဟင်”

“ နေ့တိုင်းမသောက်ပါဘူး ဒီနေ့မှ နေ့လည်ခင်းက မမြင်မတွေ့ချင်တဲ့ သူ့မျက်နှာကို မြင်ခဲ့ရလို့ ”

“ မမရောင်စဉ်နဲ့ ဆုံခဲ့လို့လားဟင် ”

“ အေး သူမမြင်ပါဘူး ငါ မြင်လိုက်တာ ကဲ ဒါတွေ ထားစမ်းပါ နင်က ဘာလို့လာတာလဲ ကျောင်းမှာ ပိုက်ဆံလိုလို့လား ”

“ မဟုတ်ပါဘူး ကိုညီ ဟို မနေ့က မေမေခိုင် အိမ်လာသွားလို့”

မိဆုစကားကြောင့် ကိုညီမျက်မှောင်ကြီး ကုပ်သွား၏။

“ ဗညား ဘာပြောလိုက်လဲ မိဆု ”

“ မေမေခိုင်က ကိုညီကိုမေးတာ ကိုကိုက ညာလိုက်တယ် ”

“ အေး ကောင်းတယ် နင်လည်းမပြောမိစေနဲ့နော် ”

မိဆုကိုပြောရင်း ကိုညီ အရက်ခွက်ကို ကျိုက်ခနဲမော့သောက်

သည်။ ကိုညီကိုကြည့်ကာ မိဆုမျက်ရည်လေး ရစ်ဝိုင်းချင်လာ၏။

" ကိုညီရယ် မေမေခိုင် ငိုနေတာကြည့်ပြီး မိဆု သနား လိုက်တာ "

" မေမေခိုင်ကို ငါ ဒီရက်အတွင်း သွားခေါ်မှာ မိဆု ဒီနေ့ပဲ ငါ တိုက်တစ်လုံးဝယ်လိုက်ပြီ "

" မမရောင်စဉ်ကို ကိုညီ စိတ်နာနေတာလားဟင် "

" အဲဒီနာမည် မပြောနဲ့ မိဆုရယ် "

မိဆုကိုတားရင်း ကိုညီ တစ်ခွက်ထပ်ငှဲ့ကာ မော့သောက်ပြန် သည်။

" ကိုညီရယ် ကိုညီထင်သလိုမဟုတ်ပါဘူး မမရောင်စဉ်က ကိုညီကို စေတနာနဲ့ကူညီခဲ့တာပါ "

" မိဆု. . . တော်တော့ "

" မိဆု ကိုညီကို တောင်းပန်မလို့ လာခဲ့တာပါ မေမေခိုင်တို့ စိတ်ချမ်းသာအောင် ကိုညီအိမ်ပြန်ပါနော် မမရောင်စဉ်ကိုလည်း ခွင့်လွှတ်. . . "

" ဟာ လာပြန်ပြီ ဒီနာမည်. . . သွားစမ်း ဟာ. . . "

ကိုညီ ဆောင့်တွန်းလိုက်သည့် အရှိန်နှင့် မိဆု ဆိုဖာထိုင်ခုံက ပြုလဲကျသွားရသည်။





" ဒုတ်. . . "

" အင့်. . . "

စားပွဲစွန်းနှင့် ရိုက်မိကာ မိဆု နဖူးလေးမှာ ရဲခနဲ သွေးတွေ စီးကျလာတာမြင်မှ ကိုညီအလန့်တကြား ထွေးပွေ့ထူရင်း

" မိဆု. . . မိဆု ဆော. . . ဆောရီးကွာ "

" ရ. . . ရပါတယ် ကိုညီ မိဆု ကိုညီကို စိတ်မဆိုးပါဘူး "

" ဟာကွာ . . . ကိုယ်. . . မှားသွားတယ်. . . မိဆုရယ်. . . ကိုယ်. . . "

ကိုညီ မချိတင်ကဲ ရေရွတ်ရင်း မိဆုခန္ဓာကိုယ်လေးကို ပွေ့ထားမိဆဲ နဖူးပြင်က သွေးစလေးတွေကို ပွတ်သုတ်ပေးနေရင်းမှ

" ခဏလေးနေဦး ကိုယ် ပလာစတာ သွားယူဦးမယ်နော် မိဆု "

အခန်းထဲပြေးဝင်ကာ ဆေးပလာစတာလေးနှင့် မိဆု နဖူးပြင်က ဒဏ်ရာလေးကို သူ ကပ်ပေးလိုက်ရ၏။

" ကိုယ် တကယ်တောင်းပန်တယ် မိဆုရယ် ရောင်စဉ် နာမည် ကြားရင် ကိုယ် ဒေါသဖြစ်လွန်းလို့ "

" ကိုညီ မကျေနပ်လို့ ရိုက်ရင်လည်း မိဆုခံပါ့မယ် မေမေခိုင်ဆီ ပြန်ပါနော် ပြီးတော့ မမရောင်စဉ်ကိုလည်း ခွင့်လွှတ်လိုက်ပါ "

မျက်ရည်ဝိုင်းသော မျက်နက်ဝန်းလေးတွေနှင့် မော့ကြည့်ရင်း မိဆု ဆိုနေသည်။

မိဆုမျက်နှာလေးကိုကြည့်ရင်း သူ့ စိတ်မကောင်းဖြစ်ရ၏။ တကယ့်ကို ကလေးဆန်ပြီး ဖြူစင်လှတဲ့ စိတ်ထားလေးနဲ့ မိဆု။

" မိဆု. . . "

" ရှင်. . . ကိုညီ "

" ကိုယ် ရွေးချယ်ခဲ့တာ မှားယွင်းခဲ့တယ် "

" ရှင် "

" ဟုတ်တယ် မာနတွေနဲ့ ကိုယ့်ကို အနိုင်ယူတတ်သူကိုမှ ကိုယ် ချစ်ခဲ့မိတာ မှားတယ် တကယ်ဆို မိဆုလို ဖြူစင်တဲ့ နှလုံးသားလေးကို ကိုယ်ရွေးချယ်သင့်တာ "

မိဆုမျက်ဝန်းလေးတွေ ဝိုင်းစက်ကာ သူ့ကိုအလန့်တကြား မော့ကြည့်သည်။

သိုးငယ်လေးလို ဖြူစင်လှသော မိဆုကို သူ ညင်သာစွာ ပွေ့ဖက်ထားရင်း နဖူးပြင်လေးကို မချုပ်ထိန်းနိုင်ပဲ နမ်းရှိုက်မိ၏။

" အို. . . ကိုညီ. . . "

" ခွင့်လွှတ်ပါ ကလေးရယ် မင်းကို ကိုယ်ဖြူစင်တဲ့ မြတ်နိုးခြင်းနဲ့ နမ်းရှိုက်မိတာပါ မိဆုစကားကို ကိုယ် နားထောင်မယ် မေမေနိုင်ဆီ





ပြန်မယ် ကိုယ်ရဲ့အိမ်သစ်လေးကို ခေါ်မယ် ကိုယ့်ရင်ထဲက ဒဏ်ရာတွေ ကုစားပြီးတဲ့တစ်နေ့ကျရင် မိဆုကို ဘဝတစ်ခုလုံးအတွက် ကိုယ်ရွေးချယ်ခွင့်ပေးပါ ကလေးရယ် "

သူ့ရင်ထဲက ခံစားချက်တွေကို မိဆု နားလည်နိုင်ပါ့မလား။

မျက်နက်ဝန်းလေးတွေ ဝိုင်းလျက် မယုံမရဲ မော့ကြည့်နေသော မျက်နှာလေးက ရှင်းသန့်ဝင်းမွတ်နေသည်။

သူ့ရင်ခွင်ထဲမှ မိဆုခန္ဓာကိုယ်လေးကို သူ ဆွဲထူမတ်ရင်း

" မိဆု ပြန်တော့နော် ကားဂိတ်အထိ ကိုယ်လိုက်ပို့ပေးမယ်"

မိဆု ခေါင်းကလေးညိတ်ကာ နာခံ၏။

ဘာကြောင့်များ အေးမြသော နှလုံးသားတစ်ခုကို သူ မမြင်နိုင်ခဲ့တာလဲ။

ရောင်စဥ်ရယ်။

ငါ့နှလုံးသားထဲက မင်းထွက်ခွာသွားပေးပါ။ ပူလောင်မှုတွေနဲ့ မွန်းကြပ်ခဲ့တဲ့ ငါ့နှလုံးသားကို ခိုနားခွင့်ပေးပါတော့။

✿ ✿ ✿ ✿ ✿

# အခန်း (၃၈)

ခြံဝင်းတံခါးက ဟင်းလင်းပွင့်နေသည်မို့ ရောင်စဉ်ကားလေးကို ဆက်မောင်းဝင်ခဲ့သည်။

ကွန်ကရစ်လမ်းလေးအတိုင်း မောင်းဝင်လာရင်း ရောင်စဉ် မျက်လုံးတွေ ဝိုင်းစက်အံ့သြသွားရ၏။ ဆင်ဝင်အောက်မှာ ရပ်ထားတာ ဒယ်ဒီကားမဟုတ်။ ဒီနေ့ ဒယ်ဒီအလုပ်သွားတာ ရောင်စဉ်သိသည်။

" ဒါ. . . ဒါ. . . လွင်. . . လွင်ပြင်ကား. . . လား. . . "

ရောင်စဉ်ရင်ထဲမှာ ထိတ်ခနဲ ဝမ်းသာသွားရ၏။ လွင်ပြင် တကယ်ပဲ ပြန်လာပြီလား။ စက်ရုံထဲမှာ ခေါင်းတွေကိုက်ကာ နေမကောင်း သလိုဖြစ်နေတာမို့ အိမ်ကိုပြန်ခဲ့မိခြင်းဖြစ်သည်။

ကားကို အသာထိုးရပ်ကာ ဧည့်ခန်းတံခါးကို ကြည့်တော့ သော့ပိတ်ထားသည်။ အဲဒဲမှာ ဒေါ်လေးခိုင်မရှိတာ သေချာနေပြီ။





ဒါဆို ခြံအနောက်ဘက်က အိမ်လေးမှာတော့ ရှိမည်။ လွင်ပြင် ပြန်ရောက်လာတာဖြစ်ခဲ့လျှင်

ရင်ထဲမှာ လှိုက်ခနဲ ခံစားရသည်။

သေချာပါတယ် လွင်ပြင်ရယ်။ နင့်ကိုငါ မုန်းလို့မရတာ အမှန်ပဲ။ နင်ကျေနပ်တဲ့အထိ ငါတောင်းပန်မယ်ဆိုရင် နင် ကျေနပ်မှာလား။

ငါ့အတ္တမာနတွေ ကင်းစင်နေတာ နင့်ကို ချစ်တဲ့စိတ်တစ်ခုနဲ့ပါ လွင်ပြင်။

ရောင်စဉ်စိတ်တွေ လှုပ်ခတ်တုန်ရီလျက် အိမ်နံဘေးကပတ်ကာ နောက်ဘက်အိမ်ကလေးဆီသို့ တရွေ့ရွေ့ လှမ်းခဲ့သည်။

အိမ်တံခါးလေးက ပွင့်နေ၏။ စကားသံတွေကိုပါ သဲ့သဲ့ကြားနေ တာမို့ ရောင်စဉ် တိုးကပ်ကာ နားစွင့်မိ၏။

" မဟုတ်ဘူး မေမေခိုင် သားပြန်လာတာ ရောင်စဉ်ကို လက်ထပ်ဖို့ မဟုတ်ဘူး မေမေခိုင်ကို လာခေါ်တာ သားတို့အတူနေဖို့ အားလုံးစီစဉ်ထားပြီးပြီ "

" အဓိပ္ပါယ်မရှိတာ သား မေမေခိုင်ရှင်းပြတာ နားထောင်ပါ သမီးလေး ရောင်စဉ်က သားကို. . . "

" သား ဘာမှမကြားပါရစေနဲ့ မေမေခိုင် သားဘဝတစ်လျှောက် လုံး စိတ်ဆင်းရဲမခံနိုင်ဘူး မေမေခိုင် သားနဲ့လိုက်ခဲ့ပါ သား မိဆုကို

လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီ ''

" ဘာ. . .''

မေမေခိုင် အလန့်တကြား အော်သံကြားရ၏။ ရောင်စဥ် မျက်ဝန်းတွေ ဝိုင်းစက်တုန်လှုပ်ကာ ကိုယ့်နားကိုယ် မယုံချင်ဖြစ်ရ၏။ ဒါ လွင်ပြင်ဆုံးဖြတ်ချက်တဲ့လား။

" ဟုတ်တယ် မေမေခိုင် ကျွန်တော့်အတွက် အသင့်တော်ဆုံး အဖော်ဟာ မိဆုပဲ မိဆုနှလုံးသားလေးဖြူစင်တယ် သားအပေါ်မှာလည်း ခင်တွယ်သံယောဇဉ်ကြီးတယ် မေမေခိုင်စိတ်ဆင်းရဲနေကာ မကြည့်ရက်လို့ ဖွတ်သွားခေါ်ခိုင်းနေတာ သူ. . . ဒါကြောင့်. . .''

" ဟင့်အင်း မဖြစ်နိုင်ဘူး မဖြစ်ရဘူး မေမေခိုင် လက်မခံဘူး သား လက်မခံဘူး ''

" မိဆု စိတ်ဓါတ်လေးကို မြင်သိလာရင် မေမေခိုင် လက်ခံ လာမှာပါ ''

" ဘယ်တော့မှ လက်ခံဖြစ်မှာ မဟုတ်ဘူး သား သားကို ရောင်စဥ်လေးကလွဲရင် ဘယ်သူနဲ့မှ မေမေခိုင် လက်မခံဘူး ''

" ဘာ ဘာဖြစ်လို့လဲ မေမေခိုင် ''

" ဘာဖြစ်လို့လဲဆိုတော့ သမီးရောင်စဥ်က မေမေခိုင်ရဲ့ တူမလေး ဖြစ်နေလို့ပေါ့ ''





" ဗျာ ''

မျက်ရည်စတွေ ယိုစီးကျနေသည့်ကြားက နားထောင်နေမိဆဲ ရောင်စဥ် ဆတ်ခနဲ တုန်သွားရ၏။

" ဟုတ်ပါတယ် သားရယ် မေမေခိုင် အခုပြောတဲ့ စကားတွေကို သား နားထောင်ပါ ပြီးမှ မေမေ့ခိုင်ကို မုန်းချင်မုန်း နာကျည်းချင် နာကျည်းပါ မေမေခိုင် ခံယူပါ့မယ် သားရယ် ''

" မေ. . . မေမေခိုင် ဘာတွေပြောနေတာလဲ သားကဘာလို့ မေမေခိုင်ကို မုန်းရမှာလဲ ''

" နားထောင်ပါ သား မေမေခိုင် ပြောပြမယ် လောကကြီးထဲမှာ မေမေခိုင်တစ်ယောက်ကလွဲပြီး ဘယ်သူမှ မသိတဲ့ အမှားကြီးကို မေမေခိုင် မိုက်မိုက်မဲမဲ ကျူးလွန်ခဲ့တယ် အဲဒီအကြောင်းကို တွေးမိတိုင်း မေမေခိုင် ကိုယ့်ကိုကိုယ် ခွင့်မလွှတ်နိုင်ခဲ့ဘူး သား သားအပေါ် မေမေခိုင် ရက်စက် သလို ခံစားခဲ့ရတယ် သားကို မေမေခိုင် ပြောပြဖူးတဲ့ ငါ့သားလေး လူ့လောကကြီးထဲကို ရောက်လာတဲ့ညလေးကို သားမှတ်မိဦးမှာပေါ့ ''

✿ ✿ ✿ ✿ ✿

## အခန်း (၃၉)

အဲဒီညက လေရောမိုးပါ သည်းသည်းမည်းမည်း ရွာနေတဲ့ အချိန် အားအင်ချို့နဲ့စွာနဲ့ ရင်သွေးကို မွေးဖွားဖို့ ကြိုးစားနေတဲ့ မေမေခိုင်ရဲ့ အစ်မ ဒေါ်သက်သက်ခိုင်ရဲ့ ဝေဒနာကို မေမေကြည့်ပြီး ချွေးပြန်အောင် ယုယပြုစုနေရတဲ့အချိန်မှာပေါ့။

" အိမ်ရှင်တို့ . . အိမ်ရှင်တို့ "

လေထဲမိုးထဲမှာ အခန်းတံခါးခေါက်တဲ့အသံကြားလို့ မေမေခိုင် မီးနေခန်းထဲက လှမ်းမေးရတယ်။

" ဘယ်သူလဲ အချိန်မတော်ကြီး "

" ကျွန်တော်တို့ပါ ရန်ကုန်ပြန်ရင်း ကားပျက်လို့ မိုးရွာထဲ ဒုက္ခရောက်နေလို့ပါဗျာ ကူညီပါ ကျွန်တော့်ဇနီးမှာလည်း မပေါ့မပါးကြီး နဲ့မို့ပါ ခင်ဗျာ "





ဒုက္ခရောက်လာတဲ့ ဧည့်သည်တွေမှန်းသိတော့ မေမေခိုင်လည်း ကပျာကသီ တံခါးဖွင့်ပေးရတယ်။

" ကျွန်တော်နာမည် မောင်မောင်စိုးပါ ဒါက ကျွန်တော့်ဇနီး ဒေါ်မေသက်ပါ မပေါ့မပါးကြီးနဲ့ဆိုတော့ ကားထဲမှာ မနေသင့်လို့ မီးရောင်မြင်တဲ့ ဒီကို လာအကူအညီတောင်းတာပါဗျာ "

မိုးရေတွေ ရွှဲရွှဲစိုနေတဲ့ နေစေ့လစေ့ ကိုယ်ဝန်အရင့်အမာ လွယ်ထားရတဲ့ ဒေါ်မေသက်ကိုကြည့်ပြီး မေမေခိုင် စာနာမိတယ်။

" ကဲ ရှင့်ဇနီးကို ဟိုတန်းပေါ်က ကျွန်မအစ်မ အဝတ်အစား တွေ လဲခိုင်းလိုက်ပါ အခန်းထဲမှာ ကျွန်မအစ်မကလည်း နေစေ့လစေ့နဲ့ မွေးဖွားတော့မှာမို့ အရမ်းအရေးကြီးနေတယ် "

" ဗျာ ဟုတ်ကဲ့ သွားပါ သွားပါ ကျွန်တော်တို့ ဒီအိမ်ရှေ့ခန်းမှာ ထိုင်နေပါ့မယ်ဗျာ "

ဝမ်းနာနေတဲ့ အစ်မကို ပြုစုနေတုန်း မရည်ရွယ်တဲ ရောက်လာ တဲ့ ဒေါ်မေသက်ကလည်း ဝမ်းနာလာပြန်တယ်။

" ညီမ ညီမ လုပ်ပါဦး ကျွန်တော့်မိန်းမလည်း ဗိုက်နာနေလို့ တဲ့ "

အခြေအနေတွေက "တိုက်ဆိုင်လာတာမို့ မေမေခိုင်လည်း တစ်ချိန်တည်း တစ်နေရာတည်းမှာ မိန်းမနှစ်ယောက်ကို တစ်ပြိုင်နက်

မီးဖွားပေးဖို့ အခြေအနေ ဖြစ်လာရတယ်။

ညည်သည်ဒေါ်မေသက်က ချောချောချူချူပဲ မီးဖွားနိုင်ခဲ့ပေမယ့် မပြည့်မစုံဘဝ ဝဋ်ဒုက္ခတွေနဲ့ ချာလည်ခဲ့ရတဲ့ မေမေခိုင်အစ်မခမြာ ရင်သွေးလေးကို ထားရစ်ခဲ့ပြီး လူ့လောကထဲက ထွက်သွားခဲ့ရရှာတယ်။

ဘဝပေးအခြေအနေ မတူညီရှာတဲ့ အခြေအနေတွေကို ကြည့်ရင်း မေမေခိုင် ရင်ထဲမှာ စိတ်မကောင်းဖြစ်ရတယ် သား။

လူဆိုးလူမိုက် ထောင်ကျနေတဲ့ ယောကျ်ားအနားမှာ မရှိဘဲနဲ့ မေမေခိုင်အစ်မခမြာ သမီးလေးကို ချန်ထားရစ်ခဲ့ပြီး လောကထဲက ထွက်သွားရတယ်။

ကံကြမ္မာက မမျှတလိုက်တာ။

ဒုက္ခရောက်ပြီး မိုးလာခိုတဲ့ ညည်သည်သူဌေးမလေးက အခက်အခဲ ဒုက္ခမရှိဘဲ မေမေခိုင်ဆီ အရောက်ရောက်လာပြီး သားယောကျ်ားလေးကို ဘေးအန္တရာယ်ကင်းကင်း မွေးဖွားနိုင်ခဲ့တယ်။

ဘဝကံအကျိုးပေးမတူညီတဲ့ မေမေခိုင်တူမလေးနဲ့ ညည်စိမ်းအမျိုးသမီးရဲ့သားလေးကိုကြည့်ပြီး မေမေခိုင် စိတ်ရိုင်းတွေ ဝင်လာခဲ့မိတယ်။

အစ်မရဲ့သမီးလေးနဲ့ သူတို့လင်မယားရဲ့ သားယောကျ်ားလေးကို မေမေခိုင် မိုက်မိုက်မဲမဲ လဲယူထားလိုက်မိတယ်။





" ဒီမှာ ရှင့်ဇနီးမွေးတဲ့ ကလေး သမီးလေးရှင့် "

" ဗျာ ဝမ်းသာလိုက်တာဗျာ ဟို ကျွန်တော့်ဇနီးကောဟင်"

" ကျန်းကျန်းမာမာပါပဲ ရှင် "

" ကျေး. . . ကျေးဇူးဗျာ. . . အဲ. . . ဒါနဲ့. . . ခင်ဗျားအစ်မကော မွေးပြီလားဗျာ "

" အစ်မက ယောကျ်ားလေးမွေးတယ် ဒါပေမဲ့ အစ်မခမြာမှာတော့ ကံမကောင်းရှာပါဘူးရှင် အဟင့်. . . အဟင့်. . ."

" ဟာဗျာ စိတ်မကောင်းပါဘူးဗျာ "

ကိုမောင်မောင်စိုးက စိတ်သဘောမနော တကယ်ဖြူစင်ကြည်ညိုစရာကောင်းသူပါ မေမေခိုင်အစ်မ နာရေးအတွက် လိုတဲ့ငွေကြေးကို ကူညီတယ် အမိမဲ့သားလေးကိုလည်း မွေးစားခွင့်တောင်းခဲ့တယ်။

" အစ်မ မရှိတော့ပေမယ့် အစ်မယောကျ်ား ရှိပါသေးတယ် [illegible]ါကြောင့် ကျွန်မပေးခွင့်မရှိပါဘူးရှင် "

" ဟင် ဟုတ်လား ကလေးအဖေက ဘယ်သွားနေလို့လဲ [illegible]လေးခိုင် "

" အစ်မ ခင်ပွန်းက ထောင်ထဲမှာပါ လောင်းကစားဝိုင်းမှာ [illegible]န်ဖြစ်ပြီး လူသတ်မှုနဲ့ ထောင်ဆယ်နှစ် ကျသွားတာ မကြာသေးပါဘူး"

" အင်း ကြားရတာ စိတ်မကောင်းစရာပဲဗျာ ဒီမှာ မလေးခိုင်

ကျွန်တော် တစ်ခုတောင်းပန်ပါရစေ ဒီသားလေးရဲ့အဖေ ခွင့်ပြုမယ်ဆို ကျွန်တော် မွေးစားချင်ပါတယ် သူနဲ့တွေ့ရင် မေးပေးပါဗျာ ”

ကိုမောင်မောင်စိုးက မေမေခိုင်ကို ခွင့်တောင်းခဲ့ဖူးတယ် ဒါပေမဲ့ မေမေခိုင်မှာက အစ်မခင်ပွန်းနဲ့တွေ့စရာ မရှိတော့ မလွယ်ဘူးလေ။

“ ဒါကြောင့် အစ်မရင်သွေးလေးကို မေမေခိုင် တစ်သက်လုံး ပြုစုခဲ့ရတာပေါ့ကွယ် ဒါပေမဲ့ မေမေခိုင်ရင်ခွင်ထဲမှာ မပြည့်မစုံ ဆင်းဆင်းရဲရဲ ကျန်ရစ်ခဲ့တဲ့သားဟာ မေမေခိုင်အစ်မရဲ့သား မဟုတ်ပါဘူး ကိုမောင်မောင်စိုးဇနီး မွေးဖွားတဲ့သားပါကွယ် ”

“ ဟင်. . . ဒါ. . . ဒါဆို. . . ရောင်စဉ်က. . . ”

“ သမီးလေးရောင်စဉ်က မေမေခိုင်ရဲ့တူမအရင်း ကိုမောင်မောင်စိုးတို့ မရိပ်မိ မသိရှာဘဲ သမီးရင်းလို ထင်နေခဲ့တဲ့ မေမေခိုင် တူမလေးပါ သားရယ် အဟင့်. . . ဟင့် ”

ရှိုက်ကြီးတငင် ငိုကြွေးနေသော မေမေခိုင်ကိုကြည့်ကာ သူ့ရင်ထဲမှာ လှိုက်ဖိုလာရ၏။

လွင်ပြင်ညီဆိုတဲ့သူက မေမေခိုင်ရဲ့ တူရင်းချာမဟုတ် အန်ကယ်စိုးရဲ့သားအရင်းတဲ့။

“ မေ. . . မေမေခိုင် တကယ်ပြောနေတာလားဟင် ”

“ မေမေခိုင့် ဒီအကြောင်းတွေကို တစ်သက်လုံး မျိုသိပ်ထား





ရလို့ ရင်ထဲမှာမချိပါဘူး သားရယ် သားမျက်နှာလေးကိုမြင်တိုင်း နာကျင်ခံစားခဲ့ရတယ် ဒါကြောင့် ကံဆိုးလွန်းတဲ့သားကို မေမေခိုင်ရဲ့သားရင်းလို စောင့်ရှောက်ခဲ့တယ် တစ်နေ့ကျရင် ဖခင်ရင်းရဲ့အနားမှာ သားကို နေခွင့်ရစေချင်လို့လည်း မေမေခိုင် ကိုမောင်မောင်စိုးအရိပ်မှာ ခိုလှုံခဲ့တာပေါ့ သားရယ် မေမေခိုင်ကို နာကျည်းသွားပြီလား သား အတ္တကြီးတဲ့ မိန်းမယုတ်ကြီးလို့ သတ်မှတ်လိုက်ပြီလား သားရယ် အဟင့်. . . အစ်. . . ဟီး”

ရှိုက်ကြီးတငင် ငိုကြွေးလိုက်သော ဒေါ်လေးခိုင်အသံတွေကြားမှ ရောင်စဉ် ချောက်ချားတုန်လှုပ်စွာ သတိဝင်လာရ၏။

“ မေမေခိုင်ရယ် သား မနာကျည်းပါဘူး အမှန်တရားကို သားသိခွင့်ရတာ ကျေနပ်တယ် ဒါပေမဲ့ ရောင်စဉ်နဲ့အန်ကယ် အဲ ဖေဖေတို့ မသိစေရပါဘူး သား သားရဲ့ဘဝဟာ မေမေခိုင်ပါပဲဗျာ ”

“ သား. . . သားရယ်. . . အဟင့်. . . ဟင့် ”

ရောင်စဉ်အားလုံးကို ကြားနေရဆဲ။ လွင်ပြင်ရဲ့စကားသံတွေက ရင်ထဲထိ စူးစူးနစ်နစ် ထိစေသော မြားချက်တွေ

“ ငါ. . . ငါက. . . ဒယ်ဒီရဲ့သမီးရင်းမဟုတ်ဘူးတဲ့ ”

ကံကြမ္မာက ဘာကြောင့် လွဲချော်မှုတွေ ဖန်တီးခဲ့တာလဲ ဟင့်အင်း မဟုတ်ဘူး ဒါ မေမေခိုင်က ဖန်တီးခဲ့တာ သူ့သွေးရင်းချာ တူမလေးဘဝ ကောင်းစားစေချင်လို့ ဖန်တီးခဲ့တာတဲ့။

" အဟင့်. . . ဟင့်. . . ဟင့် "

မျိုသိပ်မထားနိုင်တော့ဘဲ ရောင်စဉ် ရှိုက်ငိုလိုက်သံကြောင့် လွင်ပြင် လှည့်ကြည့်၏။

" ဟင်. . . ရောင်. . . ရောင်စဉ် "

" သ. . . သမီးလေး "

အံ့ဩမယုံနိုင်မှုတွေ ချောက်ချားတုန်ရီမှုတွေနှင့် ရောင်စဉ် တသိမ့်သိမ့် ရှိုက်ငိုပြေးထွက်ခဲ့၏။

" ရောင်စဉ်. . . ရောင်စဉ် "

" သမီးလေး. . . သမီးလေး "

အနောက်က အော်ဟစ်ခေါ်သံတွေကို ရောင်စဉ်မကြား ကားပေါ်ထိ ပြေးတက်ခဲ့သည်။

" ရောင်စဉ်. . . နေ. . . နေပါဦး "

အိမ်လေးထဲက ပြေးထွက်လာသည့် လွင်ပြင်ကိုလည်း ရောင်စဉ် ရင်မဆိုင်ရဲပါ။ ကားလေးကို ကွန်ကရစ်လမ်းလေးအတိုင်း ဘက်ဂီယာ ထိုးကာ နောက်ပြန်ဆုတ်သည်။

" ဝှး. . ဝှး "

" သမီးလေး. . . နေ. . . နေပါဦး "

မေမေနိုင့်အော်သံကို ဥပက္ခာပြုလျက် ရောင်စဉ် မြို့ဝလမ်းမပေါ်





အထိ ကားကို မဆင်မခြင် ဆုတ်မောင်းလိုက်တော့

" ပွမ်. . . "

လမ်းမအတိုင်း အရှိန်ဖြင့်မောင်းဝင်လာသော လော်ရီကားကြီးက ရောင်စဉ်ကားလေးကို ပိုင်းပြတ်တိုက်ချသွားခဲ့၏။

" ဒုန်း. . . "

" ရောင်စဉ် "

ခန္ဓာကိုယ်က နာကြင်မှုနှင့်လေထဲ လွင့်မျောသွားသလို ခံစားလိုက်ရ၏။ နားထဲမှာ လွင်ပြင်ခေါ်သံ။ လွင်ပြင်ပုံရိပ်။

" မလာနဲ့. . . မလာနဲ့. . . ငါ့ဆီ နင်မလာနဲ့ လွင်ပြင် "

✿ ✿ ✿ ✿ ✿

## အခန်း (၄၀)

“ သမီးလေး. . . သမီးလေး. . . သတိရပြီလားဟင် ”

နူးညံ့ညင်သာတဲ့ ခေါ်သံလှိုင်းတစ်ခုကြောင့် ရောင်စဥ် အသိတွေ ပြန်လည်စုစည်းမိလာတော့ စိုးရိမ်တကြီး ငုံ့ကြည့်နေသော ဒယ်ဒီမျက်ဝန်း တွေကို မြင်လိုက်ရသည်။

“ ဒယ်. . . ဒယ်ဒီ ”

“ သ. . . သမီး. . . သမီးလေးရယ် ”

ရောင်စဥ်လက်ဖဝါးလေးကို ဆုပ်ကိုင်ပြီး ဒယ်ဒီမျက်ရည်တွေ ရစ်ဝိုင်းနေသည်။ ဒယ်ဒီကိုကြည့်ရင်း ရောင်စဥ်မျက်ဝန်းတွေထဲမှာလည်း

“ မ. . . မငိုနဲ့လေ သမီးလေး. . . သမီးလေး ဘာမှမဖြစ်တော့ ပါဘူး ”

“ မညာပါနဲ့ ဒယ်ဒီ သမီးခြေထောက်တွေ ဘာ. . . ဘာဖြစ်ကုန်





တာလဲဟင် ”

ဒယ်ဒီမျက်နှာ ကွက်ခနဲ ပျက်သည်။ ရောင်စဥ်လက်ဖဝါး လေးကို အားပေးသလို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း နှုတ်ဆိတ်နေ၏။

“ သမီး ခြေထောက်တွေ ဖြတ်ပစ်လိုက်ရပြီလား ဒယ်ဒီ ”

“ အို မဟုတ်ပါဘူး သမီးရယ် အဲဒီလောက်အထိ မဆိုးဝါး ပါဘူး သမီးရယ် ”

“ ဟုတ်တယ် သမီး သမီးညာဘက်ခြေထောက်က ခြေကျင်းဝတ်ပိုင်း ဒဏ်ရာပြင်းထန်လို့ အန်ကယ်တို့ ခွဲစိတ်ကုသပေးခဲ့ ရတယ် သမီးဘဝ လူဖြစ်ရှုံးလောက်အောင် မထိခိုက်ဘူး ညာဘက် ခြေထောက်နည်းနည်း ဆာသွားတာကလွဲလို့ ဘာမှမဖြစ်ဘူး ”

“ ရှင်. . . ဆာသွားတယ်. . . ဟုတ်လား ”

“ မဆိုစလောက်ပါ သမီးရယ် ခြေတစ်ဖက်လုံး ဆုံးရှုံးလိုက် ရတာထက်စာရင် အများကြီး သာလွန်ပါတယ် ”

ဆရာဝန်ကြီးနှစ်သိမ့်စကားတွေကို နားထောင်နေရပေမယ့် ရောင်စဥ် နားလည်လိုက်ပါသည်။

ရောင်စဥ်ခြေထောက်က လူကောင်းပကတိလို မရှိတော့တာ သေချာမှာပါ။ လမ်းလျှောက်လျှင် ထော့နဲ့ထော့နဲ့ ဖြစ်နေမည့်အသွင်ကို မြင်ယောင်မိ၏။

" ဘာမှအားမငယ်နဲ့ သမီး သမီးအနားမှာ ဒယ်ဒီတို့ အားလုံး ရှိပါတယ်ကွယ် "

ဆရာဝန်ကြီးတွေ ထွက်သွားတော့ ဒယ်ဒီက ရောင်စဉ်ကို အားပေးနှစ်သိမ့်ပြန်၏။ ရောင်စဉ် နှုတ်ခမ်းပါးလေးတွေ တင်းတင်းလေး စေ့ပြုံးရင်း

" သမီးအနားမှာ သူရှိနေမှာကို သမီးမလိုချင်ပါဘူး ဒယ်ဒီ"

" ဘယ်သူလဲ သမီး သမီးဆိုလိုတာ "

" လွင်ပြင်ကိုပြောတာ ဒယ်ဒီ "

" ဘာ. . . ဘာဖြစ်လို့လဲ သမီးလေးရယ် သားက သမီးလေးကို တစ်သက်လုံး စောင့်ရှောက်သွားမှာပါ "

" ဟင့်အင်း သမီးလက်မခံဘူး ဒယ်ဒီ သမီး လွင်ပြင်ကို လက်မထပ်နိုင်ဘူး "

" ဘာဖြစ်လို့လဲကွယ် သားက သမီးကို သိပ်ချစ်ပါတယ် သမီးသတိလစ်နေတဲ့ နှစ်ရက်လုံးလုံး သူ အနီးမှာပဲရှိနေတာ မေမေခိုင်ကလည်း သမီးအနားမှာ ရှိနေခဲ့သူပါပဲ သူတို့ပင်ပန်းလွန်းနေလို့ ဒယ်ဒီ ခဏပြန်ခိုင်းလိုက်တာ သမီးဆေးရုံက ဆင်းတာနဲ့ မင်္ဂလာပွဲ စီစဉ်ပေးမှာ သားကလည်း စိတ်ထက်သန်နေတယ် "

ရောင်စဉ် ခေါင်းကိုပဲ ခါယမ်းမိ၏။ ဒယ်ဒီကတော့ ရောင်စဉ်ကို





နှစ်သိမ့်ဖို့ ကြိုးစားဆဲ။

" သမီးဘဝကြီးက လူဖြစ်ရှုံးသွားတာမှ မဟုတ်ဘဲ သမီးရယ် သားနဲ့သမီးကိစ္စကို ဒယ်ဒီဘက်က အားလုံးစီစဉ်ထားပြီးပြီ "

ရောင်စဉ် ငြင်းပယ်မရနိုင်အောင် ဒယ်ဒီက ချုပ်နှောင်နေတာ လား။ ရောင်စဉ် ဒယ်ဒီမျက်ဝန်းတွေထဲ စူးစိုက်ငေးကြည့်ရင်း

" သမီးက ဒယ်ဒီရဲ့ သမီးအရင်းမဟုတ်တော့လို့ ဒယ်ဒီ သမီးဆန္ဒတွေကို မလိုက်လျောနိုင်တော့တာလားဟင် "

" ဟင်. . . ဘယ်. . . ဘယ်လို ပြောလိုက်တာလဲ သမီးရယ် သမီးလေးဟာ ဒယ်ဒီသမီးပါပဲ ဒါကြောင့်လည်း သမီးလေးအနာဂတ် အတွက် သားနဲ့ဒယ်ဒီစိတ်ချလက်ချ ရှိစေချင်တာပေါ့ကွယ် "

" သမီးအတွက် ဒယ်ဒီတစ်ယောက်ပဲ လိုအပ်ပါတယ် သမီး လွင်ပြင်ကို လက်မထပ်နိုင်ဘူး ဒယ်ဒီ သမီးကို အရင်တုန်းကလို သမီး အရင်းအချာလို့ သတ်မှတ်ပေးတယ်ဆိုရင် သမီးဆန္ဒကို ဒယ်ဒီလိုက်လျော ပေးပါ "

" သူ. . . သမီးလေးရယ် "

" သမီးကို ဒယ်ဒီ ဟိုးအရင်ကလိုပဲ လိုက်လျော အလိုလိုက် ချစ်သေးတယ်လို့ သမီး ယုံကြည်ချင်တယ် ဒယ်ဒီ "

" သမီးလေးရယ် ဒယ်ဒီကို အဲဒီစကားလုံးတွေနဲ့ နာကျင်ခံစား

ရအောင် မချုပ်နှောင်ပါနဲ့ကွယ် သမီးဆန္ဒကို ဒယ်ဒီလိုက်လျောတယ်ပဲ ထားဦး သားက သမီးကို အလွယ်တကူ စွန့်လွှတ်မယ်လို့ သမီးထင်သလား ဟင် ''

ရောင်စဉ် မျက်ရည်စတွေကြားက နှုတ်ခမ်းလေးတွန့်ကွေးပြုံးရင်း

'' အဲဒီအတွက် ဒယ်ဒီတစ်ခုပဲ သမီးကိုကူညီပါ သမီးအပေါ် လွင်ပြင် တစ်သက်လုံး မျှော်လင့်ခွင့်ကုန်ဆုံးသွားအောင် တစ်ခွန်းပဲ ပြောပေးပါ ဒယ်ဒီ သမီးထိခိုက်ခံရတဲ့ ဒဏ်ရာတွေက သမီးရဲ့အတိတ် ဘဝတစ်ခုလုံးကို မမှတ်မိနိုင်တော့ဘူးလို့ လွင်ပြင်ကို လိမ်ပေးပါနော်''

ဦးမောင်မောင်စိုး ရင်ထဲမှာ နင့်ခနဲခံစားရသည်။ သမီးလေး ရင်ထဲက ခံစားချက်တွေကို သူ မြင်သိနေသလိုလို။

'' ဒယ်ဒီကို သမီးသိပ်ချစ်တယ် ဒယ်ဒီ ''

မျက်ရည်တစ်ပွင့် သမီးလေး လက်ဖမိုးပေါ် လွင့်စင်ကျ၏။ တုန်ရီလှိုက်ခါသော စကားသံတစ်ခုပဲ သူ့နှုတ်က ထွက်လာ၏။

'' သမီးလေး စိတ်ခမ်းသာစေရပါမယ့်ကွယ် ''

'' ဝမ်းသာလိုက်တာ ဒယ်ဒီရယ် ''

မျက်ရည်ပူတွေကို သမီးလေး မမြင်စေချင်တော့ပါ။ သူ့ရင်ထဲမှာပဲ တစ်သက်လုံး ခံစားဖို့ သိမ်းထားလိုက်တာ အကောင်းဆုံး။

✿ ✿ ✿ ✿ ✿



## အခန်း (၄၁)

'' ဘယ်. . . ဘယ်လို ဖေဖေ သားရောင်စဉ်ကို လက်ထပ်ခွင့် မရှိဘူး ဟုတ်လား ''

'' ဒါအမှန်ပဲ သား သားကို သမီးလေးဒေါက်တာ ဆုမြတ်သွယ်နဲ့ လက်ထပ်ပေးဖို့ ဖေဖေ စီစဉ်ထားတယ် ''

'' မ. . . မဖြစ်နိုင်ဘူး ဖေဖေ ရောင်စဉ်ကို သားလက်ထပ်မယ်''

'' သား ဖေဖေဟာ မင်းအပေါ် အဖေရင်းလို တာဝန်မကြေခဲ့လို့ ဖေဖေ့စကားကို အလေးမထားတာလား အဖေလို့ မသတ်မှတ်တာလား ''

သူ မျှော်လင့်ထားသည့်အတိုင်း သူ့စကားကြောင့် သား အထိတ်တလန့် မျက်ဝန်းတွေနှင့် သူ့ကိုကြည့်ရင်း

'' ဟာ. . . ဖေဖေ ဘယ်လိုပြောလိုက်တာလဲ သားဖေဖေကို

ချစ်ခင်လေးစားသလို မေမေခိုင်ကိုလည်း အမေရင်းလို သတ်မှတ်ထားပြီး သားပါဗျာ ခုကိစ္စမှာ ရောင်စဉ်ဘဝလေးကို သားစာနာတယ် ပြီးတော့ သား ရောင်စဉ်ကို တကယ်ချစ်ခဲ့တာ ရောင်စဉ်က ဖေဖေရဲ့သမီးပဲ မဟုတ်လား ဖေဖေ ''

သားစကားတွေက သူ့ရင်ထဲကို စူးစူးနစ်နစ် နာကြင်ခံစား ရစေ၏။ ဒါပေမဲ့ သူ အံကိုတင်းတင်းကြိတ် မျိုသိပ်ချုပ်ထိန်းရင်း

" သမီးလေးက ဖေဖေ့သမီးဖြစ်ခဲ့ဖူးတယ် ဒါပေမဲ့ သားက ဖေဖေ့ရဲ့သားရင်းချာပဲ တစ်သက်လုံး လူကောင်းပကတိ တစ်ယောက်လို ဖြစ်မလာနိုင်တော့တဲ့ စိတ်ဝေဒနာသည်မိန်းကလေး ခြေတစ်ဖက် မသန်တဲ့ ဒုက္ခိတမလေး ဒီလိုချွတ်ယွင်းချက်တွေနဲ့ မိန်းမကိုတော့ ဖေဖေ ချွေးမ မတော်ပါရစေနဲ့ သား ''

" ဖေဖေရယ် ရောင်စဉ် တစ်သက်လုံး လူကောင်းမဖြစ်လာခဲ့ ရင်တောင် သားက စောင့်ရှောက်ပေးချင်တာပါ ''

" အဲဒီအတွက် သားမလိုအပ်ပါဘူး ဖေဖေစီစဉ်ထားတယ် သားဘဝအနာဂတ်ကို သူ့အတွက် နှစ်ထားစရာ မလိုအပ်ပါဘူးကွယ် ဖေဖေ့စကားကို နားထောင်ပါ သား ဆုမြတ်သွယ်ကို သား လက်ထပ်ပါ''

သား ခေါင်းငိုက်စိုက်နှင့် ငြိမ်သက်သွားတာမြင်တော့ သူ့ရင်ထဲ မှာ မကောင်း ဒါပေမဲ့ သမီးလေးရဲ့ဆန္ဒတွေအတွက် သူ ဥပက္ခာပဲ





ပြုလိုက်ရ၏။

" ဖေဖေ့ကို ဖြေပါဦး သား ''

" သား. . . သား လက်ခံပါ့မယ် ဖေဖေ ဒါပေမဲ့ သားနောက်ဆုံး အကြိမ်အဖြစ် ရောင်စဉ်ကို သွားတွေ့ပါရစေနော် ''

သူ့မျက်နှာကို မော့ကြည့်ကာ သား တောင်းဆို၏။ မျက်ဝန်း ထဲက မျက်ရည်စတွေကို သား မမြင်နိုင်အောင် တစ်ဖက်လှည့်ကွယ်ရင်း သူ ခေါင်းညိတ်ပြလိုက်မိသည်။

ဖေဖေ့ကို ခွင့်လွှတ်ပါ သားရယ်။ သမီးလေး စိတ်ချမ်းသာဖို့ အတွက် ဖေဖေ လူလိမ်လူညာကြီးတစ်ယောက် ဖြစ်ခဲ့ရပြီကွယ်။

✿ ✿ ✿ ✿ ✿

## အခန်း (၄၂)

ခေါ်းရုံဝရန်တာလေးမှာ တွေတွေငေးငေးလေး ရပ်နေသော ရောင်စဉ်ကို သူ မင်သက်စွာ ငေးမောကြည့်နေမိဆဲ၊ ဖေဖေက သူ့အနီး တိုးကပ်ကာ တိုးတိုးလေး သတိပေး၏။

" သား. . . သမီးလေးကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့ကွာ သူ့ခမြာ ဖေဖေ့ကိုတောင် မမှတ်မိရှာဘူး ဒါကို သား နားလည်ပါ "

သူ ခေါင်းညိတ်ပြရင်း ရောင်စဉ်ရှိရာသို့ တစ်လှမ်းချင်း လျှောက်ခဲ့တော့ မိဆုက သူ့အနောက်က အသာလေး ကပ်လိုက်လာ၏။

" ရောင်. . . စဉ်. . . "

သူ့ခေါ်သံကြောင့် ရောင်စဉ် လှည့်ကြည့်၏။ ပြီးတော့ မျက်မှောင်ကလေး ကုပ်ကာ တစ်ဖက်ကို ချက်ချင်းပြန်လှည့်သွားခဲ့၏။





" ရောင်စဉ်. . . "

သူ ထပ်ခေါ်တော့ ရောင်စဉ် မျက်ဝန်းရူးရူးလေးတွေနှင့် စူပုပ်ပုပ် လှည့်ကြည့်ရင်း

" နင် ဘယ်သူ့ကိုခေါ်တာလဲ ငါ့နာမည်က ထိပ်ထားလေး. . . ဟဲ့ ထိပ်ထားလေး သိပြီလား ဟွန်း. . . "

" ရောင်စဉ်ရယ်. . . "

" အိုး ခက်ပါလား မောင်တော်ရေ မြန်မြန်လာပါတော့ ထိပ်ထား တမော့မော့ ဟွန်း ဘယ်က ငယ်ကျွန်ဇတွေ လာနှောင့်ယှက်နေတာလဲ မသိဘူး စိတ်ညစ်လိုက်တာ လွန်ပါရော "

" ရောင်စဉ်ရယ် ကိုယ့်ကို တကယ်ပဲ မမှတ်မိတော့ဘူးလား"

" ဟဲ့ ဘယ်လို ငယ်ကျွန်တွေတုန်း မောင်တော်ရောက်လာရင် နင်တို့အကုန် ဒုက္ခရောက်မယ် သိကြရဲ့လား "

ရောင်စဉ်မျက်ဝန်းလေးတွေက ဝရံတာမှ အဝေးကိုပဲ တမျှော် မျှော် လုပ်ရင်း သူ့ကိုဂရုမစိုက်ပါ။

" အဟင့်. . . ဟင့် ငိုချင်လာပြီ မောင်တော်. . . ရယ် . . . ထိပ်ထားလေးကို ထားခဲ့ပြီလား. . . ဟင့်. . . ဟင့် "

ရောင်စဉ်တကယ်ပဲ ကြေကွဲဖမ်းနည်းသွားဟန်နှင့် ငိုကြွေးနေ တော့၏။

" ယေက်ကျွန်တွေကလည်း လာနှောင့်ယှက်. . . အဟင့်. . . ဟင့် မောင်တော်ထိပ်ထားလေးကို သနားပါဦး. . . အဟင့် ဟင့် "

မိဆုက သူ့ပခုံးကို လက်တို့သတိပေးရင်း လေသံတိုးတိုးနှင့်

" မမရောင်စဉ် သိပ်ပင်ပန်းနေပါပြီ ကိုညီရယ် သူ့ဘာသာ နေပါစေလားဟင် "

မိဆု တိုးတိုးလေး ပြောတာကို ရောင်စဉ် မျက်မှောင်ကြီး ကုပ်ကာ မျက်ရည်စတွေနှင့် လှည့်ကြည့်ရင်း

" ယေက်ကျွန်မကြီး. . . နင် ငါ့မောင်တော်ကို လိုက်ရှာပေးစမ်း"

မိဆု ယောင်အအနှင့်ခေါင်းညိတ်တော့ ရောင်စဉ် နှုတ်ခမ်းပါး လေးတွေကို စူပစ်လိုက်ရင်း

" ဘာခေါင်းခါတာလဲ နင်က မရှာဘူးပေါ့ သိမယ် သိမယ် မောင်တော်လာမှ ထိပ်ထားလေး တိုင်ပြောမယ် . . . အဟိ. . . ဟိ. . . ခစ် ခစ် "

ရောင်စဉ်ရယ်မောနေတာကြည့်ရင်း မိဆုကို သူသွားဖို့ အရိပ်ပြ လိုက်သည်။

နှစ်ဦးသား လှည့်ထွက်ခဲ့တော့ ရောင်စဉ် တခစ်ခစ် သဘောကျကာ ရယ်ကောင်းနေဆဲ။

" အဟင်း. . . ခစ်. . . ခစ်. . . ခစ်. . . အဟင်း. . . ဟင်း"





သူတို့အားလုံး မြင်ကွင်းထဲမှ ပျောက်ကွယ်သွားတော့မှ ရောင်စဉ့် ရယ်သံလေး တိမ်ဝင်ရပ်ဆိုင်းကာ မျက်ရည်စတွေ ပါးပြင်ပေါ် စီးကျ လာရ၏။

ဝရန်တာစွန်းလေးမှာ ထောင်ထားသော ချိုင်းထောက်လေးကို ရောင်စဉ် လှမ်းယူလိုက်သည်။

" ငါ့ကို ခွင့်လွှတ်ပါ လွင်ပြင် ငါလို ဒုက္ခိတတစ်ယောက် ဘဝနဲ့ နင် မထိုက်တန်ပါဘူး နင်နဲ့မိဆုတို့ ဘဝလေး ပေါင်းဆုံတဲ့ တစ်နေ့ကျရင် ငါ့ဘဝအတွက် အကောင်းဆုံးလမ်းကို ငါ သွားတော့မှာပါ အချစ်ရဲ့ပူလောင်ခြင်းတွေ ကင်းစင်ငြိမ်းချမ်းတဲ့ ဘဝလေးမှာပဲ ငါ့အနာ ဂတ်ကို. . . "

ရင်ထဲက စကားတွေ အသံမဲ့စွာ ရေရွတ်နေမိသည့် သူ့အဖြစ်ကို နားလည်နိုင်သော ဒယ်ဒီအတွက်တော့. . .

သောကပူတွေ ကင်းစင်တဲ့ဘဝလေးကပဲ ကျေးဇူးဆပ်ရင်း. . .။

**ပရိသတ်အတွက်**

**အမြဲတမ်း**

**သျှိုး**